# ပရဒိသုဘုံကိုရှုမြင်နိုင်သောပြတင်းပေါက်များ

## WINDOWS ON PARADISE

DAVID GOODING

ငိုင်းတမ်မောင်းဘာသာပြန်ဆိုသည်

Coyyright © 2012 by Myrtlefield Trust
www.kbc316.org

## မာတိကာ


*လေ့လာမှုဆိုင်ရာလမ်းညွှန်ချက်များ* . . . . . . . . . . . . . . . . . . . . . . . ၄

*စာစဉ် ၁*

**အပယ်ခံများနှင့်ဖိနှိပ်ခံရသူများအတွက်သတင်းကောင်း**

၁။ ပြည့်တန်ဆာမတစ်ဦးကိုကယ်ဆယ်ခြင်း . . . . . . . . . . . . . . . . . . . . ၆

၂။ လူလိမ်တစ်ဦးကို ရွေးနှုတ်ကယ်တင်ခြင်း . . . . . . . . . . . . . . . . . . . ၁၉

၃။ မုဆိုးမအတွက်တရားစီရင်ပေးခြင်း . . . . . . . . . . . . . . . . . . . . . . ၃၃

၄။ ရာဇဝတ်သားတစ်ဦးကို ပြောင်းလဲစေခြင်း . . . . . . . . . . . . . . . . . . ၅၀

*စာစဉ် ၂*

**လက်ရှိဘဝနှင့်လာမည့်ဘဝအတွက်သတင်းကောင်း**

၅။ အချိန်ကာလ၏ဗဟိုချက် . . . . . . . . . . . . . . . . . . . . . . . . . . . ၆၁

၆။ ထာဝရဆီသို့ဝင်ရာတံခါး . . . . . . . . . . . . . . . . . . . . . . . . . . ၇၀

၇။ တစ်ဘက်ကမ်းသို့ဖြတ်ကျော်သည့်အခါ . . . . . . . . . . . . . . . . . . . . ၈၀

၈။ တစ်ဘက်ကမ်းသို့ရောက်သည့်အခါ . . . . . . . . . . . . . . . . . . . . . . ၈၉

*စာစဉ် ၃*

**ဘုရင်မင်းမြတ်နှင့်သူ့နိုင်ငံတော်အကြောင်းသတင်းကောင်း**

၉။ မိမိပဋိညာဉ်ကိုကြေငြာသည့်ရှင်ဘုရင် . . . . . . . . . . . . . . . . . . . . . ၁၀၂

၁၀။ သူ၏အုပ်စိုးခြင်းနှင့်နိုင်ငံသားတို့အကြားဆက်နွယ်မှု . . . . . . . . . . . ၁၁၃

၁၁။ ဘုရင်မင်းမြတ်၏ အစေခံများအတွက် ရာထူးဌာနန္တရနှင့်ဆုလာဘ် . . . ၁၂၅

၁၂။ တော်ဝင်ယဇ်ပုရောဟိတ်နှင့် တော်ဝင်ဝရမ်းပြေး . . . . . . . . . . . . . ၁၃၆

*စာစဉ် ၄*

**မွေးကင်းစကလေးငယ်ဇာတ်လမ်း**

၁၃။ ဇာခရိနှင့် မယုံကြည်မှု၏မချိတင်ကဲဝေဒနာ . . . . . . . . . . . . . . . . ၁၄၈

၁၄။ အပျိုစင်မှမွေးဖွားတော်မူခြင်း . . . . . . . . . . . . . . . . . . . . . . . ၁၅၈

## ဦးဆောင်သူများအတွက် လေ့လာမှုဆိုင်ရာလမ်းညွှန်ချက်များ

သင်ခန်းများ၏နောက်၌ဖော်ပြထားသော လေ့လာခြင်းနှင့်ဆွေးနွေးခြင်းဆိုင်ရာမေးခွန်းများကို အသုံးပြုပုံ

၁။ ဆွေးနွေးခြင်းအတွက်အချိန် ၄၅ မိနစ်ခွင့်ပြုပေးပါ။
၂။ သင်ကိုယ်တိုင်နှင့် သင့်အုပ်စုတို့ ဆွေးနွေးမည့်အကြောင်းအရာများနှင့်ရင်းနှီးမှုရှိစေရန် သင်ခန်းစာကို သင်စမဖတ်မီ မေးခွန်းများကို ခဏဖတ်ပါ။
၃။ သင်ခန်းစာအခြေပြုသည့် ကျမ်းပိုဒ်များကို ဖတ်ပါ။
၄။ သင်ခန်းစာကို ဖတ်ပါ။
၅။ အုပ်စုလိုက်ဆွေးနွေးသည့်အခါ မေးခွန်းများကို တစ်လှည့်စီစဉ်းစားပါ။ ဦးဆောင်သူသည် ဆင်ခြင်သုံးသပ်မှုမပြုမိသည့်မေးခွန်းမရှိကြောင်းနှင့် ဆွေးနွေးမှုသည် ဆီလျော်ဆက်စပ်မှုရှိနေကြောင်း သေချာနေရမည်ဖြစ်သည်။
၆။ အုပ်စုလိုက်ဆွေးနွေးသည့်အခါ သင်ခန်းစာအစပိုင်းတွင် အုပ်စုဝင်တစ်ဦးဦးကိုဖြစ်စေ၊ နှစ်ဦးသုံးဦးတို့ကိုဖြစ်စေ မေးခွန်းတစ်ခုကို ဖြေဆိုစေပါက အကျိုးထူးနိုင်ပါသည်။

*စာစဉ် ၁*

# အပယ်ခံများနှင့်ဖိနှိပ်ခံရသူများအတွက် သတင်းကောင်း

ပြည့်တန်ဆာမတစ်ဦးကိုကယ်ဆယ်ခြင်း

လူလိမ်တစ်ဦးကို ရွေးနှုတ်ကယ်တင်ခြင်း

မုဆိုးမအတွက်တရားစီရင်ပေးခြင်း

ရာဇဝတ်သားတစ်ဦးကို ပြောင်းလဲစေခြင်း

၁

# ပြည့်တန်ဆာမတစ်ဦးကိုကယ်ဆယ်ခြင်း

ဖတ်ရန်အကြံပြုသည့်ကျမ်းပိုဒ်။ ။လု ၇း၃၆–၈း၃

ရှင်လုကာခရစ်ဝင်ကျမ်း၏ နှစ်သက်ဖွယ်အကောင်းဆုံးသောအင်္ဂါရပ်များအနက်တစ်ခုမှာ ခရစ်တော်ကို အပယ်ခံရသူများနှင့်ဖိနှိပ်ခံရသူများအား ရပ်တည်ကာကွယ်ပေး၍ကယ်တင်သူအဖြစ် ပေါ်လွင်ထင်ရှားစေသည့် ၎င်း၏အင်္ဂါရပ်ပင်ဖြစ်သည်။ ခရစ်တော်သည် တစ်စုံတစ်ခုကြောင့် မိမိဘဝပုံပျက်ပန်းပျက်ဖြစ်နေသော သို့မဟုတ် ပတ်ဝန်းကျင်၏ငြင်းပယ်မှုသာမက နှိပ်စက်မှုကိုပင်ခံစားနေရသော အပယ်ခံများနှင့် ဖိနှိပ်ခံရသူများအား စစ်မှန်သောလူ့ဂုဏ်သိက္ခာကို ပြန်လည်ရရှိစေနိုင်သူဖြစ်ကြောင်း ၎င်းကဖော်ပြထားသည်။ ဤသမ္မာကျမ်းစာလေ့လာခြင်းစာစဉ်၏ရည်ရွယ်ချက်မှာလည်း သူတို့ဘဝကို ခရစ်တော်က ကယ်ဆယ်၍ပြန်လည်တည်ဆောက်ပေးခဲ့သော အပယ်ခံများနှင့်ဖိနှိပ်ခံရသူတို့၏ အတိတ်အဖြစ်အပျက်အချို့ကို အသေးစိတ်လေ့လာစစ်ဆေးရန်ပင်ဖြစ်သည်။

ခရစ်တော်ကို *အခွန်ခံသောသူနှင့်ဆိုးသောသူတို့ကို မိတ်ဆွေဖွဲ့သောသူ* (လု ၇း၃၄)အဖြစ် မကြာခဏဖော်ပြထားကြောင်း ကျွန်ုပ်တို့တွေ့ရမည်ဖြစ်သည်။ ခရစ်တော်ကိုမုန်းသောသူတို့က ကိုယ်တော်၏ဂုဏ်သိက္ခာညှိုးမှိန်စေရန် ဤသို့ဖော်ပြခဲ့ကြခြင်းဖြစ်သော်လည်း ခရစ်ယာန်တို့က ၎င်းကို ကိုယ်တော်၏အကြီးမြတ်ဆုံးသောဘုန်းတော်များထဲမှတစ်ခုဖြစ်သည်ဟု မြင်ကြသည်။ သို့သော် လုကာထဲမှ ဤစကားစုကို ၎င်းနှင့်ဆင်တူသည့် ရှင်မဿဲ ၂၁း၃၁ '*အခွန်ခံတို့နှင့် ပြည့်တန်ဆာတို့သည် သင်တို့အရင် ဘုရားသခင်၏နိုင်ငံတော်သို့ ဝင်တတ်ကြ၏*'နှင့် နှိုင်းယှဉ်ကြည့်လျှင် ဒုတိယစကားလုံးဖြစ်သည့် '*ဆိုးသောသူတို့*'သည် စကားနုစကားယဉ်တစ်ခုဖြစ်ကြောင်း တွေ့နိုင်သည်။ ဤနေရာ၌စကားနုစကားယဉ်ကိုမသုံးဘဲ 'အရက်ဆိုင်ပိုင်ရှင်များနှင့် ပြည့်တန်ဆာများကို မိတ်ဆွေဖွဲ့သောသူ'ဟု တဲ့တိုးပြောမည်ဆိုလျှင် ခရစ်ယာန်တို့အတွက်ပင် ဆွဲဆောင်မှုရှိတော့မည်မဟုတ်ပေ။ ဘာသာတရားကိုင်းရှိုင်းသည့်ခရစ်ယာန်က စိတ်အနှောင့်အယှက်ဖြစ်စေသည့်စကားဟုပင် မြင်နိုင်သည်။

တကယ်တမ်းဆိုရလျှင် မူလပြောဆိုသူတို့က ဤရည်ရွယ်ချက်ဖြင့် ပြောဆိုခဲ့ကြခြင်း ဖြစ်သည်။ လူမှုရေးကျင့်ဝတ်နှင့်ကိုယ်ကျင့်တရားတို့ကို ထိပါးခြင်းဖြစ်သည်ဟု သူတို့ မြင်သောအရာကိုဖော်ပြရန် သူတို့ဤသို့ပြောဆိုခဲ့ကြခြင်းဖြစ်သည်။ ဘုရားသခင်နှင့် စစ်မှန်သောဘာသာတရားကို ထိပါးခြင်းဖြစ်သည်ဟု သူတို့ထင်မြင်သည့်အရာကို ဖော်ပြလို၍ သူတို့ဤသို့ပြောဆိုခဲ့ကြခြင်းဖြစ်သည်။ သူတို့က ခရစ်တော်ကို လိမ်လည် သူတစ်ဦးဟု ထင်မြင်ခဲ့ကြသည်။ ကိုယ်တော် တရားဒေသနာလိုက်လံဟောပြောသည့် အခါ လိုက်ပါခွင့်ပြုသော အမျိုးသမီးများကို သူတို့မြင်သောအခါ သူတို့၏မသင်္ကာမှု သည် ပို၍ပင်တိုးလာခဲ့သည်။

သာဓကအားဖြင့် နယ်စားဟေရုဒ်၏ အိမ်မှုကိစ္စများဆောင်ရွက်ပေးရသူ ခုဇ၏ဇနီးလည်း ခရစ်တော်၏နောက်လိုက်တစ်ဦးဖြစ်သည်။ နယ်စားဟေရုဒ်၏ အိမ် တော်သည် လျှော့တိလျှော့ရဲဖြစ်သည့်စည်းကမ်းများကြောင့် နာမည်ဆိုးနှင့်ကျော် ကြားသည့်နေရာဖြစ်သည်။ ထိန်းမနိုင်သိမ်းမရဖြစ်သော ထိုနေရာသို့ ပြောင်းရွှေ့ သွားသူသည် ဘာသာရေးတင်းကျပ်သောဂျူးတို့၏သံသယဖြစ်ခြင်းကိုခံရမည်ဖြစ် သည်။ ထို့အပြင် မာဂဒလမြို့သူမာရိလည်းပါသည်။ ရှင်လုကာက သူ့ကို နတ်ဆိုး ခုနစ်ကောင်ထွက်သောသူအဖြစ်ဖော်ပြထားသည်။ မည်သည့်အဓိပ္ပါယ်ဖြင့် ထိုသို့ ဖော်ပြသည်ဖြစ်စေ သူသည် အတိတ်က ဆိုးဝါးသောအခြေအနေကိုဖြတ်သန်းခဲ့ရ ကြောင်း ၎င်းကညွှန်ပြနေသည်။ ဆွဲဆောင်မှုရှိသည့်လူငယ်တစ်ဦးက ဦးဆောင်၍ အတိတ်၌ မကောင်းမှုနှင့်မကင်းခဲ့သော အမျိုးသမီးတစ်စုလည်း ပါဝင်နေသည့် အစဉ်အလာတိုင်းမဟုတ်သော ဘာသာရေးအဖွဲ့တစ်ဖွဲ့ကို ရှေးရိုးစဉ်လာကို လက်ကိုင်ထားသည့်ဘာသာရေးအဖွဲ့က မည်သို့ထင်မြင်မည်ကို အလွယ်တကူစဉ်းစား သိရှိနိုင်ပါသည်။

ထို့အပြင် သူတို့၏ဝေဖန်မှုများသည် လုံးလုံးမှန်ကန်သောအချက်များဖြစ် သည်ဟု သူတို့အကြောင်းပြနိုင်သည့်အချက်များကိုလည်း လျစ်လျူမရှုသင့်ပါ။ ရှေး ခေတ်ကာလတွင်လည်း ကျွန်ုပ်တို့ခေတ်ကဲ့သို့ပင် လိင်ကိစ္စဖောက်ပြန်သွေဖည်မှုများ ကို ဘာသာရေးဖြင့် ဖုံးအုပ်ရန်ကြိုးစားသည့် ဘာသာရေးအုပ်စုများ ရှိခဲ့ကြသည်။ သေချာသည်မှာ ခရစ်တော်ကိုမေးမြန်းခဲ့လျှင် ဤအမျိုးသမီးများသည် သူတို့၏ မကောင်းသောအသက်တာမှ ပြောင်းလဲသွားကြပြီဖြစ်သည်ဟု အခိုင်အမာပြောဆို

ပေလိမ့်မည်။ သို့သော် ဖာရိရှဲများကလည်း ဤအချက်ကိုပင် ဝေဖန်နေကြခြင်း ဖြစ်သည်။ ဤအမျိုးသမီးများ၏ ချက်ချင်းပြောင်းလဲသည့် အတွေ့အကြုံသည် သူတို့အား ပရောဖက်တစ်ဦး၏ အပေါင်းအဖော် ဖြစ်ထိုက်သူအဖြစ် ပြောင်းလဲပေးလိုက်ခြင်းကို ဖာရိရှဲတို့က ပွင့်ပွင့်လင်းလင်းပယ်ခဲ့ကြသည်။

ပဟေဠိတစ်ခုရှိသေးသည်။ ဤယေရှုကပင် လူထုတို့ကိုဟောပြောသွန်သင်တော်မူသည့်အခါ မည်သူကမျှမချမှတ်ဖူးသည့် မြင့်မားသောကျင့်ဝတ်စံနှုန်းကို ချမှတ်တောင်းဆိုခဲ့ပြီး ဖာရိရှဲတို့ကို ဤစံနှုန်းအတိုင်းမလိုက်နာနိုင်သောကြောင့် လူအများရှေ့တွင် ပြစ်တင်ရှုပ်ချခဲ့သည်။ သူတို့သည် ဝိညာဉ်ရေးဆိုင်ရာအတွင်းပိုင်းတွင် အစဉ်အမြဲအပြစ်ပြုနေကြပြီး အပြင်ပန်းဂုဏ်ကျက်သရေဖြင့်သာ အားရကျေနပ်နေကြသည်ဟု ကိုယ်တော်မိန့်တော်မူခဲ့သည်။ *သင်တို့ကျင့်သောအကျင့်သည် ဖာရိရှဲတို့နှင့်ကျမ်းပြုဆရာတို့ကျင့်သောအကျင့်ထက် မလွန်မသာလျှင်၊ သင်တို့သည် ကောင်းကင်နိုင်ငံတော်သို့ မဝင်ရဟု အမှန်ဆို၏။ .... သူ့မယားကို မပြစ်မှားရဟူသော ရှေးပညတ်စကားကို သင်တို့ကြားရပြီ။ ငါပညတ်သည်ကား၊ ကိလေသာစိတ်နှင့် သူ့မယားကိုကြည့်ရှုသောသူသည် စိတ်နှလုံးထဲ၌ ထိုမိန်းမနှင့်ပြစ်မှားပြီ* (မဿဲ ၅း ၂၀၊ ၂၇–၂၈)။ ဤယေရှုကို မည်ကဲ့သို့နားလည်ရမည်နည်း။ သူသည် သဘောထားမှန်ကန်သူဖြစ်ပါသလား။ သူ့သွန်သင်ချက်က သူတော်စင်တို့ကိုပင် အပြစ်ရှိသည်ဟု ဆိုနေသည်။ သူကိုယ်တိုင်ရော အပြစ်မဲ့ပါရဲ့လား။ သူသည် ပရောဖက်တစ်ဦးဖြစ်ပါရဲ့လား။ သူ့အပေါင်းအဖော်များ၏ အကျင့်စရိုက်သည် မေးခွန်းမေးစရာဖြစ်နေကြောင်း မကြာခဏတွေ့ရခြင်းကို မည်သို့ရှင်းပြရမည်နည်း။

ရင်ထဲ၌ ဤမေးခွန်းများရှိနေသော ရှိမုန်အမည်ရှိဖာရိရှဲတစ်ယောက်သည် သခင်ဘုရားကို မိမိအိမ်သို့လာရောက်စားသောက်ရန် ဖိတ်ခေါ် ခဲ့သည်။

စားပွဲဝိုင်းတစ်ဝိုင်းတွင်အတူထိုင်လျက်စကားပြောနိုင်ပါက ယေရှုကို ပို၍ အနီးကပ်လေ့လာနိုင်မည်ဟု သူယူဆထားသည်။ မကြာမီပင် စားသောက်ဝိုင်းသည် မြိုင်မြိုင်ဆိုင်ဆိုင်ဖြစ်လာချိန်တွင် တံခါးသည်ပွင့်လာ၍ အမျိုးသမီးတစ်ဦးသည် အိမ်ထဲသို့ မဝံ့မရဲဝင်လာလျက် ခရစ်တော်အနီး၌လာ၍ထိုင်လေသည်။

ထိုမြင်ကွင်းသည် ရှိမုန်ကို စိတ်အနှောင့်အယှက်ဖြစ်စေခဲ့သည်။ ထိုမိန်းမသည် နာမည်ဆိုးဖြင့်ကျော်ကြားသူတစ်ဦးဖြစ်ကြောင်း ရှိမုန်သိထားပြီး သူသည်

ထိုမိန်းမကဲ့သို့သောလူတို့ကို သူ့အိမ်သို့ဝင်ခွင့်ပေးလေ့မရှိပေ။ သို့သော် နောက်ထပ်ဖြစ်ပျက်လာသည့်အရာကြောင့် သူမျက်လုံးပြူးခဲ့ရသည်။ ထိုမိန်းမသည် ယေရှုအနားသို့ရောက်သည့်အခါ ကိုယ်တော်၏ခြေရင်း၌ အရုပ်ကြိုးပြတ်ထိုင်ချ၍ ငိုကြွေးနေသည်။ သူမ၏မျက်ရည်တို့သည် ကိုယ်တော်၏ခြေပေါ် သို့ကျသဖြင့် သူမသည် မိမိဆံပင်ဖြင့်ပြန်သုတ်ပေးခဲ့သည်။

ထို့နောက် သူသည် ကိုယ်တော်၏ခြေကိုနမ်းသည့်အခါ ရှိမုန်၏အံ့သြမှုသည် အထွတ်အထိပ်ရောက်သွားခဲ့ရသည်။ နောက်ဆုံးတွင် သူမသည် ပုလင်းတစ်လုံးကိုဆွဲယူ၍ ကိုယ်တော်၏ခြေတို့ကို ရေမွှေးဖြင့်လောင်းပေးခဲ့သည်။ ထိုအဖြစ်အပျက်အားလုံးသည် အလျင်အမြန်ဖြစ်ပျက်သွားသည့်အဖြစ်အပျက်များဖြစ်သည်။ ရှိမုန်သည် ပထမတွင် မိမိအစေခံများအား ထိုမိန်းမကို ချက်ချင်း အပြင်ထုတ်ခိုင်းရန် စဉ်းစားခဲ့သည်။ သို့သော် ထိုသို့သူစဉ်းစားနေစဉ် ထိုအမျိုးသမီးသည် ခရစ်တော်၏ခြေကို ဖမ်းကိုင်လိုက်သည့်အခါ ခရစ်တော်သည် အလွန် ဒေါသထွက်လျက် ပေါက်ကွဲတော့မည်ဟုထင်ကာ စောင့်ကြည့်နေရန် ဆုံးဖြတ်ခဲ့သည်။ သို့သော် ခရစ်တော်သည် ဘာကိုမျှမိန့်တော်မမူဘဲ ထူးထူးခြားခြား ဘာမျှမဖြစ်သကဲ့သို့ သာနေသည်။ ဆက်၍ စားသောက်နေကြသည်။

သို့သော် ရှိမုန်သည် စိတ်ထဲ၌ 'ဤသူသည် ပရောဖက်မှန်လျှင် ခြေတော်ကိုကိုင်သော ဤမိန်းမသည် အဘယ်သို့သောသူဖြစ်သည်ကို သိလိမ့်မည်။ ဤမိန်းမသည် ဆိုးသောသူဖြစ်၏'ဟု စဉ်းစားနေသည်။ ဘုရားသခင်၏စကားကို ပြန်၍ဟောပြောရသော ပရောဖက်သည် ဤသို့ကိုယ်ကျင့်တရားမကောင်းသော မိန်းမကထိသည်ကို လက်ခံနိုင်မည်မဟုတ်ဟု ရှိမုန်ကမြင်သည်။ မည်သို့ပင်ဖြစ်စေ ဘုရားသခင်သည် ထိုသို့လက်ခံတော်မူမည်မဟုတ်ပေ။

ဤအချက်နှင့်ပတ်သက်၍မူ ရှိမုန်မှန်ကြောင်း ငြင်းစရာမရှိပေ။ သန့်ရှင်းသောသမ္မာကျမ်းစာတွင် ညစ်ညူးသောအရာရှိသမျှသည် ဘုရားသခင်၏ ရှေ့တော်သို့၍မရောက်နိုင်ကြောင်း ပြတ်ပြတ်သားသားဖော်ပြထားသည်။ *မွေ့ဖြစ်သောသူ၊ ပြစားတတ်သောသူ၊ မတရားသောမေထုန်၌မှီဝဲသောသူ၊ လူအသက်ကိုသတ်သောသူ၊ ရုပ်တုကိုကိုးကွယ်သောသူ၊ သစ္စာပျက်ခြင်းကိုနှစ်သက်၍ ပြုသောသူအပေါင်းတို့သည်*

ထာဝရမြို့တော်သို့ ဝင်ခွင့်ရကြမည်မဟုတ်ပေ (ဗျာ ၂၂း၁၅)။ ကောင်းကင်နိုင်ငံကို မြေကြီးကဲ့သို့ ဆိုးသောသူတို့၏ နေရာလုံးဝဖြစ်စေမည်မဟုတ်ပေ။

သို့သော် ရှိမုန်၏ တွေးခေါ်မှုတွင် သိချင်စိတ်ပြင်းပြ၍သတိမမူမိသော အချက်တစ်ချက်ရှိသည်။ ခရစ်တော်သည် ပရောဖက်ဖြစ်လျှင် သူ့အိမ်သည် ပရောဖက်တစ်ပါးကို လက်ခံထိုက်သည့် သန့်ရှင်းသောအိမ်ဖြစ်ရဲ့လားဆိုသည့် အချက်ကို သူမစဉ်းခဲ့ဘဲ ခရစ်တော်ကိုဖိတ်ခေါ်ခဲ့သည်။ သူသေချာစဉ်းစားခဲ့လျှင် မိမိကိုယ်ကို အပြစ်မဲ့သူဟု သတ်မှတ်ခဲ့လိမ့်မည်မဟုတ်ပေ။ သူသည် အကျင့်ပျက်သော ဤအမျိုးသမီးနှင့်တော့မတူဟုဆိုနိုင်သော်လည်း သူကိုယ်တိုင်၏ အပြစ်နှင့်ပတ်သက်၍ မည်သို့ပြောကြမည်နည်း။ သူ့အပြစ်များသည် လေးစားထိုက်သောသူများ ကျူးလွန်တတ်သည့် အပြစ်မျိုးဖြစ်၍ ကောင်းသောအပြစ်ဖြစ်သည်ဟု သင်ခေါ်၍မရနိုင်ပါ။ ရှိမုန်သည် မိမိ၏ အပြစ်များကို မစဉ်းစားခဲ့မိသောကြောင့် သူ့အိမ်သည် ဘုန်းတော်ကြီးမြတ်သောပရောဖက်တစ်ပါးအတွက် မသင့်တော်သည့်အိမ်ဖြစ်သည်ဟု သူမစဉ်းစားမိခဲ့ချေ။

## အပြစ်၏ ပမာဏအတိုင်းအတာများ

စားသောက်ဝိုင်းထဲမှထွက်ပေါ်လာသည့်စကားက ရှိမုန်၏ အာရုံကိုပြန်၍ နှိုးပေးလိုက်သည်။ *အချင်းရှိမုန်၊ သင့်အားငါပြောစရာတစ်ခုရှိသည်။* ခရစ်တော်က ပြောလိုက်ခြင်းဖြစ်သည်။ *အရှင်ဘုရား၊ အမိန့်ရှိတော်မူပါ* ဟု ရှိမုန်ကပြန်လျှောက်သည့်အခါ ခရစ်တော်က *ဥစ္စာရှင်တစ်ဦး၌ ကြွေးစားနှစ်ဦးရှိ၏* (လု ၇း၄၀–၄၁)။ အပြစ်သည် အကြွေးနှင့်တူသည်ဆိုသည့် ခရစ်တော်၏ ခိုင်းနှိုင်းမှုသည် အလွန်သင့်မြတ်လှသည်။ လူတစ်ဦးသည် ကျပ်ပေါင်း သန်းငါးထောင်အကြွေးရှိ၍ပြန်မပေးနိုင်လျှင် ဒေဝါလီခံ၍လူမွဲစာရင်းဝင်ရမည်ဖြစ်သည်။ လူတစ်ဦးသည် အကြွေး ငါးကျပ်သာရှိ၍ ထိုငါးကျပ်ပင်ပြန်မပေးနိုင်လျှင်လည်း လူမွဲစာရင်းဝင်သူထက်ချမ်းသာသူဟု မဆိုနိုင်ပါ။ သူတို့၏ အကြွေးပမာဏမှာ အလွန်ကွာခြားလှသည်။ သို့သော် လူမွဲစာရင်းဝင်ဖြစ်ရာ၌ အတူတူပင်ဖြစ်သည်။ အပြစ်သည်လည်း အကြွေးနှင့်တူသည်ဆိုလျှင် လူတို့ပြုသောမကောင်းမှုများသည် လူတို့ကို ဘုရားသခင်တရားတော်အရ

လူမှုမှားများဖြစ်စေသည်။ လူ့အမြင်၌ လေးစားဖွယ်ဖြစ်လျှင်လည်း အပြစ်နှင့်မကင်းလျှင် ဘုရားအမြင်၌လူမှုသာဖြစ်သည်။

မှန်ပါသည်။ ကျွန်ုပ်တို့သည် အပြစ်များကို အမျိုးအစားများခွဲခြားလိုကြသည်။ သို့သော် ဘုရားသခင်ခွဲခြားသည့် အမျိုးအစားများသည် ကျွန်ုပ်တို့ခွဲခြားသည့်အမျိုးအစားများနှင့်မတူပါ။ အချို့သောအပြစ်များသည် ဆိုးရွားသောအပြစ်များဖြစ်သည်ဟု ကျွန်ုပ်တို့ဆိုသည့်အခါ ဘာကိုဆိုလိုကြောင်းကျွန်ုပ်တို့သိကြသည်။ ဤဖော်ပြချက်သည် လက်တွေ့ကျကျအဓိပ္ပါယ်ဖွင့်ဆိုရန်ရည်ရွယ်သည့်ဖော်ပြချက်ဖြစ်သည်။ သို့သော်လည်း လက်တွေ့ကျသည့်ဤခွဲခြားမှုက ကျွန်ုပ်တို့အား 'မဆိုးရွား' သည့်အပြစ်များသည် သန့်ရှင်းသည်ဟု မသိစိတ်ထဲမှသတ်မှတ်မိသည့်အဆင့်ဆီသို့ မဦးတည်စေရန် သတိထားရပါမည်။ သန့်ရှင်းသည့်အပြစ်ဟူ၍မရှိပါ။ အပြစ်ရှိသမျှသည် ညစ်ညူးသည်။ ကျပ်ခိုးတစ်စက်နှင့် ကျပ်ခိုးတစ်တန်တို့ မတူပါဟုဆိုလျှင် မှန်သည်ဟုလက်ခံရမည်ဖြစ်သည်။ သို့သော် ၎င်းတို့၏ခြားနားမှုမှာ ၎င်းတို့၏အရေအတွက်သာဖြစ်သည်။ ၎င်းတို့၏အရည်အသွေးနှင့်သွင်ပြင်လက္ခဏာမှာ အတူတူပင်ဖြစ်သည်။ လိင်မှုကိစ္စနှင့်ဆိုင်သောအပြစ်သည် လူကို ဘုရားရှေ့တော်သို့ ဝင်ရန်မသင့်တော်သောသူဖြစ်စေမည်ဖြစ်သည်။ သို့သော် ဘုရားရှေ့တော်ဝင်ရန်အတွက် ထိခိုက်မှုမဖြစ်စေသောအပြစ်ဟူ၍မရှိပေ။ ရှင်းအောင်ပြောရလျှင် အပြစ်ဟူသမျှသည် အကျင့်ပျက်ခြင်းသာဖြစ်သည်။

*ဥစ္စာရှင်တစ်ဦး၌ ကြွေးစားနှစ်ဦးရှိ၏။ တစ်ယောက်၌ကား ဒေနာရိအပြားငါးရာ၊ တစ်ယောက်၌ကား၊ ငါးဆယ်ကြွေးရှိ၏။*

ခရစ်တော်သည် ပုံဥပမာကိုဆက်၍မိန့်တော်မူခဲ့သည်။ ပထမပိုင်းတွင်ရှိမုန်သည် မိမိစိတ်ထဲတွင် အပြစ်ကို ခန့်မှန်းနှိုင်းယှဉ်ခဲ့သည်ဆိုလျှင် ယခုအချိန်သည်နှိုင်းယှဉ်ရန် ခရစ်တော်၏အလှည့်ဖြစ်သည်။ ကြွေးစားနှစ်ဦး ပြန်ပေးရမည့်ပမာဏမတူပါ။ သို့သော် သူတို့သည် အကြွေးပြန်မပေးနိုင်သည့်အချက်တွင် အတူတူသာဖြစ်ကြသည်။ နှစ်ဦးလုံးတို့သည် လူမှုစာရင်းဝင်များဖြစ်ကြသည်။ ရုတ်တရက်ကြည့်လျှင် ရှိမုန်၏အဖြစ်သည် သူတစ်ပါးကိုမစီရင်ရန်အတွက် သင်ခန်းစာပေးသည့်သင်ခန်းစာတစ်ခုဟုမြင်နိုင်ပါသည်– *သူတစ်ပါး၏အမှု၌ စီရင်ခြင်းကိုမပြုကြနှင့်။ မပြုလျှင် သင်တို့သည် စီရင်ခြင်းနှင့်ကင်းလွတ်ကြလိမ့်မည်။* သို့သော် ခရစ်တော်၏

ပုံဥပမာသည် ဤနေရာတွင် မျှော်လင့်မထားသည့် အခြားဦးတည်ရာဖက်သို့ လုံးလုံးပြောင်းသွားသည်ကို တွေ့ရသည်။

*ဥစ္စာရှင်တစ်ဦး၌ ကြွေးစားနှစ်ဦးရှိ၏။ တစ်ယောက်၌ကား ဒေနာရိအပြားငါးရာ၊ တစ်ယောက်၌ကား ငါးဆယ်အကြွေးရှိ၏။ သူတို့သည် ကြွေးဆက်ရန် မရှိသောကြောင့်၊ ကြွေးရှင်သည် ထိုသူနှစ်ယောက်တို့ကို အချည်းနှီးလွှတ်၏။ သို့ဖြစ်လျှင် ထိုသူနှစ်ယောက်တွင် အဘယ်သူသည်ကြွေးရှင်ကိုသာ၍ချစ်လိမ့်မည်နည်း*၊ နိုင်းယှဉ်သည့်နေရာတွင် ကျွမ်းကျင်သည့်ရှိမုန်သည် ဖြေဆိုရန်အဆင်သင့်ဖြစ်ခဲ့သည်။ သေချာသည်မှာ အကြွေးဟုရိုးရိုးလေးသာတွေးလျှင် မေးခွန်းမေးစရာမလိုဟု ထင်စရာရှိသော်လည်း ပမာဏပိုများသောအကြွေးသည် ပိုအလေးထားရမည့် အကြွေးဖြစ်သည်။ အကြွေးကိုဖယ်ရှားနိုင်သည့်တစ်ခုတည်းသောနည်းမှာ အကြွေးကိုပြန်ဆပ်ရန်သာဖြစ်သည်။ အကြွေးပိုများသောသူသည် အကြွေးပြန်ဆပ်နိုင်ရန် ပို၍ကြိုးစားလျက် ပို၍ပေးဆပ်ရမည်ဖြစ်သည်။

သို့သော် ကြွေးရှင်သည် ထူးကဲသောကရုဏာရှိ၍ရက်ရောသူဖြစ်သောကြောင့် အကြွေးကိုလုံးဝပြန်ပေးရန်မလိုဘဲ အကြွေးအားလုံးလျှော်ပစ်မည်ဆိုလျှင် အကြွေးပိုများသောသူသည် ပို၍ကြီးမားသည့်စိတ်သက်သာရာကို ခံစားရလျက် မိမိအကြွေးရှင်ကို ပို၍ကျေးဇူးတင်မည်ဖြစ်သည်။ ရှိမုန်ပြောသည့်စကားသည် ရှင်းပါသည်။ *အဘယ်သူသည် ကြွေးရှင်ကိုသာ၍ချစ်လိမ့်မည်နည်း* – ရှိမုန်က *သာ၍ကျေးဇူးခံရသောသူသည် သာ၍ချစ်လိမ့်မည် အကျွန်ုပ်ထင်ပါသည်*–ဟုပြန်ဖြေသည်(လု ၇း၄၂–၄၃)။ သူသည် မှန်ကန်စွာဖြေဆိုခဲ့သည်။

## အပြစ်လွှတ်ခြင်းပမာဏ

ဤတွက်ချက်မှု၏ အခြေခံသဘောတရားသည် ကြောင်တက်တက်ဖြစ်စရာဖြစ်နေသည်။ မိမိတို့အကြွေးအတွက် တစ်ပြားမှပြန်မပေးနိုင်သောသူများသည် ထိုက်တန်မှု သို့မဟုတ် ကောင်းမှုကုသိုလ်မလိုဘဲ အကြွေးရှိသမျှကို ဖြေလွှတ်ပေးသည့် အပြည့်အဝအခမဲ့ခွင့်လွှတ်ခြင်းဖြစ်သည်။ ခိုင်းနှိုင်းမှုအရ အပြစ်သည် အကြွေးနှင့်တူသည်ဆိုလျှင် ဘုရားသခင်သည် ခွင့်လွှတ်ပေးသောမြီရှင်နှင့်တူမည်ဖြစ်သည်။ ဤအချက်သည် ရှိမုန်က တင်ကူးမှန်းဆထားသောအချက်နှင့် လုံးလုံးကွာ

ခြားလျက်ရှိသည်။ ရှိမုန်လည်း ခွင့်လွှတ်တော်မူခြင်းကို မယုံသည်တော့မဟုတ်ပါ။ သူ၏ဆာလံသီချင်းများ၊ ဆုတောင်းသည့်အခါ ဘုရားသခင်၏ခွင့်လွှတ်ခြင်းကို တောင်းလျှောက်လေ့ရှိသကဲ့သို့ ဗိမာန်တော်သို့ သူတို့ယဇ်များယူလာသည့်အခါလည်း နောင်တရသောသူများ ခွင့်လွှတ်ခြင်းခံရကြောင်း ယဇ်ပရောဟိတ်က ကြေငြာလေ့ရှိသည်။

ထို့ပြင် ၎င်း၏သဘောတရားနှင့်ဓမ္မလမ်းကြောင်းသည် မည်သို့ပင်ဖြစ်ပါစေ၊ လက်တွေ့အတွေ့အကြုံအရ သူသိထားသည့် အပြစ်ခွင့်လွှတ်ခြင်းသည် ဤအကြွေးရှင်၏ခွင့်လွှတ်ခြင်းမျိုးနှင့်မတူပေ။ သူသိထားသည့်ခွင့်လွှတ်ခြင်းအရ သူသည် မိမိဝိညာဉ်ရေးရာကဏ္ဍအလိုက် သောင်းပြောင်းထွေလာခွင့်လွှတ်ခြင်းခံရသော်လည်း ခွင့်လွှတ်ခြင်းမခံရသည့်အချို့ကဏ္ဍများ မိမိစိတ်နှလုံးထဲ၌ကျန်နေသေးသည်။ ဘုရားသခင်၏တောင်းဆိုမှုများနှင့် သူ၏လိုက်နာဖြည့်ဆည်းနိုင်စွမ်းတို့ ကြား၌ဟာကွက်တစ်ခုရှိသော်လည်း ဤပြည့်တန်ဆာမလောက်မဆိုးဝါးသောကြောင့် အတိုင်းအတာတစ်ခုအထိနှစ်သိမ့်မှုကို သူခံစားခဲ့ရသည်။

သို့သော် ဟာကွက်တစ်ခုရှိ၍ မကြာခဏသူခံစားရသောခွင့်လွှတ်ခြင်းသည် ထိုဟာကွက်ကို မဖြည့်ပေးနိုင်ခဲ့ချေ။ သူသည် ထိုဟာကွက်ကိုဖြည့်နိုင်ရန် တတ်စွမ်းသမျှကြိုးစားလိုက်လျှောက်ရင်း ကျန်ရှိသေးသည့်အပြစ်ကြွေးအတွက် ဘုရားသခင်သည် သူ့ကိုကျေးဇူးပြုလျက် လျစ်လျူရှုပေးကာ ကောင်းကင်နိုင်ငံတွင် သူ့ကိုလက်ခံပေးနိုင်ပါစေဟု သူမျှော်လင့်နေရသည်။ သို့သော် ရှိမုန်သည် နှစ်ပေါင်းများစွာကြိုးစားခဲ့သော်လည်း မလိုက်လျှောက်မဖြည့်ဆည်းနိုင်သောဟာကွက်သည် သေးငယ်မလာခဲ့ချေ။ သေချာဆန်းစစ်ရန်လိုလာသည်။ သို့သော် မာန်မာနသည် (ကြောက်ရွံ့မှုလည်းဖြစ်နိုင်သည်) မိမိအခြေအနေမှန်နှင့်ပတ်သက်၍ တင်းမာသည့်တွေးတောမှုပုံစံထဲ၌ သူ့စိတ်တံခါးကိုပိတ်ထားလျက်ရှိနေသည်။ ဘုရားပညတ်တရား၏တောင်းဆိုမှုသည် စဉ်ဆက်မပြတ်ပြည့်စုံခြင်းဖြစ်လျှင် အပြစ်ကြွေးလေးတစ်ခုကိုပင် ဥပေက္ခာပြု၍ဖယ်ရှားပေးမည်မဟုတ်ပေ။ ရှိမုန်၌ မဆပ်နိုင်သောအပြစ်ကြွေးရှိနေသည်ဖြစ်၍ ထိုပြည့်တန်ဆာမကဲ့သို့ပင် ဘုရားရှေ့၌ လူမွဲတစ်ဦးဖြစ်နေခဲ့သည်။

## ချစ်ခြင်းမေတ္တာ၏ ပမာဏအတိုင်းအတာ

သို့သော် စားသောက်ဝိုင်းထဲမှစကားသည် ဆက်လက်ပေါ်ထွက်လာခဲ့ဖြစ်သည်– *သင်သည် ဤမိန်းမကိုမြင်သလော။* ရှိမုန်သည် ထိုမိန်းမကို မြင်ရမည်သေချာသည်။ သို့သော် ထိုမိန်းမသည် ချက်ချင်းပြောင်းလဲသွားပြီဖြစ်ကြောင်း သို့မဟုတ် ကယ်တင်ခြင်းခံရပြီဖြစ်ကြောင်း ခရစ်တော်မိန့်တော်မူမည်ဆိုပါကယုံကြည်လက်ခံနိုင်ရန် ရှိမုန်အဆင်သင့်မဖြစ်သေးပေ။ သို့သော် ခရစ်တော်ထိုသို့မိန့်တော်မမူခဲ့ပါ။ မိန့်တော်မမူသေးပါဟုလည်းဆိုနိုင်သည်။ သူကြုံတွေ့ရသည့်အဖြစ်မှန်များကိုသာ သူမီးမောင်းထိုးပြခဲ့သည်။ *သင်၏အိမ်သို့ငါဝင်သော် သင်သည် ခြေဆေးရေကိုမပေး။ ဤမိန်းမမူကား၊ ငါ့ခြေပေါ်သို့မျက်ရည်ကျ၍ မိမိဆံပင်နှင့် သုတ်လေပြီ။ သင်သည် ငါ့ကိုမနမ်း၊ သူမူကား၊ အိမ်သို့ဝင်သောအချိန်မှစ၍ ငါ့ခြေကိုနမ်းလျက်မစဲဘဲနေ၏။*

*သင်သည်ငါ့ခေါင်းကို ဆီနှင့်မလိမ်း။ သူမူကား၊ ငါ့ခြေကို ဆီမွှေးနှင့်လိမ်းလေပြီ* (လု ၇း၄၄–၄၆)။ နှိုင်းယှဉ်မှုများ ဆက်တွေ့ရပြန်သည်။ သို့သော် ဤတစ်ကြိမ်တွင် နှိုင်းယှဉ်ခံရသူမှာ ခွင့်လွှတ်ခြင်းခံရသောသူသည် ခွင့်လွှတ်ပေးသူကို ချစ်ကြောင်းနှင့် ပို၍ခွင့်လွှတ်ခံရသူသည် ပို၍ချစ်ကြောင်းသိမှတ်ပြောဆိုခဲ့သည့် ရှိမုန်ကိုယ်တိုင်ဖြစ်သည်။ ထို့ပြင် သူသည် ခရစ်တော်ကို မိမိအိမ်သို့လာရောက်စားသောက်ရန် ဖိတ်ခေါ်ခဲ့သော်လည်း ခရစ်တော်ကိုချစ်ကြောင်း ဘာတစ်ခုမျှမပြသခဲ့ဆိုသည့်အချက်သည်လည်း ထင်ရှားလေသည်။ သူသည် ထိုခေတ်ကာလကလောကဝတ်ကိုပင်မပြုခဲ့။ ထိုမိန်းမမှာမူ ခရစ်တော်အပေါ် ချစ်ကြည်ညိုကြောင်းပြသခဲ့သည်။ ချစ်ခြင်းမေတ္တာသည် ခံယူရရှိသည့်အပြစ်ခွင့်လွှတ်ခြင်း၏ သက်သေဖြစ်သည်ဆိုလျှင် ချစ်ခြင်းမေတ္တာမရှိခြင်းသည် အပြစ်ခွင့်လွှတ်ခြင်းကို မခံရခြင်း၏ သက်သေဖြစ်ပေမည်။

ရှိမုန်သည် ဤသက်သေကိုကြည့်ခြင်းအားဖြင့် ထိုမိန်းမ၏ကဲ့ရဲ့ခြင်းခံရသောအပြစ်ရှိသမျှတို့သည် ခွင့်လွှတ်ခြင်းခံရပြီဖြစ်ကြောင်းနှင့် ထိုသို့အပြစ်များစွာခွင့်လွှတ်ခြင်းခံရသောကြောင့် ခရစ်တော်ကို သူမည်မျှချစ်ကြောင်းတို့ကို တွေ့မြင်သိရှိရန် ခရစ်တော်အလိုတော်ရှိသည်။ ထို့နောက် ခရစ်တော်သည် ထိုမိန်းမဆီသို့

လှည့်လျက် သန့်ရှင်းသောဝိညာဉ်တော်က သူမအား သက်သေခံ၍ခံစားစေခဲ့သော စကားတို့ကို မိန့်တော်မူခဲ့သည် – *သင်သည် အပြစ်တို့နှင့်လွတ်လေပြီ* (လု ၇း၄၈)။

ထိုအခါ ရှိမုန်တစ်ဦးတည်းသာမကဘဲ ထိုနေရာ၌စားသောက်နေသောသူ ရှိသမျှတို့သည် အဓိကအချက်ကိုတွေ့မြင်သွားကြသည်။ သို့သော် အကြောင်းမလှ စွာဖြင့် ထိုမိန်းမသည် သူမ၏ချစ်ခြင်းမေတ္တာအတွက် ခွင့်လွှတ်ခြင်းကိုရရှိခဲ့သည်ဟု ခရစ်တော်ကဖော်ပြလိုခြင်းဖြစ်သည်ဟူ၍ အဓိပ္ပါယ်ကောက်ခဲ့ကြသည်။ ထို့ကြောင့် သူတို့သည် ဘုရားသခင်ကို လုံလုံလောက်လောက်ချစ်နိုင်လျှင် ဘုရားသခင်သည် လည်း သူတို့၏ချစ်ခြင်းမေတ္တာကြောင့် သူတို့ကိုခွင့်လွှတ်တော်မူမည်ဟု သူတို့မျှော် လင့်လျက် ဘုရားသခင်အပေါ် ချစ်သောခံစားမှုခံစားနိုင်ရန် နည်းလမ်းရှိသမျှနှင့် သူတို့ကြိုးစားခဲ့ကြပြီဖြစ်သည်။

အကြွေးတင်နေသေး၍ အကြွေးရှင်၏တရားစွဲဆိုခြင်းကိုခံရနိုင်သည့် အခြေအနေတွင် အကြွေးရှိသောသူသည် မိမိအကြွေးရှင်ကိုအလွန်ချစ်ရန် မဖြစ်နိုင် ကြောင်း သူတို့အတွေ့အကြုံများက သူတို့ကိုသိစေသင့်ပေသည်။ သို့သော် သခင်ဘုရား၏ပုံဥပမာက အကြွေးတင်နေသောသူတို့သည် သူတို့အကြွေးရှင်ကို ချစ်ကြသောကြောင့် ခွင့်လွှတ်ခြင်းခံရကြသည်မဟုတ်ဘဲ သူတို့သည် ခွင့်လွှတ်ခြင်းခံရ သောကြောင့် ခွင့်လွှတ်ခြင်းခံရပြီးသည့်နောက်၌သာ ချစ်လာနိုင်ကြခြင်းဖြစ်သည်ဟု ရှင်းလင်းစွာသိစေခဲ့သည်။

## ဘုရားသခင်၏ ခွင့်လွှတ်ခြင်း

ပါဝင်စားသောက်ကြသည့်ဧည့်သည်အားလုံးတို့သည် အဓိကအချက်ကို ချက်ချင်းပင် ရှင်းလင်းစွာမြင်တွေ့ခဲ့ကြသည်။ သူတို့ကိုလန့်ဖျပ်သွားစေသော အရာမှာ ခရစ်တော်၏စကားများထဲမှ အခြားတစ်ချက်ဖြစ်သည်။ သူတို့သည်လည်း ရှိမုန်ကဲ့သို့ပင် ဗိမာန်တော်သို့ မိမိတို့အတွက်ယဇ်များကိုယူဆောင်သွားသောအခါ ယဇ်ပရောဟိတ်သည် သူတို့အတွက် ယဇ်ပူဇော်ပေးကာ သူတို့ခေါင်းပေါ် လက်တင် လျက် သူတို့ခွင့်လွှတ်ခြင်းခံရပြီဖြစ်ကြောင်း ကြေညာပေးသည်ကို သူတို့ကြုံတွေ့ရ လေ့ရှိသည်။ သို့သော် ယဇ်ပရောဟိတ်တို့သည် မိမိတို့၏အခွင့်အာဏာအားဖြင့် မဟုတ်ဘဲ ဘုရားသခင်၏နာမဖြင့်ထိုသို့ကြေညာကြခြင်းဖြစ်သည်။ သို့သော်

နောက်ဆုံးသောတရားစီရင်ခြင်းအတွက်တော့ အာမခံချက်မရှိပေ။ ခရစ်တော်သည် မိမိကိုယ်တိုင်၏အခွင့်အာဏာဖြင့် အပြစ်ရှိသမျှကို ဖြေလွှတ်ကြောင်းကြေငြာသည်ဟု သူတို့ခံစားကြသည်။ သူတို့သည် *အပြစ်ကိုလွှတ်သော ဤသူကားအဘယ်သူနည်း* ဟုဆိုခဲ့ကြသည် (လု ၇း၄၉)။ သူတို့သည် အမှန်အတိုင်းခံစားကြခြင်းဖြစ်သည်။ ခရစ်တော်သည် ဤနေရာတွင် နောက်ဆုံးတရားစီရင်ပိုင်သောအခွင့်ကို အသုံးပြုတော်မူခဲ့သည်။ ထို့ကြောင့်လည်း အခြားနေရာ၌ *လူအပေါင်းတို့သည် ခမည်းတော်ကို ရိုသေသည်နည်းတူ၊ သားတော်ကို ရိုသေစေမည်အကြောင်း၊ ခမည်းတော်သည် အဘယ်သူကိုမျှ တရားစီရင်တော်မမူ။ တရားစီရင်ခြင်းအခွင့်ရှိသမျှကို သားတော်အား အပ်ပေးတော်မူ၏။ သားတော်ကို မရိုသေသောသူသည်ကား၊ သားတော်ကိုစေလွှတ်တော်မူသောခမည်းတော်ကို မရိုသေသောသူဖြစ်၏။ ငါအမှန်အကန်ဆိုသည်ကား၊ ငါ့စကားကို နားထောင်၍ ငါ့ကိုစေလွှတ်တော်မူသောသူကို ယုံကြည်သောသူသည် ထာဝရအသက်ကို ရသည်ဖြစ်၍ အပြစ်စီရင်ခြင်းကိုမခံရ။ သေခြင်းမှအသက်ရှင်ခြင်းသို့ ကူးပြောက်သောသူဖြစ်၏*ဟုမိန့်တော်မူခဲ့သည် (ယော ၅း၂၂–၂၄)။ ထို့နောက် ထိုမိန်းမထံ ပြန်လှည့်လျက် *သင်၏ယုံကြည်ခြင်းသည် သင့်ကိုကယ်တင်ပြီ။ ငြိမ်ဝပ်စွာသွားလော့*ဟု မိန့်တော်မူခဲ့သည်(လု ၇း၅၀)။

ထိုအခါ ဆုံးရှုံးမှုနှင့်ကြုံတွေ့ခဲ့ရသောမိန်းမသည် ကယ်တင်ခြင်းခံရလျက် ဘုရားသခင်သားတော်၏အပေါင်းအဖေါ်ဖြစ်ရန် ထိုက်တန်သောသူဖြစ်လာခဲ့သည်။ သို့သော် မည်သည့်အချိန်တွင် ဤသို့ဖြစ်သွားခဲ့သနည်း။ ကျွန်ုပ်တို့မပြောနိုင်ပါ။ သူမကို ရှိမုန်သတိထားမိလာသည့်အချိန်တွင် သူမသည် ခွင့်လွှတ်ခြင်းကိုခံရပြီးပြီဖြစ်သည်။ ထို့ကြောင့် ခရစ်တော်၏လက်ခံမှုအပေါ် ရှိမုန်၏ကန့်ကွက်ချက်တွင် အခြေအမြစ်မရှိချေ။ သူမသည် ကိုယ်ကျင့်တရားပျက်ပြားခဲ့သော်လည်း ယခုထိုသို့မဟုတ်တော့ချေ။ ပြောင်းလဲမှုဖြစ်ပျက်ချိန်ကို ကျွန်ုပ်တို့ခန့်မှန်းရုံသာခန့်မှန်းနိုင်မည်ဖြစ်သည်။ သို့သော် ထိုပြောင်းလဲမှုသည် ရှိမုန်ကျင့်သုံးနေသည့်ဘာသာတရားအမျိုးအစားအားဖြင့် ဖြစ်ပေါ်လာသည့်ပြောင်းလဲမှုမဟုတ်ကြောင်းကိုတော့ ကျွန်ုပ်တို့သိကြသည်။ ကိုယ်ကျင့်တရားပျက်ပြားမှုအပေါ် ရှိမုန်၏ပြစ်တင်သွန်သင်မှုသည် မှန်သောအရာ၊ ကျမ်းစာနှင့်ကိုက်ညီသောအရာ၊ လိုအပ်သောအရာဖြစ်သည်။ သို့သော် ထိုသွန်သင်မှုက ထိုမိန်းမကိုမပြောင်းလဲစေခဲ့ပေ။ သူမဆုံးရှုံးမှုနှင့်ကြုံတွေ့ခဲ့

ရစဉ်က ဤသွန်သင်မှုမျိုးသည် သူမ၏မျှော်လင့်ချက်ပျက်သုဉ်းခြင်းကို ပို၍သာ နက်ရှိုင်းစေခဲ့သည်။ ကျန်သေးသည့်ရှေ့ဆက်ဘဝကို ဖြောင့်ဖြောင့်တန်းတန်း လျှောက်လှမ်းနိုင်လျှင်ပင် သူ၏အတိတ်ဘဝကို မည်ကဲ့သို့ဖယ်ရှားလျက် သိက္ခာရှိသောအသိုင်းအဝိုင်းထဲသို့ မည်ကဲ့သို့ပြန်လည်ဝင်ရောက်နိုင်မည်နည်း။ သူမထိုသို့ မပြုနိုင်လျှင် မိမိအသက်ရှင်ခဲ့သည့်လောက၌ ဆက်၍အပြစ်ပြုနေခြင်းမှတစ်ပါး အခြားမည်သည့်လမ်းသည် သူ့အတွက်ပွင့်နေဦးမည်နည်း။ ရှိမုန်နှင့်သူ့အပေါင်းပါတို့သည် မိမိတို့ကိုယ်ကို အလွန့်အလွန်ပိုမိုမြင့်မြတ်သူများဖြစ်ကြသည်ဟု ထင်မှတ်ကြလျက် သူတို့၏ဟောပြောသွန်သင်မှုအားဖြင့်လည်းကောင်း၊ အပြုအမူအားဖြင့် လည်းကောင်း ထိုမိန်းမကို အထင်အမြင်သေးကြောင်းထင်ရှားစေကြသည့်အခါ သူမ၏ မျှော်လင့်ချက်ပျက်သုဉ်းခြင်းသည် လူကိုမုန်း၍လူ့အသိုင်းအဝိုင်းကိုရှောင်ကြဉ်ခြင်းဆီသို့သာ ဦးတည်စေခဲ့သည်။

ထိုမြို့ရှိအမျိုးသားအချို့တို့သည် သူမ၏ပြုစုမှုကိုခံယူတတ်ကြသည်။ ထိုသူတို့ထဲမှ မည်သူတစ်ဦးတစ်ယောက်မျှ ရှိမုန်၏ဝတ်ပြုစည်းဝေးကျောင်း (တရားဇရပ်)သို့ မသွားခဲ့ဘဲနေမည်လား။ သို့သော် တစ်နေ့တွင် သူမသည် ထူးခြားသည့် ဟောပြောသွန်သင်သူတစ်ဦး၏သွန်သင်မှုကို ကြားနာခဲ့ရသည်။ ထိုပုဂ္ဂိုလ်သည် လည်း ကိုယ်ကျင့်တရားပျက်ပြားခြင်းကို ဆန့်ကျင်၍ဟောပြောသွန်သင်ပါသည်။ သို့သော် ထူးခြားသည်မှာ ဝတ်ပြုစည်းဝေးကျောင်းတက်နေသောသူများလည်း ဘုရားသခင်ရှေ့တွင် ကိုယ်ကျင့်တရားအရ လူမွဲများသာဖြစ်ကြသည်ဟု သူဟောပြောသည်။ သို့သော် ဘုရားသခင်သည် စစ်မှန်သောနောင်တဖြင့် ပြန်လာသောသူတို့ကို လက်ခံကြိုဆိုလျက် သူတို့၏အပြစ်ရှိသမျှကို ခွင့်လွှတ်ရန် အသင့်ရှိတော်မူကြောင်းနှင့် မိမိသည် ဘုရားသခင်ဖြစ်တော်မူ၍ ဤလောကတွင် ထိုသို့သောသူတို့ကို လက်ခံလျက် ခွင့်လွှတ်ရန်အခွင့်အာဏာရှိတော်မူကြောင်းနှင့် သူတို့သည် ဘုရားသခင်နှင့်တစ်ဦးချင်းမိတ်သဟာရဖွဲ့နိုင်ရန် သူတို့ကိုသန့်ရှင်းစင်ကြယ်စေမည်ဖြစ်ကြောင်း မိန့်တော်မူသည်။ ထိုသို့အားဖြင့် ကိုယ်တော်သည် အပြစ်သားတို့ကို 'မိမိထံသို့ လာကြရန်' ဖိတ်ခေါ်တော်မူ၍ ထိုမိန်းမသည် ရိုးသားစွာနှင့် ကိုယ်တော်၏စကားကိုနားထောင်ခဲ့သည်။ သူမသည် ထိုစားသောက်ဝိုင်းမှ အထင်သေးသော၊ မနှစ်မြို့သော၊ စိတ်ဆိုးသော မျက်နှာများကို ရဲရဲရင့်ရင့်ရင်ဆိုင်ကာ ကိုယ်တော်ထံသို့

လာခဲ့သည်။ သို့သော် သူမရောက်လာ၍မကြာမီပင် ကိုယ်တော်၏စကားသည်မှန်ကန်ကြောင်း သိသွားခဲ့သည်။ သူမသည် အပြစ်ခွင့်လွှတ်ခြင်းနှင့်လက်ခံခြင်းကိုခံရလျက် မိမိ၏စိတ်သက်သာရာရမှုနှင့်ဝမ်းမြောက်မှုတွင်ကို ဖော်ပြနိုင်သည့်အခွင့်ကိုလည်း ရရှိခဲ့သည်။ သူမ၏ကျေးဇူးတင်ခြင်းသည် အပြစ်ခွင့်လွှတ်ခြင်းခံစားရသည်ကိုသိရှိကြောင်း ရုတ်တရက်ထွက်ပေါ်လာသည့် သက်သေဖြစ်သည်။ ထိုထက်မကသေးပါ ထိုကျေးဇူးတင်ခြင်းသည် သူမ၏ပြောင်းလဲသောအသက်တာ၌ လုပ်ဆောင်လေသမျှတို့အတွက် စွမ်းအားအရင်းအမြစ်ဖြစ်လာခဲ့သည်။ သူ့ကျမ်းပိုဒ်၏အဆုံးပိုင်းတွင် ထိုမိန်းမနှင့်တူသော အခြားအမျိုးသမီးများစွာတို့လည်းရှိကြသည်ဟု ရှင်လုကာက ဖေါ်ပြထားသည်။ သူတို့၏ကျေးဇူးတရားသိရှိမှုသည် မျက်ရည်ကျရုံနှင့်သာမပြီးဘဲ အလုပ်ကြိုးစားသည့် ခရစ်တော်၏သန့်ရှင်းသောအစေခံနောက်လိုက်များဖြစ်အောင် သူတို့ကိုလက်တွေ့ကျကျပြောင်းလဲစေခဲ့သည်။

## လေ့လာမှုနှင့်ဆွေးနွေးမှုဆိုင်ရာမေးခွန်းများ

၁။ ဤကျမ်းပိုဒ်တွင် ခရစ်တော်သည် မည်ကဲ့သို့သောပုဂ္ဂိုလ်ဖြစ်ကြောင်း ထင်ရှားသနည်း။

၂။ အဘယ်ကြောင့် ရှိမုန်၏ကောင်းမှုကုသိုလ်များနှင့် မိမိကိုယ်ကိုဖြောင့်မတ်သူအဖြစ်သတ်မှတ်ခြင်းတို့ကို ခရစ်တော်က စိတ်ဝင်စားမှုမရှိခဲ့သနည်း။

၃။ ထိုအမျိုးသမီးခွင့်လွှတ်ခြင်းခံရပြီဖြစ်ကြောင်း ကျွန်ုပ်တို့မည်သို့သိနိုင်သနည်း။

၄။ အပြစ်သားနှင့်ပတ်သက်၍ ဤအဖြစ်အပျက်က မည်ကဲ့သို့ဖေါ်ပြသနည်း။

၅။ ခရစ်တော်သည် ကျွန်ုပ်တို့၏အပြစ်များအပေါ် မည်ကဲ့သို့သဘောထားရှုမြင်သနည်း။ ယနေ့လည်း ကျွန်ုပ်တို့ကိုခွင့်လွှတ်တော်မူရန် ဖိတ်ခေါ်နေပါသလား။

# ၂

## လူလိမ်လူညာကိုရွေးနှုတ်ကယ်တင်ခြင်း

ဖတ်ရန်အကြံပြုချက်။ လု ၅း၂၇–၃၂၊ ၇း၃၄၊ ၁၇း၉–၁၄၊ ၁၉း၁–၁၀

ဝင်ငွေအခွန်ကောက်သူများကို သဘောကျလေးစားသူ နည်းပါးတတ်သည်။ သူတို့သည် ကျွန်ုပ်တို့၏ခနဲ့တဲ့တဲ့ဟာသများအတွက် ဟားစရာများပင်ဖြစ်တတ်ကြသည်။ သို့သော် ကျွန်ုပ်တို့သေချာစဉ်းမိသည့်အချိန်များတွင် သူတို့သည် လူတို့မနှစ်သက်လျှင်ပင် အမှန်လိုအပ်သောအလုပ်တစ်ခုကိုလုပ်ဆောင်နေကြသည့် လေးစားစရာပုဂ္ဂိုလ်များဖြစ်ကြသည်။

သို့သော် ရှေးခေတ်ပါလက်စတိုင်းမှအခွန်ခံသည် ထိုကဲ့သို့သောလူစားမျိုးမဟုတ်ပါ။ ပထမအနေဖြင့် သူသည် လူတို့မုန်းတီးသော ရောမနယ်ရှင်ပယ်ရှင်များ စည်းကြပ်ကောက်ခံသည့်အခွန်များကို ကောက်ခံရသည်။ ထို့ကြောင့် ဂျူးတို့အမြင်တွင် သူသည် ပုဆိန်ရိုး၊ အသားထဲကလောက်ဖြစ်နေတတ်ပြီး လူမျိုးရေးအရသာမက ဘာသာရေးအရလည်း ဖောက်ပြန်ရေးသမား ဖြစ်သကဲ့သို့ သစ္စာဖောက်အဖြစ်လည်း အမြင်ခံရသူဖြစ်သည်။

ဒုတိယအနေဖြင့် အခွန်ကောက်ရန် ရောမတို့ဖွဲ့စည်းပေးထားသည့်ပုံစံသည် လိမ်လည်၍ရနိုင်သည့်ပုံစံဖြင့်သောကြောင့် ပင်ကိုယ်အားဖြင့်ပင် အခွန်ကောက်သူတို့အတွက် ဖြားယောင်းမှုများရှိနေပြီဖြစ်သည်။ ရောမလူမျိုးတို့သည် မည်သည့်အခါမျှမိမိတို့ကိုယ်တိုင် အခွန်မကောက်ကြပေ။ အခွန်များကောက်နိုင်သည့်အခွင့်ကို လူတိုင်းလွတ်လပ်စွာဝယ်ယူနိုင်ပြီး မိမိနယ်မြေဒေသအတွက် ရောမမြို့မှသတ်မှတ်ပေးထားသောပမာဏကို ပေးဆောင်နိုင်သ၍ မိမိကိုယ်တိုင်အတွက်လည်း ရနိုင်သလောက်ရအောင်ဖြည့်စွပ်ကောက်ယူနိုင်သည်။ ထို့အပြင် တစ်ဆင့်ခံကန်ထရိုက်ပြန်ပေးကာ ထိုသူတို့ကိုလည်း ထပ်ဆင့်ကောက်ခံခွင့်ပေးနိုင်သည်။ ထို့ကြောင့် အခွန်ကောက်သူများစွာတို့သည် လုံးလုံးလျားလျားကရုဏာကင်းမဲ့သူများဖြစ်ကြပြီး အလွန်ချမ်းသာကြွယ်ဝသူများဖြစ်လာတတ်ကြသည်။

ထို့ကြောင့် ဂျူးတို့က အခွန်ခံအုပ်စုတစ်ခုလုံးကို ရှိရှာဖွယ်ကောင်းသူများ အဖြစ်သတ်မှတ်၍ ဂျူးဘာသာရေးခေါင်းဆောင်များကလည်း သူတို့ကို ဝတ်ပြုစည်းဝေးကျောင်းများ(တရားဇရပ်များ)၌ ဝင်ခွင့်မပေးခြင်းမှာ အံ့ဩစရာမဟုတ်ပေ။ သူတို့ထဲမှအချို့တို့သည် မိမိတို့နောင်တရကြောင်းဝန်ခံလာကြသည့်အခါ ဗတ္တိဇံဆရာယောဟန်က သူတို့၏ယုတ်ညံ့၍မတရားသော ငွေညှစ်သည့်အလုပ်ကို ချက်ချင်းနှင့်အစဉ်အမြဲရပ်တန့်ကြမှသာ ဟန်ဆောင်မှုမဟုတ်သောပြောင်းလဲမှုဟု သတ်မှတ်ပေးနိုင်မည်ဟု ပြောဆိုခဲ့သည်ကို တွေ့ရသည် (လု ၃း၁၂–၁၃)။

သို့ဖြစ်၍ ခရစ်တော်သည် အခွန်ခံအုပ်စုများနှင့် မကြာခဏရောနှောသည်ကိုတွေ့ကြသောအခါ ဖာရိရှဲတို့သည် လက်မခံနိုင်ဖြစ်ခဲ့ကြသည်။ သူတို့သည် သတင်းကောင်းဟောပြောသည့်အလုပ်များကို လက်မခံကြခြင်းတော့မဟုတ်ပေ။ သို့သော် ခရစ်တော်သည် သာသနာလုပ်ငန်းများမဖြစ်မနေလုပ်ဆောင်ရမည်ဆိုလျှင် ဆင်းရဲကြသော်လည်း လေးစားစရာကောင်းသည့်ဆင်းရဲသားများ များစွာရှိသည်။ အဘယ်ကြောင့် ခရစ်တော်သည် လူကောင်းတို့၏ခံစားမှုကို ဂရုမစိုက်ဘဲ စက်ဆုပ်ဖွယ်ကောင်းပြီး တရားမျှတမှုမရှိကြသည့် အခွန်ခံများနှင့် ထင်ထင်ရှားရှားမိတ်ဆွေဖွဲ့ရသနည်း။ ဤလုပ်ရပ်သည် အခြားမဟုတ်၊ ထောက်ခံမှု လွယ်လွယ်နှင့်ရရန်အတွက် ပြစ်မှုကျူးလွန်ခြင်းကို လျစ်လျူပြုပေးခြင်းသာဖြစ်သည်ဟု ဖာရိရှဲများခံယူကြသည်။

ကျေးဇူးပြု၍သည်းခံပါ– ခရစ်တော်သည် အခွန်ခံတစ်ဦးဖြစ်သည့် လေဝိ (မဿဲဟုလည်းခေါ်သည်)ကို မိမိ၏အထူးတပည့်တော် ၁၂ ပါးအနက် တစ်ပါးအဖြစ် ရွေးချယ်ခဲ့သည်။ လေဝိကလည်း မိမိအိမ်တွင် အခြားသောအခွန်ခံအုပ်စုကြီးနှင့်အတူ ခရစ်တော်ကို ခေါ်ဖိတ်ကျွေးခံခဲ့သည် (၅း၂၇–၃၂)။ ဖာရိရှဲများအတွက် အခွန်ခံများကို ဟောပြောသွန်သင်ခြင်းသည် အချည်းနှီးသောကြိုးစားမှုသာဖြစ်ပြီး သူတို့နှင့်အတူစားသောက်ခြင်းသည် အလွန်စဉ်းစားဖွယ်ကောင်းသည့်အပြုအမူဖြစ်သည်။ သူတို့သည် မခံချိမခံသာဖြစ်ခြင်းနှင့် ဒေါသပါသည့်စိတ်ရှုပ်ထွေးခြင်းတို့ဖြင့် ကိုယ်တော်၏တပည့်တော်တို့အား–*သင်တို့သည် အခွန်ခံသောသူ၊ ဆိုးသောသူတို့နှင့်အတူ အဘယ်ကြောင့်စားသောက်ကြသနည်း* (လု ၅း၃၀)ဟု စစ်ဆေးမေးမြန်းခဲ့ကြသည်။

## ကယ်တင်ရှင်ကိုလိုအပ်ကြသော အပြစ်သားများ

ယခုလည်း လူတို့ ထိုနည်းတူခံစားနေကြဆဲဖြစ်ပြီး သူတို့အားလုံးကို (*ဖာရိရှဲ*၏ အဓိပ္ပါယ်အတိုင်း) 'သီးခြားနေရေးဝါဒီများ'ဟု အလွယ်တကူခေါ်ဆိုရမည်ဖြစ်သည်။ အစွန်းမရောက်သောသဘောထားအမြင်ဘက်မှကြည့်လျှင် သူတို့၏သဘောထားကျဉ်းမြောင်းမှုသည် အထင်သေးစရာဖြစ်သည်။ သို့သော် သူတို့၏ခံစားမှုကိုနားလည်နိုင်ရန် ကျွန်ုပ်တို့ကြိုးစားကြလျှင် အကောင်းဆုံးဖြစ်ပေလိမ့်မည်။

သာဓကအနေဖြင့် အရက်စွဲခြင်း၏ဘေးဒုက္ခများကို မိသားစုတစ်ခုလုံးက ခံစားရကြောင်း လက်တွေ့တွေ့ကြုံရသောသူတို့က တရားဟောဆရာတစ်ယောက်အား သတင်းကောင်းဟောပြောရန်အတွက်ပင် အရက်ဆိုင်သို့မသွားရန် တားမြစ်ခြင်း၏ အကြောင်းတရားကို နားလည်ရန်မခက်ပါ။ အရက်ဆိုင်၌တရားဟောခြင်းသည် စစ်အကျဉ်းစခန်း၏ဓါတ်ငွေ့ခန်းထဲ ဂျူးတို့ကို အုပ်စုလိုက်သတ်ရန် တာဝန်ယူရသည့် နာဇီအရာရှိများကို ဂျူးယဉ်ကျေးမှုအကြောင်း ဟောပြောခြင်းနှင့်သာ တူနေသည်ဟု သူတို့မြင်ကြသည်။ အခြားဥပမာတစ်ခုကိုပြောရလျှင် ပတ်ဝန်းကျင်အသိုင်းအဝိုင်း၏ လေးစားမှုခံရသည့်အသင်းတော်များကပင် မူးယစ်ဆေးဝါးစွဲနေသူများ၊ အသိုင်းအဝိုင်းကိုဖယ်ခွာသောသူများကို စိတ်အားထက်သန်မှုရှိသည့်အသင်းသားတစ်ဦးဦးက ဘုရားကျောင်းသို့ခေါ်လာလျှင် သိပ်ကြိုက်ကြမည်မဟုတ်ပေ။ သူတို့၏ ညစ်ပတ်ရိုင်းစိုင်းမှုနှင့် ဝတ်စားပုံတို့ကို သူတို့ကြိုက်ကြမည်မဟုတ်သော်လည်း ထိုအကြောင်းများကြောင့်သာမဟုတ်ပေ။ ထိုကဲ့သို့သောသူတို့ကိုအသင်းတော်သို့ခေါ်လာလျှင် မိမိတို့၏သားသမီးများသည် ထိုသူတို့၏အကျင့်စရိုက်ဆိုးများကူးစက်ခံရမည်ကို မိဘတို့စိုးရိမ်ကြသောကြောင့်လည်းဖြစ်သည်။

ထို့အပြင် အသင်းတော်တွင် ထိုကဲ့သို့သောလူအမျိုးမျိုး စုရုံးနေလျှင် ပတ်ဝန်းကျင်ရှိမယုံကြည်သူများအတွက် စံနမူနာမဖြစ်ဘဲ အသင်းတော်အပေါ်ဝိညာဉ်ရေးရာအားကိုးမှုသည်လည်းနည်းသွားနိုင်သည်ဟုလည်း အသင်းသူအသင်းသားများစိုးရိမ်နိုင်သည်။ အချို့သောအပြစ်တို့သည် အလွန်ထင်ရှားလွန်းသောကြောင့် မည်သည့်ဘာသာရေးအသိုင်းအဝိုင်းကမဆို ထိုအပြစ်မျိုးကျူးလွန်သူကို မဖြစ်မနေကျဉ်ဖယ်ရသည့်အဖြစ်မျိုးလည်းရှိတတ်သည်။

အခွန်ခံတို့ ဝတ်ပြုစည်းဝေးကျောင်းများ(တရားဇရပ်များ)သို့ မလာရန် ဖာရိရှဲတို့ တားမြစ်ပိတ်ပင်ရခြင်းမှာလည်း ဤအကြောင်းတရားပင်ဖြစ်သည်။ ထို့နည်းတူ ဤအကြောင်းတရားကြောင့်ပင် ခရစ်ယာန်အသင်းတော်များအား မိမိကိုယ်ကို ခရစ်ယာန်ဟုဆိုနေလျက်နှင့်ပင် လူ့အသိုင်းအဝိုင်းနှင့်လုံးဝမသင့်တော်သော အပြစ်ကျူးလွန်နေသူများကို ဖယ်ကြဉ်ကြရန် ညွှန်ကြားရခြင်းဖြစ်သည် (၁ကော ၅း၁–၁၃)။ ဤသို့သော စည်းကမ်းထိန်းသိမ်းမှုမရှိပါက ဧဝံဂေလိသတင်းကောင်း၏ပြန့်နှံ့မှုသည် ကြန့်ကြာသွားမည်ဖြစ်သည်။ အသင်းတော်သမိုင်းတစ်လျှောက်တွင် အသင်းတော်သည် ဆင်းရဲသားတို့ကိုမတရားဖိနှိပ်အုပ်ချုပ်သူများနှင့် မသိမသာပူးပေါင်းခြင်းနှင့် ကိုယ်ကျင့်တရားမကောင်းကြောင်း လူအများကသိထားသည့် အသင်းသားတို့ကို အပြစ်မပေးဘဲထားခြင်းတို့ကြောင့် ဂုဏ်သတင်းမမွှေးရသည့်အခါများရှိခဲ့သည်ကိုတွေ့ရသည်။

## အသစ်သောအသက်တာ

ထို့ကြောင့် ဤဆက်စပ်ဆက်နွယ်မှုတွင် ခရစ်တော်မပြုခဲ့သောအချက်ကို သတိထားမိရန်အရေးကြီးသည်။ ခရစ်တော်သည် အခွန်ခံများ၊ ပြည့်တန်ဆာများ၏မိတ်ဆွေဖြစ်ခဲ့သည်မှန်သော်လည်း ဝတ်ပြုစည်းဝေးကျောင်းများ၌ ဝတ်ပြုကိုးကွယ်ချိန်များတွင် အခွန်ခံအုပ်စုကိုခေါ်လာခြင်း၊ အထူးသဖြင့် ယခုခေတ်အချို့ဆရာသမားများလုပ်ဆောင်နေကြသကဲ့သို့ ပြည့်တန်ဆာများအတွက် သို့မဟုတ် ကိုယ်ကျင့်တရားမကောင်း၍ ဖယ်ကြဉ်ခံရသူများအတွက် ဗိမာန်တော်တွင် အထူးဝတ်ပြုကိုးကွယ်ချိန်စီစဉ်ပေးခြင်းအားဖြင့် ဝတ်ပြုစည်းဝေးကျောင်း (တရားဇရပ်)၏ စည်းကမ်းကို ချိုးဖောက်ခြင်းမပြုခဲ့ပေ။

ခရစ်တော်၏တမန်တော်တစ်ပါးဖြစ်သောလေဝိသည် ခရစ်ယာန်မဖြစ်လာမီက အခွန်ခံတစ်ဦးဖြစ်ခဲ့သည်မှန်သော်လည်း နောက်ပိုင်းတွင် ထိုအလုပ်ကိုသူဆက်မလုပ်တော့ချေ။ ခရစ်တော်က သူ့ကိုရွေးကောက်ခေါ်ယူသည့်အချိန်တွင် သူသည် အခွန်ခံလျက် မတော်မတရားကောက်ခံထားသည့်အခွန်ကိုရေတွက်နေသည့်အချိန်ဖြစ်သော်လည်း သူသည် ခရစ်တော်၏ခေါ်သံကိုကြားသည့်အခါ မိမိ၏ရာထူးနေရာကို ထားခဲ့လျက် ခရစ်တော်နောက်လိုက်ခဲ့သည်။ လူတစ်ဦးသည် အသင်းတော်ကို

ထောက်ပံ့နေသ၍ ထိုငွေကို မည်သည့်နည်းဖြင့်ရှာရှာအရေးမကြီးဆိုသည့်အတွေး အခေါ် မျိုးခရစ်တော်၌မရှိပေ။ လေဝိသည် အရင်ကသူလုပ်ဖော်ဆောင်ဖက်များဖြစ်ခဲ့ကြသည့်အခွန်ခံများ ခရစ်တော်ထံလာကြသည့်အခါ သူ့ကိုတွေ့ကြမည်ဖြစ်သည်။ ထိုသူတို့သည် အစပိုင်းတွင်မသိခဲ့လျှင်လည်း လေဝိနှင့်ခရစ်တော်တို့သည် မည်သို့သောသူများဖြစ်ကြသည်ကို အစီအစဉ်ပြီးဆုံးသည့်အခါ သိရှိသွားကြမည်ဖြစ်သည်။ သူတို့သည် အခွန်ခံတို့အား ကယ်တင်ခြင်းခံရစေရန်၊ သူတို့၏ငွေတပ်မက်မှုကို ပယ်ဖျက်စေရန်နှင့် သူတို့၏လွန်ကဲသောအကျင့်ဓလေ့တို့ကိုအဆုံးသတ်စေရန် အတွက်သာ လုပ်ဆောင်နေကြခြင်းဖြစ်သည်။

ခရစ်တော်သည် ဤသို့သောသူတို့ကို ကယ်တင်ရန်အတွက် သူတို့နှင့်တွေ့ဆုံရန်၊ အတူတစ်ကွစားသောက်ရန် ပြင်ဆင်ခဲ့သည်။ ဖာရိရှဲများကမူ ဤသို့ပြုခြင်းကိုလည်း ကန့်ကွက်ခဲ့ကြသည်။ သူတို့၏ကန့်ကွက်မှုအပေါ် ခရစ်တော်၏အဖြေမှာ ပိုင်နိုင်မှုရှိပြီး အသိတရားကိုပေးသည့်အဖြေဖြစ်သည်။ *"ကျန်းမာသောသူတို့သည် ဆေးသမားကိုအလိုမရှိကြ။ နာသောသူတို့သာလျှင် အလိုရှိကြ၏။ ဖြောင့်မတ်သောသူတို့ကို နောင်တသို့ခေါ်ခြင်းငှာ ငါလာသည်မဟုတ်။ ဆိုးသောသူတို့ကိုခေါ်ခြင်းငှာ ငါလာသတည်း"* (လု ၅း၃၁–၃၂)။ အပြစ်သည် အနက်အဓိပ္ပါယ်အားဖြင့်လည်း နှစ်သက်ဖွယ်မကောင်းသောအရာဖြစ်သည်။ အချို့သောအပြစ်တို့သည် အလွယ်တကူကူးစက်တတ်သည့်သဘောရှိပြီး အချို့သောအပြစ်သားတို့သည် ဆိုးရွားလှသောလူများဖြစ်ကြသည်။ သို့သော် ခရစ်တော်ကြွလာတော်မူခြင်းမှာ ဤသို့သောအပြစ်သားတို့ကို ကယ်တင်ရန်ဖြစ်သည်။

ဖျားနာသောသူရှိရာသို့မသွားလိုသော ဆရာဝန်သည် မည်ကဲ့သို့သောဆရာဝန်ဖြစ်မည်နည်း။ တစ်ဘက်ကလည်း ကူးစက်တတ်သည့်ဦးနှောက်အမြှေးပါးရောင်ရောဂါကူးစက်ခံရသူကို အခြားသူများနှင့်ရောနှောထားလျှင်လည်း မှားယွင်းသောသနားကြင်နာမှုဖြစ်ပြီး မည်သူ့ကိုမဆို ထိုသူထံသို့အလည်အပတ်သွားစေခြင်းသည်လည်း ကြီးမားသောဥပဒေချိုးဖောက်မှုဖြစ်နိုင်သည်။ အခြားတစ်ဘက်မှကြည့်ပြန်လျှင် ဆရာဝန်များနှင့်သူနာပြုဆရာမများ သူ့ထံမသွားကြလျှင် ထိုသူသေဆုံးသွားပေလိမ့်မည်။ ခရစ်ယာန်တိုင်းသည် အမျိုးမျိုးသောအပြစ်သားတို့ထံသာသနာပြုရန်ရွေးကောက်ခေါ် ယူခြင်းခံရသည်မဟုတ်၊ ထိုသို့သွားနိုင်ရန်လည်း

ခရစ်ယာန်တိုင်း ရင့်ကျက်မှုရှိကြသည်မဟုတ်။ သို့သော် ရှုံ့ရှာစရာအလွန်ကောင်းသောအပြစ်ကိုကျူးလွန်နေသောအပြစ်သားတို့သည်လည်း လူသားများပင်ဖြစ်ကြသည်။ ဘုရားသခင်သည် သူတို့ကိုချစ်၍ မျှော်လင့်ချက်မဲ့သူများအဖြစ် ပစ်မထားသင့်သောသူများပင်ဖြစ်ကြသည်။ တစ်ဦးမဟုတ်တစ်ဦး သူတို့ထံသွား၍ ကောင်းမြတ်သောဝံဂေလိတရားထံသို့ သူတို့ကိုပြန်ခေါ် လာရမည်ဖြစ်သည်။

အမှန်စင်စစ်အားဖြင့် လူ့အမြင်၌ ဂုဏ်သိက္ခာရှိသူအချို့နှင့်ဘုရားကျောင်းပုံမှန်တက်နေသူများအချို့တို့ထက် ဤသို့သောလူတို့သည် ကောင်းမြတ်သောဝံဂေလိတရားကို လက်ခံရန်ပိုမိုလွယ်ကူတတ်သည်။ ထို့ကြောင့် သခင်ဘုရားက ရှင်လုကာခရစ်ဝင်ကျမ်းတွင် *"အခွန်ခံသူမှစ၍ လူအပေါင်းတို့သည် ယောဟန်၏စကားကိုကြားနာရလျှင် ဘုရားသခင်ကိုချီးမွမ်း၍* (သို့မဟုတ် 'ဘုရားသခင်မှန်ကန်တော်မူကြောင်းကိုဝန်ခံ၍') *ယောဟန်ပေးသောဗတ္တိဇံကိုခံကြ၏။ ဖာရိရှဲနှင့်ကျမ်းတတ်တို့မူကား၊ သူတို့အကျိုးအလို့ငှာ ဘုရားသခင်ကြံစည်တော်မူသောကျေးဇူးတော်ကိုပယ်၍ ယောဟန်၏ဗတ္တိဇံကိုမခံဘဲနေကြ၏"* ဟုမိန့်တော်မူခဲ့သည် (လု ၇း ၂၉–၃၀)။

ဘုရားသခင်သည် ဗတ္တိဇံဆရာယောဟန်မှတစ်ဆင့် လူတို့အား ခရစ်တော်၏ကြွလာတော်မူခြင်းအတွက် မိမိကိုယ်ကိုပြင်ဆင်ကြရန်မိန့်တော်မူလျက် လူတို့သည် မိမိတို့၏မထိုက်တန်မှုကိုဝန်ခံ၍ လုံးလုံးနောင်တရရန်လိုအပ်ကြောင်းနှင့် ၎င်း၏သင်္ကေတအနေဖြင့် ရေ၌ဗတ္တိဇံခံကြရမည်ဖြစ်ကြောင်း မိန့်တော်မူခဲ့သည်။ အခွန်ခံများသည် ဘုရားသခင်၏ဆုံးဖြတ်ချက် တရားမျှတမှုရှိကြောင်း အလွယ်တကူလက်ခံနိုင်ခဲ့ကြသည်ကိုတွေ့ရသည်။ သူတို့သည် ကွယ်ဝှက်မှုမရှိသော အပြစ်သားများဖြစ်ကြပြီး မိမိတို့အပြစ်သားများဖြစ်ကြောင်းကိုလည်း သိကြသည်။ သို့သော် ဖာရိရှဲများသည် နောင်တရရန်သတိပေးခံရသည့်အခါ စိတ်မကောင်းဖြစ်ပြီး စော်ကားခံရသည်ဟုခံစားကြသည်။ မိမိတို့၌ အပြစ်အသေးအဖွဲ့ရှိကြောင်းကိုတော့ သူတို့ဝန်ခံရန်ပြင်ဆင်ထားကြသည်။ သို့သော် ယောဟန်က သူတို့သည် ဘာသာရေးကျင့်ဝတ်များကို မည်မျှပင်လိုက်ရှောက်လျှင်လည်း သူတို့ကိုယ်တိုင်သည် ထိုက်တန်မှုမရှိ၊ ကယ်တင်ခြင်းလိုအပ်နေဆဲဖြစ်သည်ဟု ဆက်လက်ပြောဆိုသောအခါ မတရားချဲ့ကားပြောဆိုခြင်းတစ်ခုကဲ့သို့ သူတို့ကိုထိုးနှက်ခံစားစေခဲ့သည်။ သူတို့သည် ဘုရားသခင်၏ပညတ်တော်များကို တတ်စွမ်းသမျှပြည့်စုံစေရန် ဆက်ကပ်ထားသူ

များဖြစ်သည့် ရိုးသားဖြူစင်သောသူများဖြစ်သည်ဟု ခံစားကြသည်။ သူတို့ကို ကိုယ်ကျင့်တရားပိုင်း အားနည်းသူများဖြစ်သည်ဟု ပြောဆိုလျက် သူတို့လည်း အခွန်ခံများနည်းတူ ဗတ္တိဇံခံရန်လိုသည်ဟုပြောနေလျှင် အဆီအငေါ် မတည့်သော စကားသာဖြစ်သည်ဟု သူတို့သတ်မှတ်ကြသည်။

ထို့ကြောင့် သူတို့က ယောဟန်သည်နတ်ဆိုးပူးခံရလျက် စိတ်မူမမှန်ဖြစ်နေသည်ဟုဆိုလျက် သူပေးသည့်ဗတ္တိဇံကိုခံယူရန် ငြင်းဆန်ကြသည်။ သို့သော် ယေရှုက သူတို့ငြင်းဆန်နေသည့်အရာသည် ဘုရားသခင်၏အကြံအစည်ဖြစ်သည်ဟု ဆိုသည်။ ပြည့်စုံသောဘုရားသခင်၏စံနှုန်းအရ သူတို့သည် ကျရှုံးနေသူများသာဖြစ်ကြသည်။ ထို့အပြင် သူတို့သည် ဘုရားသခင်၏အကြံအစည်တော်ကို ငြင်းဆန်ခြင်းအားဖြင့် သူတို့၏ကျရှုံးမှုများအပေါ် မနာခံပုန်ကန်မှုကို ထပ်မံဖြည့်စွက်ရင်း ပြောင်းလဲမှုမခံစားရသည့်အပြင် ဘာသာတရားမလိုက်စားသောအခြားသူများနည်းတူ ဘုရားသခင်ကိုရန်ဘက်ပြုသူများဖြစ်နေကြသည် (ရော ဂး၆–ဂ ကိုကြည့်ပါ)။ အမှန်အားဖြင့် သူတို့သည် ဝိညာဉ်ရေးတွင် အခွန်ခံများထက်ပင် အန္တရာယ်ရှိနေသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် မိမိစိတ်အလိုလိုက်၍ ရာဇဝတ်မှုများကျူးလွန်နေသောသူများနည်းတူ မိမိစိတ်တိုင်းကျအသက်ရှင်လျက် ဘုရားသခင်နှင့်ဝေးနေခြင်းကို သူတို့၏ဘာသာတရားကျင့်ဝတ်များက မထင်ရှားအောင်ပုံဖျက်ထားကြောင့်ဖြစ်သည်။

## ပုံဥပမာတစ်ခု

သခင်ဘုရားသည် ဘာသာရေးသမားတို့၌ ဖြစ်တတ်သည့်အန္တရာယ်တစ်ခုကိုပြုပြင်ရန်အတွက် ဖာရိရှဲနှင့်အခွန်ခံပုံဥပမာကို မြွက်ဆိုတော်မူခဲ့သည် (လု ၁ဂး၉–၁၄)။ ရုတ်တရက်ကြည့်လိုက်လျှင် ဆိုးလွန်းသလိုဖြစ်နေသည်– မကောင်းမှုဖြင့်အသက်ရှင်ခြင်းကို အားပေးသလိုဖြစ်နေသည် – အခွန်ခံသည် *အပြစ်ပြေလျက်* (မူရင်းကိုတိုက်ရိုက်ပြန်ဆိုလျှင် 'ဖြောင့်မတ်သည်ဟုအသိအမှတ်ပြုခံရလျက်') *မိမိအိမ်သို့ပြန်သွား၏* (လု ၁ဂး၁၄)။ ကိုယ်ကျင့်တရားကောင်းဖို့ကြိုးစားသူကို အသိအမှတ်မပြု၊ အားမပေးသလိုဖြစ်နေသည် –*ဖာရိရှဲမူကား အပြစ်မပြေ* (ဖြောင့်မတ်သည်ဟုအသိအမှတ်ပြုခြင်းမခံရ)။ သို့သော် သေချာသည်မှာ ဤပုံဥပမာသည်

ကောင်းသောလုပ်ဆောင်မှုများကို အဆင့်ချရန်ရည်ရွယ်ခြင်းမဟုတ်ဘဲ ၎င်းတို့ကို အလွဲသုံးစားပြုခြင်းမပြုရန်တားဆီးခြင်းဖြစ်သည်။ '*ကိုယ်ကသိုလ်ကိုအမှီပြု၍ သူတစ်ပါးကိုမထီမဲ့မြင်ပြုတတ်သောသူအချို့တို့အား မိန့်တော်မူသောဥပမာကား*' ဟု အစပြုထားသည့်ဥပမာဖြစ်သည် (လု ၁၈း၉)။

ထိုသို့သောသူတို့၏စိတ်သဘောထားတွင် မကောင်းမှုနှစ်ခု ပုန်းခိုနေသည်ကိုတွေ့ရသည်။ ပထမအချက်မှာ သူတို့သည် မိမိတို့အပေါ် နှင့်မိမိတို့၏ဖြောင့်မတ်မှုအပေါ် စိတ်ချမှုရှိကြပြီး ဘုရားသခင်ရှေ့တော်သို့ရောက်လာသည့်အချိန်မှာပင် ဘုရားသခင်သည် သူတို့၏လုပ်ဆောင်မှုများ၊ ကြိုးစားမှုများကြောင့် သူတို့ကိုလက်ခံလိမ့်မည်ဟု မျှော်လင့်ကြသည်။ ဒုတိယအချက်မှာ သူတို့ကဲ့သို့မလုပ်ဆောင်နိုင်သောသူတို့ကို သူတို့အထင်အမြင်သေးကြသည်။ ဖာရိရှဲ၏ဆုတောင်းချက်ကိုနားထောင်ကြည့်ပါ– *အိုဘုရားသခင်၊ သူတစ်ပါးတို့သည် အနိုင်အထက်လုယူခြင်း၊ မတရားသဖြင့်ကျင့်ခြင်း၊ သူ့မယားကိုပြစ်မှားခြင်းအပြစ်ရှိသကဲ့သို့ အကျွန်ုပ်၌ မရှိသည်သာမက၊ ဤအခွန်ခံကဲ့သို့ပင်မဟုတ်သောကြောင့် ကျေးဇူးတော်ကြီးလှပေ၏။ အကျွန်ုပ်သည် ခုနစ်ရက်တွင် နှစ်ရက်အစာရှောင်ပါ၏။ ဥစ္စာရှိသမျှတို့ကို ဆယ်ဘို့တဘို့လှူပါ၏...*(လု ၈း၁၁–၁၂)။

မီတာ ၁၀၀၀ အပြေးပြိုင်ပွဲလို အားကစားတစ်ခုအတွက်မူ ထိုသို့သောစိတ်သဘောထားသည် နားလည်လက်ခံ၍ရသောစိတ်သဘောထားဖြစ်သည်။ အားကစားသမားတစ်ယောက်သည် ပြင်းပြင်းထန်ထန်လေ့ကျင့်ပြီး အကောင်းဆုံးအခြေအနေကိုရောက်နေသည့်အချိန်၌ သူ၏ပြိုင်ဖက်သည် လေ့ကျင့်မှုမရှိ၊ ဆေးလိပ်အရက်ကိုသာသောက်နေပြီး ညလည်းစောစောမအိပ်၊ ကိုယ်အလေးချိန်မထိန်း၊ လေးပင်နေသည့်အခြေအနေတွင် ထိုအားကစားသမားက သူ့ပြိုင်ဖက်ကိုနိုင်ဖို့ သူ့အရည်အချင်းအပေါ် စိတ်ချမှုမရှိပါဟုဆိုပါက သူရိုးရိုးသားသားပြောခြင်းဖြစ်သည်ဟုပြော၍မရပါ။ စစ်မှန်သောခရစ်ယာန်တို့ ဘုရားသခင်အတွက် အလုပ်လုပ်ကြခြင်းနှင့်ပတ်သက်လာလျှင် ကျွန်ုပ်တို့သည် လေ့ကျင့်ကြိုးစားသည့်အားကစားသမား၏စိတ်သဘောထားများ မွေးမြူရမည်ဟု ရှင်ပေါလုက ကျွန်ုပ်တို့ကို တိုက်တွန်းထားသည်။ စည်းကမ်းတကျအသက်ရှင်ခြင်းနှင့် သစ္စာရှိရှိအားသွန်ခွန်စိုက်လုပ်ဆောင်ခြင်းတို့အားဖြင့် ရယူရမည့် ထာဝရဆုလဒ်ရှိသည်။ နမော်နမဲ့နေထိုင်ခြင်း

သည် အမှုတော်မြတ်အတွက် အရည်အချင်းမမှီသည့်အဖြစ်သို့ ရောက်သွားစေနိုင်သည် (၁ကော ၉း ၂၄–၂၇)။

## ဆုလာဘ်လား၊ လက်ဆောင်လား

ကောင်းစွာပြုသည့်အတွက်ရရှိသည့်ဆုလာဘ်သည် အရေးကြီး၍ထာဝရဖြစ်သကဲ့သို့ တစ်ဘက်တွင် ၎င်းသည် ကယ်တင်ခြင်းနှင့်လည်းကောင်း၊ ဘုရားသခင်၏လက်ခံခြင်းနှင့်လည်းကောင်း မတူပါ (၁ ကော ၃း၁၀–၁၅ အထူးသဖြင့် အပိုဒ်ငယ် ၁၅ ကိုကြည့်ပါ)။ ဘုရားသခင်က ကျွန်ုပ်တို့ကိုလက်ခံသည်မှာ ကျွန်ုပ်တို့၏လုပ်ဆောင်မှုကြောင့်မဟုတ်သကဲ့သို့ ကယ်တင်ခြင်းသည်လည်း အပြေးပြိုင်ပွဲတွင် အကောင်းဆုံးလုပ်ဆောင်နိုင်သူကိုပေးသည် ပထမဆုမျိုးမဟုတ်ပါ။ ကျွန်ုပ်တို့၏အကောင်းဆုံးလုပ်ဆောင်မှုသည် ဘုရားသခင်၏ပြည့်စုံသောစံနှုန်းနှင့်တိုင်းတာသည့်အခါ လက်ခံနိုင်စရာမဟုတ်ပါ။ ဘုရားသခင်ကလည်း ဟန်ဆောင်လျက်ကောင်းပါသည်ဟု လက်ခံမည်မဟုတ်။ တစ်နည်းဆိုရလျှင် ကျွန်ုပ်တို့၏လုပ်ဆောင်မှုဖြင့်မရယူနိုင်သောအရာကို အားလုံးတို့အား ရရှိစေရန် ဘုရားသခင်ပြင်ဆင်တော်မူသည်။ နောင်တနှင့်ယုံကြည်ခြင်းရှိလျှင် ဘုရားသခင်၏လက်ခံခြင်းနှင့်ကယ်တင်ခြင်းကို လုံးလုံးအခမဲ့ရရှိစေရန်ဖြစ်သည်။

အခွန်ခံ၏ဆုတောင်းသံနှင့် သူ့အကြောင်းခရစ်တော်၏မိန့်တော်မူချက်တို့ကို နားထောင်ကြည့်ပါ– "*အခွန်ခံမူကား၊ အဝေးကရပ်၍ ကောင်းကင်သို့ မမျှော်မကြည့်ဝံ့ဘဲ ရင်ပတ်ကိုခတ်လျက်၊ အို ဘုရားသခင်၊ အပြစ်များသော အကျွန်ုပ်ကို သနားခြင်းကရုဏာစိတ်ရှိတော်မူပါဟု ဆုတောင်းလေ၏။ ငါဆိုသည်ကား၊ ထိုသူသည် အပြစ်ပြေလျက်* (ဖြောင့်မတ်သည်ဟုအသိအမှတ်ပြုခြင်းကိုခံရလျက်) *မိမိအိမ်သို့ပြန်သွား၏။ ဖာရိရှဲမူကား အပြစ်မပြေ* (ဖြောင့်မတ်သည်ဟုအသိအမှတ် ပြုခြင်းမခံရ)*။ အကြောင်းမူကား၊ ကိုယ်ကိုကိုယ်ချီးမြှောက်သောသူမည်သည်ကား၊ နှိမ့်ချခြင်းသို့ ရောက်လတံ့။ ကိုယ်ကိုကိုယ်နှိမ့်ချသောသူမည်သည်ကား၊ ချီးမြှောက်ခြင်းသို့ရောက်လတံ့ဟု မိန့်တော်မူ၏*" (လု ၁၈း၁၃–၁၄)။ ထို့ကြောင့် ဤနှစ်ဦးအနက် လူကောင်းဟုပြောရမည့်သူအတွက်လည်း နောင်တနှင့်ယုံကြည်ခြင်းလိုအပ်လျက် ဘုရားသခင်၏ကျေးဇူးတော်အားဖြင့်သာ ဖြောင့်မတ်သည်ဟုအသိအမှတ်

ပြုခြင်းခံရနိုင်သည်ဆိုလျှင် သူသည် မကောင်းသောသူဟုဆိုရမည့်သူထက် ပိုသာသည်ဟူ၍မဆိုနိုင်ပေ။ အခြားသူကို အထင်အမြင်သေးစရာအကြောင်းနှင့် မိမိကိုယ်ကိုအထင်ကြီးစရာအကြောင်း သူ၌မရှိပေ။ သူသည် မိမိကိုယ်ကို ဖြောင့်မတ်သည်ဟု ယုံကြည်နေခြင်းကို စွန့်လွှတ်လျက် အာဗြာဟမ်၏စိတ်သဘောထားကို သူမွေးမြူရမည်ဖြစ်သည် –*အာဗြာဟမ်သည် ဘုရားသခင်ကို ယုံကြည်သည်ဖြစ်၍ သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့မှတ်တော်မူ၏*(ရော ၄း၃)။

သို့သော် လူအများစုတို့သည် ရှင်ပေါလုပြောထားသည့်အတိုင်း (ရော ၃း၂၈) ပညတ်နှင့်အညီလုပ်ဆောင်မှုတို့မပါဘဲ ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းခံရသည်ဆိုသည့်ဩဝါဒကို လက်ခံနိုင်ရန်အခက်တွေ့နေကြသည်။ ထိုအခက်အခဲမှာ– လူသည် ဘုရားသခင်၏ပညတ်တော်ကိုစောင့်ထိန်းရန်မလိုဘဲ ကယ်တင်ခြင်းကိုလက်ဆောင်အဖြစ်ရရှိလျက် ဘုရားသခင်သည် သူ့ကိုလက်ခံကြောင်း၊ သူ့ကို မည်သည့်အခါမျှ စွန့်ပစ်မည်မဟုတ်ကြောင်းသေချာသည်ဆိုလျှင် လူသည် ဘုရားသခင်၏ကျေးဇူးပြုခြင်းကို အခွင့်ကောင်းယူပြီး စည်းမရှိကမ်းမရှိ အသက်ရှင်သွားမည်ကို စိုးရိမ်ခြင်းဖြစ်သည်။ ရှင်ပေါလုသည် ဤအကြောင်းအရာနှင့်ပတ်သက်၍ သူ၏ဟောပြောချက်များကို ကြားနာလျက် ဆန့်ကျင်တတ်သူများအား သူ၏ရောမဩဝါဒစာ (၆း၁–၄) တွင် ပြန်လည်ရှင်းပြထားသည်။ ထို့ပြင် သူ၏ခရီးသွားဖော်ဖြစ်သော ရှင်လုကာရေးသားမှတ်တမ်းတင်သည့် အခွန်ခံတစ်ဦးနှင့်ခရစ်တော်တို့အကြောင်းကို ကျွန်ုပ်တို့ထပ်မံဆင်ခြင်မည်ဆိုလျှင် ဤအခက်အခဲအတွက် ကျွန်ုပ်တို့ကို ကူညီပေးမည်ဖြစ်သည်။

ဇက္ခဲသည် အခွန်ခံတစ်ဦးဖြစ်ရုံမက ထိုဒေသရှိအခွန်ခံများ၏ခေါင်းဆောင်လည်းဖြစ်သည်။ သူသည် ရက်စက်သလောက် ချမ်းသာသောသူလည်းဖြစ်သည်။ လူတို့သည် သူ၏လွန်ကဲသောအခွန်တောင်းခံခြင်း မရှောင်လွှဲနိုင်ကြပေ။ သူ့ကို လူတို့က မည်သို့ထင်မြင်သတ်မှတ်နေသည်ကိုလည်း သူသိသည်။ လူတိုင်းသူ့ကို မုန်းတီးကြသကဲ့သို့ ဝတ်ပြုစည်းဝေးကျောင်း(တရားဇရပ်)များတွင်လည်း သူ့ကိုလက်မခံလိုကြပေ။ လူမှုရေးအရ သူနှင့်ပေါင်းသင်းဆက်ဆံလိုသူလည်းမရှိပေ။ ထို့ကြောင့် ခရစ်တော်က သူ့အိမ်၌ညစာသုံးဆောင်မည်ဟုဆိုသောအခါ လူတို့ဒေါသထွက်လျက် ပြစ်တင်ပြောဆိုကြသည်။ သူကဲ့သို့သောလူစားမျိုးကို လူမှုရေးအရ လက်ခံခြင်းသည် သူ

၏မှားယွင်းသောလုပ်ဆောင်ချက်များကို လက်ခံရာရောက်ပြီး ထိုအတိုင်းဆက်လုပ်ရန် အားပေးရာရောက်မည်ဟု သူတို့ခံစားခဲ့ကြသည်။

သို့သော် ခရစ်တော်သည် သူများမသွားသည့်ဇက္ခဲ၏အိမ်သို့သွားသည့်အခါ ဖြစ်ပေါ်လာသည့်အံ့ဩဖွယ်အမှုအရာအတွက် လူထုပရိတ်သတ်အံ့ဩခဲ့ရသည်။ ဇက္ခဲသည် သူ့လမ်းစဉ်ကို ချက်ချင်းပင်ရပ်လိုက်ပြီး *"သခင်၊ အကျွန်ုပ်၏ ဥစ္စာတစ်ဝက်ကို ဆင်းရဲသောသူတို့အား ပေးပါ၏။ တစ်စုံတစ်ယောက်သောသူ၏ ဥစ္စာကို အကျွန်ုပ်ယူမိလျှင်၊ လေးဆပြန်၍ပေးပါ၏"*ဟု လျှောက်ဆိုခဲ့သည် (လု၁၉း၈)။ ဤသို့အားဖြင့် နှစ်ပေါင်းများစွာ ဟောပြောသွန်သင်၍လူမှုရေးအရ ရှောင်ကြဉ်သည့်နည်းနှင့် မပြောင်းလဲစေနိုင်သောလူတစ်ဦးသည် ခရစ်တော်၏လက်ခံခြင်းဖြင့် မိနစ်အနည်းငယ်အတွင်း ပြောင်းလဲသွားခဲ့သည်။ မည်သို့မည်ပုံအလုပ်ဖြစ်သွားခဲ့သနည်း။

## ကောင်းသောလုပ်ဆောင်ချက်များ

ဇက္ခဲ၏နှလုံးသား၌ဖြစ်ပျက်သွားသမျှတို့ကို ကျွန်ုပ်တို့မသိနိုင်ပါ။ သို့သော် မြင်သာသည့်အချက်တစ်ချို့ကို ရှင်လုကာကဖော်ပြထားသည်ကိုတွေ့ရသည်။ ပထမအချက်မှာ ခရစ်တော်သည် သူ့ကိုလက်ခံခဲ့သော်လည်း သူနောင်တရကြောင်းအထောက်အထားမရှိဘဲ လက်ခံခဲ့သည်မဟုတ်။ ခရစ်တော် သူ့ကိုတွေ့ဆုံသည့်အချိန်တွင် သူသည် ထူးထူးခြားခြား သစ်ပင်ပေါ်ရောက်နေသည်။ သူ့နှလုံးသားကိုနားလည်နိုင်သောခရစ်တော်က ထိုနေရာသို့သူရောက်နေခြင်းသည် ယေရှုကိုတွေ့မြင်လိုသောကြောင့်ဖြစ်ကြောင်း သိတော်မူခဲ့သည်။ သူရှာသည့်ငွေများ၊ လူတို့အပေါ်သူလွှမ်းမိုးသောသြဇာများသည် သူ့ကိုကျေနပ်မှုမပေးနိုင်ခဲ့ပေ။ သူသည် ယခုအခါ *ယေရှုသည် အဘယ်သို့သောသူဖြစ်သည်ကို ထိုသူသည် ကြည့်လို*သည် (လု ၁၉း၃)။ သူသည် လူ့ကျင့်ဝတ်နှင့်ဆိုင်သော ခရစ်တော်၏သွန်သင်မှုများအကြောင်းကို ကြားမိမည်သေချာပြီး ထိုသွန်သင်ချက်များမှန်ကန်ကြောင်းကို သူ့နှလုံးထဲ၌သိထားသည်။ သို့သော် ယခု ယေရှုသည် မည်သို့သောသူဖြစ်ကြောင်း သူတွေ့မြင်လိုသည်။

ဇက္ခဲသည် အများထက်သေးငယ်သူဖြစ်သောကြောင့် လူတို့အပေါ်မှကျော်၍ ယေရှုကိုမြင်နိုင်ရန် သစ်ပင်ပေါ်တက်ရခြင်းဖြစ်သည်။ သို့သော် သူသည် ကိုယ်ခန္ဓာအရသာ သေးငယ်မှုကိုခံစားရသည်မဟုတ်။ ဆင်းရဲသားတို့ကို အခွန်များ

မတန်တဆကောက်ခံခြင်းသည် သူ့ကိုပျော်ရွှင်မှုမပေးခဲ့ပေ။ သူသည် အသိုင်းအဝိုင်းတွင် သိမ်ငယ်မှုနှင့်ငြင်းပယ်မှုကိုခံစားရသောကြောင့် မိမိ၏သာလွန်ထူးခြားမှုကိုပြသရန် ထိုသို့လုပ်ဆောင်နေခြင်းဖြစ်နိုင်သည်။ သူသည် အလွန်ကြွယ်ဝချမ်းသာလျှင် လူတို့သူ့ကိုရိုသေလေးစားကြလိမ့်မည်ဟူသောအတွေးဖြင့် ငွေရှာသည့်ဘက်သို့ သူလှည့်ခဲ့သည်။ တကယ်တမ်းတွင် လူတို့သည် ထိုလုပ်ရပ်ကြောင့် သူ့ကိုအထင်အမြင်သေးလာကြပြီး သူနှင့်ပေါင်းသင်းဆက်ဆံရန်ရှောင်ကြဉ်လာကြသည်။ သူသည် လူတို့ထံမှမတန်တဆအခွန်ကောက်ခံခြင်းအားဖြင့် လူတို့ကိုနာကျင်စေကာ လူတို့ထက် ထူးခြားသာလွန်ကြောင်းပြသရန်ကြိုးစားလေ ငြင်းပယ်ခံရသည့်ခံစားမှုကို ပိုမိုခံစားရလေဖြစ်လာခဲ့သည်။

အဆုံးမရှိ သံသရာလည်နေသည့်ထိုဖြစ်အင်ကို သူမည်သို့ရပ်တန့်စေရမည်နည်း။ မိမိအမှားကို ဇက္ခဲသိသည်။ သို့သော် ထိုအမှားထဲမှ မည်သို့လွတ်မြောက်နိုင်မည်ကို သူမသိခဲ့။ မသိနားမလည်သူ၊ မိမိကိုယ်ကိုမထိန်းသိမ်းနိုင်သူအဖြစ်ပြောဆိုခံရခြင်းသည် ထိုလုပ်ရပ်မျိုးလုပ်ရန် သူ့ကိုပို၍ပင်တွန်းပို့ပေးသလိုဖြစ်နေသည်။ လူတို့၏ကြဉ်ရှောင်မှုသည်လည်း သူ့ကိုအဆိုးဘက်သို့သာပိုရောက်စေခဲ့သည်။ ယေရှုကိုတွေ့လိုသည့် သူ့ဆန္ဒတွင် နောင်တ၏အရိပ်အယောင်ကို ခရစ်တော်တွေ့မြင်ပြီး ချုံနွယ်ပိတ်ပေါင်းထဲညိတွယ်၍ မည်သို့လွတ်မြောက်အောင်လုပ်ဆောင်ရမည်ကို မသိသောကြောင့် အော်နေသည့်သိုးတစ်ကောင်နှင့်တူနေကြောင်းကိုလည်း သိတော်မူသည်။ ထို့ကြောင့် သူ့အားလက်ခံ၍ သူ့အိမ်၌ညစာအတူတကွသုံးဆောင်မည်ဟု လူအများရှေ့တွင် ကြေညာခြင်းအားဖြင့် သူ့ကိုရစ်ပတ်နေသောအရာများကို ဖြတ်တောက်ပေးခဲ့သည်။

နောက်ဆုံးတွင် ဇက္ခဲသည် နှစ်ပေါင်းများစွာ အလွဲလွဲအချော်ချော်ဆုံးဖြတ်ကြိုးစားခဲ့သော်လည်း မရယူနိုင်ခဲ့သော လက်ခံမှု၊ လူတို့၏လက်ခံမှုသာမက ဖန်ဆင်းရှင်ကိုယ်တော်တိုင်၏လက်ခံမှုကို ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ရရှိခဲ့သည်။

ထိုအခါ ဇက္ခဲအပေါ် မည်သည့်အကျိုးသက်ရောက်မှုရှိခဲ့သနည်း။ သူသည် အရင်ထက် ငွေပိုညစ်ပြီး ဘုရားသခင်၏ကျေးဇူးတော်ကိုလည်း ပိုမိုအလွဲသုံးစားမှုပြုလာခဲ့ပါသလား။ ထိုသို့ဖြစ်မလာပါ။ သူတစ်ပါးတို့ကို ခြိမ်းခြောက်ငွေညှစ်သည့် အလုပ်ကို သူချက်ချင်းရပ်တန့်ပြီး သူ၏ထူးခြားသော ပရဟိတအစီအစဉ်တစ်ခုကို

ကြေညာခဲ့သည်။ ထိုသို့သူပြုခြင်းမှာ ခရစ်တော်၏လက်ခံမှုကို ရယူရန်အတွက် မဟုတ်ဘဲ ခရစ်တော်၏လက်ခံမှုကို ကျေးဇူးတုန့်ပြန်သောအားဖြင့် လုပ်ဆောင်ခြင်း ဖြစ်သည်။ ခရစ်တော်က "*ဤသူသည် အာဗြဟံ၏သားဖြစ်သည်နှင့်အလျောက်၊ ယနေ့ပင် ကယ်တင်တော်မူခြင်းကျေးဇူးသည် ဤအိမ်အပေါ်မှာ သက်ရောက်လေ၏*" ဟု မိန့်တော်မူခဲ့သည်(လု ၁၉း၉)။

ခရစ်တော် မိန့်တော်မူသောဤအချက်ကို နားလည်နိုင်ရန် အာဗရဟမ် (အာဗြဟံ)သည် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်သည်ဟုအသိအမှတ်ပြုခံရသော ကြောင့် မိမိ၏ယုံကြည်ခြင်းသည် စစ်မှန်ကြောင်း လက်တွေ့လုပ်ဆောင်မှုများအား ဖြင့်သက်သေပြနိုင်ခဲ့ပုံအကြောင်း ရှင်ပေါလုနှင့်ရှင်ယာကုပ်တို့၏ရေးသားချက်များ ကိုလည်း အတိုင်းအတာတစ်ခုအထိ ဖတ်ရှုသင့်ပါသည်။ သို့သော် ထိုသို့ဆိုလျှင် ရှည် ကြာသောလေ့လာမှုကိုပြုရမည်ဖြစ်သည်။ ထို့ကြောင့် ဤနေရာတွင် အာဗရဟမ်ကို လေးစားအတုယူခဲ့သည့် ရှင်ပေါလုကိုယ်တိုင်၏ဘဝအသက်တာကို နမူနာယူကြပါစို့။ ရှင်ပေါလုမပြောင်းလဲမီတွင် ကယ်တင်ခြင်းသည် မိမိ၏ကုသိုလ်ကောင်းမှုနှင့် ဘုရား သခင်၏ပညတ်တော်တို့ကို လိုက်နာသည့်လုပ်ဆောင်ချက်တို့အပေါ် မူတည်သည်ဟု သူထင်ခဲ့သည်။ ပေါလုသည် အလွန် အမုန်းရန်ညှိုးကြီးသူ၊ မာန်မာနကြီးသူ၊ အချိန်ပြည့်တစ်ယူသန်သူ ဖြစ်ခဲ့သည်။ သို့သော် ကယ်တင်ခြင်းသည် မိမိ၏ကုသိုလ် ကောင်းမှုပေါ် မမူတည်ဘဲ ဘုရားသခင်၏ကျေးဇူးတော်သက်သက်ကြောင့်သာဖြစ် ကြောင်း သူသိလာသောအခါ ညှင်းပန်းနှိပ်စက်မှုကို ရပ်တန့်ပြီး ဂျူးလူမျိုးသာအထူး သီးသန့်ဖြစ်သည်ဆိုသော မိမိ၏ကျဉ်းမြောင်းသည့်အယူအဆကိုစွန့်ပယ်ကာ လူအား လုံးကိုချစ်သည့်စိတ်ဖြစ်ပေါ်လာခဲ့သည်။ အဖိုးအခအနေဖြင့် မိမိ၏စည်းစိမ်၊ မိမိ၏ လူမှုနယ်ပယ်အဆင့်အတန်းတို့နှင့် ပေးဆပ်ပြီး မိမိ၏ဘဝအသက်တာကို လူသားတို့ အပေါ် အစေခံရန်နှင့် ကမ္ဘာအရပ်ရပ်တွင် ပြောင်းလဲမှုများဖြစ်ပေါ်စေသည့် ချစ်ခြင်းမေတ္တာနှင့်ဆိုင်သော သတင်းစကားအတွက် ဆက်ကပ်ခဲ့သည်။

## လေ့လာမှုနှင့်ဆွေးနွေးမှုဆိုင်ရာမေးခွန်းများ

၁။ ထိုသို့ဆိုလျှင် "လက်ခံသင့်သောသူ"သည် မည်သို့သောသူဖြစ်သနည်း။

၂။ ခရစ်တော်အပေါ် လေဝိ၏တုန့်ပြန်မှုမှ ဖြစ်ပေါ်လာသောရလဒ်ကား အဘယ်နည်း။

၃။ ဖာရိရှဲနှင့် အခွန်ခံတို့အနက် မည်သူသည် ခရစ်တော်ကို ပို၍လိုအပ်ခဲ့သနည်း။ အဘယ်ကြောင့် ခရစ်တော်သည် အခွန်ခံထံသွားခဲ့သနည်း။

၄။ ဖာရိရှဲနှင့်အခွန်ခံပုံဥပမာက ကောင်းမှုကုသိုလ်နှင့်ပတ်သက်၍ မည်သည့်အချက်ကို ဖော်ပြနေသနည်း။

၅။ ဤဘဝအသက်တာ၌လုပ်ဆောင်သည့်လုပ်ဆောင်ချက်အတွက်ရရှိသည့် ဆုလဒ်များနှင့် ကယ်တင်ခြင်းတို့၏ခြားနားချက်ကို ဖော်ပြပါ။

၆။ ဟောပြောသွန်သင်မှုများကို နှစ်ပေါင်းများစွာကြားနာရသော်လည်း မပြောင်းလဲနိုင်ခဲ့သော ဇက္ခဲ၏အသက်တာကို ပြောင်းလဲစေရန် ခရစ်တော်က ဇက္ခဲအား မည်သို့မိန့်တော်မူခဲ့သနည်း။

# ၃

## မုဆိုးမအတွက်တရားစီရင်ပေးခြင်း

ဖတ်ရန်အကြံပြုသည့်ကျမ်းပိုဒ်များ။ ။လု ၂း၃၆–၃၇၊ ၄း၂၅–၂၆၊ ၇း၁၁–၁၇၊
၁၈း၁–၈၊ ၂၀း၄၅– ၂၁း၄

ရှင်လုကာသည် မုဆိုးမများအပေါ် မှတ်သားလောက်အောင်စိတ်ဝင်စားမှုရှိသည်ကိုတွေ့ရသည်။ အခြားသောဓမ္မသစ်ကျမ်းများတွင်ထက် သူရေးသားသည့်ကျမ်းတွင် မုဆိုးမများအကြောင်းကို ပိုတွေ့ရသည်။ ဓမ္မဟောင်းနှင့်နှိုင်းလျှင်လည်း ထိုနည်းတူပင်ဖြစ်သည်။ ပရောဖက်မ အန္န၊ ဇရတ္တမြို့တွင် ဧလိယကိုအစာကျွေးမွေးခဲ့သောအမျိုးသမီး၊ နာဣနမြို့၏ရွာတစ်ရွာမှ မိမိ၏တစ်ဦးတည်းသောသားကိုသင်္ဂြိုဟ်ရတော့မည့်မိခင်တစ်ဦး၊ မိမိအမှုကိုစီရင်ပေးရန် တမရားသောတရားသူကြီးကို မရမကတောင်းဆိုသည့်အမျိုးသမီး– သူတို့အားလုံးသည် မုဆိုးမများဖြစ်ကြပြီး ခရစ်ဝင်ကျမ်းများတွင် ရှင်လုကာကသာ သူတို့အကြောင်းကို ဖော်ပြထားသည်။ တစ်ချိန်တည်းမှာပင် အခြားခရစ်ဝင်ကျမ်းများ၌လည်းဖော်ပြထားသည့် ကျမ်းပြုဆရာများက ဘာသာရေးဟန်ပြလျက် မုဆိုးမများအပေါ် ငွေညှစ်မှုများအပေါ် သခင်ဘုရား၏ရှုတ်ချပြောဆိုမှုနှင့် မိမိဝမ်းရေးအတွက်ဖြစ်သောကြေးနီဒင်္ဂါးနှစ်ပြားကိုလှူဒါန်းသောမုဆိုးမအပေါ် ကိုယ်တော်၏ချီးမွမ်းမှုတို့ကိုလည်း ရှင်လုကာက ဖော်ပြထားသည်ကို တွေ့ရသည်။

ရှင်လုကာသည် မုဆိုးမများအကြောင်းကို ဖော်ပြသည့်အခါ သူတို့၏ခင်ပွန်းသည်ဆုံးရှုံးရသည့်အတွက် သူတို့၏ပူဆွေးဝမ်းနည်းမှုများအကြောင်း မဖော်ပြပါ။ ထိုသို့သောဝမ်းနည်းမှုသည် မိမိဇနီးသည်ကိုဆုံးရှုံးရသည့်ခင်ပွန်းသည်များ၊ မိမိသားသမီးကိုဆုံးရှုံးရသည့်မိဘများလည်း ခံစားကြရမည်ဖြစ်သည်။ ရှင်လုကာ ဖော်ပြသည့်မုဆိုးမများအကြောင်းမှာ ထိုခေတ်ထိုအခါက မုဆိုးမများသည် မိမိတို့ခင်ပွန်းသေဆုံးသည့်နောက်ပိုင်း အကူအညီမဲ့၊ အကာအကွယ်မဲ့ဖြစ်သွားရသည့်အခြေအနေဖြစ်သည်။ ထိုသူတို့အတွက် ပတ်ဝန်းကျင်မှ မည်သည့်အထောက်အပံ့မျှမရသည့်အပြင် သူတို့နှင့်အပ်စပ်မှုရှိသည်ဟု ပတ်ဝန်းကျင်ကရှုမြင်ပေးသောလုပ်ငန်းလည်း

မရှိပေ။ ထို့ကြောင့် ထိုခေတ်က မုဆိုးမအတွက် စုမိဆောင်းမိသောအရာမရှိပါက အသက်ရှင်ရေးအတွက် ပြဿနာများနှင့်ဆက်လက်ကြုံတွေ့ရန်သာရှိတော့သည်။ သူ၌ အရွယ်ရောက်နေပြီဖြစ်သော သား သို့မဟုတ် ဆွေမျိုးအမျိုးသားတစ်ဦးဦးရှိလျှင်တော့ သူ၏အတိဒုက္ခသက်သာမည်ဖြစ်သည်။ သို့သော် သူသည် ဓမ္မသစ်၌ဖော်ပြထားသည့်အတိုင်း (၁တိ ၅း၅) သူ့ကို ကူညီမည့်အမျိုးသားတစ်ဦးဦးမရှိဘဲ အမှန်တကယ်မုဆိုးမဖြစ်နေလျှင် သူ့ဘဝသည် အလွန်ခက်ခဲလှသည်။

အကယ်၍ သူ၌ကူညီမစမည့်သူ သို့မဟုတ် ဝင်ငွေရနိုင်သည့်လုပ်ငန်းတစ်ခုခုရှိခဲ့လျှင်လည်း လှည့်စားတတ်သူများနှင့် မသမာသောသူတို့သည် သူတို့ကို လှည့်စားအမြတ်ထုတ်ရန် ကြိုးစားတတ်ကြသည်။ မိမိမြို့ရွာ၌ရှိသည့် တရားသူကြီးထံ မိမိအတွက် ကာကွယ်မှုရရှိရန် တောင်းဆိုနိုင်သော်လည်း ထိုတရားသူကြီးသည်လည်း မိမိအတွက်အနှောင့်အယှက်ဖြစ်မည့်အလုပ်မျိုးမလုပ်ချင်ပေ။ သို့မဟုတ်လည်း ထိုမုဆိုးမကို မတရားငွေညှစ်ထားသူတို့ကို သူ့ကိုကြိုတင်လာဘ်ထိုးထားခြင်းလည်း ရှိနိုင်သည်။

ဘာသာတရားသည် ထိုမုဆိုးမတို့ကို နှစ်သိမ့်မှုများပေးပြီး သူတို့ကို အထင်အမြင်မသေးရန် သွန်သင်ပေးနိုင်ပါသည်။ ဘုရားသခင်ကိုကြောက်ရွံ့၍ ဘာသာတရားကိုင်းရှိုင်းသော အစ္စရေးလူမျိုးတို့ကြားတွင် မုဆိုးမများသက်သာရာရခြင်းအတွက် ဘာသာရေးဆိုင်ရာဝတ္တရားများရှိပါသည်။ အခြားတစ်ဘက်တွင် ဘာသာရေးဆိုင်ရာ ကျမ်းပြုခေါင်းဆောင်များသည် ဘာသာရေးနှင့်ဆိုင်သည့်အခွန်အခများကို ပေးဆောင်နိုင်ရန်ခက်ခဲသော မုဆိုးမများအား တန်းတူပေးဆောင်ရန် မကြာခဏတောင်းခံတတ်ကြပြန်သည်။

မည်သို့ပင်ဆိုဆို မုဆိုးမတို့ကြုံတွေ့ရသည့် အတိဒုက္ခသည် ခက်ခဲ၍ အကျဉ်းတန်လှသည်။ ထို့ကြောင့်လည်း မုဆိုးမသည် သူကြုံတွေ့ရသည့် မိမိအတွက် လိုအပ်ချက်နှင့်အကာအကွယ်ကင်းမဲ့မှုတို့ကြောင့် ဘုရားသခင်ကို ပိုမိုအားကိုးတတ်ပြီး ကျွန်ုပ်တို့ထက် ပို၍မှန်ကန်သောစိတ်သဘောဖြင့်ဆုတောင်းလေ့ရှိတတ်သည်။ ဂျူးတို့၏အသိုင်းအဝိုင်း၌ဖြစ်စေ၊ ခရစ်ယာန်တို့ကြား၌ဖြစ်စေ မုဆိုးမတို့သည် ဆုတောင်းခြင်းအတွက် ပိုမိုဆက်ကပ်မှုရှိတတ်ကြသည်။ ရှင်လုကာ၏ပြောပြချက်အရ ပရောဖက်မ အန္နသည် *ဆုတောင်းခြင်းနှင့်အစာရှောင်ခြင်းအားဖြင့် နေ့ညဉ့်မပြတ်*

*ဘုရားဝတ်ကိုပြု၍ ဗိမာန်တော်နှင့် မခွာဘဲနေ* သူဖြစ်သည် (လု ၂း၃၇)။ ရှင်ပေါလုက မုဆိုးမများအား ငွေကြေးထောက်ပံ့ပေးသည့်ကိစ္စနှင့်ပတ်သက်၍ရေးသားရာတွင် (၁ တိ ၅း၃–၁၀) မုဆိုးမအမှန်ဖြစ်သူတို့သည် *ဘုရားသခင်ကို ကိုးစား၍ ဆုတောင်းပဌနာ ပြုခြင်း၌ နေ့ညဉ့်မပြတ်တည်နေတတ်၏* ဟုဖေါ်ပြထားသည်။

## လူမှုရေးအသိစိတ်

ဤနောက်ဆုံးသတိပြုမိချက်အရ မုဆိုးမတို့အပေါ် သတိထားမိလောက်သည့်အထိ ရှင်လုကာစိတ်ဝင်စားခြင်းက ကနဦးခရစ်ယာန်များထဲတွင် သူတစ်ဦးတည်းသာ လူမှုရေးအသိစိတ်ရှိသည်ဟု မဆိုလိုကြောင်းထင်ရှားသည်။ မွေးဖွားလာစ အသင်းတော်က တာဝန်ယူရသည့်လူမှုရေးတာဝန်များအနက် တစ်ခုသည် မုဆိုးမများကို နေ့စဉ်ဂရိုက်စိုက်ရသည့်တာဝန်ဖြစ်ကြောင်း ရှင်လုကာကိုယ်တိုင်က မှတ်တမ်းတင်ထားသည် (တ ၆း၁–၆)။ ခရစ်ယာန်တို့သည် ဤလူမှုရေးအသိစိတ်ကို ဂျူးဘာသာနှင့် ၎င်း၏ဓမ္မဟောင်းကျမ်းမှ အမွေရရှိခဲ့ကြခြင်းဖြစ်သည်။ ရှေးဥပဒေတစ်ခုဖြစ်သည့် တရားဟောရာကျမ်းတွင် ဆင်းရဲသောသူများ၊ အားနည်းသောသူများနှင့် အထူးသဖြင့် မုဆိုးမများအတွက် လူသားဆန်သောဝန်တာများထားရှိရန် ဖေါ်ပြထားသည်ကို တွေ့ရသည်။ ဖခင်တစ်ဦးဖြစ်သည့် ယောဘက မိမိအသက်တာ၏မြင့်မြတ်သည့်လမ်းစဉ်ကို ကာကွယ်ရန် သူ့အလေ့အထကောင်းများကို ဖေါ်ပြရာတွင် အကူအညီလိုသည့်မျက်နှာဖြင့်သူ့ကိုမျှော်ကြည့်ပြီး နောက်ဆုံးစိတ်ပျက်သွားရသည့် မုဆိုးမဟူ၍မရှိဟုဆိုသည်ကိုတွေ့ရသည် (ယောဘ ၃၁း၁၆)။ ထို့အပြင် ဓမ္မဟောင်းပရောဖက်တို့သည် မိမိတို့လူမျိုး၏အပြစ်ဒုစရိုက်များအတွက် သတိပေးကြော်ငြာလျက် တရားလွန်သောအပြစ်များ၏နမူနာအချို့ကိုရေတွက်ပြသည့်အခါ မုဆိုးမတို့ကို ဥပေက္ခာပြုခြင်းနှင့်ဖိနှိပ်ခြင်းကို ဆိုးဝါးသောအပြစ်အဖြစ် ဖေါ်ပြလေ့ ရှိကြသည် (ဥပမာအဖြစ် ဟေရှာ ၁း၂၃ ကိုကြည့်ပါ)။

အားလုံးအတွက် ဆုံးမသြဝါဒပေးသော ဓမ္မဟောင်းကျမ်းက အုပ်ချုပ်သူများနှင့်တရားသူကြီးများ မုဆိုးမများအတွက်ထားရှိရမည့်ဝန်တာသည် အထူးဝန်တာဖြစ်ကြောင်းဖေါ်ပြသည်။ ကိုးကားသောဤကျမ်းပိုဒ်သည် နိုင်ငံရေးနှင့်လူမှုရေးအပြစ်များကျူးလွန်နေသည့်အုပ်ချုပ်သူများကို စွပ်စွဲရှုတ်ချမှုတစ်ခုထဲမှ ဖြစ်

သည်။ *သင်၏မင်းတို့သည် ပုန်ကန်ကြပြီ၊ သူခိုးလက်ခံဖြစ်ကြပြီ၊ ထိုမင်းအပေါင်းတို့သည် လက်ဆောင်ကို အလိုရှိကြ၏။ တံစိုးကို စားကြ၏။ မိဘမရှိသောသူတို့ အဘို့ တရားမစီရင်ကြ၊ မုတ်ဆိုးမအမှုကို နားမထောင်ကြ၊*

သူတို့အပြစ်၏ဝမ်းနည်းကြေကွဲဖွယ်ကောင်းခြင်းကို အလွန်ဆိုးရွားစေသည့်အချက်မှာ အစ္စရေးတို့အတွက် အစိုးရနှင့်တရားစီရင်ရေးအဖွဲ့သည် ဘုရားသခင်ကိုကိုယ်စားပြုသူများအဖြစ်သတ်မှတ်ခံရသောကြောင့်ဖြစ်သည်။ သူတို့၏ ဥပဒေဖြစ်သော တရားဟောရာကျမ်းတွင် ဘုရားသခင်၏ ပြိုင်ဘက်ကင်းမှုနှင့် သူ၏အဂတိကင်းသောအုပ်ချုပ်မှုတို့အကြောင်း နမူနာပေးလိုသည့်အခါ မုဆိုးမတို့အပေါ် ဘုရားသခင်ထားရှိသောဝန်တာကို နမူနာအဖြစ်ဖော်ပြလေ့ရှိသည် – *သင်၏ဘုရားသခင် ထာဝရဘုရားသည်၊ ဘုရားတို့၏ ဘုရား၊ သခင်တို့၏သခင်၊ ကြီးမြတ်သောဘုရား၊ တန်ခိုးနှင့်ပြည့်စုံ၍ ကြောက်မက်ဘွယ်သောဘုရား၊ လူမျက်နှာကိုမထောက်၊ တံစိုးကိုမစားဘဲ၊ မိဘမရှိသောသူငယ်၊ မုတ်ဆိုးမဘက်၌ တရားစီရင်၍၊ ဧည့်သည်အာဂန္တုတို့ကို စုံမက်သဖြင့်၊ အဝတ်အစားတို့ကို ပေးသနားသော ဘုရားဖြစ်တော်မူ၏* (တရား ၁၀း၁၇–၁၈)။

အစ္စရေး၏မင်းများနှင့်တရားသူကြီးများသည် မုဆိုးမများကို ကြည့်ရှုရန်ဆက်လက်၍ဥပေက္ခာပြုနေသည်သာမက သူတို့၏တရားခွင်များတွင် မုဆိုးမများအတွက်တရားမျှတစွာမစီရင်ရန်ပေးလာသည့်လာဘ်ကိုပင် ယူကြသည့်အခါ သူတို့၏အပြုအမူသည် ဝန်းကျင်၌မကောင်းသတင်းထွက်နေရုံမဟုတ်ဘဲ အနန္တတန်ခိုးရှင်ကိုစော်ကားလျက် လွဲမှားစွာတင်ပြခြင်းမျိုးဖြစ်သည်။

သို့သော် 'မုဆိုးမတို့အတွက်တရားစီရင်သော' ဘုရားသခင်ဟု ကျွန်ုပ်တို့ပြောသည့်အခါ ဓမ္မဟောင်းကမည်သို့ဆိုလိုခြင်းဖြစ်ကြောင်းကို ရှင်းလင်းစွာနားလည်ကြောင်းသေချာစေရန် ဤနေရာတွင် ခေတ္တရပ်လိုပါသည်။ မိမိ၏မှားယွင်းမှုများကိုဖြေရှင်းရန် တရားခံမုဆိုးမ ရောက်နေသည့်တရားရုံးတစ်ခု ကျွန်ုပ်တို့စိတ်ထဲတွင် ပေါ်လာနိုင်ပါသည်။ သို့သော် ထိုသို့မြင်ယောင်သည်ဆိုလျှင် ကျမ်းစာကဆိုလိုချင်သောအချက်နှင့်ဆန့်ကျင်ဘက်ဖြစ်နေပါသည်။ ပြောလိုသည့်တရားခွင်သည် မိမိအား လိမ်ညာလျက်ငွေညှစ်သူများ၊ မတရားဖိနှိပ်သူများအပေါ် တရားမျှတစွာတရားစီရင်ပေးရန် တရားလိုတစ်ဦးအနေဖြင့် မုဆိုးမရောက်နေသည့်တရားခွင်မျိုးဖြစ်သည်။ ဘုရားသခင်တရားစီရင်ရာဖြစ်သောကြောင့် တရားမျှတခြင်းနှင့်ပြည့်ဝသည်ဟုစိတ်ချလျက် စိုးရိမ်ကြောက်ရွံ့ခြင်းမရှိ၊ မျှော်လင့်ခြင်းနှင့်ဝမ်းမြောက်ခြင်းတို့

ဖြင့်သူလာသည်။ တရားစီရင်တော့မည်ဟူသောအချက်သည် သူ့အတွက်ကြောက်စရာမဟုတ်ဘဲ သတင်းကောင်းတစ်ခုဖြစ်နေသည်။ ဘုရားသခင်ကိုယ်တော်တိုင်သည် သူ့ကိုယ်စား လုပ်ဆောင်ပေးတော်မူမည်ဖြစ်၍ ဘုရားသခင်၏စီရင်ဆုံးဖြတ်ချက်တို့ကြောင့် သူခံစားရသည့်ဒုက္ခအားလုံးကိုအဆုံးသတ်စေကာ မိမိအခွင့်အရေးတို့ကိုပြန်လည်ရရှိစေလျက် မိမိဝန်းကျင်၌ရှိသူများ၊ မသမာသောစီးပွားရေးသမားများ မိမိထံမှမတရားရယူထားသည့်မိမိဥစ္စာပစ္စည်းများကို ပြန်လည်ရရှိစေလိမ့်မည်ဟု သူမျှော်လင့်သည်။

မုဆိုးမက သူ့ရန်သူများအပေါ် လက်စားချေလိုခြင်း သို့မဟုတ် သူတို့ပြစ်ဒဏ်ခံနေရသည်ကို တွေ့မြင်လိုခြင်းမဟုတ်ပါ။ မိမိ၏ဥစ္စာပစ္စည်းများ၊ အခွင့်အရေးများကို ပြန်လည်ရယူလိုခြင်း သို့မဟုတ် သူ့ကိုဒုက္ခရောက်စေသည့် ဖိနှိပ်အနိုင်ကျင့်မှုများကို ရပ်တန့်စေလိုခြင်းသက်သက်သာဖြစ်သည်။ ဘုရားသခင်သည် မုဆိုးမတို့အတွက်တရားစီရင်တော်မူသော ဘုရားသခင်ဖြစ်သည်ဟူသောယုံကြည်မှုဖြင့် ခေတ်အဆက်အဆက်တွင် ဂျူးမုဆိုးမတို့သည် မိမိတို့ကိုယ်ကို ခွန်အားပေးသက်သာစေခဲ့ကြသည်။ မုဆိုးမတို့သာမဟုတ်ပါ။ တရားမျှတမှုကို လိုလားသူများ၊ အခြားသူများ၏လိမ်ညာမှု သို့မဟုတ် ဖိနှိပ်မှုခံရသော်လည်း မိမိကိုယ်တိုင်က မဖြေရှင်းနိုင်သူများသည် တစ်နေ့သောအခါ ဘုရားသခင်စီရင်ဖြေရှင်းပေးတော်မူလိမ့်မည်ဟု မိမိကိုယ်ကို နှစ်သိမ့်ကြရသည်။

## တရားစီရင်ခြင်း– မည်သည့်အခါနည်း

သို့သော် ဘုရားသခင်သည် မုဆိုးမများနှင့်ဖိနှိပ်ခံရသူများအတွက် တရားစီရင်တော်မူမည်ဆိုလျှင် မည်သည့်အခါ ထိုသို့တရားစီရင်တော်မူမည်နည်း။ သေချာသည်မှာ သီတင်းတစ်ပတ်၏နေ့ရက်တိုင်း၌တော့မဟုတ်။ ဘုရားသခင်သည် မုဆိုးမတို့ကို ဂရုစိုက်တော်မူကြောင်းအလေးပေးပြောဆိုခဲ့ကြသည့် ပရောဖက်များကပင် မိမိတို့ခေတ်အခါတွင်လည်း ထိုကဲ့သို့သော ဖိနှိပ်သူများအများအပြားရှိကြောင်းနှင့် ထိုဖိနှိပ်သူများသည် အနန္တတန်ခိုးရှင်ဘုရားသခင်၏ကြားဝင်ဖြန်ဖြေခြင်းမရှိဘဲ မိမိတို့၏ဆိုးယုတ်သည့်စီးပွားရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နေကြကြောင်း သက်သေပြပြောဆိုလျက် ထိုဖိနှိပ်ချုပ်ချယ်သူတို့ကို ပြစ်တင်ရှုပ်ချမှုများပြုခဲ့ကြသည်။

ပရောဖက်များသိထားသည်မှာ ဘုရားသခင်၏ကြားဝင်ဖြေရှင်းမှုကို အခြေအနေနှစ်ရပ်တွင်တွေ့ရသည်။ အခြေအနေတစ်ခုမှာ လူမျိုးတော်သမိုင်း၌ ကပ်ဘေးများကျရောက်သည့်အခြေအနေဖြစ်သည်။ ယေဇကျေလက ဗာဗုလုန်တို့၏ သိမ်းပိုက်ခေါ်ဆောင်သွားခြင်းကို လူမျိုးတော်ကြုံတွေ့ရခြင်းမှာ လူမျိုးတော်အပေါ် ဘုရားသခင်၏တရားစီရင်ခြင်းဖြစ်သည်ဟု အခိုင်အမာပြောဆိုထားသည်။ အထူးသဖြင့် ဆင်းရဲသားများနှင့်မုဆိုးမများအပေါ် နိုင်ငံရေးနှင့်ဘာသာရေးခေါင်းဆောင်များက ဖိနှိပ်အနိုင်ကျင့်ကြသောကြောင့်ဖြစ်သည်ဟုဆိုသည် (ယေဇ ၂၂း၂၃–၃၁)။ ဇာခရိကလည်း ထိုအချက်ကို သဘောတူလက်ခံရုံမက လူတို့သည် ဤအခြေအနေမှ သင်ခန်းစာမယူကြလျှင် ဤအခြေအနေထက်ဆိုးဝါးသောကျရှုံးမှုနှင့်သိမ်းပိုက်ခံရမှုတို့ ကျရောက်လာလိမ့်မည်ဟု မိမိလူမျိုးကိုသတိပေးခဲ့သည်။

အခြားသောအခြေအနေတစ်ရပ်မှာ မေရှိယအရှင်၏ကြွလာတော်မူခြင်းဖြစ်သည်။ ဘုရားသခင်သည် ကြားဝင်ဖြေရှင်းပေးသည့်အခါမျိုး ရှိခဲ့ပါ၏လော သို့မဟုတ် ကြားဝင်ဖြေရှင်းပေးခြင်းပြုတော်မူပါ့မည်လောဟူသော သံသယမျိုး မာလခိ၏ခေတ်ကာလတွင် လူမျိုးတော်အတွင်း၌ရှိခဲ့သည်။ *စစ်ကြောစီရင်တော်မူသော ဘုရားသခင်ကား အဘယ်မှာရှိသနည်း* (မာလခိ ၂း၁၇) ဟု အဆိုးမြင်သံသယဝင်ခဲ့ကြသည်။ မာလခိ၏အဖြေမှာ မေရှိယ၏ရှေ့ပြေးရောက်လာမည်ဟူသော ပရောဖက်ပြုချက်ပင်ဖြစ်သည်။

*ကြည့်ရှုလော့။ ငါသွားရာလမ်းကို ပြင်ရသောငါ၏တမန်ကို ငါစေလွှတ်မည်။* (မာလခိ ၃း၁)။ ပြီးနောက် အခြားပရောဖက်ပြချက်မှာ လူမျိုးတော်ကို သန့်စင်စေရန် မေရှိယကိုယ်တိုင်ကြွလာမည့်အကြောင်းဖြစ်သည်–*သင်တို့ကို စစ်ကြောစီရင်ခြင်းငှါ ငါချဉ်းမည်။ ပြုစားတတ်သောသူ၊ သူ့မယားကိုပြစ်မှားသောသူ၊ မမှန်သောကျိန်ဆိုခြင်းကိုပြုသောသူ၊ သူငှါးကို အခမပေး ညှဉ်းဆဲသောသူ၊ မိဘမရှိသော သူငယ်နှင့် မုတ်ဆိုးမကို ညှဉ်းဆဲသောသူ၊ ဧည့်သည်ကို မတရားသဖြင့် စီရင်သောသူ၊ ငါ့ကိုမကြောက်ရွံ့သောသူတို့တစ်ဖက်၌ ငါသည် လျင်မြန်သော သက်သေဖြစ်မည်ဟု ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူ၏* (မာလခိ ၃း၅)။

ထို့ကြောင့် မာလခိပရောဖက်ပြုသည့်နောက်ပိုင်း ရာစုနှစ်များအတွင်း အားနည်းသူများနှင့်မုဆိုးမများသည် မေရှိယကြွလာမည့်အပေါ် ယုံကြည်မျှော်လင့်

ခဲ့ကြသည်။ မုဆိုးမများသာမကပါ။ တစ်မျိုးသားလုံးသည်ပင် နိုင်ငံရေးလွတ်လပ်မှု ဆုံးရှုံးရပြီး အားကြီးသောလူမျိုးခြားတို့၏ဖိနှိပ်မှုခံရသည့်အခါများတွင် မုဆိုးမများ နည်းတူ ဖိနှိပ်သူများလက်မှလွတ်မြောက်စေမည့် မေရှိယ၏ကြွလာခြင်းကို တောင်း လျှောက်တတ်ကြသည်။

မာရိနှင့်ယောသပ်တို့က သူငယ်တော်ယေရှုကို ဗိမာန်တော်သို့ခေါ်ဆောင် လာချိန်တွင် ဘေးမှကြည့်နေသူတို့အား စကားပြောခဲ့သော ပရောဖက်မ အန္နကိုယ် တိုင်သည် မုဆိုးမတစ်ဦးဖြစ်ခြင်းမှာ ထူးခြားမှုမရှိသည့်အရာတစ်ခု မဟုတ်ချေ။ သူ့ ဘဝတွင် မုဆိုးမဘဝ၏အထီးကျန်မှုကို သူသိပြီး ဘုရားသခင်ကို စဉ်ဆက်မပြတ် စောင့်မျှော်နေသည့် အမျိုးသမီးတစ်ဦးအဖြစ်သို့ သူရောက်ခဲ့သည်။ သို့သော် သူဆုတောင်းသည့်နည်းတူ သူစဉ်းစားသောအရာတို့သည် သူတစ်ဦးတည်း၏ လိုအပ်ချက်များတော့မဟုတ်ပေ–

သူသည် *ဂျေရုဆလင်မြို့၏ရွေးနုတ်ကယ်တင်ခံရခြင်းကို စောင့်မျှော်*လျက် (လု ၂း၃၈) ဖိနှိပ်သူများထံအောက်ကျို့ရခြင်းမှ လွတ်မြောက်စေရန်အတွက် မေရှိယ၏ ကြွလာခြင်းကို စောင့်မျှော်နေခဲ့သည်။ သူသည် ယေရှုကို မေရှိယဖြစ်ကြောင်း အသိအမှတ်ပြုလျက် ရွေးနုတ်ကယ်တင်ခြင်းကို သူ့နည်းတူ စောင့်မျှော်နေသူတို့အား ကိုယ်တော့်အကြောင်းပြောပြခဲ့သည်။

နောက်နှစ်သုံးဆယ်ကြာ၍ ဗတ္တိဇံဆရာယောဟန်ပေါ်ထွန်းကာ မိမိသည် မာလခိပရောဖက်ပြုထားသော မေရှိယ၏ရှေ့ပြေးဖြစ်ကြောင်းကြေငြာလျက် ယေရှု သည် ဘုရားသခင်၏လူမျိုးတော်ကို တရားစီရင်ရန်ကြွလာသည့် မေရှိယဖြစ်ကြောင်း ထောက်ပြခဲ့သည်။ သစ္စာရှိသောသူတို့၏မျှော်လင့်ခြင်းသည် ယခု ရှည်ကြာသော အခါပြည့်စုံလျက် မုဆိုးမနှင့်ဖိနှိပ်ခံရသူအားလုံးတို့အတွက် တရားစီရင်ပေးတော့မည်။ သို့သော် အမြင်အားဖြင့် ခရစ်တော်သည် သူတို့၏မျှော်လင့်ခြင်းကို ပျက်ပြယ်စေ သလိုဖြစ်နေသည်။ ဘုရားသခင်၏နိုင်ငံတော်သည် ချက်ချင်းပေါ်လာမည်ဟု သူတို့ မျှော်လင့်ထားကြသည်။ ထို့ကြောင့် ယေရှုက သူတို့၏အထင်ကိုပြင်ပေးရန်အတွက် ပုံဥပမာတစ်ခုကို မိန့်တော်မူခဲ့သည် –"*မြင့်မြတ်သောပုဂ္ဂိုလ်တစ်ဦးသည် နိုင်ငံတော်အုပ်စိုး ခွင့်ကိုခံယူပြီး ပြန်လာရန် ဝေးလံသော တိုင်းပြည်သို့ ခရီးပြုလေ၏။* (လု ၁၉း၁၁–၂၇)။ ဆိုလိုရင်း ထင်ရှားလှသည်။ သူသည် ပထမ အဝေးကိုသွားပြီး ပြန်ရောက်လာသည့် အခါကျမှ တရားစီရင်ခြင်းအမှုကို ပြုမည်ဖြစ်သည်။

ထို့အပြင် မိမိနောက်လိုက်သူများအား ဘုရားသခင်သည် မိမိရွေးကောက်ထားသူများအတွက် သေချာပေါက် တရားစီရင်ပေးမည်ဖြစ်ကြောင်းအားပေးလျက် မုဆိုးမနှင့်မတရားသောတရားသူကြီးတစ်ဦးအကြောင်း ပုံဥပမာကိုလည်း သူမိန့်တော်မူခဲ့သည် (လု ၁၈း၁–၈)။ သို့သော် ဘုရားသခင်သည် ထိုသို့ချက်ချင်း တရားစီရင်မည်မဟုတ်သောကြောင့် လူ့သား အမှန်တကယ်ပြန်ကြွလာသောအချိန်တွင် လူတို့သည် ဒုက္ခကြာရှည်စွာခံစားရသောကြောင့် မည်သည့်တရားစီရင်မှုမျှ ရှိတော့မည်မဟုတ်ဟု သူတို့ယုံကြည်ခြင်းကို လက်လျှော့လိုသည့်အထိဖြစ်လိမ့်မည်ဟူလည်း သတိပေးတော်မူခဲ့သည်။

အံ့ဩစရာတော့မဟုတ်ပါ။ ဤနေရာတွင် ယုံကြည်ခြင်းအတွက် ခက်ခဲသောစာမေးပွဲတစ်ခုဖြစ်သည့် ပုစ္ဆာတစ်ခုကို ထည့်သွင်းစဉ်းစားကြမည်။ တရားမျှတမှုကို ဂရုစိုက်သောဘုရားသခင်ရှိတော်မူသည်ဆိုလျှင် မကောင်းမှုများ အဘယ့်ကြောင့် အတားအဆီးမရှိသလိုဖြစ်ပျက်နေရသနည်း။ ယေရှုခရစ်သည် ဘုရားသခင်၏သားတော်မှန်လျှင် ပရောဖက်များပေးထားသည့်ကတိကို သူလောကဉ်ရှိစဉ် ပြည့်စုံစေလျက် ဖိနှိပ်ခံရသူတို့အတွက် အဘယ့်ကြောင့်တရားမစီရင်ခဲ့သနည်း။ ကိုယ်တော်ပြန်ကြွလာလျက် လောကကိုတရားစီရင်လိမ့်မည်ဟု ဓမ္မသစ်ကျမ်းက ကတိပေးထားသည်။ သို့သော် နှစ်ပေါင်းတစ်ထောင့်ကိုးရာကျော်လာသော်လည်း ထိုကတိတော်မပြည့်စုံသေးပေ။ ထို့ပြင် ဂျူးလူထုတို့သည် မိမိကိုယ်ကို ခရစ်တော်၏နောက်လိုက်ဟု ပြောဆိုနေသောသူတို့၏ အလွန်ကြောက်မက်ဖွယ်ကောင်းသောညှဉ်းပန်းမှုနှင့်ဖိနှိပ်မှုကို ခံစားခဲ့ကြရသည်။ ထိုကတိတော်ကို ကျွန်ုပ်တို့မည်ကဲ့သို့ယုံကြည်နိုင်မည်နည်း။

## ကိုယ်ကျင့်တရားအသိစိတ်

ပုစ္ဆာများကို ဤနေရာတွင်ရပ်ထားပြီး အဖြေအချို့ကိုစဉ်းစားကြပါစို့။ ဦးစွာ တရားမျှတမှုကို အလေးထားသောဘုရားသခင်ရှိသည်ဆိုလျှင် မုဆိုးမတစ်ဦး လိမ်ညာခံရသည့်အခါ ကြားဝင်ဖြေရှင်းပေးလျက် လိမ်ညာနေသူကို ဘာလို့မဖယ်ရှားပေးရသနည်း။ သို့မဟုတ် ထိုထက်ပိုကောင်းအောင် ထိုလိမ်ညာလှည့်ဖြားသူကို မလိမ်ညာမလှည့်ဖြားအောင် ဘာကြောင့် မကာကွယ် မဖယ်ရှားရသနည်း။ ထိုသို့ပြုခဲ့လျှင် အပြစ်သားဟူ၍ရှိခဲ့မည်မဟုတ်။ မှန်သင့်သလောက်မှန်ပါသည်။ သို့သော်

ထိုသို့ပြုခဲ့လျှင် သန့်ရှင်းသူဟူ၍လည်း ရှိလိမ့်မည်မဟုတ်။ ထိုသို့ဆိုလျှင် လူသားဟူ၍ပင် ရှိတော့မည်မဟုတ်။ လူနှင့်တိရစ္ဆာန်တို့၏ခြားနားမှုမှာ လူတို့တွင် ကိုယ်ကျင့်တရားအသိစိတ်ရှိနေခြင်းပင်ဖြစ်သည်။

လူတစ်ဦး၏ကိုယ်ကျင့်တရားကို ဖွံ့ဖြိုးတိုးတက်စေလိုလျှင် သူ့ကို တာဝန်ဝတ္တရားများအပ်နှင်းလျက် ထိုတာဝန်ကို ထမ်းဆောင်နိုင်ရန် လွတ်လပ်စွာ ရွေးချယ်ခွင့်ကိုလည်းပေးထားရမည်ဖြစ်သည်။ သာဓကအားဖြင့် စားပွဲပေါ်ရှိ ကျွန်ုပ်သူငယ်၏ ငွေသေတ္တာလေးထဲတွင် ငွေဆယ့်ငါးသိန်းရှိ၍ ထိုငွေကိုယခုကျွန်ုပ်ခိုးယူလျှင် အဝေးသို့ အလွယ်တကူယူသွားနိုင်မည်ဆိုပါက ခိုးရမည်လား၊ မခိုးရဘူးလားဆိုသည့် ရွေးချယ်မှု ကျွန်ုပ်၌ရှိလာပြီဖြစ်သည်။ ထို့ကြောင့် ကိုယ်ကျင့်တရားနှင့်ဆိုင်သောဆုံးဖြတ်မှုကို ကျွန်ုပ်ပြုရမည်ဖြစ်သည်။ သို့သော် ထိုငွေသေတ္တာကို သေစေနိုင်သည့် လျှပ်စစ်လမ်းကြောင်းစီးဝင်အောင်လုပ်ထားကြောင်းသိ၍ မိမိအသက်အန္တရာယ်ကြောင့် မခိုးယူရန်ဆုံးဖြတ်သည်ဆိုပါက ထိုဆုံးဖြတ်ချက်သည် ကိုယ်ကျင့်တရားနှင့်ဆိုင်သောဆုံးဖြတ်ချက်မဟုတ်တော့ပေ။ ဤကိစ္စ၌ ကျွန်ုပ်အတွက်ရွေးချယ်မှုမရှိပေ။ ကျွန်ုပ်သည် ကမ္ဘာပေါ်တွင် အယုတ်မာဆုံးလူဖြစ်နိုင်ပါသည်။ သို့သော် မိမိကိုယ်ကို သေကြောင်းမကြံလိုလျှင် သေစေနိုင်သည့်လျှပ်စစ်လမ်းစီးကြောင်းရှိသည့် ထိုငွေသေတ္တာကို ကျွန်ုပ်ထိပင်ထိမိမည်မဟုတ်။

ထိုအခြေအနေကို ဖြစ်နိုင်ချေရှိသည့်အပြစ်ရှိသမျှနှင့် ကမ္ဘာပေါ်ရှိလူအားလုံးအတွက် ဆက်စပ်စဉ်းစားကြည့်ပါ။ ကျွန်ုပ်တို့သည် မှားယွင်းသည့်အရာတစ်ခုလုပ်မိသည်နှင့်ချက်ချင်း သို့မဟုတ် မှားယွင်းသည့်စိတ်သဘောထား ထားမိသည်နှင့်ချက်ချင်း ဘုရားသခင်၏တရားစီရင်ခြင်းကိုခံရလျက် ချက်ချင်းမိုးကြိုးပစ်ခံရမည်ဆိုလျှင် အပြစ်မပြုမိအောင် ကျွန်ုပ်တို့စောင့်ထိန်းကြမည်ဖြစ်သည်။ သို့သော် ထိုအကြောင်းကြောင့် ထိုသို့စောင့်ထိန်းခြင်းသည် ကျွန်ုပ်တို့၏ကိုယ်ကျင့်တရားကောင်းမွန်မှုကို မညွှန်ပြပါ။ ထိုအခြေအနေမျိုး၌ ကျွန်ုပ်တို့အသက်ရှင်ရသည်ဆိုလျှင် ကျွန်ုပ်တို့သည် Pavlov ၏ အခြေအနေလိုက်တုန့်ပြန်မှုစမ်းသပ်ခန်းမှ ခွေးများ (Pavlovvian conditioned dogs) ထက် ထူးခြားစရာအကြောင်းမရှိပေ။

ထို့အပြင် ကျွန်ုပ်တို့သည် ကိုယ်ကျင့်တရား၏အရေးပါမှုကို တိုးတက်စေချင်သည်ဆိုလျှင် ကျွန်ုပ်တို့ကို တာဝန်ဝတ္တရားများအပ်နှင်းရမည်ဖြစ်ပြီး ထိုတာဝန်

တို့ကို ဆောင်ရွက်ခွင့်ရှိရမည်ဖြစ်သည်။ ဘုရားသခင်သည် ကလေးသူငယ်တို့ကို ချစ်တော်မူသော်လည်း ထိုကလေးငယ်များကို ကြည့်ရှုပြုစုရန်နှင့် သူတို့၏ပညာရေးအတွက် မိဘများနှင့်ဆရာဆရာမများကို တာဝန်ပေးအပ်ထားသည်။ သို့သော် အကယ်၍ မိဘတစ်ဦး သို့မဟုတ် ဆရာတစ်ဦးသည် ကလေးအပေါ် ပထမတစ်ကြိမ် အမှားတစ်ခုခုပြုမိသည်နှင့် ဘုရားသခင်၏တရားစီရင်ခြင်းက ထိုတာဝန်မှသူ့ကို ဖယ်ရှားလိုက်မည်ဆိုလျှင် မိမိအလုပ်သင်ကာလ၏ပထမအပတ်အတွင်း၌ပင် စီရင်ခြင်းမခံရသည့် မိဘဆရာ ဘယ်နှဦးရှိနိုင်မည်နည်း။ ထိုအတိုင်းသာဖြစ်ပါက မကြာမီအတွင်း မိဘလည်းမကျန်၊ ဆရာဆရာမလည်းမရှိတော့ဘဲ ဖြစ်သွားပေလိမ့်မည်။ တရားသူကြီးများ၊ နိုင်ငံရေးသမားများ၊ စီးပွားရေးသမားများနှင့် ကျွန်ုပ်တို့အားလုံးအတွက်လည်း ထိုနည်းတူပင်ဖြစ်သည်။

ဤနေရာတွင် ကျွန်ုပ်တို့၏ရှုမြင်မှုကို ခေတ္တပြောင်းကြမည်။ ဤအချိန်အထိ မုဆိုးမများအကြောင်းနှင့် သူတို့ကိုဖိနှိပ်သူများအကြောင်း ကျွန်ုပ်တို့ပြောကြသည်။ ကျွန်ုပ်တို့ကိုယ်တိုင်ကိုလည်း မုဆိုးမများ၊ ပြစ်မှားခြင်းခံရသည့်လူများအတွက် ကိုယ်စားပြုစဉ်းစားကြသည်။ ကျွန်ုပ်တို့အသက်တာတွင်လည်း ဆိုးဝါးစွာပြစ်မှားခြင်းခံရသည့်အချိန် ရှိခဲ့နိုင်ပါသည်။ သို့သော် ဤအမြင်တစ်ခုတည်းဖြင့်သာ ကျွန်ုပ်တို့ရှုမြင်နေသည်ဆိုလျှင် အပြစ်ပြုသောသူတို့ကို အပြစ်ပြုပြုချင်း ဘုရားသခင်က ချက်ချင်းတရားမစီရင်ရခြင်း၏ အကြောင်းတရားကို ကျွန်ုပ်တို့နားလည်ရန် ခက်ခဲမည်ဖြစ်သည်။ သို့သော် အခြားသူတို့သည် ကျွန်ုပ်တို့အပေါ် အပြစ်ပြုမိတတ်သကဲ့သို့ ကျွန်ုပ်တို့သည်လည်း အခြားသူတို့အပေါ် အပြစ်ပြုမိတတ်ကြကြောင်းကိုလည်း ကြည့်မြင်ကြပါစို့။ ထိုမှထပ်၍ ဖိနှိပ်ခံရသူများထက် ဖိနှိပ်သူများကို ကိုယ်စားပြုလျက်စဉ်းစားကြည့်ကြပါစို့။ ထိုအခါ ဖိနှိပ်သူများကို ဘုရားသခင်သည် အဘယ့်ကြောင့်ချက်ချင်းတရားမစီရင်ရသနည်းဆိုသည့်မေးခွန်းမေးရန် အားမသန်တော့ဘဲ ဖိနှိပ်သူများအတွက် လွတ်မြောက်မှုတစ်ခုခုရှိပါသလား ဟု မေးခွန်းမေးလာကြမည်ဖြစ်သည်။ သူတို့သည် သူတို့၏ရက်စက်မှု၊ မကောင်းသောပြင်းပြသည့်စိတ်ဆန္ဒများနှင့် သူတို့အပြစ်ကျူးလွန်ရန် သူတို့ကိုတွန်းပို့ပေးသည့် တစ်ကိုယ်ကောင်းဆန်မှုများနှင့် သူတို့ကင်းဝေးအောင် ကူညီကယ်တင်ခြင်းခံရနိုင်ပါသလား။

## ဖိနှိပ်သူများအတွက် လွတ်မြောက်မှု

အထက်ကမေးခွန်းကိုဖြေရလျှင် ဟုတ်ကဲ့၊ ကယ်တင်ခြင်းခံရနိုင်ပါသည်။ ဤအကြောင်းကို ခရစ်တော်က သူ၏ဇာတိဖြစ်သည့် နာဇရက်မြို့၏ ဝတ်ပြုစည်းဝေးကျောင်း (တရားဇရပ်)တွင် ဟောပြောသည့်တရားဒေသနာ၌ လှလှပပဖြေပေးထားသည်ကို တွေ့ရသည် (လု ၄း၁၆–၃၀)။ ဟေရှာယ (၆၁း၁–၂ )တွင် – *ထာဝရဘုရား၏ဝိညာဉ်တော်သည် ငါ့အပေါ်မှာ တည်တော်မူ၏။ အကြောင်းမူကား၊ ဆင်းရဲသားတို့အား ဝမ်းမြောက်စရာသိတင်းကို ကြားပြောစေခြင်းငှါ၊ ငါ့ကို ဘိသိက်ပေးတော်မူပြီ၊ နှလုံးကြေကွဲသောသူတို့၏အနာကို စည်းစေခြင်းငှါလည်း ၊ ဘမ်းသွားချုပ်ထားလျက်ရှိသောသူတို့အား လွှတ်ခြင်းအကြောင်းနှင့်၊ အကျဉ်းခံလျက်ရှိသောသူတို့အား ထောင်တံခါးဖွင့်ခြင်း အကြောင်းကို ပြစေခြင်းငှါလည်း ၊ ထာဝရဘုရား၏မင်္ဂလာနှစ်နှင့်၊ ကြားပြောစေခြင်းငှါလည်း ၊ ... ငါ့ကို စေလွှတ်တော်မူပြီ* ဟုဖေါ်ပြထားသည်။ ဤပရောဖက်ပြုချက်သည် မေရှိယကြွလာမည့်အကြောင်းပရောဖက်ပြုချက်ဖြစ်၍ ဦးစွာကြည့်လိုက်လျှင် မေရှိယသည် ဘုရားသခင်၏ အပြစ်စီရင်ခြင်းကို ဖိနှိပ်သူများအပေါ် ကျရောက်စေခြင်းအားဖြင့် ဖိနှိပ်ခံရသူများကို လွတ်မြောက်စေမည့် ဘုန်းတော်ထင်ရှားသောအစီအစဉ်တစ်ခုကို တွေ့ရမည်ဖြစ်သည်။

ယခု ဝတ်ပြုစည်းဝေးကျောင်း၌ ဤကျမ်းပိုဒ်ကို ခရစ်တော်ဖတ်သည့်အခါ *ထာဝရဘုရား၏မင်္ဂလာနှစ်ကာလကို ကြားပြောစေခြင်းငှာရင်း၊* (လု ၄း၁၉) ဆိုသည့်အပိုဒ်အထိဖတ်ပြီး *ငါတို့ဘုရားသခင် အပြစ်ပေးတော်မူရာနေ့ရက်ကာလ* အပိုဒ်ကိုမဖတ်တော့ဘဲ ကျမ်းစာကိုပြန်ပိတ်ကာ *ယနေ့ပင် ဤကျမ်းစာချက်သည် သင်တို့ကြားသည့်အတိုင်း ပြည့်စုံလေပြီ* ဟု မိန့်တော်မူခဲ့သည် (လု ၄း ၂၁)။

ဤအပြုအမူသည် စိတ်ဝင်စားစရာအပြုအမူဖြစ်သည်။ သူသည် မေရှိယဖြစ်ကြောင်း မငြင်းနိုင်အောင် အခိုင်အမာပြောဆိုနေသည်။ သူသည် ဖိနှိပ်ခံရသူများကို သက်သာရာရစေ၍ အချုပ်ခံရသူများကို လွတ်မြောက်စေရန် ဖြစ်သည်။ သို့သော် ဖိနှိပ်သူများအပေါ် ဘုရားသခင်၏ တရားစီရင်ခြင်းသက်ရောက်စေရန် စီစဉ်နေသည်မဟုတ်ကြောင်းကိုလည်း အလားတူအလေးထားလျက် ကြော်ငြာခဲ့သည်။ တရားစီရင်ခြင်းရှိမည်ဖြစ်ကြောင်းကို သူမယုံကြည်ဟုမဆိုလိုပေ။ အခြားဖြစ်ရပ်များတွင် (ဥပမာအားဖြင့် လု ၁၇း၂၂–၃၇၊ ၂၁း၅–၃၆) သူ၏ဒုတိယအကြိမ်

ကြွလာခြင်းနှင့် တစ်လောကလုံးတရားစီရင်ခြင်းခံရမည်ဖြစ်ကြောင်း အလေးအနက် မိန့်တော်မူထားသည်ကို တွေ့ရသည်။

သို့သော် ခရစ်တော်၏ပထမအကြိမ်ကြွလာတော်မူခြင်းတွင် ကိုယ်တော်သည် ဖိနှိပ်ခံရသူများကို လွတ်မြောက်စေရန်အလေးထားသလောက် ဖိနှိပ်သူများကို လွတ်မြောက်စေရန်လည်း အလေးထားသည်။ အခွန်ခံများကဲ့သို့သောသူတို့သည် မုဆိုးမများကိုဖိနှိပ်လျက် လုညှ့်စားသူများဖြစ်သည်မှာသေချာလှသည်။ သို့သော် သူတို့ထိုသို့ပြုကြခြင်းမှာ သူတို့ကိုယ်တိုင်သည်လည်း တပ်မက်မှုများနှင့်မိမိတို့မထိန်းချုပ်နိုင်သော ကြောင့်ကြမှုများ၏ ခိုင်းစေမှုကိုခံနေရသောကြောင့်ဖြစ်သည်။ တာရှုမြို့သား ရှောလုသည် လူတို့ကိုလိုက်လံဖမ်းဆီးလျက် ထောင်ချခဲ့ခြင်းမှာ သူကိုယ်တိုင်သည် ဘာသာရေးတယူသန်မှု၏ အလွန်ဆိုးဝါးသောချုပ်နှောင်မှု ခံနေရသောကြောင့်ဖြစ်သည်။ ဘုရားသခင်အပြစ်ပေးတော်မူရာနေ့ရက်တွင် အနှောင်အဖွဲ့ခံရသည့် လူ့အတန်းအစားတစ်မျိုးအတွက် လွတ်မြောက်မှုကိုဖြစ်စေမည်သေချာသော်လည်း အခြားအတန်းအစားတစ်မျိုးအတွက် လွတ်မြောက်မှုနှင့်ဆိုင်သောမျှော်လင့်ချက်ကို ထာဝရဆုံးရှုံးသွားရမည်ဖြစ်သည်။

ထို့အပြင် မုဆိုးမတို့ကို သနားကြင်နာ၍ သူတို့ကို အရာရာခွင့်ပြုမည် ဆိုပါက မုဆိုးမတို့ကိုယ်တိုင်သည်လည်း အပြစ်ကင်းစင်သူများမဟုတ်ကြောင်း ဝန်ခံရမည်ဖြစ်သည်။ မုဆိုးမတို့၏ အပြစ်များသည် ထိတ်လန့်ဖွယ်မဟုတ်သော်လည်း အခွန်ခံများသည် မိမိတို့အပြစ်များ၏ချုပ်နှောင်ခြင်းကိုခံရသကဲ့သို့ မုဆိုးမတို့သည်လည်း မိမိတို့အပြစ်များ၏ချုပ်နှောင်ခြင်းကို ခံရကြသည်။ ခရစ်တော်က ချက်ချင်း တရားမစီရင်ခြင်းသည် မုဆိုမများကိုယ်တိုင်အတွက်လည်း ပိုကောင်းသည်။

သို့သော် တရားစီရင်ရာနေ့ရက်ရောက်ရှိလာရန် နှောင့်နှေးနေခြင်းက ရက်စက်မှုနှင့်မတရားမှုတို့ကို ထိုသို့အားဖြင့် မဖြစ်မနေ ခံစားရသူတို့၏ ယုံကြည်ခြင်းကို ပြင်းပြင်းထန်ထန်စစ်ဆေးပေးသည်။ သူတို့ခံစားရသည့်ဒုက္ခဝေဒနာ၏ အခါးသီးဆုံး အရာကြောင့် 'တရားမျှတမှုကို ဂရုစိုက်သောဘုရားသခင်ရှိပါရဲ့လား' သို့မဟုတ် 'သူတို့ခံစားရသည့်ဒုက္ခဝေဒနာသည် ရုပ်ဝါဒလွှမ်းမိုးလျက် ကိုယ်ကျင့်တရားပိုင်းအားနည်းသောလောကမှ ဖြစ်ပေါ်လာသည့် အဓိပ္ပါယ်မဲ့ ရလဒ်သာဖြစ်သလား'ဟု သံသယဖြစ်လာနိုင်ပါသည်။ မုဆိုးမနှင့်မတရားသောတရားသူကြီးပုံဥပမာ၌ ခရစ်

တော်က ဖော်ညွှန်းသည့်အတိုင်းဖြစ်သည်။ သို့သော် ဤသို့ယုံကြည်ခြင်းကိုစစ်ဆေးခြင်းသည် ဘေးဒုက္ခတော့မဟုတ်ပေ။ ကသိကအောက်ဖြစ်စရာလည်း မဟုတ်ပေ။ သို့သော် အပြစ်သားများကို များနိုင်သမျှများများ ကယ်တင်ရန် ဆုံးဖြတ်တော်မူသော ဘုရားသခင်၏ဆုံးဖြတ်ချက်အားဖြင့် ရှောင်လွှဲမရဖြစ်ပေါ်လာသည့် နောက်ဆက်တွဲအကျိုးဆက်ဖြစ်သည်။ ကျွန်ုပ်တို့သည် ရှင်ပေတရုကို ယုံကြည်ရမည်ဆိုလျှင် (၁ပေ ၁း၆–၉)၊ ယုံကြည်သူတစ်ဦးသည် နောင်တွင်ခံစားရမည့် အမြင့်မားဆုံးသောအမွေကို ဝမ်းမြောက်စွာခံစားရရှိစေသည့် ယုံကြည်ခြင်းခွန်အားကို ပြည့်ဝစေရန် ဤဖြစ်စဉ်သည် အမှန်ပင်လိုအပ်သည်။

## ယုံကြည်ခြင်းလိုအပ်ချက်

သို့သော် အကြီးမားဆုံးမေးခွန်းတစ်ခု ကျန်သေးသည်။ ဘုရားသခင်သည် မုဆိုးမတို့အတွက် တရားစီရင်ပေးခြင်းနှင့် ဖိနှိပ်မှုများနှိမ်နင်းခြင်းတို့ကို အလျင်အမြန်မလုပ်ဆောင်ရခြင်းအကြောင်းရှင်းပြရန် ပေးထားသောအကြောင်းပြချက်များကိုယ်တိုင်သည် ခိုင်လုံမှုရှိကြသည်။ သို့သော် ထိုအကြောင်းပြချက်များသည် မိမိထင်မြင်ချက်ကို အမှန်ဟုခံယူလိုက်ခြင်းမျိုးမဟုတ်ဘဲ တကယ်မှန်ကန်သောအရာများဖြစ်ကြောင်း မည်ကဲ့သို့သိနိုင်မည်နည်း။ နာဇရက်မြို့၏ဝတ်ပြုစည်းဝေးကျောင်း၌ ခရစ်တော်၏တရားကို နားထောင်သောလူတို့၏စိတ်ကို ဤမေးခွန်းက လွှမ်းမိုးခဲ့ကြောင်း ရှင်လုကာက ပြောပြထားသည်။ ကပေရနောင်မြို့တွင် ခရစ်တော်ပြုခဲ့သော အံ့သြဖွယ်အမှုများအကြောင်းကို သူတို့ကြားထားသော်လည်း သူ့ကိုမယုံကြည်မီ ပိုမိုခိုင်လုံသောသက်သေအထောက်အထား ရှိရမည်ဟု သူတို့ခံစားကြသည်။

သို့သော် သူတို့ရှေ့တွင် မည်သည့်အံ့သြဖွယ်လက္ခဏာကိုမျှ သူမပြုခဲ့ပေ။

ဓမ္မဟောင်းကျမ်းပိုဒ်တစ်ပိုဒ်ကိုသာ သူညွှန်းဆိုဟောပြောခဲ့သည်။ *ငါအမှန်ဆိုပြန်သည်ကား၊ ပရောဖက်ဧလိယလက်ထက်၌ သုံးနှစ်နှင့်ခြောက်လပတ်လုံး မိုဃ်းခေါင်၍ ပြည်နိုင်ငံတစ်လျှောက်လုံး အစာအာဟာရအလွန်ခေါင်းပါးခြင်းရှိသောအခါ၊ ဣသရေလအမျိုးဖြစ်သော မုဆိုးမအများရှိကြ၏။ သို့သော်လည်း၊ ထိုမုဆိုးမတစ်ယောက်ရှိရာသို့မျှ ဧလိယကိုစေလွှတ်တော်မမူ။ ဇိဒုန်ပြည် ဇရတ္တမြို့သူဖြစ်သော မုဆိုးမတစ်ယောက်ရှိရာသို့ စေလွှတ်တော်မူ၏။* (လု ၄း၂၅–၂၆)။

ထိုအခါ သူတို့ဒေါသထွက်ခဲ့ကြသည်။ ပထမမှာ သူတို့သည် လူမျိုးအားဖြင့် သစ္စာရှိသောအာဗရာဟမ်၏မျိုးဆက်ဖြစ်ကြသော်လည်း အချို့သောအချိန်အခါများတွင် သူတို့သည် မိမိတို့ပရောဖက်တို့စကားကို လူမျိုးခြားတို့လောက်ပင် နားမထောင်လိုကြကြောင်းကို သတိရစေလျက် သူတို့၏မာနကို ထိခိုက်စေသောကြောင့်ဖြစ်သည်။ ဒုတိယမှာ သူတို့မယုံကြည်မီ အံ့သြဖွယ်နိမိတ်လက္ခဏာအားဖြင့် သက်သေပြရန် သူတို့တောင်းဆိုခြင်းသည် လက်တွေ့ကျသောတောင်းဆိုချက်ဖြစ်၍ ခရစ်တော်သည် ထိုသို့ပြုရန်ငြင်းဆိုခြင်းဖြင့် အရံအတားတည်ဆောက်လိမ့်မည်ဟု သူတို့ခံစားခဲ့ကြသည်။

သို့သော် ခရစ်တော်ကို အရံအတားမတည်ဆောက်ခဲ့ပါ။ အံ့သြဖွယ်နိမိတ်လက္ခဏာသည် လတ်တလောတွင်တော့ လူတစ်ဦးကို အထူးပုဂ္ဂိုလ်တစ်ဦးဖြစ်စေတတ်ပါသည်။ သို့သော် ထိုအံ့သြဖွယ်မျိုးသာ အထပ်ထပ်ဖြစ်လာပါက ထိုအထောက်အထားမျိုးသည် နောက်ဆုံးသက်သေအတွက် အကျိုးမရှိပေ။ အမှန်လိုအပ်သည့်အရာမှာ အခြားသောသက်သေအထောက်အထားမျိုးဖြစ်သည်။ သူသည် လူတို့ကို မိမိတို့၏ဆိုးဝါးသောအကျင့်ဓလေ့များနှင့် အပြစ်တို့၏ကျွန်ဘဝလွတ်မြောက်စေနိုင်သည့် မေရှိယဖြစ်ကြောင်း သူအခိုင်အမာပြောဆိုခဲ့သည်။ သူပြုသည့်အံ့သြဖွယ်နိမိတ်လက္ခဏာများက သူမိန့်တော်မူသည့်အရာများကို အလေးအနက်ထားရန်လိုကြောင်း သက်သေပြပေးသည်။ သို့သော် လူတစ်ဦးစီသည် ခရစ်တော်ထံမိမိကိုယ်ကိုဆက်ကပ်အပ်နှံလျက် မိမိ၏လွတ်မြောက်မှုအတွက် မိမိအတွင်း၌အမှုပြုရန် ခရစ်တော်ကို ခွင့်ပြုသည့်အခါမှသာ ဤနောက်ဆုံးသက်သေဖြစ်သည့် လွတ်မြောက်ခြင်းသက်သေကို ရရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ခရစ်တော်၏ အခိုင်အမာပြောဆိုချက်မှန်ကန်ကြောင်းနောက်ဆုံးသက်သေကို မရရှိမီ မိမိကိုယ်ကို ခရစ်တော်ထံဆက်ကပ်အပ်နှံခြင်းဟူသည့် ယုံကြည်ခြင်း၏လုပ်ဆောင်မှုသည် ဦးစွာလာရမည်ဖြစ်သည်။ သို့သော် နာဇရက်မြို့သားတို့သည် ယုံကြည်ခြင်းခြေလှမ်းလှမ်းရန် ပြင်ဆင်မှုမရှိခဲ့ကြချေ။ အဘယ်ကြောင့်နည်း။

ဇာဒ်ပြည်မှ မုဆိုးမ၏အဖြစ်အပျက်သည် ဤပြဿနာအပေါ် အလင်းထိုးပေးနိုင်ပါသည်။ သူ ဧလိယနှင့်တွေ့သည့်အချိန်တွင် သူ့အတွက် အစားအစာတစ်နပ်စာသာကျန်တော့ပြီး ထိုတစ်နပ်ကိုစားပြီးသည်နှင့် သေဖို့အိပ်စောင့်နေရန်သာရှိ

သည့်အခြေအနေဖြစ်သည်။ ထိုအခါ လေိယက သူ့အား မိမိကို ထိုအစားအစာ ပြင်ဆင်ကျွေးမွေးပါက ဘုရားသခင်သည် အစားခေါင်းပါးမှုပြီးဆုံးသည့်တိုင်အောင် သူ့အား အစာကိုအံ့သြဘွယ်ပေးတော်မူမည်ဖြစ်ကြောင်း ပြောပြသည်။ အလွန်ခက်ခဲသောစာမေးပွဲတစ်ခုဖြစ်သည်။ သူသည် ဧလိယ၏စကားကို နားထောင်လိုက်၍ လိမ်ညာမှုဖြစ်နေပါက မရှိမဲ့ရှိမဲ့အစာလေးပင်ဆုံးရှုံးရပြီး သေခြင်းနှင့်ရင်ဆိုင်ရမည်။ မည်သည့်အရာသည် သူ့အားပိုင်သမျှကို ဧလိယစကား၌ ရင်းနှီးမြှုပ်နှံစေခဲ့သနည်း။

သူသည် အားကိုးရာမဲ့ မုဆိုးမတစ်ဦးဖြစ်သည်။ သူသည် ဧလိယကို မယုံကြည်ခဲ့လျှင် မိမိအစာကို ပေးစရာမလို။ သို့သော် ထိုအစားအစာသည် အလွန်နည်းပါးလွန်းသည်ဖြစ်၍ ၎င်းကိုစားပြီးပါက သေရမည်ဖြစ်သည်။ အခြားတစ်ဘက်တွင် သူသည် ဧလိယကိုယုံမိသော်လည်း လိမ်ညာမှုဖြစ်နေပါက သူ့အတွက် အနည်းငယ်သောဆုံးရှုံးမှုကို ခံစားရပြီး မကြာမီသေရမည်ဖြစ်သည်။ သို့သော် သူသည် ဧလိယကို ယုံကြည်နားထောင်၍ အမှန်ဖြစ်နေပါက သူသည် ကယ်တင်ခြင်းခံရမည်ဖြစ်သည်။ ထိုအခါ ဆုံးရှုံးမှုတစ်ခုမျှမရှိဘဲ အရာခပ်သိမ်းကို ရရှိမည်ဖြစ်သည်။

သို့သော် သူသည် မုဆိုးမတစ်ဦးမဟုတ်ခဲ့ဘဲ အစားအစာသည်လည်း တစ်နပ်စာမဟုတ်ဘဲ တစ်ပတ်စာရှိခဲ့လျှင် မိမိ၏ပိုင်ဆိုင်မှုကိုသာ အားကိုးယုံကြည်ရန် သွေးဆောင်ခြင်းခံရလျက် ယုံကြည်ခြင်းခြေလှမ်းလှမ်းရန် စိုးထိန့်ကာ ဧလိယကိုလည်း ဘာမျှမပေးဘဲ နေနိုင်သည်။

## ‘ငါ’ဆိုသောပြဿနာ

နာဇရက်မြို့သားတို့၌ ထိုပြဿနာမျိုးရှိသည်။ ခရစ်တော်ပြုသည့် အံ့သြဖွယ်နိမိတ်လက္ခဏာများက သူသည် အနည်းဆုံး ပရောဖက်တစ်ပါးတော့ဖြစ်မည်ဟု ညွှန်ပြနေသည်။ ဒါကို သူတို့သိ၍လက်ခံကြသည်။ သို့သော် သူသည် လူတို့ကို အပြစ်စွန်းသောစိတ်သဘောထားနှင့်အကျင့်ဓလေ့တို့မှ လွတ်မြောက်စေမည့် မေရှိယအဖြစ်ကြွလာကြောင်း အခိုင်အမာပြောဆိုသည့်အခါ သူတို့သည် ခရစ်တော်ထံ မိမိတို့ကိုယ်ကို ဆက်ကပ်အပ်နှံလျက် မိမိတို့အထဲ၌အမှုပြုတော်မူရန် ကိုယ်တော်အား ခွင့်ပြုခြင်းမရှိပါက သူတို့အသက်တာတွင် ထိုပြောဆိုမှုကိုအမှန်ဖြစ်ကြောင်း သက်သေပြနိုင်သည့်အထောက်အထားကို ရရှိနိုင်ကြမည်မဟုတ်ပေ။

သူတို့သည် ဤယုံကြည်ခြင်းခြေလှမ်းအတွက် ပြင်ဆင်မှုမပြုကြပေ။ ၎င်းခြေလှမ်း၏ မဖြစ်မနေလိုအပ်ချက်ကိုလည်း သူတို့မမြင်ကြ။ သူတို့အတွက် သူတို့သည် ကိုယ်ကျင့်တရားပြည့်စုံပြီး ဝိညာဉ်ရေးရာအားထားစရာများလည်းရှိသည်။ လောက၌ မှားနေသည်မှာ သူတို့မဟုတ်ဘဲ အခြားသူများသာဖြစ်သည်။ အကယ်၍ ခရစ်တော်သည် မတရားသောအခွန်ခံတို့ကို မိုးကြိုးပစ်စေလျက် ထူးထူးဆန်းဆန်းဖယ်ရှားလျှင်၊ သူတို့မုန်းတီးနေသောရောမတို့ကို အံ့ဩဖွယ်တန်းခိုးဖြင့် နှင်ထုတ်ပြီး သူတို့ကို နိုင်ငံရေးလွတ်လပ်ခွင့်များပြန်ပေးလျှင်၊ မုန့်နှင့်ငါးတို့ကို ပွားများစေသည့် အံ့ဩဖွယ်နိမိတ်လက္ခဏာများမကြာခဏထင်ရှားစေလျှင် သူတို့သည် ယေရှုကို သူတို့၏ နိုင်ငံရေးမေရှိယအဖြစ် ကြိုဆိုကြမည်ဖြစ်သည်။

သို့သော် သူတို့၏ အပြစ်စွန်းသောစိတ်သဘောထားများနှင့်လုပ်ဆောင်မှုများသည် လောကရှိဆင်းရဲဒုက္ခ၏ အကြောင်းတရားဖြစ်ကြောင်း သူတို့ဝန်ခံပြောဆိုရန် ဝေးလွန်းလှသည်။ သူတို့အမြင်၌ သူတို့သည် ပြောရလောက်အောင်ဆိုးဝါးသည်မဟုတ်။ သူတို့သည် အားကိုးစရာမဲ့သည့် ဝိညာဉ်ရေးသမားမုဆိုးမများမဟုတ်။ သူတို့ အသက်တာအဆင်ပြေအောင် သူတို့စီမံအသက်ရှင်နိုင်သည်။ သူတို့အလုပ်တွင် ပြောရလောက်အောင် အောင်မြင်မှုမရှိသည်တော့ဖြစ်နိုင်ပါသည်။ သို့သော် သင့်စိတ်သဘောထားနှင့် အခြားသူတို့အပေါ် သင်၏ပြုမူမှုတို့သည် တစ်ကိုယ်ကောင်းဆန်ပြီး အပြစ်ရှိမရှိ အမြဲတမ်းပူပင်နေရန် မဖြစ်နိုင်။ ဤလောကသည် ခဲယဉ်းသောလောကဖြစ်၍ သင်သည် နံပါတ်တစ်ကို ရှာနေရန်လိုသည်။ မည်သို့ဖြစ်စေ၊ သူတို့ ကယ်တင်ခြင်းခံရရန်လိုသည်ဟုဆိုနေသော ဤသူသည် မည်သူနည်း။

သူတို့ဒေါသထွက်လျက် ထကာ သူ့ကိုဝတ်ပြုစည်းဝေးကျောင်းမှ ခေါ်သွားကာ ကမ်းပါးထိပ်မှ တွန်းချရန်ကြိုးစားကြသည်။ သူတို့၏ဒေါသပေါက်ကွဲသောတုန့်ပြန်မှုက ခရစ်တော်သည် သူတို့၏လိပ်ပြာမလုံဖြစ်နေခြင်းကို ခရစ်တော်ကို လက်ညှိုးထိုးပြလိုက်ပြီဖြစ်ကြောင်း ညွှန်ပြနေသည်။ ရောမလူမျိုးများ၊ အခွန်ခံများ၊ ကလိမ်ကကျစ်ကျသူများနှင့် ဖိနှိပ်သူများအပေါ် စွပ်စွဲရှုတ်ချသည့် သူတို့၏ အမျက်ဒေါသအပေါ် သူတို့ကိုယ်တိုင်၏ အထဲ၌ တငွေ့ငွေ့လောင်နေသော လိပ်ပြာမလုံသည့်အသိစိတ်က ထပ်ဖြည့်လိုက်သောကြောင့်လည်း ဖြစ်နိုင်သည်။ သူတို့၏ရှက်ကြောက်မှုသည် ဤလိပ်ပြာမလုံသည့်အသိစိတ်ကို အတတ်နိုင်ဆုံးဖုံးဖိထားရန်ကြိုး

စားပြီး လုပ်ထုံးလုပ်နည်းအရလက်ဆေးခြင်းနှင့် ဥပုသ်နေ့ကိုစောင့်ရှောက်ခြင်းကဲ့သို့သော ဘာသာရေးထုံးတမ်းစဉ်လာတို့အပေါ် ပုံကြီးချဲ့လိုက်နာခြင်းအားဖြင့် မိမိတို့၏လိပ်ပြာမလုံမှုကို အစားထိုးရန်ကြိုးစားကြသည်။ သို့သော် ယခု သူတို့ ကယ်တင်ခြင်းခံရရန်လိုသည်ဆိုသော ခရစ်တော်၏အကြံပြုချက်သည် သူတို့၏အသိစိတ်ထဲအထိဝင်ရောက်ကာ သူတို့၏အသိစိတ်ကို ပေါက်ကွဲစေသည်။ ကယ်တင်ခြင်းခံရရန်လိုအပ်ကြောင်းပြောပြမိရုံနှင့် လူတို့ပေါက်ကွဲကြခြင်းမှာ အမှန်ပင်အံ့ဩစရာကောင်းပါသည်။ သို့သော် ရှင်လုကာသည် ဤအဖြစ်အပျက်ကိုပြောပြနေစဉ် သူ့မျက်လုံးသည် ကျွန်ုပ်တို့အပေါ် ရောက်မနေကြောင်း သေချာပါရဲ့လား။

## လေ့လာမှုနှင့်ဆွေးနွေးမှုဆိုင်ရာမေးခွန်းများ

၁။ အဘယ့်ကြောင့် ဘုရားသခင်သည် မကောင်းမှုကို မစစ်မဆေးဘဲ လွှတ်ထားသလိုဖြစ်နေရသနည်း။

၂။ ခရစ်တော်သည် ဖိနှိပ်ခံရသူများကို လွှတ်မြောက်စေရန်ကြွလာသကဲ့သို့ ဖိနှိပ်သူများကိုလည်း လွှတ်မြောက်စေရန်ကြွလာသည်ဟုဆိုသောစကား၏ အဓိပ္ပါယ်ကို ရှင်းပြပါ။

၃။ ကျွန်ုပ်တို့အားလုံးသည် အခြားသူအပေါ် ဖိနှိပ်သူများဖြစ်ကြသည် ဆိုလျှင် အဓိပ္ပါယ်ရှိပါသလား။

၄။ ဇိဒုန်ပြည်မှမုဆိုးမကပေးသော အဓိကသင်ခန်းစာမှာ အဘယ်နည်း။

၅။ ခရစ်တော်ကိုနားထောင်သူများသည် အဘယ်ကြောင့် သူ့ကို ဝတ်ပြုစည်းဝေးကျောင်း(တရားဇရပ်)အပြင်သို့ ခေါ် ထုတ်သွားကြသနည်း။

၆။ ဤအဖြစ်အပျက်၏မည်သည့်ကဏ္ဍသည် လက်ရှိခေတ်ကာလနှင့်သက်ဆိုင်ပတ်သက်မှုရှိသနည်း။

# ၄

## ရာဇဝတ်သားတစ်ဦးကို ပြောင်းလဲစေခြင်း

ဖတ်ရန်အကြံပြုသည့်ကျမ်းပိုဒ်များ။ ။လု ၂၃း၃၉–၄၃

ဤသေခါနီးလူဆိုးအကြောင်းသည် လူအများသိထားသောအဖြစ်အပျက်ဖြစ်သည်။ ထိုအတိုင်းလည်းဖြစ်သင့်ပါသည်။ ဤအဖြစ်အပျက်က ထင်ရှားစေသောဘုရားသခင်၏မယုံကြည်နိုင်လောက်အောင် ဆွဲဆန့်ထားသည့် ခွင့်လွှတ်ခြင်း အကြောင်းကို အခြားအဖြစ်အပျက်အနည်းငယ်တို့၌သာတွေ့ရမည်ဖြစ်သည်။ ဘဝတစ်လျှောက်လုံး ဆိုးရွားလှသည့်ပြစ်မှုများကျူးလွန်လာခဲ့ပြီး သေအံ့ဆဲဆဲမိနစ်ပိုင်းအလိုတွင်မှ နောင်တရလျက် ခရစ်တော်ကိုယုံကြည်သည့်အခါ ခရစ်တော်သည် သူ့ကိုချက်ချင်းပင် အပြည့်အဝခွင့်လွှတ်တော်မူသည်။

ဤအဖြစ်အပျက်က အလွန်အံ့သြလောက်အောင်ကြီးမားသည့် ဘုရားသခင်၏ကယ်တင်ခြင်းအကြောင်းကိုလည်း ပေါ်လွင်စေသည်။ ထိုရာဇဝတ်သားနောင်တရ၍ ခရစ်တော်ကိုယုံကြည်သည်နှင့်တစ်ပြိုင်နက် သူ့အပြစ်ကိုခွင့်လွှတ်ရုံမက ထိုနေ့မှာပင် သူသည် ခရစ်တော်နှင့်အတူ ပါရဒိသုဘုံတွင် နေရမည်ဟူသောစိတ်ချမှုကိုလည်း ထိုသူရရှိခဲ့သည်။ သူ၏အကျင့်စာရိတ္တဖြူစင်သန့်ရှင်းလာသည့်အထိ စောင့်နေစရာမလိုပါ။ သေချာသည်မှာ လောကအနေဖြင့် သေတော့မည့်သူကို ဘဝ၏သာမန်စည်းကမ်းများဖြင့် ပြန်လည်သန့်စင်စေရန် လုံးဝမဖြစ်နိုင်တော့ချေ။ နေဝင်ရီတရောရောက်လာသောအခါ သူသေဆုံးသွား၍ သင်္ဂြိုလ်ခြင်းကို သူခံရမည်ဖြစ်သည်။ သို့သော် သေပြီးသည့်အခါလည်း ကယ်တင်ရှင်ထံရောက်ထိုက်သူဖြစ်အောင် သူ့ကို ပြန်လည်သန့်စင်စေနိုင်သည့်အခြေအနေမျိုးမရှိကြောင်း ကယ်တင်ရှင်၏စကားက ရှင်းရှင်းလင်းလင်းညွှန်ပြနေသည်။ *ယနေ့တွင် သင်သည် ငါနှင့်အတူပရဒိသုဘုံ၌ရှိလိမ့်မည်*(လု ၂၃း၄၃) ဟု ခရစ်တော်မိန့်တော်မူခဲ့သည်။

ယနေ့ ––– နှောင့်နှေးခြင်းမရှိ

ငါနှင့်အတူ ––– ကွာဝေးခြင်းမရှိ

ပရဒိသုဘုံ၌ နာကျင်ခြင်း သို့မဟုတ် ဝေဒနာ မရှိတော့။ ဤအဖြစ်အပျက်ကို လူတိုင်းက သိကြသည်သာမက လူတိုင်းကလည်း နှစ်ခြိုက်ကြသည်။ အံ့သြစရာမဟုတ်ပါ။

## နောင်တ

သို့သော် တိုတောင်းသောဤလေ့လာမှု၏ ရည်ရွယ်ချက်မှာ ပထမဆုံးအနေဖြင့် ရာဇဝတ်သား၏ နောင်တနှင့်ပြောင်းလဲမှုသည် မည်မျှအထိစစ်မှန်မှုရှိသည်ကို လေ့လာရန်ဖြစ်ပြီး ဒုတိယအနေဖြင့် သူ၏ နောင်တနှင့်ယုံကြည်ခြင်းကို ခြေရာခံကြည့်ရန်ဖြစ်သည်။ ဦးစွာ သူ၏ ဝန်ခံစကားကို သတိထားကြည့်ပါ။ *ငါတို့သည် ကိုယ်ပြုမိသောအပြစ်နှင့်အလျောက်ခံရသည်* (လု ၂၃း၄၁)။ သူ့အပြစ်ကြောင့် သူခံရသည့် သူ၏ လက်ရှိယာယီပြစ်ဒဏ်မှလွတ်မြောက်ခွင့်ပေးရန် သူ့အဖော် အခြားရာဇဝတ်သားကဲ့သို့ နားပူနားဆာမလုပ်ပါ။ ဆင်ခြေဆင်လက်ပေးလျက် မိမိအပြစ်အတွက် အသနားခံတောင်းပန်ခြင်းမျိုးလည်းမလုပ်ပေ။ သူ့အပြစ်ကိုသူဝန်ခံ၍ သူပြစ်ဒဏ်ခံရသည်မှာတရားမျှတမှုရှိကြောင်း သူလက်ခံသည်။

ဒုတိယအနေဖြင့် သူလက်မြှောက်အရှုံးပေးသည့်စကားကိုသတိပြုကြည့်ပါ– *သခင်၊ ကိုယ်တော်သည် နိုင်ငံတော်တည်လျက်ကြွလာတော်မူသောအခါ အကျွန်ုပ်ကိုအောက်မေ့တော်မူပါ* (လု ၂၃း၄၂)။ စိတ်ဝင်စားစရာကောင်းသည်မှာ သူ့တောင်းဆိုမှုတွင် ခွင့်လွှတ်ခြင်းကို ရရှိလိုကြောင်းထင်ရှားသော်လည်း ခွင့်လွှတ်ခြင်းကို တိုက်ရိုက်မတောင်းခဲ့ချေ။ သူ၏ တောင်းဆိုမှုသည် ပို၍အကောင်းသဘောကိုဆောင်သည့် တောင်းဆိုမှု ဖြစ်သည်။ ပြည့်တန်ဆာမ ရာခပ်သည် အစ္စရေးသူလျှိုတို့အား အစ္စရေးစစ်တပ်နှင့်အတူ ပြည်ကိုသိမ်းပိုက်ရန်ပြန်လာကြသည့်အခါ သူနှင့်သူ့မိသားစုကို အသက်ရှင်ခွင့်ပေးလျက် အစ္စရေးနိုင်ငံတော်နှင့်ဆိုင်သောသူများဖြစ်ခွင့်ပေးရန် တောင်းဆိုခဲ့သည် (ယောရှု ၂)။ ထိုနည်းတူ ဤရာဇဝတ်သားသည်လည်း ခရစ်တော်အား မိမိနိုင်ငံတော်ကို အုပ်စိုးတော်မူရန် ဘုန်းတန်ခိုးတော်နှင့်ပြန်ကြွလာသောအခါ သူ့ကိုလက်ခံလျက် သူ့နိုင်ငံတော်သားတစ်ဦးအဖြစ်လက်ခံပေးရန် တောင်းဆိုခဲ့သည်။ ရာဇဝတ်သားက ဤတောင်းဆိုမှုမျိုးကို တောင်းဆိုခြင်းသည် အလွန်ထူးခြားသည့်အဖြစ်အပျက်ဖြစ်သည်။

သူသည် မည်ကဲ့သို့သောရာဇဝတ်သားဖြစ်သည်ကို ကျွန်ုပ်တို့ တိတိကျကျ မပြောနိုင်ပါ။ သေချာသည်မှာ သူသည် အသေးအဖွဲ့အိမ်သူခိုးလေးတော့မဟုတ်။ အဘယ်ကြောင့်ဆိုသော် ရှင်မဿဲက ဓါးပြ သို့မဟုတ် တောပုန်းဓားပြဟုအဓိပ္ပါယ်ရှိသည့် ဂရိစကားလုံးဖြင့် သူ့အကြောင်းကို ဖော်ပြထားသည်။ အသေအချာပြောရန်ခက်ရသည့်အကြောင်းမှာ မိမိတို့၏နိုင်ငံရေးလှုပ်ရှားမှုများ ဆက်လက်လုပ်ဆောင်နိုင်ရန် ဓားပြတိုက်သည့်နည်းစနစ်ဖြင့် ပြင်ဆင်ခဲ့ကြသည့် နိုင်ငံရေးလှုပ်ရှားသူများအကြောင်း ဖော်ပြရာတွင် ဤဝေါဟာရကို သမိုင်းပညာရှင် ဂျိုးဇက်ဖတ်ဆ်ကအသုံးပြုခဲ့သောကြောင့်ဖြစ်သည်။ သို့သော် ဤရာဇဝတ်သားသည် မည်သို့သောလူသတ်သမားအမျိုးအစားပင်ဖြစ်စေ သူသည် အစိုးရကို အာခံသည့်အသက်တာမျိုးအသက်ရှင်ခဲ့သူဖြစ်သည်တော့သေချာသည်။ တောပုန်းတစ်ဦးဖြစ်သော ဤသူသည် လူတို့၏အခြေခံတရားမျှတမှုနှင့် စာနာမှုကို လေးစားမှုမရှိခဲ့သောသူဟု ဆိုနိုင်သည်။

သို့သော် ယခုသူနောင်တရပြီဖြစ်သည်။ သူသည် မိမိ၏မင်းမဲ့စရိုက်ကို စွန့်လွှတ်လျက် နိုင်ငံတော်တွင် မိမိကိုလက်ခံရန်အတွက် ဘုရင်ကို နာခံသူတစ်ဦးအနေဖြင့် တောင်းဆိုလာသည်။ ယခုမှစ၍ အုပ်ချုပ်မှုခံရခြင်းနှင့် အခွင့်အာဏာအပေါ် နာခံခြင်းတို့သည် မိမိအတွက်အခွင့်အရေးအဖြစ် သူမှတ်ယူမည်ဖြစ်သည်။ သူသည် မလိုမုန်းတီးမှုမရှိဘဲ ဝမ်းမြောက်ဝမ်းသာစွာနှင့် မိမိစိတ်ဆန္ဒအလျောက် နာခံမည်ဖြစ်သည်။ မှန်သောနောင်တပေတည်း။ ဤနောင်တသည် ရာဇဝတ်သားများအတွက်သာမက ကျွန်ုပ်တို့အားလုံးအတွက်လိုအပ်သည်။ ကျွန်ုပ်တို့သည် တစ်ဖက်တွင် မိမိတိုင်းပြည်အပေါ် သစ္စာရှိသော၊ တရားဥပဒေကိုလိုက်နာသော နိုင်ငံသားတစ်ဦးဖြစ်နေစဉ် ဘုရားသခင်အပေါ် ထိုသို့မဖြစ်တတ်ကြပေ။ ကျွန်ုပ်တို့အားလုံးသည် ဆိုးရွားသောလူမှုရေးပြစ်မှုကျူးလွန်သူများဖြစ်ကြသည်ဟု သမ္မာကျမ်းစာက မဆိုပါ။ သို့သော် ကျမ်းစာက ကျွန်ုပ်တို့အားလုံးသည် *လမ်းလွဲလျက်၊ ကိုယ်လမ်းသို့ အသီးအသီး လိုက်သွားကြသည်ဖြစ်၍* နောင်တရရန် ဤသို့ဖိတ်ခေါ်ပါသည်– *ဆိုးသောသူသည် မိမိလမ်းကိုရှင်း၊ မတရားသောသူသည် မိမိအကြံတို့ကိုရှင်းစွန့်ပစ်၍ ထာဝရဘုရား ထံတော်သို့ ပြောင်းလဲပါစေ၊ သို့ပြုလျှင်သနားတော်မူလိမ့်မည်။ ငါတို့ဘုရားသခင့်ထံတော်သို့ ပြောင်းလဲပါစေ၊ သို့ပြုလျှင်အထူးသဖြင့်အပြစ်ကို လွှတ်တော်မူလိမ့်မည်။* (ဟေရှာ ၅၃း၆ နှင့် ၅၅း၇ ကိုကြည့်ပါ)။

## ယုံကြည်ခြင်း

တတိယအနေဖြင့် ခရစ်တော်၏ဒုတိယအကြိမ်ကြွလာတော်မူခြင်း၏ဓမ္မဓိဌာန်ကျသောအချက်ကို သူယုံကြည်သည့်အခါ ဤနောင်တဖြစ်ပေါ်လာသည်ကို ကျွန်ုပ်တို့သတိထားမိနိုင်ပါသည်။– *ကိုယ်တော်သည် နိုင်ငံတော်တည်လျက်ကြွလာတော်မူသောအခါ အကျွန်ုပ်ကို အောက်မေ့တော်မူပါ*။(လု ၂၃း၄၂)။ သို့သော် ဤအချိန်သည် ခရစ်တော်သေအံ့ဆဲဆဲအချိန်ဖြစ်နေသည်။ ခရစ်တော်သည် ကားတိုင်ပေါ်တွင် သေအံ့ဆဲဆဲဖြစ်နေသော်လည်း တစ်နေ့သောအခါ စိုးစံတော်မူရန်ပြန်ကြွလာမည်ကို သူယုံကြည်ကြောင်း ထင်ရှားသည်။ ကျွန်ုပ်တို့လည်း ကယ်တင်ခြင်းခံရမည်ဆိုလျှင် ထိုကဲ့သို့သောယုံကြည်ခြင်းမျိုးလိုအပ်သည်။ ရှင်ပေါလုက ကယ်တင်ခြင်းနှင့်ဆိုင်သောအခြေအနေများကို ဤသို့တင်ပြထားသည်– *သင်သည် သခင် ယေရှုကို နှုတ်ဖြင့်ဝန်ခံ၍ ဘုရားသခင်သည် သူ့ကို သေခြင်းမှထမြောက်စေတော်မူပြီဟု စိတ်နှလုံးထဲ၌ ယုံကြည်လျှင်၊ ကယ်တင်ခြင်းသို့ရောက်လိမ့်မည်* (ရော ၁၀း၉)။

သို့သော် ဤရာဇဝတ်သား၏မာကြောသောစိတ်နှလုံး၌ အဘယ်အကြောင်းကြောင့် ဤကဲ့သို့သောသေချာသည့်ယုံကြည်မှု ပေါ်ထွက်လာရသနည်း။ ဤမေးခွန်းအတွက် ပြည့်စုံသည့်အဖြေ ကျွန်ုပ်တို့၌မရှိပါ။ သို့သော် အနည်းဆုံးတော့ အခြားရာဇဝတ်သားအပေါ် သူအပြစ်တင်ပုံကိုနားထောင်ပြီး သူ့စိတ်၌မည်သို့ဖြစ်ပျက်နေသည်ကို သတိထားမိနိုင်ပါသည်။ အခြားရာဇဝတ်သားသည် ယေရှုကို ပွင့်ပွင့်လင်းလင်းပြစ်တင်ဝေဖန်ခဲ့သည်။ *သင်သည် ခရစ်တော်မှန်လျှင် ကိုယ်ကိုင်၊ ငါတို့ကိုင်၊ ကယ်တင်လော့* (လု ၂၃း၃၉)။ ဤစကားတွင် ယုံကြည်ခြင်းအရိပ်အယောင်ပင် မတွေ့ရ။ အခါးသီးဆုံးသရော်ခြင်းကိုသာ တွေ့ရသည်။

သူ့အတွက် ဘာသာရေးနှင့်၎င်း၏အဆိုတို့သည် အရေးကြီးသည့်အရာမဟုတ်ဘဲ ဘာသာရေးသည် အုပ်ချုပ်သူလူတန်းစားက ဆင်းရဲသားတို့ကို ဖိနှိပ်ရန်နှင့် မိမိနှင့်တူသော လူသားချင်းတို့ကို နာကျင်စေရန်အတွက် အသုံးပြုသည့်တန်ဆာပလာသာဖြစ်နေသည်။

သို့သော် အခြားရာဇဝတ်သားကို သူအပြစ်တင်လျက်– *သင်သည် ..... ဘုရားသခင်ကို မကြောက်သလော* ဟုသူဆိုသည်(လု ၂၃း၄၀)။ သို့သော် ဘာသာရေးဤကဲ့သို့ဝေဖန်ပုပ်ခတ်ခံရခြင်းမှာ အားနည်းချက်ရှိသော ဘာသာရေးခေါင်းဆောင်

များ၊ အချို့လည်း အကျင့်ပျက်သောဘာသာရေးခေါင်းဆောင် များကြောင့်ဖြစ်နိုင်သည်။ သို့သော် ဘုရားသခင်သည် သူတို့နှင့်မတူ။ သူသည် ဘုရားကိုပင် မကြောက်ဘူးလား။ သို့သော် သူအဘယ့်ကြောင့် ဘုရားကိုကြောက်ရမည်နည်း။ ဘုရားရှိမရှိပင် သူ့အတွက် မည်ကဲ့သို့သေချာနိုင်မည်နည်း။ သို့မဟုတ် ရှိခဲ့လျှင် သေခြင်းသည် လူအတွက် အပြီးသတ်ပျက်စီးပျောက်ဆုံးသွားခြင်း ဖြစ်ခဲ့မည်မဟုတ်။

သို့သော် ဒုတိယရာဇဝတ်သားတွင် အကြောင်းပြချက်ရှိသည်။ သူသည် ဝေဒနာပြင်းစွာခံစားနေရင်း စောင့်ကြည့်လျက် ဆင်ခြင်လျက်နေခဲ့သည်။ *သင်သည် ဤသူနည်းတူအပြစ်ဒဏ်ခံလျက်ပင် ဘုရားသခင်ကို မကြောက်သလော* (လု ၂၃း၄၀)။ မည်သူနှင့်တူသည့်အပြစ်ဒဏ်နည်း။ ထိုသူကို မိမိနှင့်မနှိုင်းယှဉ်ပါ။ ရာဇဝတ်သားတစ်ယောက်အဖို့ အခြားရာဇဝတ်သားနှင့်အတူ ပြစ်ဒဏ်ခံရခြင်းသည် အံ့သြစရာမဟုတ်ပေ။ ထို့ကြောင့် 'သင်ဟာ ခရစ်တော်နည်းတူ ပြစ်ဒဏ်ပေး ခြင်းခံနေရတယ်' ဟု ဆိုလိုခြင်းသာဖြစ်မည်။ သို့သော် မိမိကိုယ်ကို ခရစ်တော်နည်းတူ ပြစ်ဒဏ်ပေးခံရသည်ဟု သူသိမြင်သွားခြင်းသည် မည်သို့ထူးခြားမှုရှိသနည်း။

ကောင်းပါပြီ။ သူတို့ကို လိုက်လံနှိပ်စက်ဖမ်းဆီးသူများဖြစ်သောကြောင့် ရာဇဝတ်သားနှစ်ဦးလုံးက မုန်းတီးသော သြဇာရှိရှေးရိုးဝါးဒီ ဘာသာရေးခေါင်းဆောင်များနှင့် အစပြုပါမည်။ ခရစ်တော်ကို မုန်းတီး၍ပြစ်ဒဏ်ချမှတ်သူများမှာလည်း ဤဘာသာရေးခေါင်းဆောင်များပင်ဖြစ်သည်။ ဤအချိန်တွင် သူတို့သည် လက်ဝါးကပ်တိုင် သုံးတိုင်ရှေ့တွင် ဟန်ပန်အပြည့်နှင့် ခေါက်တုန့်ခေါက်ပြန်လျှောက်နေကြရင်း ခရစ်တော်ကို မခံချိမခံသာဖြစ်အောင် ပြက်ရယ်ပြုနေကြသည်။ ထို့ကြောင့် ခရစ်တော်သည် ဤရှေးရိုးစွဲဝါဒီအုပ်နှင့်တစ်အုပ်စုတည်းမဟုတ်ကြောင်း သေချာနေသည်။ ဤအချိန်တွင် ကိုယ်တော်သည် ဘာသာရေးခေါင်းဆောင်များထက် ရာဇဝတ်သားနှစ်ယောက်နှင့်ပိုတူနေသည်။

သို့သော် ကျန်သေးသည်–*ငါတို့သည် ကိုယ်ပြုမိသောအပြစ်နှင့်အလျောက် ခံရသည်ဖြစ်၍တရားသဖြင့် ခံရကြ၏။ ဤသူမူကားအဘယ်အပြစ်ကိုမျှမပြု*၊ ဟုတ်ပါသည်။ ယေရှုသည် လုံးဝအပြစ်ကင်းစင်သူဖြစ်သောကြောင့် သူတို့သည် မိမိတို့ကိုယ်ကို သူနှင့်နှိုင်းလျှင် မိမိတို့ခံရသည့်ပြစ်ဒဏ်သည် မိမိတို့နှင့်ထိုက်တန်ပါသည်ဟု သူတို့ဝန်ခံရမည်ဖြစ်သည်။ သူတို့အပေါ် ကျရောက်လာသည့်အရိပ်မဲနှင့်ပတ်သက်မှုရှိကြ

သည့် အာဏာပိုင်များကို သူတို့ကျိန်ဆဲကောင်းကျိန်ဆဲမိနိုင်ပါသည်။ သို့သော် ထိုသူတို့က မိမိတို့အပေါ်ပြုခဲ့သလိုမျိုး မိမိတို့လည်း အခြားသူတို့အပေါ်ပြုခဲ့ကြသည်ကို သူတို့စိတ်နှလုံးထဲမှ သူတို့သိနေကြသည်။ ပြင်းထန်သောပြစ်ဒဏ်မှတစ်ပါး အခြားသောအရာကို သူတို့မျှော်လင့်၍မရ။ သို့သော် ဤယေရှုသည်အပြစ် ကင်းစင်သောသူဖြစ်သည်။ အဆုံးစွန်ဆုံး သူသည် သူတို့၏ကျိန်ဆဲခြင်းခံရရန်မသင့်၊ သူတို့၏သနားခြင်းကိုသာ ခံရသင့်သည်။

## ပြောင်းလဲခြင်း

ထို့အပြင်ရှိပါသေးသည်။ ရာဇဝတ်သားနှစ်ဦးနှင့် ယေရှုတို့ကို လက်ဝါးကပ်တိုင်ပေါ်တင်ရန် အစောင့်အကြပ်များဖြင့် ခေါ်ဆောင်လာကြစဉ် ဂျေရုဆလင်မှအမျိုးသမီးအချို့တို့သည် ငိုကြွေးမြည်တမ်းလျက် ယေရှုနောက်ကိုလိုက်လာခဲ့ကြသည်။ ထိုအခါ ယေရှုက သူ့အတွက် မငိုကြွေးဘဲ မိမိတို့အတွက် ငိုကြွေးကြရန် ပြန်၍မိန့်တော်မူခဲ့သည်။ တရားစီရင်ရာနေ့ရက်သည် ကျရောက်လာ၍ သူတို့၏လူမျိုးသည် မိမိတို့ကျူးလွန်သည့်ပြစ်မှုများအတွက် ဘုရားသခင်နှင့်ရင်ဆိုင်ရမည်ဖြစ်သည်။ တရားစီရင်ရာနေ့ရက်သည် အဘယ်နည်း။ အစစ်အမှန်လား။ သို့မဟုတ်သူနှင့်သူ့လိုရာဇဝတ်သားတွေကို ခြောက်လှန့်ဖို့ ဘာသာရေး ရှေးရိုးစွဲဝါဒီများကလုပ်ကြံထားသော ခြောက်လှန့်ပြောဆိုမှုသက်သက်လား။ ဤယေရှုသည် ရှေးရိုးဝါဒီဘာသာရေးခေါင်းဆောင်များနှင့် သဘောတူညီသူမဟုတ်ကြောင်းသေချာသည်။ သို့သော် တရားစီရင်ခြင်းရောက်လာမည်ဖြစ်ကြောင်း သူလည်းယုံကြည်သည်။ အခြားတစ်ချက်လည်းရှိသေးသည်။ လက်ဝါးကပ်တိုင်ဘေး၌ရှိနေကြသော အာဏာရှိသူများသည် ကားတိုင်ပေါ်တင်ခြင်းခံရသူတို့ကို သေဒဏ်သာပေးကြသည်မဟုတ်။ ထိုသူတို့ ဝေဒနာခံစားနေရသည်ကိုလည်း နောက်ပြောင်ရယ်မောကြသည်။ အပြစ်စီရင်ခြင်းအကြောင်း သူတို့၏ဟောပြောမှုသည် သူတစ်ပါးအပေါ်ရက်စက်ခြင်း၌သာယာတတ်သည့် သူတို့အကျင့်ကို ဖော်ပြနေခြင်းနှင့် သိပ်မကွာခြားလှပေ။ သို့သော် ဤယေရှုသည် တရားစီရင်ခြင်းရောက်လာမည်ကို ယုံကြည်သော် လည်းလောလောလတ်လတ်ပင် သူ့လက်များ သံမှိုနှင့်ရိုက်သောသူတို့ကို ခွင့်လွှတ်တော်မူရန် ဘုရားသခင်ထံဆုတောင်းပေးနေသည်။ သူသည် အပြစ်မဲ့ရုံမကလောကသားတို့၏ကောင်းမြတ်ခြင်းထက် ကောင်းမြတ်သောသူဖြစ်နေသည်။

သို့သော် ယခု သူသည် သူတော်ကောင်းယောင်ဆောင်သောသူတို့၏ ရက်စက်စွာ အသေသတ်ခြင်းကို ခံနေရသည်။

အချိန်အနည်းငယ်အတွင်း သေခြင်းတရားက သူတို့၏နာကျင်မှုများကို အဆုံးသတ်စေတော့မည်ဖြစ်သည်။ သို့သော် ၎င်းသည် အရာအားလုံးကို အဆုံးသတ်စေပါ့မလား။ သေခြင်းသည် အပြစ်များကို အဆုံးသတ်စေမည်လား။ အဆုံး၌ အမှားနှင့်အမှန်ကြား ဘာမျှမထူးခြားဘဲနေမည်လား။ ထိုသို့မဟုတ်ပါ။ ရာဇဝတ်သားသည် အမှန်၊ အမှားနှင့် တရားမျှတမှုတို့အကြောင်းကို စဉ်းစားခဲ့ဖူးပါသည်။ သို့သော် ခရစ်တော်အကြောင်းသူတွေးမိသည့်အခါ ဤအကြောင်းကို ယခင်ထက် ပိုမိုကရုစိုက်မိသည်။ ခရစ်တော်၏အပြစ်မဲ့ ဝေဒနာခံစားခြင်းအကြောင်းကို ဂရုစိုက်မိသည့်အခါ မိမိအပြစ်များကို ပိုမိုထင်ရှားစွာ သတိထားမိလာသည်။

ရယ်စရာကောင်းတဲ့ အသိစိတ်။ သူ ဤအရာကို ယခင်က ရှာမတွေ့ခဲ့ဖူးပေ။ သူအလုပ်လုပ်သည့်အချိန်တွင် ဤအရာသည် မကြာခဏ မမျှော်လင့်ဘဲ ပေါ်ပေါ်လာတတ်သည်။ သို့သော် သူက ၎င်းကို ခပ်ကြမ်းကြမ်းကိုင်တွယ်လျက် ဖိနှိပ်ဖျောက်ဖျက်နေကြဖြစ်သည်။ အခုတော့ ဝင်လာတဲ့အသိစိတ်ကို ကောင်းကောင်းနှိမ်နင်းနိုင်လျှင် သူငြိမ်းငြိမ်းချမ်းချမ်းသေနိုင်မည်ဖြစ်သည်။ သို့သော် သူသည် ဤအသိစိတ်ကို နှိမ်နင်းရန် သို့မဟုတ် ငြင်းပယ်ရန် အလိုမရှိတော့ပေ။ အကယ်၍ အသိစိတ်သည် ထင်ယောင်ထင်မှားဖြစ်ခြင်းတစ်ခုဖြစ်လျှင် သူ့ရန်သူများ၊ ဆိုးဝါးသည့်လူယုတ်မာများသည် အချောင်လွတ်မြောက်သွားကြပေမည်။ သို့သော် ပိုဆိုးသည်က အသက်တာ၌ အားလုံးသည် မျှတပြီး နှစ်လိုဖွယ်ကောင်းသော ယေရှုသည် ဆိုးညစ်သော သူတို့ကြောင့် လက်လွတ်စပယ်သေဆုံးရမည်။

ထိုသို့မဖြစ်နိုင်ပါ။ ဘုရားသခင်ရှိ၍ အသိစိတ်သည် သူ၏အသံဖြစ်သည်။ သို့ဖြစ်လျှင် တရားမျှတမှုကို ဂရုစိုက်လျက် အမှားနှင့်အမှန်၏ခြားနားမှုကို ဂရုစိုက်သောဘုရားသခင်ရှိလျှင် ရှင်ပြန်ထမြောက်ခြင်းနှင့် မတရားမှုတို့ကို ဖြေရှင်းသည့် တရားစီရင်ခြင်းရှိရမည်ဖြစ်သည်။ ထို့ကြောင့် ရောက်လာမည့်တရားစီရင်ခြင်းရှိလျှင် သူတို့လည်း ၎င်းကိုရင်ဆိုင်ကြရမည်။ ဤအချိန်သည် ခရစ်တော်ကို ဆဲဆိုလှောင်ပြောင်ရမည့်အချိန်မဟုတ်။ ထိုရှေးရိုးဝါဒီဘာသာရေးခေါင်းဆောင်များကိုပင် ကျိန်ဆဲရမည့်အချိန်မဟုတ်။ သူတို့သည် ကိုယ့်ပြဿနာကိုယ်ရှင်းကြလိမ့်မည်။ ဤအချိန်

သည် ဘုရားသခင်ကို ရင်ဆိုင်ရန်အတွက် အဆင်သင့်ဖြစ်ရမည့်အချိန်ဖြစ်သည်။ သူသည် ခရစ်တော်ကို ကျိန်ဆဲလျက် ပုတ်ခတ်ဝေဖန်နေသော အခြားရာဇဝတ်သား ထံပြန်လှည့်လျက် *"သင်သည် သူနှင့်တူညီသောအပြစ်စီရင်ခြင်းကိုခံရလျက်ပင် ဘုရားသခင်ကိုမကြောက်သလော။ ငါတို့သည် ငါတို့ပြုခဲ့သည့်အမှုများနှင့် ထိုက်သင့် သောဒဏ်ကို ခံရကြသည်ဖြစ်၍ အမှန်ပင်တရားပါသည်။ ဤအရှင်မူကား မည်သည့် အပြစ်ကိုမျှ မပြုခဲ့ပါ"* ဟု လှမ်းအော်လိုက်သည်။

သို့သော် သူ့အတွေးများသည် သူ့ထံချက်ချင်းပြန်ရောက်လာသည်။ သူသည် ဘုရားသခင်နှင့်အဆင်ပြေအောင် ဘယ်လိုလုပ်ရမည်နည်း။ သူသည် အတိတ်က မည်သည့်ကောင်းမှုမျှ မလုပ်ခဲ့။ သူ့အတွက် အချိန်အနည်းငယ်သာကျန်ပြီး သူ့လက်နှင့်ခြေတို့သည် လက်ဝါးကပ်တိုင်ပေါ် သံမှိုရိုက်ထားခြင်းခံနေရသည်ဖြစ်၍ အနာဂါတ်တွင်အပြောင်းအလဲလုပ်ဖို့လည်း မဖြစ်နိုင်တော့ချေ။ သူ့ဦးနှောက်ထဲဝင်လာသည့် နာကျင်မှုများကြောင့် ဆုတောင်းရန်ပင် မဖြစ်နိုင်တော့သည့် အခြေအနေမျိုးဖြစ်နေသည်။ ထို့ပြင် ဆုတောင်းမည်ဆိုလျှင်လည်း မည်သို့ဆုတောင်းရမည်ကို သူမသိ။ ဆုတောင်းခြင်းသည် သူ့လိုင်းမဟုတ်။ ဤယေရှုသည် သူကိုယ်တိုင်ပြောသည့်အတိုင်း ဘုရားဘုရင်ဖြစ်လျက် တစ်နေ့သောအခါ မိမိ၏ဘုရင်နှင့်ဆိုင်သောဘုန်းတန်ခိုးဖြင့် ပြန်လာမည်ဖြစ်ကြောင်း သူအပြည့်အဝယုံကြည်သည်။ ထိုအချက်သည် ဘုရားသခင်နှင့် ကျရောက်လာမည့်တရားစီရင်ခြင်းတို့ကဲ့သို့ သေချာမှုရှိသည်။

သူသည် အရင်က ရှင်ဘုရင်များအကြောင်းကို မစဉ်းစားခဲ့ဖူးသကဲ့သို့ မည်သည့်ဘုရင်ကိုမျှလည်း နာခံရန်မစဉ်းစားခဲ့ဖူးပေ။ သို့သော် မိမိခြေလက်တို့ကို လက်ဝါးကပ်တိုင်ပေါ် သံမှိုနှင့်ရိုက်သောသူတို့ကို ခွင့်လွှတ်ရန်ဆုတောင်းပေးသောဘုရင်တစ်ပါးကို သင်လည်း လေးစားမိနိုင်ပါသည်။ သူ့နိုင်ငံတော်၌ ရှိနေခြင်းနှင့် သူ့အပေါ် နာခံခြင်းတို့ကို သူအရေးထားမည်မဟုတ်။ သို့သော် မိမိအားနည်းချက်ကို ဝန်ခံလာသော ဤမင်းမဲ့ဝါဒီတစ်ယောက်အတွက် ကိုယ်တော်၏နိုင်ငံတော်ထဲဝင်ရောက်ရန် အခွင့်အရေးရှိပါသလား။ ဤဘုရင်သည် *"အိုအဖ၊ သူတို့သည် မိမိတို့ပြုနေသောအမှုကို မသိကြသည်ဖြစ်၍ သူတို့ကိုခွင့်လွှတ်တော်မူပါ"* ဟုဆုတောင်းပေးသည် မဟုတ်ပါလား။ ထိုသူတို့သည် သူတို့လုပ်နေသောအရာကို သေချာမသိခဲ့ကြသောကြောင့် ခွင့်လွှတ်ခြင်းခံရနိုင်သည်ဆိုလျှင် သူသည်လည်း ဘုရားသခင်၏ဤရှင်ဘုရင်သည် မည်မျှအံ့သြဖွယ်ကောင်းသည်ကို မသိခဲ့ရိုးအမှန်ပင်ဖြစ်သည်။ ဤဘုရင်

မျိုးကို တော်လှန်ပုန်ကန်ရန် သူလုံးဝမရည်ရွယ်ခဲ့ပါ။ သူက " *သခင်၊ ကိုယ်တော်သည် နိုင်ငံတော်တည်လျက်ကြွလာတော်မူသောအခါ အကျွန်ုပ်ကို အောက်မေ့တော်မူပါ"* ဟု လျှောက်ခဲ့သည်။ သူသည် ဤဘုရင်၏ နိုင်ငံတော်ထဲဝင်ရောက်လိုသည်။ ဤဘုရင်ကို နာခံသောသူဖြစ်လိုသည်။

ထိုအခါ လူနှင့်ဘုရားသခင်ကို ပုန်ကန်ခဲ့သော သနားစရာ ထိုလူသားထံသို့ နှိပ်စက်ကလူပြုမှုခြင်းခံရသည့်သူ့ဘဝ၏ နောက်ဆုံးအချိန်အတွင် ဘုရင်တကာတို့၏ ဘုရင်ကိုယ်တိုင်ထံမှ နှောင့်နှေးခြင်းမရှိဘဲရောက်လာသည့် ရှင်းလင်းပြတ်သားသောစကားမှာ *ငါအမှန်ဆိုသည်ကား၊ ယနေ့တွင် သင်သည် ငါနှင့်အတူပရဒိသုဘုံ၌ရှိလိမ့်မည်* ဟူ၍ဖြစ်သည်။

## လေ့လာမှုနှင့်ဆွေးနွေးမှုဆိုင်ရာမေးခွန်းများ

၁။ ရာဇဝတ်သားတစ်ဦးက ခရစ်တော်ကို ကျိန်ဆဲနေချိန်တွင် အခြားရာဇဝတ်သားက အဘယ်ကြောင့် ခွင့်လွှတ်ခြင်းကို တောင်းခံခဲ့သနည်း။

၂။ ခရစ်တော်သည် အခြားသောဘုရင်များနှင့်မတူဘဲ မည်ကဲ့သို့ထူးခြားမှုများရှိသည်ဟု ထိုသေခါနီးရာဇဝတ်သားတစ်ဦးက သိရှိသွားခဲ့သနည်း။

၃။ ထိုသေခါနီးရာဇဝတ်သားအတွက် 'ဘာသာရေး'နှင့် ခရစ်တော်အပေါ် ယုံကြည်ခြင်းတို့ မည်သို့ကွာခြားကြသနည်း။

၄။ ဤအဖြစ်အပျက်အားဖြင့် နောင်တရခြင်းကို ကျွန်ုပ်တို့မည်ကဲ့သို့နားလည်သဘောပေါက်ကြသနည်း။

၅။ ယနေ့ ခရစ်တော်၏ အခွင့်အာဏာထံ ကျွန်ုပ်တို့မည်ကဲ့သို့ဆက်ကပ်နိုင်သနည်း။

၆။ ခရစ်တော်သည် ကျွန်ုပ်၏ သစ္စာရှိမှုကို တောင်းဆိုနိုင်ပါသလား။ သင့်အဖြေသည် မည်သည့် အခြေခံအချက်ပေါ် တည်သနည်း။

## နောက်ထပ်လေ့လာရန်အကြံပြုချက်များ

ဤစာစဉ်တွင် လူမှုအသိုင်းအဝိုင်း၌ ပစ်ပယ်ခံရသူများ သို့မဟုတ် ချို့ငဲ့နွမ်းပါးသူတို့နှင့်ဆိုင်သော အကြောင်းကိစ္စ ၄ ခုအကြောင်းကို ဆွေးနွေးဖော်ပြထားပါသည်။ ရှင်လုကာခရစ်ဝင်တွင် အခြားအကြောင်းကိစ္စများလည်း ဖော်ပြထားသည်။ ဤခရစ်ဝင်ကျမ်းက ကိုးကားဖော်ပြထားသောအရာအချို့ကို နမူနာအဖြစ်ဖော်ပြလျက် နောက်ခံအဖြစ်ဖတ်ရှုရန် အကြံပြုပါသည်။

| | |
|---|---|
| **ရောဂါဝေဒနာ၏ ဖိစီးမှုခံရသူများ** | **အနာကြီးရောဂါ** |
| | လု ၅း၁၂–၁၆၊ ၁၇း၁၁–၁၉၊ ၄း၂၇ |
| *နောက်ခံ* | ဝတ် ၁၃ |
| **နတ်ဆိုးကြောင့်ဖြစ်သည်ဆိုသည့် စိတ်ဝေဒနာရှင်များ** | **နတ်ပူးခြင်း** |
| | လု ၈း၂၆–၃၉ |
| *နောက်ခံ* | ဝတ် ၁၉း၃၁၊ ၁၁း၇–၈၊ ၂၀း၆၊ ၂၇၊ ၁၁း၇–၈ |
| **ဘာသာရေးရန်သူတို့၏ ဖိနှိပ်မှုခံရသူများ** | **ရှမာရိလူများ** |
| | လု ၉း၅၁–၅၆၊ ၁၀း၂၅–၃၇၊ ၁၇း၁၅–၁၉ |
| *နောက်ခံ* | ၄ရာ ၁၇၊ နေဟမိ ၊ ၄ ယော |

၁။ ငြင်းပယ်ခံရခြင်း၊ ကိုယ်ထီးတည်းဖြစ်ခြင်းနှင့် အထီးကျန်ခြင်းတို့၏ သဘာဝကို စူးစမ်းလေ့လာပါ။

၂။ လူ့အသိုင်းအဝိုင်းက ဝိုင်း၍ကြဉ်ဖယ်သည့်နည်းကိုသုံးခြင်းသည် မှန်ကန်မှုရှိမရှိ သုံးသပ်ကြည့်ပါ။ ဤနည်းသည် အကြောင်းတရားကိုဖယ်ရှားရန် အဘယ်ကြောင့် ထိရောက်မှုမရှိရသနည်း။

၃။ သားကောင်ဖြစ်ရသူအပေါ် သာမက လူ့အသိုင်းအဝိုင်းအပေါ် သက်ရောက်သည့် ရလဒ်များကို သင့်တော်သည့်နေရာတွင် လေ့လာကြည့်ပါ။

၄။ ဤအကြောင်းကိစ္စများအတွက် ခရစ်တော်အသုံးပြုသည့် ထူးခြားသောနည်းလမ်းများကို အထူးကရုစိုက်ပါ။

*စာစဉ် ၂*

# လက်ရှိဘဝနှင့်လာမည့်ဘဝအတွက် သတင်းကောင်း

အချိန်ကာလ၏ဗဟိုချက်

ထာဝရဆီသို့ဝင်ရာတံခါး

တစ်ဘက်ကမ်းသို့ဖြတ်ကျော်သည့်အခါ

တစ်ဘက်ကမ်းသို့ရောက်သည့်အခါ

# ၅

## အချိန်ကာလ၏ ဗဟိုချက်

ဖတ်ရန်အကြံပြုသည့်ကျမ်းပိုဒ်များ။ ။လု ၉း ၂၆–၃၆

ရှင်လုကာသည် ဆရာဝန်တစ်ဦးဖြစ်၍ (ကော ၄း၁၄) သူရေးသားသည့် ခရစ်ဝင်ကျမ်း၏ အချို့နေရာတွင် ဆရာဝန်တစ်ဦး၏ အထူးစိတ်ဝင်စားမှုကိုပြသသည့် လက္ခဏာအချို့ကို တွေ့ရသည်။ ထိုလက္ခဏာတွင် ကျမ်းအနက်ဖွင့်သူတို့ မကြာခဏဖော်ပြလေ့ရှိသည့်အကြောင်းအရာမှာ သွေးသွန်နာစွဲသောအမျိုးသမီးကို ရောဂါပျောက်ကင်းစေသည့်အဖြစ်ပျက်ဖြစ်သည် (လု ၈း၄၃–၄၇)။ ရှင်မာကုက ထိုအမျိုးသမီးနှင့်ပတ်သက်၍ *များစွာသော ဆေးသမားတို့လက်၌ အလွန်ခံရ၍ ဥစ္စာရှိသမျှ ကုန်သော်လည်းသက်သာမရသည် သာမက၊ အနာတိုးသော မိန်းမတစ်ယောက်* ဟုဆိုထားသည်(မာ ၅း ၂၆)။ သူ့ကိုကုသပေးသည့်ဆရာဝန်များ၏ ကုသမှု နာကျင်ပြီး ထိရောက်မှုမရှိသလောက် သူတို့ကိုပေးရသည့်ကုသခသည် မြင့်မားကြောင်းထင်ရှားသည်။ သို့သော် ရှင်လုကာ၏ တင်ပြချက်သည် ပို၍အကျဉ်းချုပ်ပြီး ဆေးကုပေးသူများအပေါ် ရိုင်းစိုင်းစွာပြောဆိုဝေဖန်မှုလည်း ပိုနည်းသည်။ ထိုအမျိုးသမီး၏ မပျောက်နိုင်သောရောဂါဝေဒနာအပေါ် အပြစ်တင်သည့်ဖော်ပြမှုမျိုးဖြစ်သည်။ သူက *ဥစ္စာရှိသမျှကို ဆေးသမားတို့အား ပေး၍ ကုန်သော်လည်း၊ အဘယ်ဆေးသမားလက်၌မျှ ချမ်းသာမရနိုင်သော မိန်းမ* ဟု ရိုးရိုးလေးဖော်ပြသည် (လု ၈း၄၃)။

### လူတို့၏ သေခြင်းတရား

ပိုမိုသိသာထင်ရှားသော ရှင်လုကာ၏ အခြားစိတ်ဝင်စားမှုတစ်ခုမှာ သေခြင်းဖြစ်သည်။ သူဆေးကုသသည့်နယ်ပယ်တွင် သူတတ်နိုင်သမျှကုသပေးသော်လည်း လွန်ဆန်၍မရသည့် ရောဂါဝေဒနာနှင့် အိုခြင်းတို့ကို ရပ်ကြည့်နေရသည့် အချိန်မျိုးရှိခဲ့ပေလိမ့်မည်။ သေခြင်းတရား၏ထူးခြားမှုကို သူအံ့ဩမိသည့် အဖြစ်အပျက်များလည်း သူကြုံခဲ့ရမည်ဖြစ်သည်။ ဒါဟာ နောက်ဆုံးကပ်ဘေး တစ်ခုဖြစ်ပါသလား။ သို့မဟုတ် ဤသေခြင်း၏နောက်တွင် တစ်စုံတစ်ခုရှိသေးသလား။ ရှိသည်ဆိုလျှင် ဘာရှိသနည်း။ လူတစ်ဦးသည် မိမိ၏နောက်ဘဝနှင့်ပတ်သက်၍ သေချာမှုရှိနိုင်ပါသလား။

ရှင်လုကာသည် ဤမေးခွန်းအားလုံး၏ အဖြေကို ခရစ်တော်၌ ရှာဖွေတွေ့ရှိခဲ့သည်။ သူသည် လောကကို ထိုအဖြေများအကြောင်း ပြောပြရန် အလိုရှိခဲ့ခြင်းမှာ မထူးဆန်းပါ။ ဘုရားသခင်ကိုမသိသောသူတို့၏ လောကတွင် စိတ်အားငယ်ခြင်း၊ အလင်းမဲ့ခြင်းနှင့် ကြောက်ရွံ့ခြင်းတို့သည် သေခြင်းကိုဝိုင်းရံနေကြသော်လည်း ခရစ်တော်သည် *သေခြင်းအကြောင်းကို ပယ်ရှား၍ အသက်ရှင်ခြင်းအကြောင်းနှင့် မဖောက်ပြန်ခြင်းအကြောင်းကို ဧဝံဂေလိတရားအားဖြင့်ထင်ရှားစေတော်မူ*ကြောင်းကို (၂တိ ၁း၁၀)ရှာဖွေတွေ့ရှိသူတို့သည် ဝမ်းမြောက်လျက် အောင်ပွဲခံခြင်းနှင့် ယုံကြည်စိတ်ချမှုတို့ကိုရရှိကြကြောင်း ယခုသူသိပြီဖြစ်သည်။

ထို့ကြောင့် သူ၏ခရစ်ဝင်ကျမ်းတွင် အခြားခရစ်ဝင်ကျမ်းများနှင့်မတူဘဲ ဤလောကမှထွက်ခွာတော့မည့်လူများ သို့မဟုတ် ထွက်ခွာစလူများနှင့် ကျွန်ုပ်တို့ကို မိတ်ဆက်ပေးလေ့ရှိသည်ကို ကျွန်ုပ်တို့တွေ့ရသည်။

ကျွန်ုပ်တို့သည် အသက်ကြီးရင့်ပြီဖြစ်သော ရှုမောင်နှင့် ဓောဓောစီးစီးတွေ့ကြရသည် (လု ၂း၂၅–၃၅)။ သူသည် ထာဝရဘုရား၏ခရစ်တော်ကို မမြင်ရမီ မသေရဟု ဗျာဒိတ်ရထားသူဖြစ်ကြောင်း ကျွန်ုပ်တို့တွေ့ရသည်။ သို့သော် သူခရစ်တော်ကိုတွေ့ရသည့်အဖြစ်အပျက်တွင် သူသည် သူငယ်တော်ယေရှုကိုကောက်ချီကာ *အစိုးရတော်မူသောအရှင်၊ ဗျာဒိတ်တော်အတိုင်း ကိုယ်တော်၏ကျွန်သည် ငြိမ်ဝပ်စွာ စုတေ့ရသောအခွင့်ကို ကိုယ်တော်သည် ယခုတွင်ပေးတော်မူ၏* ဟုသူပြောခဲ့သည်(လု ၂း၂၉)။ သူ့ခရစ်ဝင်ကျမ်း၏ အခြားအဆုံးဖက်တွင် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်ပေါ် တင်ခြင်းခံရသော ဓားပြတို့အကြောင်းကို သူပြောပြသည် (လု ၂၃း၃၉–၄၃)။ သူ့ဘဝ၏တကယ့်နောက်ဆုံးအချိန်တွင် နောင်တရလျက် ကယ်တင်ရှင်ကိုယုံကြည်သဖြင့် ကယ်တင်ရှင်၏ *ယနေ့တွင် သင်သည် ငါနှင့်အတူပရဒိသုဘုံ၌ရှိလိမ့်မည်* (လု ၂၃း၄၃)ဟူသောကျက်သရေရှိသည့်ကတိတော်ကို မိမိနား၊ မိမိနှလုံးသားဖြင့်ကြားရသည့် လူတစ်ယောက်ကို ကျွန်ုပ်တို့တွေ့ရသည်။

ရှင်လုကာက အခန်းကြီး ၇ တွင် ခရစ်တော်သည် နာဣနမြို့သို့ရောက်လာစဉ် မိမိ၏တစ်ဦးတည်းသောသား သေဆုံး၍ သင်္ဂြိုလ်ရန်လိုက်ပို့သော နှလုံးကြေကွဲသည့်မုဆိုးမတစ်ယောက်အကြောင်းပြောပြထားသည်။ ခရစ်တော်သည် အလောင်းထမ်းသူတို့ကိုရပ်စေပြီး အလောင်းစင်ကို တို့ထိကာ ထိုလူငယ်ကို အသက်ပြန်ရှင်စေလျက် သူမိခင်ထံပြန်အပ်ခဲ့သည်။

အခန်းကြီး ၇ တွင် ကပေရနောင်မြို့၌ဖြစ်ပျက်သည့် အခြားအဖြစ်အပျက်တစ်ခုကို မှတ်တမ်းတင်ထားသည်။ ခရစ်တော်သည် အသက် ဆယ့်နှယ်နှစ်အရွယ်တစ်ဦးတည်းသောသမီးလေးသေဆုံးသွားသည့်အိမ်သို့ ဝင်ခဲ့သည်။ အိမ်အပြင်၌ ငှားထားသည့်အငိုသည်တို့သည် ပတ်ဝန်းကျင်ကို မိမိတို့၏နှလုံးသားမပါသော ငိုကြွေးခြင်းနှင့် လွှမ်းမိုးစေကြသည်။ ခရစ်တော်က သူတို့ကိုတိတ်ဆိတ်စွာနေစေပြီး *သူငယ်သေသည် မဟုတ်၊ အိပ်ပျော်သည်* (လု ၈း၅၂) ဟုဆိုကာမိန်းကလေးငယ်၏လက်ကိုကိုင်ကာ ထမြောက်စေပြီး သူ့မိဘများကို ပြန်အပ်ခဲ့သည်။

## ဘဝ၏ အဆုံး

ရှင်လုကာဖော်ပြသည့်အဖြစ်အပျက်အားလုံးသည် ညီတူညီမျှပျော်စရာကောင်းကြသည်တော့မဟုတ်ပါ။ သူ့ခေတ်သူ့အခါကလည်း ကျွန်ုပ်တို့ခေတ်ကာလကဲ့သို့ပင် သေခြင်းအကြောင်းစဉ်းစားရန် ငြင်းဆန်ပြီး ၎င်းအတွက်ပြင်ဆင်မှုမပြုလိုသောသူ များစွာရှိခဲ့ပါသည်။

သူတို့သည် မျက်စိစုံမှိတ်လျက် မိမိတို့ခေါင်းကို မိမိလုပ်ငန်း သို့မဟုတ် မိသားစုဘဝတည်းဟူသောသဲပုံထဲ၌ မြှုပ်ထားကာ ရောက်လာမည့်သေခြင်းကို မေ့ပစ်ရန်ကြိုးစားကြသည်။ သူတို့သည် ထိုသို့ပြုခြင်းအားဖြင့် မိမိတို့ဘဝကို ထူးခြားမှုမရှိ၊ အဓိပ္ပါယ်မဲ့ဖြစ်စေကြသည်။ ဘဝဆိုသည်မှာ ပန်းတိုင်တစ်ခုကိုသွားနေသော ခရီးတစ်ခုဖြစ်သည်။ ထိုပန်းတိုင်ကို ဥပေက္ခာပြုလျက် ဘဝ၏ဦးတည်ရာနှင့်ဆိုင်သည့်အတွေးရှိသမျှကို စိတ်ထဲမှထုတ်ပစ်လိုက်ခြင်းသည် အသက်ရှင်နေစဉ် လွတ်လွတ်လပ်လပ်ဖြစ်စေသည့်နည်းလမ်းတစ်ခုလိုဖြစ်နေသော်လည်း တကယ်တမ်းတွင် ထိုသို့ပြုခြင်းသည် ဘဝခရီးကို အဓိပ္ပါယ်မဲ့စေလျက် ဦးတည်ရာမဲ့တဝဲလည်လည်ဖြစ်စေကာ နောက်ဆက်တွဲထာဝရကာလကို ဘေးဒုက္ခနှင့်သာပြည့်စေပါသည်။

ထို့ကြောင့် ရှင်လုကာက ကျွန်ုပ်တို့ကို သတိပေးထားပါသည်။ အခန်းကြီး ၁၂ တွင် ဘုရားသခင်အကြောင်း၊ သေခြင်းအကြောင်းနှင့် နောင်ဘဝအကြောင်းကို မစဉ်းစားဘဲအသက်ရှင်သော ချမ်းသာအောင်မြင်သည့်လယ်သမားပုံဥပမာကို သူမှတ်တမ်းတင်ထားသည်။ *အချင်းလူမိုက်၊ ယနေ့ညဉ့်ပင် သင်၏ဝိညာဉ်ကို ရုပ်သိမ်းရာအချိန်ရောက်လိမ့်မည်* (လု ၁၂း၂၀) ဟူသောအသံရုတ်တရက် ရောက်လာချိန်တွင်

သူသည် အလွန်ဝမ်းမြောက်စွာအနားယူရန် အစီအစဉ်ဆွဲနေသည့်အချိန်ဖြစ်သည်။ ထိုအခါ သူသည် လုံးဝပြင်ဆင်မှုမရှိဘဲ ထာဝရထဲသို့သွားခဲ့ရသည်။

ထိုနည်းတူပင် အခန်းကြီး ၁၆ တွင်လည်း ခရစ်တော်က သူဌေးတစ်ဦးနှင့် သူတောင်းစားတစ်ဦးအကြောင်း ပြောပြထားသည်။ ဒီတစ်ခုကို ပုံဥပမာဟုမပြော ထားပါ။ သူတောင်းစားသည် သူ့ဘဝ၏နောက်ဆုံးနှစ်များတွင် ပူပင်သောကများရ သော ဆာလောင်မှုနှင့် ဝေဒနာပြင်းထန်သောနာမကျန်းဖြစ်ခြင်းကိုခံစားခဲ့ရသည်။ သေခြင်းသည် နာကျင်မှုမှ သူ့ကိုလွတ်မြောက်စေသကဲ့သို့ ဝမ်းမြောက်ခြင်းနှင့်သက်သာခြင်းတို့ဖြင့် သူ့ကိုမိတ်ဆက်ပေးခဲ့သည်။ *ကောင်းကင်တမန်တို့သည်* (သူ့ကို) *အာဗြဟံ၏ရင်ခွင်သို့ ပို့ဆောင်ကြ၏။* (လု ၁၆း ၂၂)။

သူဌေးမှာ ထိုသို့မဟုတ်ခဲ့။ ဘဝသည် သူ့ကို စည်းစိမ်များပေးခဲ့သည်။ သို့သော် ကျေးဇူးသိစိတ်နှင့် ယုံကြည်ခြင်းတို့ သူ၌မရှိခဲ့။ သူသည် အချိန်ဖြုန်းလျက် ယုံကြည်ခြင်းမရှိ၊ စိတ်အလိုလိုက်၍သာနေလာခဲ့သည်။ နောင်တလည်းမရ၊ ယုံကြည်ခြင်းလည်းမရှိသောသူတို့၌ဖြစ်ပျက်လာမည့်အရာများ သမ္မာကျမ်းစာကပြောပြထားသည်ကို သူမယုံကြည်ခဲ့၊ အလေးအနက်လည်းမထားခဲ့ပေ။ ထိုအရာတို့ အမှန်တကယ်ဖြစ်ကြောင်းသူသိသည့်အချိန်သည် အလွန်နောက်ကျနေပြီဖြစ်သည် (လု ၁၆း၁၉–၃၁)။

## ကောင်းကင်အတွက်ပြင်ဆင်ပါ။

လာမည့်ကမ္ဘာ၏စစ်မှန်မှုအကြောင်းကို မယုံကြည်သူတို့ကိုသာ သတိပေးရန်လိုသည်မဟုတ်။ ဤဘဝကိုစွန့်ခွာခြင်းသည် သခင်ဘုရားနှင့်အတူနေရန်အတွက်ဖြစ်သည့် ခရစ်တော်ကိုယုံကြည်သောသူတို့သည်လည်း လာမည့်ဘဝ၏စစ်မှန်မှုကို သိထားရန်လိုပါသည်။ အဘယ်ကြောင့်ဆိုသော် ယခုလက်ရှိဘဝသည် နောင်ဘဝအပေါ် အကျိုးသက်ရောက်မှုရှိသောကြောင့်ဖြစ်သည်။ ရှင်ပေါလုက *မှန်သောအသက်ကို ဝင်စားလိုသော်ငှာ၊ နောင်ဘဝ၌ ကောင်းသောဘဏ္ဍာကို မိမိတို့အဘို့ဆည်းဖူးခြင်းတို့ကို ပြုရမည်အကြောင်း ပညတ်ထားလော့* ဟုမှာကြားထားကြောင်းတွေ့ရသည်(၁တိ ၆း၁၇–၁၉)။ ထို့ကြောင့် ရှင်လုကာက အခန်းကြီး ၁၆ တွင် ခရစ်တော်၏ အခြားပုံဥပမာတစ်ခုဖြစ်သည့် မတရားသောဘဏ္ဍာစိုးပုံဥပမာကို ကြားညှပ်ဖော်ပြထားသည်

(လု ၁၆း၁–၁၃)။ ၎င်းက ယုံကြည်သူများအား မိမိတို့၏ အရည်အချင်း၊ ငွေ၊ အချိန်၊ စွမ်းရည်တို့ကို အနာဂါတ်အတွက် အသုံးပြုရန် အလေးအနက်တိုက်တွန်းသည်။ လူသည် ကယ်တင်ခြင်းကို မိမိ၏တန်ဖိုးရှိသောပိုင်ဆိုင်မှုဖြင့် ရယူရန်တော့ ကြိုးစား၍မရပါ။ အဘယ်ကြောင့်ဆိုသော် ကယ်တင်ခြင်းသည် လက်ဆောင်ဖြစ်သည်။ သို့သော် သူပိုင်ဆိုင်သောအရာများကို အခြားသူတို့၏ဝိညာဉ်ရေးအတွက် အသုံးပြုပါက ထိုသို့ပညာရှိစွာအသုံးပြုခြင်း၏ရလဒ်အဖြစ် ထာဝရဝမ်းမြောက်မှုများကို ခံစားရမည်ဖြစ်သည်။

ယာဏ္ဍရှသမီး၏ အဖြစ်အပျက်မှလွဲ၍ ဤအဖြစ်အပျက်အားလုံးနှင့်ပုံဥပမာအားလုံးကို ရှင်လုကာခရစ်ဝင်၌သာ တွေ့ရသည်။ ၎င်းတို့က သေခြင်းနှင့် သေခြင်း၏နောက်ပိုင်းတို့နှင့်ဆိုင်သောအကြောင်းအရာများကို မီးမောင်းထိုးပြကြသည်။ ဤအကြောင်းအရာများကို ဤစာစဉ်တွင် ပိုမို၍အသေးစိတ်လေ့လာသင့်ပါသည်။ သို့သော် ကျွန်ုပ်တို့သည် ဦးစွာ ဤခရစ်ဝင်ကျမ်း၏အဓိကအဖြစ်အပျက်ကို နှိုက်နှိုက်ချွတ်ချွတ်စစ်ဆေးရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်း၏အချက်အချာနှင့်အထွတ်အထိပ်တို့သည်လည်း ဤတူညီသောအကြောင်းအရာနှင့် ပတ်သက်ဆက်စပ်သောကြောင့်ဖြစ်သည်။

စာသားအတိုင်းအဓိပ္ပါယ်ကောက်ယူသည့်ရှုထောင့်မှကြည့်လျှင် ရှင်လုကာခရစ်ဝင်ကျမ်းသည် အဓိကအပိုင်းနှစ်ပိုင်းရှိ၍ ဒုတိယအပိုင်းသည် ၉း၅၁ တွင်စသည်။ ဤအဆင့်တွင် ရှင်လုကာက သခင်ဘုရားသည် ကောင်းကင်သို့ပြန်ကြွချိန်နည်းကပ်လာသောကြောင့် ဂျေရုဆလင်ဘက်သို့ဦးတည်လျက်ရှိကြောင်း ကျွန်ုပ်တို့ကို ပြောပြထားသည်။ ဤနေရာအထိ ခရစ်တော်သည် လောကသို့ကြွလာတော်မူလျက် ကျွန်ုပ်တို့နှင့်ပိုပိုနီးကပ်လာပြီး တစ်ဖန် ဤနေရာမှစ၍ လောကမှပြန်လည်ထွက်ခွာကာ မိမိထွက်လာရာနေရာသို့ပြန်သွားရန် ပြင်ဆင်သည့်ဖြစ်စဉ်ထဲတွင်ရှိသည်။ ဤခရစ်ဝင်ကျမ်း၏အရေးပါသောအပြောင်းအလဲဖြစ်ရပ်သည် ၉း၅၁ ဖြစ်သည်။ ဤဖြစ်ရပ်မတိုင်မီ အဓိကနောက်ဆုံးအဖြစ်အပျက်သည် ရှင်လုကာခရစ်ဝင်ကျမ်း၏ တိုက်ရိုက်အဓိပ္ပါယ်ကောက်ယူခြင်းအတွက် ဗဟိုချက်ဖြစ်သည်။ ထိုအဖြစ်အပျက်မှာ တောင်ပေါ်၌အဆင်းအရောင်တော်ပြောင်းလဲခြင်းဖြစ်သည်။ ၎င်းကို သူတို့တောင်ပေါ်မှပြန်ဆင်းသွားသည့်အဖြစ်အပျက်ကလိုက်လာသည် (၉း၂၈–၅၀)။

ရှင်မာကုနှင့် ရှင်မဿဲတို့လည်း အဆင်းအရောင်တော်ပြောင်းလဲခြင်းကို မှတ်တမ်းတင်ကြသော်လည်း ရှင်လုကာတစ်ဦးတည်းကသာ ၎င်းကို မိမိခရစ်ဝင်ကျမ်း၏ အခရာတစ်ခုအဖြစ်ဖော်ပြထားသည်။

မည်မျှခံ့ညားထယ်ဝါသည့် အခရာတစ်ခုဖြစ်ပါသနည်း။ ကျွန်ုပ်တို့သိရသည်မှာ– ခရစ်တော်ဆုတောင်းနေအချိန် *မျက်နှာတော်သည် ထူးခြားသောအဆင်းအရောင်ရှိ၍ အဝတ်တော်လည်း ပြောင်ပြောင်လက်လက်ဖြူ၏။* (လု ၉း၂၉–၃၀)။ ထိုထက်မကသေးပါ။ ရှင်လုကာက သခင်ဘုရား၊ မောရှေနှင့် ဧလိယတို့ ဆွေးနွေးပြောဆိုသော အကြောင်းအရာကိုပါ ဖော်ပြထားသည်။ *မောရှေနှင့်ဧလိယတည်းဟူသောလူနှစ်ယောက်တို့သည် ဘုန်းအသရေနှင့်ထင်ရှား၍ ကိုယ်တော်နှင့်အတူဆွေးနွေးလျက် ယေရုရှလင်မြို့၌ စုတေ့တော်မူမည်အကြောင်းအရာကို ပြောကြ၏။* (လု ၉း၃၀–၃၁)။ စဉ်းစားကြည့်ပါ။ ဘုန်းတော်ရောင်ခြည်ထွန်းလင်းသည့် အဖြစ်အပျက်တွင် သူတို့ဆွေးနွေးသည့်အကြောင်းအရာမှာ သေခြင်းအကြောင်းဖြစ်နေသည်။

## ခရစ်တော်၏ အသေခံခြင်း

သို့သော် သူတို့ဆွေးနွေးသည့်သေခြင်းသည် အခြားသူ၏သေခြင်းမဟုတ်။ ခရစ်တော်၏ အသေခံခြင်းအကြောင်းဖြစ်သည်။ ဤအကြောင်းအရာကိုဆွေးနွေးသူတို့သည် မောရှေနှင့်ဧလိယဖြစ်ကြခြင်းမှာ အလွန်အပ်စပ်မှုရှိသောအချက်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူတို့ဤလောကမှထွက်ခွာသွားပုံသည် မှတ်သားစရာကောင်းကြသည်။ မောရှေသေဆုံးသွားသည့်အခါ ဘုရားသခင်သည် သူ့ကိုသင်္ဂြိုဟ်ခဲ့၍ သူ့သင်္ချိုင်းကို ယနေ့ထိလူတို့မတွေ့ရပေ (တရား ၃၄း၆)။ ဧလိယမှာ သေခြင်းကိုမဖြတ်ကျော်ရဘဲ ကောင်းကင်သို့ မြင်းရထားဖြင့် အသက်ရှင်လျက်ခေါ်ဆောင်ခြင်းခံခဲ့ရသည် (၄ရာ ၂း၁၁)။

သို့သော် သူတို့သည် ဤနေရာတွင် သူတို့ဤလောကမှထွက်ခွာရသည့်ပုံစံနှင့်မတူ တမူထူးသည့် လောကမှထွက်ခွာခြင်းအကြောင်းကို ဆွေးနွေးခဲ့ကြသည်။ ခရစ်တော်၏အသေခံခြင်းသည် သေခြင်း၏တန်ခိုးကို ဖျက်ဆီးမည့်သေခြင်းဖြစ်သည်။ ထိုအကြောင်းကို ဟေဗြဲ ၂း၁၄–၁၅ ကလည်း ဤသို့ဆိုထားသည် – *ထိုသူငယ်တို့သည် အသွေးအသားနှင့် ဆက်ဆံကြသောကြောင့်၊ ခရစ်တော်သည် အသေခံ*

*တော်မူသောအားဖြင့်၊ သေခြင်းတရားကို အစိုးရသောသူတည်းဟူသော မာရ်နတ်၏တန်ခိုးကိုချိုးဖဲ့ဖျက်ဆီးခြင်းငှာရင်း၊ သေဘေးကိုကြောက်၍ တစ်သက်လုံးကျွန်ခံရသောသူတို့ကို ကယ်လွှတ်ခြင်းငှာရင်း၊ ထိုသူငယ်တို့၏နည်းတူအသွေးအသားကို ဆောင်ယူ တော်မူ၏။*

ထို့အပြင် ခရစ်တော်၏အသေခံခြင်းသည် သေဘေးကိုကြောက်ခြင်းကို သာမက ၎င်း၏အဆိပ်ဆူးကိုပါ ယုံကြည်သောသူတို့ထံမှ ဖယ်ရှားပေးခဲ့သည်။ ရှင်ပေါလုက *သေခြင်း၏အဆိပ်ဆူးသည် အပြစ်ဖြစ်*သည်ဟုပြောထားသည် (၁ကော ၁၅း၅၆)။ သေဆုံးခြင်းဖြစ်စဉ်သည် အလွန်နာကျင်ရသောအရာတစ်ခုဖြစ်နိုင်သကဲ့သို့ မိမိချစ်ခင်သူများနှင့်ခွဲခွာရသည့်အချိန်အခါသည် အလွန်ဝမ်းနည်းစရာကောင်းနိုင်ပါသည်။ သို့သော် သေခြင်း၏အဆိပ်ဆူးသည် ဤအရာများ၌မရှိပါ။ ၎င်းသည် အပြစ်ထဲ၌ရှိသည်။ အသိစိတ်နှင့် ဘုရားသခင်၏နှုတ်ကပတ်တော်တို့က သေခြင်း၏နောက်၌ တရားစီရင်ခြင်းလာမည်ဖြစ်ကြောင်းကို ကျွန်ုပ်တို့အားပြောနေသည်။ ထို့ကြောင့် သေခြင်းက ကျွန်ုပ်တို့အား ရှောင်လွှဲမရသောမေးခွန်းနှင့်ရင်ဆိုင်စေသည်– "ဘုရားသခင်သည် ကျွန်ုပ်၏အပြစ်နှင့်ပတ်သက်၍ဘာပြောမလဲ။ အကျိုးဆက်အဖြစ် ဘုရားသခင် ကျွန်ုပ်အပေါ် ဘာလုပ်မလဲ။"

ကျွန်ုပ်တို့၏အပြစ်များသည် ကျွန်ုပ်တို့သေပြီးသည့်အခါ မေ့ပစ်ခြင်းခံရမည် သို့မဟုတ် ၎င်းတို့၌ အလိုလိုပျက်ပြယ်သွားလိမ့်မည်ဟု တွေးထင်နေလျှင် အချည်းနှီးဖြစ်သည်။ ထိုအဖြစ်မျိုးကို ဒဏ္ဍာရီပုံပြင်များတွင်သာ တွေ့ရသည့်အရာဖြစ်သည်။ တကယ့်ဘဝတွင် ထိုသို့မဟုတ်ပါ။ အပြစ်သည် ပေါ့သေးသေးထားရမည့်အရာမဟုတ်။ ၎င်းသည် ဘုရားသခင်၏ပညတ်တော်ကိုဆန့်ကျင်ခြင်းဖြစ်သည်။ ထို့ကြောင့်လည်း ရှင်ပေါလုပြောသည့်အတိုင်း *အပြစ်၏တန်ခိုးသည် ပညတ်တရားဖြစ်၏* (၁ကော ၁၅း၅၆)။ ဘုရားသခင်က မိမိပညတ်တော်ကို ပြန်လည်ရုပ်သိမ်းခြင်းမပြုသရွေ့ အပြစ်သည် အရေးပါနေဦးမည်ဖြစ်သည်။ ဘုရားသခင်ထိုသို့ပြုမည်မဟုတ်။ သခင်ဘုရားက ဤသို့ပိုမိုတိကျစွာမိန့်တော်မူထားသည်– *ကောင်းကင်နှင့် မြေကြီးကွယ်ပျောက်သွားသည့်တိုင်အောင် ပညတ်တရားကျမ်းထဲမှ အရာအားလုံးမပြည့်စုံမီ အသေးဆုံးစာလုံးသို့မဟုတ် သေးသေးတင်တစ်လုံးမျှပင် မကွယ်ပျောက်ရာ* (မ ၅း၁၈)။

ထို့ကြောင့် သေခြင်းတရားသည် ကျွန်ုပ်တို့ရုပ်ခန္ဓာကိုဖြိုသည့်အချိန်၌ နာကျင်မှုက ကျွန်ုပ်တို့ကိုတိုက်ခိုက်နိုင်ပါသည်။ သို့သော် ဘုရားသခင်၏ပလ္လင်ကိုရင်

ဆိုင်စေသည့် ၎င်း၏ အမြီးမှအဆိပ်ဆူးသည် ကျွန်ုပ်တို့အား အနာကျင်စေဆုံးအဆိပ်ဆူးဖြစ်သည်။ ထိုအဆိပ်ဆူးကို မည်ကဲ့သို့ဖယ်ရှားမည်နည်း။ အဖြေမှာ ခရစ်တော်ကိုယ်စားအသေခံခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်းပင်ဖြစ်သည်။ သတင်းကောင်းမှာ– *ခရစ်တော်သည် ကျမ်းစာလာသည်အတိုင်း ငါတို့အပြစ်ကြောင့် အသေခံတော်မူ၏။ သင်္ဂြိုဟ်ပြီးမှ၊ ကျမ်းစာလာသည်အတိုင်း သုံးရက်မြောက်သောနေ့၌ ထမြောက်တော်မူ၏။* (၁ကော ၁၅း၃–၄)။ ၎င်းမှာ– *ငါတို့သည် အပြစ်ရှိစဉ်ပင်၊ ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံတော်မူသည်ဖြစ်၍၊ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက်ချစ်တော်မူသည်ကို ငါတို့အား ထင်ရှားစွာပြတော်မူ၏။ သို့ဖြစ်၍ယခုတွင် အသွေးတော်အားဖြင့် ဖြောင့်မတ်ရာသို့ ရောက်ပြီးမှ၊ ထိုသခင်အားဖြင့်အပြစ် ဒဏ်မှ ကယ်ချွတ်တော်မူခြင်းသို့ ရောက်မည်ဟုသာ၍မြော်လင့်စရာရှိ၏* (ရော ၅း၈–၉)။

ထို့ကြောင့် ကိုယ်တော်က ဂျေရုဆလင်၌ပြီးမြောက်စေရမည့်အရာကို အဆင်းအရောင်တော်ပြောင်းလဲရာတောင်ပေါ်၌ ခရစ်တော်၊ မောရှေနှင့် ဧလိယတို့ ဆွေးနွေးကြသည့်အချက်မှာ စိတ်ဝင်စားစရာကောင်းသည်။ ဤရှုထောင့်မှ ကြည့်လျှင် ၎င်းသည် ဘေးဒုက္ခတစ်ခု သို့မဟုတ် အဖြစ်ဆိုးတစ်ခုမဟုတ်ပါ။ ၎င်းသည် တမင်ရည်ရွယ်လျက်ကြံစည်ထား၍ တမင်ရည်ရွယ်လျက်လိုက်နာဆောင်ရွက်သောအရာဖြစ်သည်။ ခရစ်တော်က အခြားအဖြစ်အပျက်တစ်ခုတွင် *ငါ့အသက်ကို အဘယ်သူမျှမလုမယူ။ ကိုယ်အလိုအလျောက်ငါစွန့်၏။ ကိုယ်အသက်ကို စွန့်ရသောအခွင့်နှင့် နောက်တဖန်ကိုယ်အသက်ကို ယူပြန်ရသောအခွင့်သည် ငါ၌ရှိ၏* ဟုမိန့်တော်မူထားသည် (ယော ၁၀း၁၈)။

ဤရှုထောင့်မှကြည့်လျှင်လည်း ကိုယ်တော်၏အသေခံတော်မူခြင်းအကြောင်းကို ဆွေးနွေးသူတို့သည် မောရှေနှင့်ဧလိယတို့ဖြစ်နေခြင်းမှာ ထူးခြားမှုရှိပြန်သည်။ မောရှေသည် ပညတ်တရားကိုပေးသူဖြစ်ပြီး ဧလိယသည် အကျော်ကြားဆုံးဓမ္မဟောင်းပရောဖက်များထဲမှ တစ်ပါးဖြစ်သည်။ သို့သော် ဓမ္မဟောင်းပညတ်တော်အားလုံးနှင့် ဓမ္မဟောင်းပရောဖက်အားလုံးတို့က ခရစ်တော်၏ကြွလာခြင်းနှင့် အသေခံတော်မူခြင်းတို့ကို ကြိုတင်ညွှန်ပြကြသည်။ ခရစ်တော်အသေခံပြီး သုံးရက်ကြာသည့်အခါ ဧမောက်ရွာသို့ပြန်သွားရင်း ခရစ်တော်အသေခံသည့်အတွက် စိတ်မချမ်းမသာဖြစ်လျက် စိတ်ပျက်ကာ သူသည် ခရစ်တော်ဟုတ်ပါရဲ့လားဟု တွေဝေနေကြသောတပည့်တော်နှစ်ဦးအကြောင်းကို ရှင်လုကာက နောက်ပိုင်းတွင်

ဖေါ်ပြထားသည်။ ယေရှုကိုယ်တိုင်သည် သူတို့ထံချဉ်းကပ်တော်မူလျက် *-ပရောဖက်ဟောပြောသောစကားများကို ယုံနိုင်အောင် ဉာဏ်မရှိ၊ စိတ်နှိုင်မာသောသူတို့၊ ခရစ်တော်သည် ဤသို့ပင်အသေခံ၍ မိမိဘုန်းစည်းစိမ်တော်ကို ဝင်စားရမည်မဟုတ်လော-ဟု မိန့်တော်မူ၏။ ထိုအခါ မောရှေ၏ကျမ်းစာမှစ၍ပရောဖက်တို့၏ ကျမ်းစာများ၌ ကိုယ်တော်ကို ရည်မှတ်၍ ရေးထားသမျှသော ကျမ်းစာချက်အနက်ကို ရှင်းလင်းစွာဖော်ပြတော်မူ၏* (လု ၂၄း၂၅–၂၇)။

ခရစ်တော်၏ အသေခံခြင်းသည် သမိုင်းကြောင်းတစ်ခုလုံး၏ ဗဟိုချက်ဖြစ်သည်။ ဓမ္မဟောင်းကာလ ဘုရားသခင်၏ အကြံအစည်တော်ရှိသမျှသည် ၎င်းဆီသို့ ဦးတည်ရွေ့လျားနေပြီး ဘုရားသခင်၏ အကြံအစည်ရှိသမျှတို့သည် ၎င်းပေါ်၌ အခြေပြုလျက် ပြည့်စုံခြင်းသို့ရောက်ကြသည်။

## လေ့လာမှုနှင့်ဆွေးနွေးမှုဆိုင်ရာမေးခွန်းများ

၁။ ခရစ်ယာန်များက ခရစ်တော်၏ အသေခံခြင်းသည် အချိန်ကာလ၏ ဗဟိုချက်ဖြစ်သည်ဟု အဘယ့်ကြောင့်ဆိုကြသနည်း။

၂။ ဘုရားသခင်၏ ရှုထောင့်အမြင်အရ ခရစ်တော်၏ အသေခံခြင်းအဘယ့်ကြောင့် လိုအပ်သနည်း။

၃။ ခရစ်တော်၏ အသေခံခြင်းသည် သေခြင်း၏ တန်ခိုးကို မည်ကဲ့သို့ဖျက်ဆီးခဲ့သနည်း။ (ဟေဗြဲ ၂း၁၄–၁၅)

၄။ ယနေ့ လူတစ်ဦးစီသည် ကောင်းကင်ဘုံအတွက် မည်ကဲ့သို့စိတ်ချမှုရနိုင်မည်နည်း။

၅။ ခရစ်တော်၏ အသေခံခြင်းသည် လူတစ်ဦးချင်းစီ၏ အပြစ်နှင့် ခွင့်လွှတ်ခြင်းတို့အပေါ် မည်သည့်အကျိုးသက်ရောက်မှုရှိသနည်း။

# ၆

## ထာဝရဆီသို့ဝင်ရာတံခါး

ဖတ်ရန်အကြံပြုသည့်ကျမ်းပိုဒ်များ။ ။ လု ၆း ၂၆–၃၆

ကျွန်ုပ်တို့၏နောက်ဆုံးလေ့လာမှုတွင် ကိုယ်တော်တောင်ပေါ်၌အဆင်း အရောင်တော်ပြောင်းလဲစဉ် မောရှေနှင့်ဧလိယတို့ပေါ်လာကာ ခရစ်တော်၏ အသေခံတော်မူခြင်းအကြောင်းကို ကိုယ်တော်နှင့်ဆွေးနွေးကြခြင်း၏ ထူးခြားမှုကို ကျွန်ုပ်တို့ဆင်ခြင်စဉ်းစားခဲ့ကြသည်။ ယခု ထိုအကြောင်းကို အနည်းငယ်ဆက်၍ ဆွေးနွေးလိုပါသည်။ ဧလိယသည် ပညတ်တရားကျမ်းကိုပေးခဲ့သောမောရှေနှင့် မတူဘဲ အနည်းငယ်ကိုသာရေးသားခဲ့သည်။ ကာမဲတောင်ပေါ်တွင် ဗာလဘုရား၏ ပရောက်ဖက်တို့အပေါ် အနိုင်ယူသည့် သူ၏ထင်ရှားသောအောင်ပွဲအတွက် (၃ရာ ၁၈) သူ့ကိုလူတို့သတိရကြသည်။ အလွန်အရေးပါသောထိုအဖြစ်အပျက်အတွက် အရှုံးအနိုင်ပေါ်စေမည့်အချက်မှာ မည်သူသည် စစ်မှန်သောဘုရားဖြစ်သနည်း။ ယဟောဝါထာဝရဘုရားလား သို့မဟုတ် ဗာလဘုရားလား။

သူတို့၏သဘောတူညီချက်မှာ ယဇ်ပလ္လင်များကိုတည်၍ယဇ်ပူဇော်ရန်နှင့် မီးစေလွှတ်၍ယဇ်ကိုလောင်ကျွမ်းစေခြင်းဖြင့် အဖြေပေးသောဘုရားကို စစ်မှန်သော ဘုရားအဖြစ်သတ်မှတ်ရန်ဖြစ်သည်။ မှားယွင်းသောပရောဖက်တို့သည် ဗာလက သူတို့ကိုကြားနိုင်ရန် အော်ဟစ်၍ခေါ်ကြသည်။ မိမိတို့၏ဆက်ကပ်မှုကိုပြသလျက် မိမိတို့ကိုယ်ကို ဓားနဲ့ရှစေကာ ယဇ်ပလ္လင်ဘေးတွင်ကကြသည်။ သို့သော် မီးသည် ဆင်းမလာ။ သူတို့ကိုတုန့်ပြန်သည့်အသံတစ်ခုမျှပင် မကြားရ။

ယခု ဧလိယ၏အလှည့်ရောက်လာသည်။ သူသည် ပထမ ယဇ်ကိုပြင်ဆင် လျက် ရေနှင့်စိုရွှဲအောင်လောင်းစေသည်။ ထို့နောက် မိမိနာမတော်ကို သက်သေထူ ရန်နှင့် စစ်မှန်သောဘုရားဖြစ်ခြင်းကိုပြသတော်မူရန် ဘုရားသခင်ကို လူအများရှေ့ တွင် ရိုးရိုးလေးခေါ်သည်။ ထိုအခါ ကောင်းကင်မှမီးသည်ကျလာ၍ ယဇ်၊ သစ်သား၊ ရေနှင့် ယဇ်ပလ္လင်ဆောက်သည့်ကျောက်တို့ကိုပင် လောင်ကျွမ်းခဲ့သည်။

ရာစုနှစ်များစွာကြာမြင့်ပြီဖြစ်သော်လည်း လူအားလုံးတို့အတွက် အကြီးမားဆုံးမေးခွန်းနှင့် ဆုံးဖြတ်စရာမှာ အတူတူပင်ဖြစ်နေဆဲဖြစ်သည်။ ဘုရားသခင်ရှိသလား။ ဘာသာတရားများကတော့ ရှိသည်ဟု အထပ်ထပ်ပြောနေကြသော်လည်း ဘာသာတရားတို့ကို ယုံကြည်စိတ်ချ၍ရပါသလား။ ၎င်းတို့သည် ဖြစ်ချင်သည့်ဆန္ဒကို အကောင်းဆုံးစိတ်ကူးယဉ်ခြင်းသာမဟုတ်လား။ မှော်ယောင်ယောင် နတ်ယောင်ယောင် ကာထာများရွတ်ဆိုတတ်သည့် ရှေးအယူသီးမှုသာမဟုတ်လား။ ထို့ပြင် ဘာသာတရားများအချင်းချင်းပင် တစ်ခုနှင့်တစ်ခုဆန့်ကျင်နေကြလျက် မိမိသာ အမှန်ဆုံးဟုဆိုနေကြသည်မဟုတ်လား။ ထိုသို့ဆိုလျှင် ယေရှုခရစ်က သူသည် ဘုရားသခင်၏တစ်ပါးတည်းသောသားတော်ဖြစ်သည်ဟုဆိုခြင်းကို မှန်ပါသည်ဟု မည်ကဲ့သို့ယုံကြည်နိုင်မည်နည်း။

ဤမေးခွန်းသည် အခြေခံအားဖြင့် ဧလိယခေတ်မှမေးခွန်းနှင့်အတူတူပင်ဖြစ်သကဲ့သို့ အဖြေသည်လည်း အတူတူပင်ဖြစ်၏။ ထိုအဖြေသည် ကိုယ်ကျင့်တရားနှင့်မဆိုင်ဘဲ ယဇ်ပူဇော်ခြင်းနှင့်ဆိုင်သည့်မေးခွန်းဖြစ်သည်။ ပထမဆုံးအနေဖြင့် ဘာသာကြီးအားလုံးတို့က ကိုယ်ကျင့်တရားကိုတန်ဖိုးထားရန် အရေးကြီးကြောင်း သဘောတူကြမည်ဖြစ်သည်။ ဘာသာတရားများက မောရှေ၏ပညတ်ချက်တို့ကို သဘောတူကြမည်ဖြစ်သည်။ သို့သော် တစ်စုံတစ်ဦးသည် ခေတ္တဘေးချော်လျက် မောရှေ၏ပညတ်ချက်တို့ကို မောရှေ၏ခေတ်ပြိုင်စနစ်များနှင့်နှိုင်းကြည့်လျှင် မောရှေ၏ပညတ်တို့သည် ထူးခြားနေသည်ကို သတိထားမိပေလိမ့်မည်။ အခြားလူမျိုးတို့သည် ရုပ်တုကိုးကွယ်ခြင်း၏ အဆိုးဝါးဆုံးအခြေအနေတွင် နစ်မြုပ်နေကြချိန်တွင် မောရှေတစ်ဦးတည်းက တစ်ဆူတည်းသောဘုရားကိုးကွယ်ခြင်းအကြောင်း ဟောပြောခဲ့သည်။ ထို့ပြင် မောရှေ၏ပညတ်ချက်များက ကိုယ်ကျင့်သီလသည် ဘာသာတရား၏သီးခြားခွဲထုတ်မရသောအစိတ်အပိုင်းတစ်ခုဖြစ်သည်ဟု အထပ်ထပ်ဆိုနေစဉ်တွင် များစွာသောယဉ်ကျေးမှုများအရ ဘာသာတရားသည် နတ်ဘုရားများထံမျက်နှာလိုမျက်နှာရလုပ်ခြင်း၊ သို့မဟုတ် နတ်ဘုရားတို့၏အမျက်ဒေါသကို တားဆီးရှောင်လွှဲသည့်စနစ်သာဖြစ်လျက် ဘာသာတရားတွင် ကိုယ်ကျင့်တရား၏ အခန်းကဏ္ဍအနည်းငယ်သာရှိသည်။ သင်သည် နတ်ဘုရားထံ ဆက်လက်ယဇ်ပူဇော်လျက် သူ၏အရေးပေးခြင်းကို ရရှိနေသရွေ့ သင်သည် အခြားလူသားတို့အပေါ်

မည်သို့ပင်ပြုမူပြုမူ ထိုနတ်ဘုရားသည် သင်၏အမှုကိစ္စတို့ကို ရပ်တည်ကွယ်နေမည်ဖြစ်သည်။

သို့သော် ခေတ္တဘေးချော်ရာမှ မူလအကြောင်းသို့ပြန်လှည့်ကြမည်ဆိုလျှင် ရှေးခေတ်ဘာသာတရားတို့သည် ကိုယ်ကျင့်သီလအပေါ် အလေးထားသော မောရှေ၏ပညတ်ချက်ကို သဘောတူလက်ခံကြသကဲ့သို့ ယခုခေတ်ဘာသာတရားအများစုလည်း ထိုအချက်ကို သဘောတူကြမည်ဖြစ်သည်။ အနည်းငယ်သောဘာသာတရားကတော့ ကိုယ်ကျင့်သီလသည် အရေးမကြီးဟုဆိုနိုင်ပါသည်။ လူသတ်တာ၊ မုဒိမ်းကျင့်တာ၊ လိမ်ညာတာ၊ ခိုးယူတာ၊ လောဘကြီးတာက မဆိုးပါဘူးဟုဆိုပါက လူ့အသိုင်းအဝိုင်းက မိမိကိုယ်ကိုသေကြောင်းကြံရန် အားပေးထောက်ခံခြင်းသာဖြစ်မည်။ ထို့ကြောင့် တစ်စုံတစ်ဦးက ကိုယ်ကျင့်သီလအပေါ် အခြေပြုလျက် ဘာသာတရားတို့ကို နှိုင်းယှဉ်မည်ဆိုလျှင် အချို့ဘာသာသည် အခြားတို့ထက်ပိုကောင်းသည်ဟု ပြောနိုင်မည်သေချာသည်။ သို့သော် ထိုနှိုင်းယှဉ်မှုသည် အတိုင်းအတာနှင့်ဆိုင်သည့်ကိစ္စသာဖြစ်မည်။ အခြေခံအားဖြင့် တူသည်ဟုသာဆိုရမည်ဖြစ်သည်။

## လုံလောက်သောယဇ်

သို့သော် ကိုယ်ကျင့်သီလနှင့်ဆိုင်သောသဘောတူညီမှုက ကျွန်ုပ်တို့ကို ခရစ်တော်တစ်ဦးတည်းကသာ အဖြေပေးနိုင်သောအခက်အခဲတစ်ခုဆီသို့ ခေါ်ဆောင်သွားသည်။ အပြစ်သည် ထည့်တွက်ရမည့်အရာဖြစ်နေလျှင် လူတစ်ဦးသည် မည်သည့်အချက်ပေါ် အခြေခံလျက် ခွင့်လွှတ်ခြင်းခံရနိုင်မည်နည်း။ ကိုယ်ကျင့်သီလဆိုင်ရာပညတ်တရား၏အရေးယူမှုကို ဘေးဖယ်ကာ အပြစ်ကိုမေ့ပစ်ရန် ရိုးရိုးလေးသဘောတူသော ခွင့်လွှတ်ခြင်းသည် ကိုယ်ကျင့်သီလဆိုင်ရာပညတ်တရား၏အကျိုးသက်ရောက်မှုကိုငြင်းပယ်ကာ အပြစ်သည် အရေးမကြီးတော့ကြောင်း ဝန်ခံသည်။ အခြားတစ်ဘက်တွင် ပညတ်တရား၏အရေးယူမှုကို မရမကတောင်းဆိုခြင်းသည် ကျွန်ုပ်တို့အားလုံးကို ဘေးဒုက္ခထဲရောက်စေသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့အားလုံးသည် ထိုပညတ်တရားကိုချိုးဖောက်မိခဲ့ကြပြီဖြစ်သည်။ ကိုယ်ကျင့်သီလကို မောရှေ၏ပညတ်တရား သို့မဟုတ် တောင်ပေါ်ဒေသနာအနေ ဖြင့် ကြည့်လျှင်ပင် ဤအခြေခံအကျပ်အတည်းအတွက် ထိုကိုယ်ကျင့်သီလက အဖြေမပေးနိုင်ပါ။

ယခု ဧလိယက ဦးစွာ ကာမဲတောင်ပေါ်တွင်၊ ထို့နောက် အဆင်းအရောင်တော်ပြောင်းလဲရာတောင်ပေါ်တွင် ပေးသောအဖြေကို ကြည့်ကြပါစို့။ ထိုအဖြေသည် ဘုရားသခင်လက်ခံတော်မူသော စစ်မှန်သည့်ယဇ်၌ တွေ့ရသည်။ ထိုယဇ်သည် ခရစ်တော်၏အသေခံခြင်းဖြစ်သည်။ အကြောင်းမှာ ကာမဲတောင်ပေါ်တွင် ဧလိယက ယဇ်ကိုပြင်ဆင်သောအခါ လူများစွာတို့၏မျက်စိရှေ့တွင် ကောင်းကင်မှမီးကျလာလျက် ယဇ်သည် အပြစ်ရှိသောလူတို့နှင့်ဘုရားသခင်ကို ပြန်လည်သင့်မြတ်စေရန် ဘုရားသခင်ပေးသောနည်းလမ်းဖြစ်ကြောင်း အသိအမှတ်ပြုခဲ့သည်။ ထို့ကြောင့် အဆင်းအရောင်တော်ပြောင်းလဲချိန် ဧလိယနှင့်မောရှေတို့သည် ခရစ်တော်၏အသေခံခြင်းနှင့်ယဇ်အကြောင်း ကိုယ်တော်နှင့်အတူဆွေးနွေးကြ သောအခါ မိုးတိမ်သည် တောင်တစ်ခုလုံးကိုဖုံးလွှမ်းသွား၍ *ဤသူကားငါ၏ချစ်သားပေတည်း။ သူ၏စကားကိုနားထောင်ကြလော့* ဟူသောအသံရောက်လာခဲ့သည် (လု ၉း၃၅)။

၎င်း၏ထူးခြားမှုကို ကျွန်ုပ်တို့ အပြည့်အဝနားလည်ရန်လိုပါသည်။ အကြောင်းမှာ တပည့်တော်သုံးဦးတို့သည် အစတွင်နားမလည်ခဲ့ကြချေ။ ပေတရုသည် ရင်သပ်ရှုမောဖွယ်ရာအဖြစ်အပျက်ကြောင့် ယေရှု၊ မောရှေနှင့် ဧလိယတို့အတွက် တဲသုံးဆောင်ဆောက်ခွင့်ပေးရန် တောင်းဆိုခြင်းအားဖြင့် တုန့်ပြန်ခဲ့သည်။ ခရစ်တော်ကို စော်ကားသောသဘောဖြင့်မဟုတ်ဘဲ ခရစ်တော်ကို ဂုဏ်ပြုလို၍ ဤသို့တောင်းဆိုခြင်းဖြစ်သည်။ သို့သော်သူသည် မရည်ရွယ်ဘဲ ခရစ်တော်ကို မောရှေနှင့်ဧလိယတို့နှင့် အဆင့်တူစေခဲ့သည်။ ထိုအခါ မိုးတိမ်ကြားမှ ဘုရားသခင်၏အသံသည် သူ့အပြစ်ကိုဖော်ပြပေးခဲ့သည်။ ခရစ်တော်သည် မောရှေနှင့်ဧလိယတို့နှင့် အဆင့်တူသည်ဖြစ်စေ၊ သူတို့နှင့်အမျိုးအစားတူ၍ သူတို့ထက် ပို၍အဆင့်မြင့်နေသည်ဖြစ်စေ အကျပ်ရိုက်နေသည့်ကျွန်ုပ်တို့ကို အကျိုးမပြုနိုင်ပါ။ ပညတ်တော်ကိုပေးသည့်မောရှေနှင့် ပရောဖက်ဧလိယတို့သည်လည်း အပြစ်သားများပင်ဖြစ်ကြသည်။ ကမ္ဘာ့ဘာသာရေးခေါင်းဆောင်ကြီးများအားလုံးသည် အပြစ်သားများပင်ဖြစ်ကြသည်။ သူတို့သည် အခြားသူများထက် ပိုမိုသန့်ရှင်းသူများဖြစ်ခဲ့ကြသော်လည်း လူ၏အသန့်ရှင်းဆုံးအခြေအနေသည်ပင် ဘုရားသခင်၏ပြည့်ဝသော သန့်ရှင်းခြင်းနှင့် လုံးဝမတူနိုင်ပေ။ ယေရှုခရစ်သည် အပြစ်မဲ့တော်မူလျက် ဘုရားသခင်ကိုယ်တိုင်ကဲ့သို့ အပြစ်ကင်းကာ ဘုရားသခင်သားတော်လည်းဖြစ်တော်မူသည်။

ထိုထက်မကသေးပါ။ ဘုရားသခင်၏သားတော်ကိုယ်တိုင်သည် ကိုယ်ကျင့်တရားကောင်းမွန်မှုကို ထောက်ခံသူတို့၏စံပြအဖြစ် ကျွန်ုပ်တို့အလယ်တွင် ကြွလာလျက် မိမိ၏သွန်သင်ချက်နှင့်အညီ အပြစ်မဲ့သောသူအဖြစ် အသက်ရှင်ခဲ့ကာ အခြားဘာမျှမလုပ်ခဲ့ပါက သူသည် ကျွန်ုပ်တို့ကြုံနေရသည့် အကျပ်ရိုက်ခြင်းကို မည်သို့မျှဖြေရှင်းပေးခဲ့လိမ့်မည်မဟုတ်။ ထိုသို့ဆိုပါက သူသည် အခြားဘာသာရေးခေါင်းဆောင်များနည်းတူ ကျွန်ုပ်တို့အား မိမိတို့အပြစ်များကို ပိုသတိထားမိစေပြီး အပြစ်စွဲစိတ်၏ဝန်ထုပ်ကိုသာ ထမ်းစေခဲ့မည်ဖြစ်သည်။

သို့သော် ခရစ်တော်သည် ထိုထက်မကပြုတော်မူခဲ့ပါသည်။ သူသည် ကျွန်ုပ်တို့ကြုံနေရသည့် အကျပ်ရိုက်ခြင်းကို ဖြေရှင်းပေးသာမက အခြားသူများနှင့်မတူသော မိမိ၏အတုမရှိသောအဖြစ်ကိုလည်း ပြသခဲ့သည်။ သူသည် အသေခံရန်ရည်ရွယ်ဖြင့်ကြွလာကာ ထိုရည်ရွယ်ချက်ကို ပြီးမြောက်စေရန် ဘုရားသခင်၏သားတော်အဖြစ်လည်းကောင်း၊ ခမည်းတော်နှင့်အတူရှိသောသူအနေဖြင့်လည်းကောင်း မိမိသည် လူသားအားလုံးအတွက် ရွေးနှုတ်ကယ်တင်စရာအဖိုးအခဖြစ်ကြောင်းကြေငြာလျက် မိမိကိုယ်ကိုပေးအပ်ကာ ဘုရားသခင့်ပညတ်တရား၏အရေးယူမှုကို ခံယူလက်ခံခဲ့သည်။ ထို့ကြောင့် သူ၏အသေခံတော်မူခြင်းသည် ရွေးနှုတ်ကယ်တင်ခြင်းကို အကောင်အထည်ပေါ်စေကာ ခွင့်လွှတ်ခြင်းကို လက်တွေ့ဖြစ်ပေါ်စေခဲ့သည်။ ထိုသို့ဖြစ်စေရာတွင် ပညတ်တရားကို လိုရာဆွဲပြီးပြောင်းလိုက်ခြင်းအားဖြင့်မဟုတ်သကဲ့သို့ အပြစ်ကိုအရေးမစိုက် ဘေးချထားလိုက်သည့်အပြုအမူမျိုးဖြင့်မဟုတ်ဘဲ ပညတ်တရားကို ဖြောင့်မတ်စွာရင်ဆိုင်လျက် ၎င်းကပေးသောပြစ်ဒဏ်ကိုအသိအမှတ်ပြုလျက်ခံယူတော်မူခဲ့သည်။ ထို့သို့အားဖြင့် ဖြောင့်မတ်တော်မူသောဘုရားသခင်သည် ယေရှုကိုယုံကြည်သောသူအား ဖြောင့်မတ်သည်ဟုအသိအမှတ်ပြုတော်မူရန်အတွက်ဖြစ်သည်ဟု သမ္မာကျမ်းစာက ဖော်ပြထားသည် (ရော ၃း ၂၆)။

## အတုမရှိသောခရစ်တော်

ကိုယ်တော်၏အသေခံတော်မူခြင်းသည် ကျွန်ုပ်တို့ကို အကျဉ်းအကျပ်ထဲမှလွတ်မြောက်စေသည်သာမက ခရစ်တော်ကို အတုမရှိသောအရှင်အဖြစ်ထင်ရှားစေသည်။ အခြားဘာသာရေးခေါင်းဆောင်များ သို့မဟုတ် အတွေးအခေါ်ပညာရှင်

ထဲတွင် မောရှေနှင့်ဧလိယတို့ကဲ့သို့သောပရောဖက်များနှင့် ဂျူးရှေ့ဖြစ်ဟောသူတို့၏ ကြိုတင်ဟောကြားခြင်းအားဖြင့် ကမ္ဘာလောကသို့ရောက်လာသောသူ တစ်ဦးမျှမရှိခဲ့ချေ။ လောက၏အပြစ်များအတွက် ဘုရားသခင်အား မိမိကိုယ်ကို ရွေးနှုတ်စရာအဖိုးအခအဖြစ်ပေးရန် ဤလောကသို့လာခြင်းဖြစ်သည်ဟု ကြွေးကြော်သောသူလည်း အခြားမည်သူမျှမရှိခဲ့။ ဤအခြေခံအရေးကြီးမှုနှင့် ပဓာနထူးခြားမှုတို့၏ရှုထောင့်မှ ကြည့်လျှင် ခရစ်တော်၏အခိုင်အမာပြောဆိုမှုနှင့် အခြားသူတို့ကိုနှိုင်းယှဉ်လျှင် အထူးပြောစရာမလိုတော့ပါ။ ထိုသို့အခိုင်အမာမိန့်တော်မူသောသူ ခရစ်တော်တစ်ပါးတည်းသာရှိသည်။ ထို့ပြင် ၎င်း၏မှန်ကန်မှုကိုလည်း ကျွန်ုပ်တို့သိကြသည်။ လူတစ်ဦးသည် မုန့်ကိုစား၍ အဆာပြေသည့်အခါ ထိုမုန့်သည် တကယ့်မုန့်ဖြစ်သည်ဟုသိ၍ ရေသောက်သည့်အခါ ရေငတ်ပြေ၍ ထိုရေသည် တကယ့်ရေဖြစ်ကြောင်းသိသကဲ့သို့ ခရစ်တော်၏အခိုင်အမာပြောဆိုမှုမှန်ကန်ကြောင်းကိုလည်း ကျွန်ုပ်တို့သိနိုင်သည်။ လောက၏အပြစ်များအတွက် ဘုရားပေးသောယဇ်အဖြစ် ဘုရားသားတော်၏ အသေခံခြင်းသည် အခြားမည်သည့်အရာကမျှမဖြေရှင်းပေးနိုင်သော လူတို့၏ အခြေခံ ပြဿ နာကို ဖြေရှင်းပေးသည်။

ထို့ကြောင့် အဆင်းအရောင်တော်ပြောင်းလဲရာတောင်ပေါ်တွင် အဓိကဆွေးနွေးသောအကြောင်းအရာမှာ ခရစ်တော်၏အသေခံခြင်းဖြစ်သည်။ သို့သော် ထိုအဖြစ်အပျက်အတွက် ဝမ်းနည်းပူဆွေးခြင်းမျိုးလုံးဝမရှိခဲ့သည့်အပြင် အားလုံးသည် တင့်တယ်ထွန်းတောက်နေကြသည်။ ကျွန်ုပ်တို့သိရသည့်အတိုင်း ခရစ်တော်၏မျက်နှာတော်သည် အဆင်းသဏ္ဌာန်ထူးခြားလာပြီး အဝတ်တော်သည် ဖြူဖွေးတောက်ပလာသည်။ မောရှေနှင့်ဧလိယတို့သည်လည်း ဘုန်းအသရေနှင့်တကွပေါ်လာကြသည်။ ဤဖြစ်ရပ်သည် ဝမ်းနည်းပူဆွေးခြင်းနှင့်ဆိုင်သော ဖြစ်ရပ်မဟုတ်ပေ။ ထိုဖြစ်ရပ်မတိုင်မီစောစောပိုင်းတွင် ခရစ်တော်က မိမိတပည့်တော်တို့အား သူတို့ထဲမှအချို့သည် ဘုရားသခင်၏နိုင်ငံတော်ကိုမမြင်မီ မသေရဟု ကတိပေးခဲ့သည် (လု ၉း၂)။ ယခု အဆင်းအရောင်တော်ပြောင်းလဲရာတောင်ပေါ်တွင် တပည့်တော်တို့သည် ရောက်လာမည့်နိုင်ငံတော်အားကြိုတင်တွေ့မြင်ရမည့်ကတိတော်ကို ထင်ရှားစွာရ ရှိ ခဲ့ ကြသည်။

## နိုင်ငံတော်

ပထမဦးစွာ မောရှေနှင့်လေိယတို့ ဤလောက၌အသက်ရှင်ခဲ့ကြသည့် အချိန်သည် ရာစုနှစ်များစွာကွာဝေးခဲ့သော်လည်း အတူတကွပေါ်လာကြခြင်းက ထိုနိုင်ငံတော်တွင် အချိန်ကို အမြစ်ဖြတ်ဖယ်ရှားကြောင်းပြသသည်။ ဤလောကတွင် သူတို့ကို ခရစ်တော်နှင့် ကွဲကွာစေခဲ့သောရာစုနှစ်များပြီးသည့်အခါ သူတို့သည် ထိုနိုင်ငံတော်တွင် ခရစ်တော်နှင့်အတူနေရမည်ဖြစ်သည်။ တစ်ချိန်တည်းတွင် သူတို့ကို မောရှေနှင့်လေိယအဖြစ် သိမှတ်နေသေးသည်ကိုကြည့်ခြင်းဖြင့် ထိုနိုင်ငံတော်တွင် လူတို့သည် မည်သူမည်ဝါခွဲခြားမရသည့်ဝိညာဉ်များမဟုတ်ဘဲ တစ်ဦးချင်းထူးခြားမှုဖြင့် အသက်ရှင်ရမည်ဖြစ်ကြောင်း သိရသည်။

မောရှေနှင့်လေိယတို့သည် ထိုထာဝရကမ္ဘာကို ခြားနားသောပုံစံဖြင့်ဝင်ရောက်ခဲ့ကြကြောင်း ကျွန်ုပ်တို့တွေ့မြင်ခဲ့သည့်အချက်ကို ယခုပြန်ကြည့်ကြစို့။ မောရှေသည် သေဆုံး၍ သင်္ဂြိုဟ်ခြင်းခံခဲ့ရသည်။ လေိယမှာ မသေဆုံးဘဲ ကောင်းကင်သို့ဆောင်ယူခြင်းခံရသည်။ ဤလက္ခဏာအားဖြင့်လည်း ပထမရှင်ပြန်ထမြောက်ခြင်းနှင့်ခရစ်တော်၏ဒုတိယအကြိမ်ကြွလာခြင်းတို့တွင် ဖြစ်ပျက်မည့်အရာကို ကြိုတင်ရှုမြင်နိုင်သည်။ ရှင်ပေါလုက သူ၏သြဝါဒစာများတွင် ဒုတိယအကြိမ်ကြွလာသောအခါ ဖြစ်ပျက်မည့်အရာများအကြောင်း နှစ်ကြိမ်ဖော်ပြပြီး ဖြစ်ရပ်တစ်ခုစီတွင် သေဆုံးပြီးယုံကြည်သူများသည် ပြန်လည်ထမြောက်ကြမည်ဖြစ်ပြီး သခင်ဘုရားကြွလာချိန်၌အသက်ရှင်နေသောသူတို့သည် အသက်ရှင်လျက် ကောင်းကင်သို့ဆောင်ယူခြင်းခံရမည်ဖြစ်ကြောင်း အောက်ပါအတိုင်း ဖော်ပြထားသည်။

ပထမ ကျမ်းပိုဒ်မှာ (၁ သက် ၄း၁၅–၁၇)ဖြစ်သည် –*သခင်ဘုရား၏ဗျာဒိတ်တော်အားဖြင့်တဖန် ငါတို့ဆိုသည်ကား၊ သခင်ဘုရား ကြွလာတော်မူသောအခါ၊ အသက်ရှင်၍ ကျန်ကြွင်းသော ငါတို့သည် အိပ်ပျော်ပြီးသော သူတို့၏ အရင်အဦးနေရာကျရကြမည်မဟုတ်။ သခင်ဘုရားသည် ကြွေးကြော်ခြင်း၊ ကောင်းကင်တမန်မင်းအသံပေးခြင်း၊ ဘုရားသခင်၏ တံပိုးတော်ကို မှုတ်ခြင်းနှင့်တကွ၊ ကောင်းကင်ဘုံမှ ကိုယ်တိုင်ဆင်းသက်တော်မူ၍၊ ခရစ်တော်၌ သေလွန်သောသူတို့သည် အဦးထမြောက်ကြလိမ့်မည်။ ထိုအခါ အသက်ရှင်၍ ကျန်ကြွင်းသော ငါတို့သည် အာကာသကောင်းကင်၌ သခင်ဘုရားထံတော်သို့ ရောက်စေခြင်းငှာ၊ ထိုသူတို့နှင့်တကွမိုးတိမ်ပေါ်သို့ချီဆောင်ခြင်းကိုခံရသောအားဖြင့် သခင်ဘုရားနှင့်အတူအစဉ်မပြတ်နေရကြလိမ့်မည်။*

ဒုတိယကျမ်းပိုဒ်မှာ (၁ကော ၁၅း၅၀–၅၂) ဖြစ်သည်– *ညီအစ်ကိုတို့၊ ငါဆိုသည်ကား၊ လူအသွေးအသားသည် ဘုရားသခင်၏နိုင်ငံတော်ကို အမွေမခံနိုင်၊ ပုပ်တတ်သောအရာသည် မပုပ်နိုင်သောအဖြစ်ကို အမွေမခံနိုင်။ နက်နဲသောအရာ တစ်ခုကိုငါပြဦးမည်။ ငါတို့ ရှိသမျှသည် အိပ်ပျော်ရကြမည်မဟုတ်။ သို့သော်လည်း၊ နောက်ဆုံးသော တံပိုးမှုတ်သောအခါ၊ တခဏခြင်းတွင် မျက်စိတစ်မှိတ်၌ ငါတို့ရှိသမျှ သည် ပြောင်းလဲခြင်းသို့ ရောက်ရကြမည်။ ထိုတံပိုးမှုတ်ချိန်ရောက်သောအခါ၊ သေလွန်သော သူတို့သည်၊ မပုပ်နိုင်သောအဖြစ်၌ တည်လျက်ထမြောက်၍၊ ငါတို့ရှိသမျှသည် ပြောင်းလဲခြင်း သို့ ရောက်ရကြမည်။*

သို့သော် အဆင်းအရောင်တော်ပြောင်းလဲရာတောင်ပေါ်၌ ဖြစ်ပျက်ခဲ့သည့် အထူးခြားဆုံးအရာမှာ ခရစ်တော်ကိုယ်တော်တိုင်၏ အဆင်းအရောင်ပြောင်းလဲခြင်းပင်ဖြစ်သည်။ သူ၏ဘုရားသားတော်ဖြစ်ခြင်းဘက်မှကြည့်လျှင် သူ၏ဘုန်းတော်သည် သူ၏လူသားခန္ဓာကိုပြောင်းလဲစေသည်မှာ အံ့သြစရာမဟုတ်ပေ။ သို့သော် သူ၌ဘုရားဇာတိသာရှိသည်မဟုတ်။ လူ့ဇာတိလည်းရှိသည်။ ထို့ကြောင့် အလွန်အံ့သြနေကြသောတပည့်တော်တို့က ကိုယ်ခန္ဓာတော်၏ အဆင်းအရောင်ပြောင်းလဲသည်ကို မြင်ကြရခြင်းဖြစ်သည်။ ရှင်ပြန်ထမြောက်ခြင်း၌ ခရစ်တော်ရရှိမည့် ဘုန်းထင်ရှားသောကိုယ်ခန္ဓာကို သူတို့ကြိုတင်မြင်ကြရခြင်းဖြစ်သည်။

ခရစ်တော်သာမဟုတ်ပါ။ ယုံကြည်သူများသည်လည်း လာမည့်ကမ္ဘာကိုဝင်ရောက်ကြသည့်အခါ သေဆုံးပြီးမှရှင်ပြန်ထမြောက်ခြင်းအားဖြင့်ဝင်ရသည်ဖြစ်စေ၊ အသက်ရှင်လျက် သခင်ဘုရားနှင့်တွေ့ဆုံရန် ချီဆောင်ခြင်းခံရပြီး ဝင်ရသည်ဖြစ်စေ အားလုံးသည် ပြောင်းလဲစေခြင်းကိုခံရကြမည်ဖြစ်သည်။ *ငါတို့ကျင့်သော အကျင့်မူကား၊ ကောင်းကင်ဘုံနှင့် စပ်ဆိုင်လျက်ရှိ၏။ ကယ်တင်တော်မူသောအရှင်သခင် ယေရှုခရစ်သည် ကောင်းကင်ဘုံမှ ကြွလာတော်မူမည်ဟု ငါတို့သည် မြော်လင့်လျက်နေကြ၏။ ထိုသခင်သည် ခပ်သိမ်းသောအရာကိုပင်မိမိ အောက်၌ နှိမ့်ချနိုင်တော်မူသောပြုပြင်အားထုတ်ခြင်းအားဖြင့်ယုတ်ညံ့သော ငါတို့၏ ကိုယ်ခန္ဓာကိုပင်၊ ဘုန်းအသရေနှင့်ပြည့်စုံသော ကိုယ်ခန္ဓာတော်၏နည်းတူဖြစ် စေခြင်းငှာအသစ်ပြင်ဆင်တော်မူလတံ့* (ဖိ ၃း ၂၀– ၂၁)။

ဤဖြစ်ရပ်သည် အံ့မခမ်းစရာဖြစ်ရပ်မှန်သော်လည်း အကျိုးသင့်အကြောင်းသင့်မဟုတ်သောဖြစ်ရပ်တော့ မဟုတ်ပေ။ ရှင်ပေါလုက ဤလောက၌ပင် တိရစ္ဆာန်အသား၊ ငါးသား၊ ငှက်သားနှင့်လူ၏အသား စသည်ဖြင့် သွေးသားဟုခေါ်သော ရုပ်အစုသည် ပုံစံအမျိုးမျိုးဖြင့် ဖြစ်တည်ကြသည်ဟု ၁ကော ၁၅း၃၅–၄၉ တွင်

ဖေါ်ပြထားသည်ကိုတွေ့ရသည်။ ၎င်းတို့အားလုံးသည် သွေးသားသာဖြစ်ကြသော်လည်း တစ်ခုနှင့်တစ်ခုမတူကြပေ။ (ယခုခေတ် အချို့သောခွဲစိတ်ကုသသူများက ဝက်၏နှလုံးကို လူ့အထဲပြောင်းထည့်ပေးရန် မအောင်မမြင်ကြိုးစားကြသည်ကို ကျွန်ုပ်တို့အားလုံးစိတ်မကောင်းစွာသိရှိနေရသည်)။ ထို့ကြောင့် ဤလောကတွင် သွေးသားသည် ပုံစံအမျိုးမျိုးနဲ့ ရှိနိုင်သည်ဆိုလျှင် လူ၏သွေးသားသည်လည်း ဤကမ္ဘာတွင် သွေးသားပုံစံတစ်မျိုးဖြင့်ရှိလျက် လာမည့်ကမ္ဘာတွင် အခြားပုံစံတစ်မျိုးဖြင့်ရှိခြင်းကို လက်ခံရန်မခက်ပါ။

နောက်ဆုံးအချက်အနေဖြင့် သမ္မာကျမ်းစာနှင့် မိမိတို့ကိုယ်တိုင်အပေါ် မျှမျှတတဖြစ်စေရန် –'ခရစ်တော် ဒုတိယအကြိမ်ကြွလာသောအခါ မည်သူတို့သည် ခရစ်တော်၏ဘုန်းအသရေကို မျှဝေခံစားကြရမည်နည်း'ဟု သမ္မာကျမ်းစာကို ကျွန်ုပ်တို့မေးလျှင် 'ခရစ်တော်အထဲ၌ရှိသောသူများ သို့မဟုတ် ခရစ်တော်ပိုင်သောသူများ'ဟု အစဉ်အမြဲပြန်ဖြေမည်ဖြစ်သည်။ ဥပမာအားဖြင့် ၁သက် ၄း၁၆ က ပထမရှင်ပြန်ထမြောက်ခြင်းသည် သေဆုံးသူအားလုံးအတွက်မဟုတ်ဘဲ *ခရစ်တော်၌ သေလွန်သောသူတို့* အတွက်ဖြစ်သည်ဟုဆိုထားသည်။ ၁ကော ၁၅း၂၃ ကလည်း ထိုနည်းတူပင် *ခရစ်တော်သည် ကြွလာတော်မူသောအခါ၊ တပည့်တော်ဖြစ်သော သူတို့သည် ရှင်ခြင်းသို့ ရောက်ကြလိမ့်မည်* ဟုဆိုထားသည်။ သူ့ရှေ့မှကျမ်းပိုဒ်က အမျိုးအစားနှစ်လုံးကိုဖေါ်ပြသည်– *လူအပေါင်းတို့သည် အာဒံအားဖြင့်သေခြင်းသို့ ရောက်သည်နည်းတူ၊ လူအပေါင်းတို့သည် ခရစ်တော်အားဖြင့်အသက်ရှင်ခြင်းသို့ ရောက်ရကြလတံ့* (၁ကော ၁၅း၂၂)။ သေချာသည်မှာ ကျွန်ုပ်တို့အားလုံးသည် ဤကမ္ဘာပေါ်မွေးဖွားလာခြင်းအားဖြင့် ပထမအမျိုးအစားတွင် ပါဝင်ကြသည်။ သို့သော် ပထမအမျိုးအစားတွင်ပါဝင်သောသူအားလုံးသည် ဒုတိယအမျိုးစားထဲ အလိုအလျောက်ပါသွားသည်မဟုတ်ကြောင်း ဓမ္မသစ်ကျမ်းက နေရာတိုင်းတွင် အခိုင်အမာဆိုထားသည်။ ဒုတိယအမျိုးအစားထဲ မည်ကဲ့သို့ဝင်ရောက်နိုင်ကြောင်းကို ဓမ္မသစ်ကျမ်း၌ ကျွန်ုပ်တို့ရှာဖွေကြသည်ဆိုလျှင် ချင့်မြှော်ရာရောက်၍ အဖြေကိုရရှိလျက် ထိုအမျိုးအစားထဲကိုလည်း ဝင်ရောက်နိုင်ကြမည်ဖြစ်သည်။

## လေ့လာမှုနှင့်ဆွေးနွေးမှုဆိုင်ရာမေးခွန်းများ

၁။ "အာဒံအားဖြင့်" နှင့် "ခရစ်တော်အားဖြင့်" တို့ မည်သို့ကွာခြားကြသနည်း။

၂။ ကိုယ်ကျင့်သီလ (ဘုရားသခင်၏ပညတ်) က အဘယ့်ကြောင့် ခွင့်လွှတ်ခြင်းကို မပေးနိုင်သနည်း။

၃။ အဘယ့်ကြောင့် လူ့ရှုထောင့်မှကြည့်လျှင် ခရစ်တော်၏အသေခံခြင်း လိုအပ်ရသနည်း။

၄။ ယေရှုခရစ်တော်သည် အခြားဘာသာရေးခေါင်းဆောင်များနှင့်မတူသောအရှင်ဖြစ်သည်ဟု ခရစ်ယာန်တို့ အဘယ့်ကြောင့်အခိုင်အမာပြောဆိုကြသနည်း။

၅။ ရောက်လာတော့မည့် ဘုရားသခင်၏နိုင်ငံတော်၏ အဓိကထူးခြားသောလက္ခဏာများကို ဖော်ပြပါ။

၉

## တစ်ဘက်ကမ်းသို့ဖြတ်ကျော်သည့်အခါ

ဖတ်ရန်အကြံပြုသည့်ကျမ်းပိုဒ်များ။ ။ လု ၂း၂၅–၃၅၊ ၂၃း၃၉–၄၃

ခရစ်တော်၊ မောရှေနှင့် ဧလိယတို့သည် အဆင်းအရောင်တော်ပြောင်းလဲရာတောင်ပေါ်တွင် ခရစ်တော်က ဂျေရုဆလင်မြို့၌ပြီးစီးစေရမည့် သေခြင်းအကြောင်းကို အချိန်အတော်အတန်ဆွေးနွေးခဲ့ကြသည်။ ထိုသေခြင်းအကြောင်းသူတို့ဆွေးနွေးရာတွင် သူတို့အသုံးပြုသည့် 'သေခြင်း'ဆိုသည့်စကားလုံးသည် သာမန်စကားလုံးမဟုတ်ဘဲ 'ထွက်သွားခြင်း'၊ 'ထွက်ခွါလွတ်မြောက်ခြင်း' စသည့် အဓိပ္ပါယ်ရှိသော စကားလုံးဖြစ်သည်။ မည်သို့ပင်ဆိုဆို ခရစ်တော်သည် ထွက်ခွာသွားတော့မည်ဖြစ်သည်။ သို့သော် သူတို့၏ဆွေးနွေးချိန်အများစုတွင် ပေတရုနှင့်အခြားတပည့်တော်နှစ်ဦးတို့အိပ်နေခဲ့ကြသည်။နားလည်ရန်ခက်ခဲသည့် အလွန်အံ့သြစရာအဖြစ်အပျက်သည် သူတို့၏သေတတ်သောသွေးသားက ခံနိုင်ရည်မရှိခဲ့သောကြောင့်လည်းဖြစ်နိုင်သည်။ မည်သို့ပင်ဖြစ်စေ သူတို့အိပ်ပျော်ခဲ့ကြသည်။

သူတို့အတော်အတန်ဆွေးနွေးကြ၍ မောရှေနှင့်ဧလိယတို့ပြန်လည်ထွက်ခွာခါနီးအချိန်တွင် ပေတရုချက်ချင်းနိုးလာလျက် ဘာလုပ်ရမှန်းမသိ၊ စိတ်ထဲ၌ရှုပ်ထွေးနေသည့်အခါ ဤသို့မှတ်ချက်ချလျက် *သခင်၊ ဤအရပ်၌ နေဘွယ်ကောင်းပါ၏။ ကိုယ်တော်ဘို့တဲတစ်ဆောင်၊ မောရှေဘို့တစ်ဆောင်။ ဧလိယဘို့တစ်ဆောင်၊ တဲသုံးဆောင်ကို အကျွန်ုပ်တို့ ဆောက်လုပ်ပါရစေ* ဟုပြောခဲ့သည် (လု ၉း၃၃)။ ပေတရုသည် မိမိဘာပြောခဲ့မှန်းမသိဟု ရှင်လုကာကဖြည့်ဆည်းဖေါ်ပြထားသည်။ ဆွေးနွေးသည့်အကြောင်းအရာတစ်ခုလုံးသည် ခရစ်တော်၏ ထွက်ခွာခြင်းနှင့်ဆိုင်နေသောကြောင့် ပေတရုက တဲဆောက်နေထိုင်ရန် ပြောလိုက်ခြင်းတော့ မဟုတ်ပါ။

### ဘဝခရီး

ပေတရု၏လုပ်ရပ်ကြောင့် ကျွန်ုပ်တို့ပြုံးမိကောင်းပြုံးမိနိုင်ပါသည်။ သို့သော် ကျွန်ုပ်တို့လည်း ထိုပုံစံအတိုင်းမကြာခဏပြုမိတတ်ကြပါသည်။ စကားအား

ဖြင့်မဟုတ်လဲ အသက်ရှင်မှုပုံစံသည်ထိုသို့ဖြစ်နေတတ်သည်။ သမ္မာကျမ်းစာက လူ့ဘဝသည် ထာဝရကောင်းကင် သို့မဟုတ် ငရဲသို့သွားနေသည့် ခရီးတစ်ခုဖြစ်သည်ဟု ဆိုထားကြောင်း ကျွန်ုပ်တို့သိကြသည်။ ဤအကြောင်းကို ကျွန်ုပ်တို့မကြာခဏကြားရသည်။ သို့သော် ကျွန်ုပ်တို့သည် ဤလောက၌ အစဉ်အမြဲနေရမည့်ပုံမျိုး၊ ဤဘဝသည် ထာဝရပန်းတိုင်၊ အရာရာပြည့်စုံရာဖြစ်သည့်ပုံမျိုး ကျွန်ုပ်တို့အသက်ရှင်နေတတ်ကြသည်။ ပေတရုဤသို့ မှတ်ချက်ချလိုက်ခြင်းကို နားလည်ပေးနိုင်ပါသည်။ ဂါလိလဲတံငါသည်ဘဝသည် ခက်ခဲပြီးငြီးငွေ့ဖွယ်ဘဝဖြစ်သည်။ ထို့ကြောင့် ထည်ဝါမှုနှင့်ဆွဲဆောင်မှုရှိသည့် ရှားပါးသောဤအခြေအနေကို သူကြုံရသည့်အခါ ဤအခြေအနေကို ဖြစ်နိုင်သမျှကြာကြာထိန်းထားလိုသည့်သူ့ဆန္ဒသည် သဘာဝကျပါသည်။

ပေတရုကဖြစ်စေ၊ ကျွန်ုပ်တို့ကိုယ်တိုင်ကဖြစ်စေ ဘဝကိုပျော်ရွှင်စရာကောင်းသောဘဝ၊ စိတ်ဝင်စားဖွယ်ကောင်းသောဘဝ ဖြစ်စေလိုသည်ဆိုလျှင် ထိုဆန္ဒသည် မှားယွင်းသောဆန္ဒတော့မဟုတ်ပါ။ ဘဝအတွက် ထာဝရပန်းတိုင်ရှိသည်ဆိုလျှင် ဘဝခရီး၏ခြေလှမ်းတိုင်းတွင် ထာဝရထူးခြားမှုရှိသည်။ ထိုပန်းတိုင်သည် ဝမ်းမြောက်ခြင်းနှင့်ဆိုင်သည်ဆိုလျှင် ခရီးတစ်လျှောက်လည်း အဘယ့်ကြောင့် ဝမ်းမြောက်ခြင်းနှင့်မဆိုင်ဘဲနေရမည်နည်း။ ကျွန်ုပ်တို့အားလုံးသည် ခရီးသွားနေရသည်ကိုလည်းကောင်း၊ လိုရာသို့ရောက်ရှိသွားခြင်းကိုလည်းကောင်း နှစ်သက်ကြသည်။ ကျွန်ုပ်တို့သည် ပြတင်းပေါက်မှ မြင်နိုင်သည့်အရာအားလုံးကို မြင်ရရန် လေယာဉ်မှူးနှင့်အတူ လေယာဉ်မှူးအခန်းထဲဝင်ဖို့နှင့် ဆိုက်ရောက်တော့မည့်ဆိပ်ကမ်းကိုစူးစမ်းစစ်ဆေးရန် ကက်ပတိန်နှင့်အတူ ကုန်းပတ်ပေါ်တက်ဖို့ နှစ်သက်ကြသည်။

အခြားတစ်ဘက်တွင် အမေရိကန်မှ အိုင်ယာလန်သို့ သင်္ဘောဖြင့်ခရီးထွက်လာစဉ် သင်္ဘောကပ္ပတိန်သည် မိမိခရီးတစ်ခုမောင်းနှင်နေကြောင်းကိုမေ့လျော့ ခရီးပန်းတိုင်ဆီသို့မောင်းနှင်ရမည့်အစား အတ္တလန္တိတ်သမုဒ္ဒရာအလည်တွင် အဆုံးမရှိ ဝိုင်းကြီးပတ်ပတ်မောင်းနှင်နေမည်ဆိုလျှင် ခရီးသည်အများစုသည် သဘောကျကြလိမ့်မည်မဟုတ်ပေ။ ထို့ကြောင့် ကျွန်ုပ်တို့၏ဘဝတွင် အပြည့်အဝပျော်ရွှင်မှုရှိအောင်ကြိုးစားကြသည့်နေရာ၌ ပန်းတိုင်ကိုမမြင်တော့ဘဲ ရည်ရွယ်ချက်အမှန်ကို မစွမ်းဆောင်နိုင်တော့သည့်အန္တရာယ်ရှိတတ်ပါသည်။ ကျွန်ုပ်တို့သည် ဘဝ၏ထာဝရတန်ဖိုးကို လုယူခြင်းဖြင့် ဘဝ၏အရေးအကြီးဆုံးနှင့်ဝမ်းမြောက်စရာ ရှု

ထောင့်ကို ဖယ်ရှားမိကြသည့်အခါ ဘဝခရီးသည်ရှေ့မရောက်၊ ဘဝတစ်လျှောက် သဝေထိုးနေကာ နောက်ဆုံးတွင် ပြင်ဆင်မှုမရှိဘဲ ထာဝရထဲရောက်သွားရသည့် အန္တရာယ်နှင့်ကြုံရမည်ဖြစ်သည်။

ထို့ကြောင့်လည်း သမ္မာကျမ်းစာက 'ကောင်းကင်သို့သွားပါ'ဆိုသည့် စကားကိုမသုံးဘဲ ထာဝရအသက်ရရှိရန် စဉ်ဆက်မပြတ် တိုက်တွန်းနေခြင်းဖြစ်ပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ထာဝရအသက်ရရန် ကောင်းကင်ရောက်သည့်အထိ စောင့်နေရန်မလိုပါ။ ထာဝရအသက်သည် ထာဝရဘုရားသခင်နှင့်ယေရှုခရစ်တို့ဖြင့် တစ်ဦးချင်း ရင်းနှီးဆက်ဆံခြင်းအားဖြင့် ခံစားရသော ဤဘဝအတွက် ထာဝရနှင့်ဆိုင်သောအရာဖြစ်သည်။ ထို့ကြောင့် ဤလောကတွင် ယာယီအသက်ရှင်နေစဉ် မပျက်မစီး ထာဝရတည်သောရင်းနှီးဆက်ဆံမှုတစ်ခုမှ စီးထွက်လာသည့် ထာဝရအသက်ဖြစ်သည်။ သို့သော် ထိုရင်းနှီးဆက်ဆံမှုကို ယခုဘဝတွင် ရရှိရမည်ဖြစ်သည်။

ထို့ကြောင့် ခရစ်တော်သည် သူ၏တပည့်တော်များကို အဆင်းအရောင်တော်ပြောင်းလဲရာတောင်ပေါ်တွင် သူ၏ထာဝရနိုင်ငံတော်ကို ကြိုတင်ရှုမြင်လျက် ထိုနိုင်ငံတော်၏အမှန်တကယ်တည်ရှိမှုကိုယုံကြည်သိရှိနိုင်သည့်အထိ နေခွင့်ပေးခဲ့သည်။ ၎င်းသည် ပေတရု၏အသက်တာ၌စွဲမြဲနေခဲ့သည်။ ထို့ကြောင့် ပေတရုသည် သူ့ဘဝ၏အဆုံးပိုင်းတွင် အခြားသောခရစ်ယာန်တို့အား *ငါတို့ကို ကယ်တင်တော်မူသောအရှင်သခင် ယေရှုခရစ်၏ထာဝရနိုင်ငံတော်ထဲသို့* ဝင်စားရန်အတွက် ကောင်းစွာပြင်ဆင်ကြရန် တိုက်တွန်းခဲ့သည် (၂ပေ ၁း၁၁) ။ သူ၏ဤဘဝ အဆုံးသတ်ရန်နီးလာပြီဖြစ်ကြောင်းသူပြောပြသည့်အခါ သူအသုံးပြုသော 'စုတေ့' ဆို သည့်စကားလုံးသည် တောင်ပေါ်တွင် စကားပြောကြသည့်အကြောင်းအရာကို မှတ်တမ်းတင်ရန် ရှင်လုကာ အသုံးပြုထားသော စကားလုံးပင်ဖြစ်သည်ကို ထူးခြားစွာတွေ့ရသည်။

ထို့နောက် ရှင်ပေတရုက – *ငါတို့သည် ပရိယာယ်နှင့်ပြင်ဆင်သော ဒဏ္ဍာရီစကားကိုမလိုက်၊ ဘုန်းအာနုဘော်တော်ကို ကိုယ်တိုင်မြင်သောသူဖြစ်ကြ၏။ အဘယ်သို့နည်းဟူမူကား၊ ဤသူသည် ငါနှစ်သက်မြတ်နိုးရာ၊ ငါ၏ချစ်သားပေတည်းဟူသောအသံတော်သည်၊ ထူးမြတ်သောအရောင်အဝါတော်ထဲက၊ ထိုသခင်သို့ရောက်သောအခါ၊ ခမည်းတော်ဘုရားသခင့်အထံတော်မှ ဂုဏ်သရေဘုန်းအာနုဘော်ကိုခံရတော်မူ၏။ ကောင်းကင်ကရောက်လာသော ထိုအသံတော်ကို ငါတို့သည် သန့်ရှင်းသောတောင်ပေါ်မှာသခင်ဘုရားနှင့်အတူရှိသောအခါကြားရကြ၏* (၂ပေ ၁း၁၆–၁၈)ဟု ထပ်၍ဖော်ပြထားသည်။

သို့သော် ခရစ်တော်သည် မိမိတပည့်တော်များ အဆင်းအရောင်တော်ပြောင်းလဲခြင်း၏သင်ခန်းစာကို သိရှိသွားကြသည်နှင့်ချက်ချင်း တောင်ခြေသို့ပြန်ခေါ် သွားကာ ဂျေရုဆလင်၌ ဆင်းရဲဒုက္ခခံခြင်းနှင့်အသေခံခြင်းတို့မှတစ်ဆင့် ကောင်းကင်သို့သွားသည့်ခရီးကို လမ်းသစ်ထွင်သူအဖြစ် အစပြုခဲ့သည် (လု ၉း၅၁ ကိုကြည့်ပါ)။

## ခရီးအစပြုခြင်း

ကျွန်ုပ်တို့သည် ခရစ်တော်၏မိန့်တော်မူချက်နှင့် ပေတရု၏တိုက်တွန်းချက်တို့ကိုအလေးအနက်ထားလျက် ဘုရားသခင်၏ကောင်းကင်ဘုံသို့ ခရီးပြုရန်ဆုံးဖြတ်ကြသည်ဟု မှတ်ယူကြည့်ပါ။ မေးခွန်းနှစ်ခု အလိုလိုပေါ်လာမည်ဖြစ်သည်။ ပထမမေးခွန်းမှာ– ခရီး မည်သည့်နေရာမှအစပြုသနည်း။ အဖြေမှာ ရိုးရှင်းပါသည်။ ပေတရု၏စကားထဲတွင် ပါသည်။ သူ၏ပထမဩဝါဒစာ ၁း၄ တွင် *သင်တို့အတွက် ကောင်းကင်ဘုံ၌ ထိန်းသိမ်းထားသည့် ယိုယွင်းပျက်စီးခြင်း၊ ညစ်ညူးခြင်းနှင့် မှေးမှိန်ခြင်းတို့မရှိသော အမွေတော်* (၁ပေ ၁း၄– မြန်မာ့စံမီသမာကျမ်း) ဟု ကောင်းကင်ခရီး၏ပန်းတိုင်ကို သူဖေါ်ပြထားသည်။ ထို့နောက် ထိုအခန်းကြီး၏အပိုဒ်ငယ် ၂၃ တွင် ထိုပန်းတိုင်ဆီဦးတည်သော ဝိညာဉ်ရေးခရီး၏အစကို *မဖောက်ပြန်မပျက်စီးတတ်သော မျိုးစေ့တည်းဟူသောအသက်ရှင်၍ အစဉ်အမြဲတည်တော်မူသော ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့်ဖြစ်ဘွားသောကြောင့်* (၁ပေ ၁း၂၃) ဟု သူဖေါ်ပြထားသည်။ တစ်နည်းပြောရလျှင် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုလက်ခံလျက် ကယ်တင်ရှင်ကို မိမိကိုယ်တိုင်ယုံကြည်လက်ခံကာ ဘုရားသခင်၏မိသားစု၌အသစ်မွေးဖွားကြသည့်အခါ ဤခရီးကို ကျွန်ုပ်တို့အစပြုပြီဖြစ်သည်။

ဒုတိယမေးခွန်းမှာ ကျွန်ုပ်တို့သည် ခရီးအစပြုလိုက်သည်နှင့် လမ်းမှားခြင်း၊ ဘေးဒုက္ခရောက်ခြင်းမရှိဘဲ ဘုရားသခင်၏ကောင်းကင်ဘုံသို့ ရောက်ရှိမည်ဖြစ်ကြောင်း သေချာပါသလား။ ဤမေးခွန်းအတွက် တိကျသေချာသောအဖြေမှာ ဟုတ်ကဲ့၊ ကျွန်ုပ်တို့အတွက် သေချာပါသည်။ ဤတစ်ကြိမ်တွင် ရှင်လုကာကို ဖြေဆိုခွင့်ပေးကြပါစို့။ ရှင်လုကာက ခရစ်တော်၏တပည့်တော်များ ကိုယ်တော်၏နာမတော်ဖြင့် နတ်ဆိုးတို့ကိုနှင်ထုတ်နိုင်လျက် ပီတိအပြည့်အဝနှင့် ဝမ်းမြောက်စွာပြန်လာကြသည့်အခါ ကိုယ်တော်က– *နတ်ဆိုးကို နိုင်ရသောကြောင့်သာ ဝမ်းမြောက်ခြင်းမရှိကြနှင့်၊*

*သင်တို့၏ နာမည်များ သည် ကောင်းကင်စာရင်း၌ ဝင်သည်ကို ဝမ်းမြောက်ခြင်းရှိကြလော့* (လု ၁၀း ၂၀) ဟုမိန့်တော်မူခဲ့ကြောင်း ကျွန်ုပ်တို့ကို ပြောပြထားသည်။

ထို့ကြောင့် ဤနေရာတွင် တပည့်တော်တို့သည် ဘဝခရီးပြုကြချိန်မှာပင် ကောင်းကင်နိုင်ငံသားများအဖြစ် မှတ်ပုံတင်ထားပြီးဖြစ်၍ သူတို့၏မိခင်တိုင်းပြည်သည် ကောင်းကင်နိုင်ငံဖြစ်ကြောင်း သေချာနေသည်။ ဤသို့ဆိုခြင်းသည် အချို့သောသူတို့အတွက် ထူးဆန်းသလိုဖြစ်နိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် လူသိများသည့်ဓမ္မအတွေးအခေါ်တစ်ခုက လူသည် ကောင်းကင်မရောက်မချင်း သေချာရောက်မည်ဟု ပြော၍မရနိုင်သောကြောင့် လူတစ်ဦးက သူ့အတွက်တော့ သေချာသည်ဟုဆိုလာလျှင် သူ၏ထင်မြင်ယူဆချက်သက်သက်သာဖြစ်မည်ဟု ဆိုထားသောကြောင့်ဖြစ်သည်။

သို့သော် ဤတမန်တော်များသာမကဘဲ ကနဦးခရစ်ယာန်အားလုံးက သခင်ဘုရားထံမှ ဤစိတ်ချမှုကို ရရှိခဲ့ကြသည်။ ဝိညာဉ်ရေးအကျော်အမော်များဖြစ်ကြသည့် တမန်တော်ကြီးများနှင့်ကွဲပြားအောင်ဖော်ပြရလျှင် အောက်ခြေလူထုအားလုံးသည် ဤစိတ်ချမှုကို ခံစားခဲ့ကြသည်။ ဥပမာအားဖြင့် ရှင်ပေါလုက ဖိ ၄း၃ တွင် ဖိလိပ္ပိမြို့မှ မိတ်ဆွေတစ်ဦးအား သူ၏လုပ်ဖော်ဆောင်ဖက်များကို ကူညီရန် တောင်းဆိုရင်း ဤသို့ပြောထားသည် – *အချင်း ငါ့လုပ်ဘော်ဆောင်ဘက်စစ်၊ သင်တို့ကိုလည်း ငါတောင်းပန်၏။ ငါနှင့်ကလေမင်မှစ၍အသက်စာရင်းဝင်သော အခြားသောငါ၏လုပ်ဘော်ဆောင်ဘက်တို့နှင့်အတူ၊ ဧဝံဂေလိတရားကို ဟောပြောသောအမှု၌ ကူညီ၍ကြိုးစားအားထုတ်သောမိန်းမတို့ကို မစထောက်ပံ့ပါလော့။* (ဖိ ၄း၃)

ဤနေရာတွင် ရှင်ပေါလုက သူတို့၏နာမည်များသည် အသက်စာရင်းတွင် ရေးသားထားကြောင်း အမှတ်မထင်ဖေါ်ပြမိပုံကို ကြည့်ခြင်းဖြင့် သူသည် သူတို့မသိသေးသော အသစ်အဆန်းတစ်ခုကို ဖေါ်ထုတ်တင်ပြနေခြင်းမဟုတ်ကြောင်းထင်ရှားသည်။ သူတို့သည် ခရစ်တော်ကို ယုံကြည်လက်ခံကြသည်နှင့် ဤစိတ်ချမှုကို ရရှိခံစားခဲ့ကြပြီးသားဖြစ်သည်။ သူတို့သည် ကောင်းကင်နိုင်ငံသားများ၏စာရင်းတွင် စာရင်းသွင်းထားသူများဖြစ်ကြကြောင်း သူတို့သိကြသည်။ အဘယ့်ကြောင့်နည်း။ ဤကျမ်းပိုဒ်၏ရှေ့ပိုင်း၌ရှိသည့် (၃း၂၀) တွင် ရှင်ပေါလုက သူတို့သည် ကောင်းကင်နိုင်ငံသားများဖြစ်ကြောင်း သူတို့ကို သတိပေးထားပြီးသားဖြစ်သည်။

## ရောက်ရှိရန်သေချာမှု

ဤအချက်သည် အရေးကြီးမှန်းသိသာသော်လည်း ကျွန်ုပ်တို့ထဲမှအချို့တို့သတိထားမိသည်ထက် ပို၍ပင်အရေးကြီးပါသည်။ နောက်ဆုံးတရားစီရင်ခြင်းအကြောင်းကိုဖော်ပြသော ဗျာဒိတ်ကျမ်း ၂၀း၁၁–၁၅ အရ လူတစ်ယောက်ကိုဘုရားသခင်၏ကောင်းကင်ဘုံ၌လက်ခံမည်လား သို့မဟုတ် ငရဲမီးအိုင်ထဲမောင်းထုတ်မည်လားဆိုသည်ကိုဆုံးဖြတ်ရန်အတွက် သုံးနှုန်းမည် အသက်စာစောင်တွင်စာရင်းဝင်ခြင်းရှိမရှိပေါ်မူတည်သည်။ မောင်းထုတ်ခြင်းခံရသူတို့သည် *မိမိတို့အကျင့်အတိုင်း၊ စာစောင်တို့၌ ရေးထားချက်များနှင့်အညီတရားစီရင်ခြင်းကို ခံရကြ*သည် မှန်သည် (ဗျာ ၂၀း၁၂)။ သို့သော် အပြစ်စီရင်ခံရသူအားလုံးသည် ခြားနားမှုမရှိသောပြစ်ဒဏ်တစ်မျိုးတည်းကိုခံကြရမည်မဟုတ်ပါ။ တရားစီရင်ရာနေ့တွင် ဘုရားသခင်၏တရားမျှတမှုထဲ၌ အချို့တို့သည် သူတို့ရရှိခဲ့သည့် အလင်းနှင့်အခွင့်အရေးအနည်းအများပေါ်မူတည်ပြီး အခြားသူတို့ထက် *ပို၍ခံသာကြလိမ့်မည်*ဖြစ်သည် (လု ၁၀း၁၄)။

သို့သော် လူတစ်ဦးသည် ကောင်းကင်ဘုံ၌လက်ခံခြင်းခံရမည်လား သို့မဟုတ် မောင်းထုတ်ခြင်းခံရမည်လား ဆိုသည်ကိုဆုံးဖြတ်ရာတွင် လုပ်ဆောင်ချက်များပေါ်မူမတည်ပါ။ ကောင်းကင်ဘုံရောက်နိုင်ရန် ကျွန်ုပ်တို့၏လုပ်ဆောင်ချက်နှင့်ကုသိုလ်ကောင်းမှုပေါ်မူတည်သည်ဆိုလျှင် ကျွန်ုပ်တို့တစ်ဦးမျှကောင်းကင်ရောက်နိုင်မည်မဟုတ်ပေ။ အသက်စာစောင်တွင် စာရင်းဝင်သောသူတို့ကို ဝင်ခွင့်လက်ဆောင်ပေးပြီး အသက်စာစောင်တွင် စာရင်းမဝင်သောသူတို့သည် ငြင်းပယ်ခြင်းခံရကြမည်ဖြစ်သည်။

လူတစ်ဦးသည် မည်သည့်အခြေအနေတွင် ထိုစာစောင်၌ စာရင်းဝင်နိုင်မည်နည်းဟုမေးလျှင် အသက်စာစောင်ကို ကျမ်းစာ၏အခြားတစ်နေရာတွင်သိုးသငယ်၏အသက်စာစောင်ဟု ဖော်ပြထားသည်ကို သတိထားမိပါက ထိုမေးခွန်းကိုဖြေနိုင်မည်ဖြစ်သည် (ဗျာ ၁၃း၈)။ ဤစာစောင်သည် ခရစ်တော်ကို ဘုရားသခင်၏သိုးသငယ်အဖြစ်ယုံကြည်၍ အပြစ်အတွက် ထိုသိုးသငယ်၏ပြည့်စုံသောယဇ်အားဖြင့်အပြစ်လွှတ်ခြင်းခံရသူအားလုံး၏နာမည်ကို မှတ်တမ်းတင်ထားသည့် စာစောင်ဖြစ်သည်။ အကြောင်းမှာ ဘုရားသခင်၏သားတော်၊ ယေရှုခရစ်၏အသွေး

တော်သည် အပြစ်အားလုံးကို ဖယ်ရှားလျက် သန့်စင်စေကာ ယုံကြည်သူတို့အတွက် ကောင်းကင်နိုင်ငံသားအခွင့်အရေးကို ဝယ်ယူပေးထားသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အခြားသူကိုမဟုတ်ဘဲ ဘုရားသခင်၏သိုးသငယ်ကို ယုံကြည်ကြောင်းနှင့် ကျွန်ုပ်တို့၏နာမည်သည် သူ၏အသက်စာစောင်တွင် ရေးသားခြင်းခံရကြောင်း သေချာနေရန် အလွန်အရေးကြီးသည်။

သို့သော် ဤအချက်သည် ကောင်းလွန်းနေသောကြောင့် မှန်ပါ့မည်လားဟု ကျွန်ုပ်တို့စဉ်းစားမိသည်ဆိုလျှင် ရှင်လုကာခရစ်ဝင်ကျမ်းသို့ပြန်သွား၍ ထိုနေရာ၌ ဖော်ပြထားသည့် လူနှစ်ဦးအကြောင်း အနီးကပ်လေ့လာကြမည်။ ထိုသူနှစ်ဦးလုံးသည် ဘဝခရီးဆုံးကိုရောက်နေကြသူများဖြစ်ကြလျက် ဘုရားသခင်၏ထာဝရအပိုင်းထဲဝင်ရောက်ကြတော့မည့်သူများဖြစ်ကြသည်။ ထို့ပြင် နှစ်ဦးလုံးသည် ယုံကြည်စိတ်ချမှုအပြည့် ရရှိသူများဖြစ်သည်။ သူတို့သည် မည်သည့်အချက်ပေါ် အခြေခံလျက် ထိုစိတ်ချမှုကိုရရှိကြသနည်း။

တစ်ဦးမှာ ရှုမောင်ဖြစ်သည်။ သူ့အကြောင်းကို ၂း၂၅–၃၅ တွင်ဖော်ပြထားသည်။ ရှုမောင်သည် ဘုရားသခင်ထံ ဆက်ကပ်သောအသက်တာဖြင့် ကြာရှည်စွာအသက်ရှင်ရသူဖြစ်ပြီး ဖြောင့်မတ်ခြင်းကိုလည်း လက်တွေ့ကျင့်သုံးခဲ့သူဖြစ်သည်။ ယခု ရင့်ကျက်သောသန့်ရှင်းသူတစ်ဦးအနေဖြင့် ကောက်ရိတ်ပွဲတော်သို့ ရွှေရောင်ကောက်လှိုင်းများရိတ်သိမ်းရန် သွားနေသူတစ်ဦးနှင့်တူသည်။ သူသည် ထာဝရဘုရား၏ခရစ်တော်ကိုမမြင်ရမီမသေရဟု ဘုရားသခင်က သူ့အားဖော်ပြခဲ့ခြင်းကိုကြည့်ပါက သူသည် ဘုရားသခင်နှင့်နီးနီးကပ်ကပ်အသက်ရှင်ခဲ့ကြောင်းထင်ရှားသည်။တစ်နေ့တွင် ဗိမာန်တော်သို့လာရင်း မာရိနှင့်ယောသပ်တို့ကို သူငယ်တော်ယေရှုနှင့်အတူ သူတွေ့ရသည်။ သူသည် ချက်ချင်းပင် ကြွလာလိမ့်မည်ဟု ဘုရားသခင်က သူ့ကိုပြောထားသောကယ်တင်ရှင်သည် ဤသူငယ်တော်ဖြစ်ကြောင်းကို သူသိရှိခဲ့သည်။ တစ်ချိန်တည်းမှာပင် သူ၏မြေကြီးပေါ် နေရမည့်နေ့ရက်တို့သည်လည်း မကြာမီအဆုံးသတ်တော့မည်ကို သူသိခဲ့သည်။

ထိုချိန်တွင် အံ့သြဖွယ်မြင်ကွင်းတစ်ခုကို တွေ့ရသည်။အသက်ကြီးရင့်သည့် သန့်ရှင်းသူတစ်ဦးဖြစ်သည့်အားလျော်စွာ သူငယ်တော်ကို မာရိထံမှ ညင်သာစွာ *လက်နှင့်ချီပိုက်၍ ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းလျက်၊ အစိုးရတော်မူသောအရှင်၊*

*ဗျာဒိတ်တော်အတိုင်း ကိုယ်တော်၏ကျွန်သည် ငြိမ်ဝပ်စွာ စုတေ့ရသောအခွင့်ကို ကိုယ်တော်သည် ယခုတွင်ပေးတော်မူ၏* ဟုမြွက်ဆိုခဲ့သည် (လု ၂း၂၈–၂၉)။ ဖြူသောဆံပင်နှင့် ဂုဏ်ရှိသောမျက်နှာတို့၌ ထာဝရဘုန်းရောင်ခြည်ပေါ် လွှင်နေသောသူသည် သူငယ်တော်ကိုချီပွေ့ကာရပ်နေသည့်မြင်ကွင်းမှာ တက်နေထွန်းလင်းလာသည့်တောင်ထိပ်တစ်ခုကဲ့သို့ အလွန်ကြည့်ကောင်းသောမြင်ကွင်းတစ်ခုဖြစ်သည်။ ထို့ပြင် သူပြောပြချင်သည်ဆိုလျှင် ရှည်ကြာသောသူ့ဘဝထဲမှ အံ့သြဖွယ်အဖြစ်အပျက်များစွာရှိမည်ဖြစ်သည်။

သို့သော် ထိုအကြောင်းအရာမျိုး ယခုမဖော်ပြပေ။ သူသည် ဤလောကမှ ထွက်ခွာလျက် ထာဝရဆီသို့ ငြိမ်းချမ်းစွာဝင်ရောက်နိုင်ပြီဖြစ်ကြောင်းကြွေးကြော်နေသည်။ ထို့ကြောင့် ဤလောကဘဝအကြောင်း သူမပြော၊ သူ့အမြင်အာရုံသည် နောင်ဘဝကိုကြည့်နေသည်။ *ကယ်တင်သောသခင်ကို အကျွန်ုပ်သည် ကိုယ်မျက်စိနှင့်မြင်ရပါ၏*ဟု သူဆိုသည်။ ဘယ်မှာလဲဟု သူမေးစရာမလိုတော့ပေ။ သူသည် ခရစ်တော်ကိုကြည့်နေသည်။ သူသည် မိမိတစ်ဦးတည်းအတွက်မကြည့်။ လူအမျိုးမျိုးတို့အတွက်ပြင်ဆင်ထားသောကယ်တင်ခြင်းကို သူမြင်သည်။ သို့သော် လူသားအားလုံးအတွက်လုံလောက်သောကယ်တင်ခြင်းသည် ရှုမောင်ကိုယ်တိုင်အတွက်လည်း လုံလောက်ပါသည်။ သူ၌ခရစ်တော်ရှိနေပြီဖြစ်၍ အခြားအရာမလိုအပ်တော့ပေ။

သူ့အကြောင်းဆွေးနွေးရာမှ အခြားဘက်ပြောင်းရန်အတွက် သူ့လက်တို့ကို သတိပြုကြည့်ကြပါစို့။ သူ့လက်တစ်ဘက်က ခရစ်တော်ကိုချီထားပြီး အခြားတစ်ဘက်က အခြားတစ်စုံတစ်ခုကို ကိုင်ထားသည်မဟုတ်။ သူသည် ခရစ်တော်ကို ကိုယ်တိုင် လက်ခံထားရုံမက မိမိလက်နှစ်ဘက်လုံးဖြင့် ခရစ်တော်ကိုပွေ့ချီထားသည်။ ဤနေရာတွင် သူခံစားရသည့်ငြိမ်းချမ်းခြင်း၏လျှို့ဝှက်ချက်ရှိသည်။ ကျွန်ုပ်တို့လည်း ကယ်တင်ရှင်ကိုလက်ခံကာ သူ့အပေါ် သာလုံးလုံးမှီခိုကြသည်ဆိုလျှင် ဤလောကမှ ထွက်ခွာချိန်ရောက်လာသည့်အခါ ငြိမ်းချမ်းစွာထွက်ခွာနိုင်ကြမည်ဖြစ်သည်။

အခြားတစ်ဦးမှာ သေအံ့ဆဲဆဲရာဇဝတ်သားဖြစ်သည်။ သူ့အကြောင်းကို (လု ၂၃း၃၉–၄၃) တွင်ဖော်ပြထားသည်။ ရှုမောင်နှင့်ဤသူတို့၏ဘဝသည် အလွန်ခြားနားလှသည်။ ဤရာဇဝတ်သားသည် ကောင်းမှုဆို၍တစ်ခုမျှမလုပ်ခဲ့။ သူသည် ဓားပြ၊ လူသတ်သမားဖြစ်လျက် ယခု သူကိုယ်တိုင်ဝန်ခံသည့်အတိုင်း ထိုက်သင့်သည့်ပြစ်ဒဏ်ကိုခံနေရသူဖြစ်သည်။ ထို့အပြင် အနာဂါတ်တွင် သူ့ဘဝကို သူပြုပြင်

မည်ဟု ပြော၍မရတော့သည့်အခြေအနေ၌ရောက်နေသူဖြစ်သည်။ သူလည်း ရှုမောင်ကဲ့သို့ လောကမှ မကြာမီထွက်ခွာရတော့မည်ဖြစ်သည်။ သို့သော် သူတို့၏ အခြေအနေချင်းတော့ မတူပါ။ သူသည် ထာဝရ၏နယ်စပ်အစွန်းသို့ရောက်နေပြီ ဖြစ်သည်။ ဤအခြေအနေတွင် သူသည် မည်သို့ငြိမ်းချမ်းစွာထွက်ခွာနိုင်မည်နည်း။ သို့သော် သူငြိမ်းချမ်းစွာထွက်ခွာခဲ့ရသည်။ သူသည် သူ့ဘဝ၏တကယ့်နောက်ဆုံး အချိန်တွင် စစ်မှန်သောနောင်တကိုရလျက် ကယ်တင်ရှင်ကိုယုံကြည်လက်ခံခဲ့သည်။ သူသည် ထာဝရထဲသို့ *ယနေ့တွင် သင်သည် ငါနှင့်အတူပရဒိသုဘုံ၌ရှိလိမ့်မည်* ဟူသော ခရစ်တော်၏မပြောင်းလဲနိုင်သောကတိတော်ပေါ် အခြေခံသည့် စိတ်ချမှုနှင့်ငြိမ်းချမ်း မှုအားဖြင့် ဝင်ရောက်နိုင်ခဲ့သည် (လု ၂၃း၄၃)။

ရှင်လုကာ၏သတင်းစကားသည် ရှင်းပါသည်။ ကျွန်ုပ်တို့သည် ရှုမောင် သို့မဟုတ် ရာဇဝတ်သား သို့မဟုတ် အခြားမည်သူပင်ဖြစ်နေပါစေ စစ်မှန်သော နောင်တဖြင့် ခရစ်တော်ကိုယ်တိုင်၊ သူ့လုပ်ဆောင်ချက်နှင့် သူ့နှုတ်ကပတ်တော်တို့ကို ယုံကြည်လက်ခံကြသည်ဆိုလျှင် ကျွန်ုပ်တို့ရောက်ရှိမည့်နေရာကို သေချာစွာသိရှိနိုင် ပြီး ထိုနေရာသို့ စိတ်ချမှုအပြည့်ဖြင့် ငြိမ်းချမ်းစွာထွက်ခွာနိုင်ကြမည် ဖြစ်သည်။

## လေ့လာမှုနှင့်ဆွေးနွေးမှုဆိုင်ရာမေးခွန်းများ

၁။ ရှုမောင်နှင့်သေအံ့ဆဲဆဲရာဇဝတ်သားတို့တွင် သေခြင်းနှင့်နီးကပ်လာစဉ် မည် သည့်တူညီအချက် ရှိကြသနည်း

၂။ ကျွန်ုပ်တို့သည် မည်သည့်အချက်ပေါ် အခြေခံလျက် ကောင်းကင်ဘုံအတွက် စိတ်ချမှုရနိုင်ကြမည်နည်း။

၃။ ထာဝရအသက်ကား အဘယ်နည်း။

၄။ "ဘုရားသခင်၏သိုးသငယ်ကိုသာ ယုံကြည်ခြင်း" နှင့် "သူ၏အသက်စာစောင်၌ စာရင်းဝင်ခြင်း" တို့သည် မည်သည့်အဓိပ္ပါယ်ရှိကြသနည်း။

၈

# တစ်ဘက်ကမ်းသို့ရောက်သည့်အခါ

ဖတ်ရန်အကြံပြုသည့်ကျမ်းပိုဒ်များ။ ။ လု ၂း၂၅–၃၅၊ ၂၃း၃၉–၄၃

ထိုသို့ဆိုလျှင် သေသောသူတို့သည် မည်သည့်နေရာ၌ မည်သည့်အခြေအနေတွင် ရှိကြသနည်း။ ဤဘ၀တွင် ခရစ်တော်နှင့် တစ်ဦးချင်းရင်းနှီးဆက်ဆံမှုရှိခဲ့ပြီး သေဆုံးသွားကြ၍ ဓမ္မသစ်ကျမ်းက *ခရစ်တော်၌သေလွန်သောသူတို့* (၁သက် ၄း၁၆)ဟု ဆိုထားသောသူတို့ကို ပထမကြည့်ကြပါစို့။ သူတို့သေဆုံးသောအခါ ခရစ်တော်နှင့်အတူနေရသည်ဟု ကျမ်းစာက သွန်သင်ထားသည်။ သေအံ့ဆဲဆဲ ရာဇ၀တ်သားအား သခင်ဘုရားမိန့်တော်မူသည့်စကားတွင် ဤအကြောင်းကိုတွေ့ရသည်– *ယနေ့တွင်သင်သည်ငါနှင့်အတူပရဒိသုဘုံ၌ရှိလိမ့်မည်* (လု ၂၃း၄၃)။

ရှင်ပေါလုကလည်း ဤအကြောင်းကိုပြောသည့်အခါ ထိုစကားစုမျိုးကို အသုံးပြုလျက် ဖိ ၁း၂၃ တွင် *စုတေ့၍ခရစ်တော်နှင့်အတူနေခြင်းငှာ တောင့်တလိုချင်သောစိတ်ရှိ၏* ဟုသူ့ဆန္ဒကိုဖော်ပြသည်။ ၂ကော ၅း၆–၈ တွင်လည်း *ထို့ကြောင့်ငါတို့သည် ကိုယ်ခန္ဓာ၌ နေမြဲနေစဉ်ကာလ၊ သခင်ဘုရားနှင့်ကွာဝေးရာအရပ်၌ နေသည်ကို ငါတို့သည်သိလျက်၊ ကိုယ်ခန္ဓာနှင့် ကွာဝေးရာအရပ်သို့သွား၍၊ သခင်ဘုရားထံတော်၌ နေမြဲနေခြင်းငှာအလိုရှိလျက်၊ ရဲရင့်သောစိတ်နှင့်ပြည့်စုံကြ၏*ဟု သူဖော်ပြသည်။

ထို့အပြင် သေအံ့ဆဲဆဲရာဇ၀တ်သားအား သခင်ဘုရားက *ယနေ့တွင်သင်သည် ငါနှင့်အတူပရဒိသုဘုံ၌ရှိလိမ့်မည်* (လု ၂၃း၄၃) ဟုမိန့်တော်မူသည့်စကားထဲမှ ကျွန်ုပ်တို့သိရသည့်အချက်မှာ ယုံကြည်သူများသည် သေဆုံးသည်နှင့် ကြားခံနေရာမရှိဘဲ ချက်ချင်း ခရစ်တော်နှင့်အတူနေခွင့်ရကြသည်။ လောကမှထွက်ခွာကြပြီဖြစ်သော ယုံကြည်သူများနှင့် ပတ်သက်၍ ကျမ်းစာကလည်း ထိုအတိုင်းဖေါ်ပြထားသည်။ သခင်ဘုရားကိုယ်တိုင် အသေခံတော်မမူမီ သေဆုံးခဲ့သည့် လာဇရုအကြောင်းကို ကျွန်ုပ်တို့အား *ထိုဆင်းရဲသားသည် သေလွန်၍၊ ကောင်းကင်တမန်တို့သည် အာဗြဟံ၏ရင်ခွင်သို့ ပို့ဆောင်ကြ၏* ဟု ပြောပြထားသည် (လု ၁၆း၂၂–၂၅)။ သူ့ကို ယုံကြည်သူတို့၏ အစုအဖွဲ့တွင် စာရင်းပါ၀င်စေသည်ကိုတွေ့ရသည်။

ထို့အပြင် သူ့အခြေအနေနှင့်ပတ်သက်၍ *သူသည် နှစ်သိမ့်မှုကိုခံစားရ*ကြောင်း ကျွန်ုပ်တို့သိရသည်။ သူ့ဘဝတွင် နာမကျန်းဖြစ်ခြင်းနှင့်ဆင်းရဲခြင်းတို့၏ ညှဉ်းဆဲမှုကို ခံခဲ့ရသော်လည်း ယခု သူ၏ဒုက္ခဆင်းရဲခြင်းသည် အဆုံးသတ်ပြီး သူသည် နှစ်သိမ့်မှုကိုခံစားရသည်။ သေအံ့ဆဲဆဲရာဇဝတ်သားကိုလည်း ခရစ်တော်က *ယနေ့တွင် သင်သည် ငါနှင့်အတူပရဒိသုဘုံ၌* ဟု မိန့်တော်မူခဲ့သည် (လု ၂၃း၄၃)။ ပရဒိသုဘုံဆိုသောစကားလုံး၏မူလအဓိပ္ပါယ်မှာ ပျော်စရာပန်းခြံတစ်ခုဟူ၍ဖြစ်သည်။ ဓမ္မဟောင်းကို ဂရိဘာသာစကားဖြင့်ပြန်ဆိုသည့် ဆက်ပတူဂျင် (ခုနစ်ကျိပ်နှစ်ပါးဘာသာပြန်)တွင် အပြစ်၏နောက်ဆက်တွဲရလဒ်ဖြစ်သည့် နာကျင်ခြင်းနှင့် ဝမ်းနည်းခြင်းမဝင်ရောက်လာမီ ဒေင်ဥယျာဉ်အတွက် ဤစကားလုံးသုံးလျက် ဘာသာပြန်ထားသည်။ ထို့ကြောင့် လု ၂၃း၄၃၊ ၂ကော ၁၂း၄ နှင့် ဗျာ ၂း၇ စသည့်နေရာများတွင် ဓမ္မသစ်ကျမ်းက ဤစကားလုံးကိုသုံးသည့်အခါ နောက်ထပ်နာကျင်ခြင်း၊ နောက်ထပ်ဝမ်းနည်းခြင်း မရှိတော့သည့်နေရာအခြေအနေကို ဖော်ညွှန်းရန်အတွက် အသုံးပြုကြောင်း တွေ့ရသည်။

ရှင်ပေါလု၏မှတ်ချက်သည်လည်း ဤအချက်နှင့်သဘောတူသည်။ သူက ခရစ်တော်နှင့်အတူရှိခြင်းသည် လောက၌ သူတွေ့ကြုံခံစားခဲ့ရသမျှသောအရာအားလုံးထက် သာလွန်ကောင်းမွန်လှသည်ဟု ပြောထားသည် (ဖိ ၁း၂၃)။ ပေါလုသည် ဤလောက၌ပင် ခရစ်တော်နှင့် အကျွမ်းတဝင် တိုက်ရိုက်ဆက်ဆံပြောဆိုရသည်ကို ကျွန်ုပ်တို့မမေ့သင့်ပါ။ သူသည် ထိုအခွင့်ကို ရလျက်နှင့်ပင် ဤလောကကိုယ်ခန္ဓာမှခွာလျက် ခရစ်တော်နှင့်အတော်နေလိုသည်။ သူက ကွာခြားမှုသည် တိုင်းတစ်ပါး၌သိမ်းပိုက်ခံရသည့်အခြေအနေနှင့် မိမိအိမ်၌နေရသည့်အခြေအနေတို့ ကွာခြားသကဲ့သို့ ကွာခြားသည်ဟု ဆိုထားသည်။

## ခရစ်တော်နှင့်အတူ

ထို့ကြောင့် ဤအရာအားလုံးတွင် စိတ်ဝင်စားစရာအချက်မှာ လောကမှ ထွက်ခွာကြသောယုံကြည်သူတို့၏ချမ်းမြေ့ပျော်ရွှင်မှုတွင် အဓိကသည် ခရစ်တော်နှင့်နီးကပ်စွာနေရခြင်းပင်ဖြစ်ကြောင်း နေရာအားလုံးတွင် ဖော်ပြထားကြောင်း တွေ့ရသည့်အချက်ပင်ဖြစ်သည်။ ခရစ်တော်၏ဒုတိယအကြိမ်ကြွလာခြင်း၊ သေဆုံးသူတို့

၏ရှင်ပြန်ထမြောက်ခြင်းနှင့် အသက်ရှင်နေသူတို့၏ပြောင်းလဲသွားခြင်း စသည့် အကြောင်းအရာတို့ကိုအလေးအနက်ထားသောကျမ်းစကားတို့ထဲတွင် ဤအကြောင်းကို အမြဲဖော်ပြထားသည်။ ခရစ်တော်က ဤအကြောင်းနှင့်ပတ်သက်ကာ *ငါသည်သွား၍ သင်တို့နေစရာအရပ်ကိုပြင်ဆင်ပြီးမှတစ်ဖန်လာပြန်၍၊ ငါရှိရာအရပ်၌ သင်တို့ရှိစေခြင်းငှာ သင်တို့ကို ငါ့ထံသို့သိမ်းဆည်းမည်* (ယော ၁၄း၃) ဟူ၍လည်းကောင်း၊ *ဘုန်းတော်ကို အကျွန်ုပ်အား ပေးတော်မူသောသူတို့သည် ရှုမြင်ရမည်အကြောင်း၊ အကျွန်ုပ်ရှိရာအရပ်၌ အကျွန်ုပ်နှင့်အတူရှိနေစေခြင်းငှာအကျွန်ုပ်အလိုရှိပါ၏*(ယော ၁၇း၂၄) ဟူ၍လည်းကောင်း မိန့်တော်မူခဲ့သည်။ ရှင်ပေါလုကလည်း ပထမရှင်ပြန်ထမြောက်ခြင်းအကြောင်းရှင်းပြချက်ကို ဤသို့အဆုံးသတ်ထားသည်– *ထိုအခါ အသက်ရှင်၍ကျန်ကြွင်းသော ငါတို့သည် အာကာသကောင်းကင်၌ သခင်ဘုရားထံတော်သို့ ရောက်စေခြင်းငှာ၊ ထိုသူတို့နှင့်တကွမိုးတိမ်ပေါ်သို့ချီဆောင်ခြင်းကို ခံရသောအားဖြင့်သခင်ဘုရားနှင့်အတူအစဉ်မပြတ်နေရကြလိမ့်မည်*(၁သက် ၄း၁၇)။

သို့သော် ရှင်ပြန်ထမြောက်ခြင်းတိုင်အောင် ထွက်ခွာသွားသောယုံကြည်သူတို့၏ဝိညာဉ်သည် ခရစ်တော်နှင့်အတူရှိလျှင် သူတို့၏ကိုယ်ခန္ဓာများသည် အိပ်ပျော်ကြသည်ဟု ကျမ်းစာကပြောထားသည်။ ဥပမာအားဖြင့် လု ၈း၄၉–၅၆ တွင် ယာဣရု၏သမီးအကြောင်းကို ကျွန်ုပ်တို့ဖော်ပြခဲ့ပြီးဖြစ်သည်။ အငိုသည်တို့သည် သူ့ဆွေမျိုးများ၏ကြေကွဲဝမ်းနည်းမှုနှင့် သူ့မိတ်ဆွေများ၏ သနားကြင်နာမှုတို့ကို ဖော်ပြပေးရန် ငိုကြွေးမြည်တမ်းကြသည်။ ခရစ်တော်ရောက်လာလျက် *သူငယ်သေသည်မဟုတ်၊ အိပ်ပျော်သည်* ဟုမိန့်တော်မူရာ ငိုကြွေးမြည်တမ်းခြင်းသည် လှောင်ပြောင်ရယ်မောခြင်းဖြစ်သွားသည်။ အကြောင်းမှာ ဤနေရာ၌ရှိနေသူတို့၌ ယုံကြည်ခြင်းမရှိသကဲ့သို့ မျှော်လင့်ခြင်း သို့မဟုတ် စစ်မှန်သောနှစ်သိမ့်ပေးခြင်းလည်းမရှိသောကြောင့်ဖြစ်သည်။ သူတို့အကောင်းဆုံးလုပ်နိုင်သည့်အရာမှာ သူတို့၏ ဆွေမျိုးများသည် မိမိတို့၏ပူဆွေးမှုကို မျိုသိပ်ထားပြီး စိတ်ဒဏ်ရာမရရှိရလေအောင် သူတို့၏စိတ်ခံစားမှုဆိုင်ရာပူဆွေးမှုအတွက် တမင်တကာ အထိန်းအကွပ်မရှိ ငိုကြွေးမြည်တမ်းပေးခြင်းသာဖြစ်သည်။ သို့သော် သူတို့၏အသက်မွေးဝမ်းကြောင်းတတ်ကျွမ်းမှုသည် စစ်မှန်သောနှစ်သိမ့်မှု သို့မဟုတ် မျှော်လင့်ခြင်းနှင့် အကျွမ်းတဝင်မရှိပေ။ သူတို့သိသည့်အရာမှာ မိဘများသည် ခရစ်တော်၏မျှော်လင့်ခြင်းနှင့်ဆိုင်သော

သတင်းစကားကိုလက်ခံ၍ ၎င်း၏မှန်ကန်မှုကို တွေ့သွားကြပါက မိမိတို့ဝင်ငွေမရှိဖြစ်သွားနိုင်သည်ဆိုသည့်အချက်သာဖြစ်သည်။

ကယ်တင်ရှင်က *သူငယ်သေသည် မဟုတ်၊ အိပ်ပျော်သည်* (ဂ း၅၂) ဟု မိန့်တော်မူလျက် သူ၏လက်ကိုင်ကာ သူ့ကိုထူမပေးခဲ့သည်။ ထို့ကြောင့် ခရစ်ယာန်တို့က အိပ်ပျော်ခြင်းသည် ဘဝ၏အမြင့်မားဆုံးပုံစံတစ်ခုမဟုတ်သော်လည်း နောက်ဆုံး သို့မဟုတ် မဆုံးနိုင်သည့်ဘေးဒုက္ခလည်းမဟုတ်ကြောင်းသိရှိခြင်းက ခရစ်ယာန်တို့၏ မျက်ရည်ကိုခြောက်သွေ့စေသည်။ ဟောင်းနွမ်းနေသောရုပ်ခန္ဓာတို့ အိပ်ပျော်ခြင်းသည် အပျော်ရွှင်ဆုံးအချိန်တစ်ခုအတွက် ဖြစ်သည်။ ထို့ကြောင့် ရှင်ပေါလုက သေဆုံးသွားသောခရစ်ယာန်တို့ကို *အိပ်ပျော်သောသူတို့* ဟုဆိုထားသည် (၁သက် ၄း၁၄)။ အင်္ဂလိပ်စကားလုံးတစ်ခုဖြစ်သည့် cemetery သည် 'လူတို့အိပ်ပျော်သောနေရာ' ဟုအဓိပ္ပါယ်ရှိသော ဂရိစကားလုံးမှလာ၍ ခရစ်ယာန်ယုံကြည်မှုကို သက်သေခံပေးသော စကားလုံးတစ်ခုဟုဆိုရမည်ဖြစ်သည်။

## ခရစ်တော်မပါလျှင်

ထိုသို့ဆိုလျှင် မယုံကြည်သကဲ့သို့ နောင်တလည်းမရဘဲ သေဆုံးသူတို့ မည်သို့ဖြစ်ကြမည်နည်း။ ဤမေးခွန်းသည် စိတ်ဆင်းရဲစရာဖြစ်စေသည့်မေးခွန်းဖြစ်၍ အကင်းပါးသူတို့ မဆွေးနွေးလိုသောမေးခွန်းဖြစ်သည်။ သို့သော် ကျွန်ုပ်တို့သည် ဤမေးခွန်းကိုဖြေရန် ရှောင်ပြေးနေလျှင် မိမိအပေါ် မိမိ မရိုးသားခြင်း၊ သစ္စာမရှိခြင်းပင်ဖြစ်သွားလိမ့်မည်။ ကျွန်ုပ်တို့သိသောဤကိစ္စအကြောင်းကို သခင်ဘုရားကိုယ်တိုင်က ကောင်းစွာပြောပြထားသည်ဖြစ်၍ ထိုအကြောင်းကို ကျွန်ုပ်တို့ပြန်သတိရသည်ဆိုလျှင် ကျွန်ုပ်တို့အတွက် အထောက်အကူဖြစ်နိုင်ပါသည်။ ကိုယ်တော်သည် ဂျေရုဆလင်ကိုကြည့်လျက် ၎င်း၏မြို့သူမြို့သားတို့ပြုသောအပြစ်နှင့် ကယ်တင်ခြင်းကိုငြင်းပယ်မှုတို့ကြောင့် ၎င်းအပေါ် ကျရောက်လာမည့် ယာယီဘေးဒုက္ခအကြောင်းကိုစဉ်းစားကာ စိတ်နှလုံးကြေကွဲလျက် ငိုကြွေးတော်မူခဲ့သည်။ မိမိအကြောင်းကို ကြားပြီးသောသူတို့ဖြစ်စေ၊ မကြားသေးသောသူတို့ဖြစ်စေ နောင်တရလျက် စစ်မှန်သောယုံကြည်ခြင်းဖြင့် ဘုရားသခင်၏ကရုဏာထံမိမိကိုယ်ကိုအပ်နှံသောသူ ကယ်တင်ခြင်းခံရန် လူသားအားလုံးအတွက် အသေခံတော်မူသော ကယ်

တင်ရှင်သည် တရားစီရင်ရန်ကြွလာတော်မူသောအခါ ရှေ့နောက်မညီသောအပြုအမူမျိုးလုပ်မည်မဟုတ်ကြောင်း စိတ်ချရပါသည်။

ရှင်လုကာမှတ်တမ်းတင်ထားသည့် သခင်ဘုရားပြောပြသော သူတောင်းစား လာဇရုနှင့် နာမည်မဖော်ပြထားသော သူဌေးကြီးတို့အကြောင်းအရာတွင် သခင်ဘုရားက ဤသို့အသေအချာမိန့်တော်မူထားသည် –*တနေ့သ၌ထိုဆင်းရဲသားသည် သေလွန်၍ ကောင်းကင်တမန်တို့သည် အာဗြဟံ၏ရင်ခွင်သို့ ပို့ဆောင်ကြ၏။ သူဌေးသည်လည်း သေလွန်၍ သင်္ဂြိုဟ်ခြင်းကို ခံရလေ၏။ မရဏာနိုင်ငံ၌ ပြင်းပြစွာသောဝေဒနာကို ခံရလျက် မျှော်ကြည့်၍ အာဗြဟံကိုင်၎င်း အာဗြဟံ၏ ရင်ခွင်၌ လာဇရုကိုင်၎င်းအဝေးကမြင်လျှင်၊ အိုအဘအာဗြဟံ၊ အကျွန်ုပ်ကို ကယ်မသနားတော်မူပါ။ အကျွန်ုပ်သည် ဤမီးလျှံ၌ ပြင်းစွာခံရသောကြောင့်၊ လာဇရုသည် မိမိလက်ဖျားကို ရေ၌နှစ်၍ အကျွန်ုပ်လျှာကို အေးစေခြင်းငှာသူ့ကို အကျွန်ုပ်ရှိရာသို့ စေလွှတ်တော်မူပါဟု ဟစ်ကြော်လေ၏။ အာဗြဟံကလည်း၊ ငါ့သား၊ သင်သည် အသက်ရှင်စဉ်အခါချမ်းသာရသည်ကိုင်၎င်း၊ လာဇရုသည် ဆင်းရဲစွာနေရသည်ကိုင်၎င်း အောက်မေ့လော့။ ယခုမူကား၊ သူသည်သက်သာခြင်းရှိ၏။ သင်သည် ဒုက္ခဝေဒနာကို ခံရ၏။ ထိုမှတပါး၊ ငါတို့နှင့် သင်တို့ စပ်ကြား၌ အလွန်နက်လှသော ချောက်ကြီးတည်လျက်ရှိ၏။ ထိုကြောင့် ဤအရပ်မှသင်တို့ရှိရာသို့ ကူးချင်သောသူမကူးနိုင်။ ထိုအရပ်မှ ငါတို့ရှိရာသို့ ကူးချင်သောသူလည်း မကူးနိုင် ဟု ဆို၏*(လု ၁၆း ၂၂–၂၆)။

## ဖြစ်ရပ်မှန်ဖော်ပြချက်

ကျွန်ုပ်တို့သည် အဖြစ်အပျက်ထဲမှ အဓိကသင်ခန်းစာမယူမီ ထည့်တွက်စဉ်းစားရမည့်အချက်နှစ်ချက်ကို ဦးစွာစစ်ဆေးရမည်ဖြစ်သည်။ ထိုအချက်တို့ကြောင့် သေပြီးသည့်နောက်ပိုင်း နောင်တရရန်မဖြစ်နိုင်သည့်အခြေအနေ၏ အထောက်အထားအဖြစ် အဖြစ်အပျက်အသေးစိတ်ကို အသုံးပြုရန် မသင့်တော်သလိုဖြစ်သွားနိုင်သည်။ ထိုအတိုင်းလည်း တစ်ခါတစ်ရံစွပ်စွဲခံရသည်။ ပထမအချက်မှာ ဤအဖြစ်အပျက်သည် ပုံဥပမာတစ်ခုဖြစ်သောကြောင့် ၎င်း၏အသေးစိတ်ကို အဖြစ်မှန်ကဲ့သို့ယူ၍မရဟု အချို့ကဆိုကြသည်။ သို့သော် ထိုသို့ဆိုခြင်းသည် သခင်ဘုရား၏ ပုံဥပမာတို့ကို ဒဏ္ဍာရီများနှင့် နားလည်မှားခြင်းဖြစ်သည်ဟု ဆိုရပေမည်။

ဒဏ္ဍာရီများသည် အမှန်တရားကို သိစေရန်အတွက် တန်ဖိုးထားသင့်သည့် နည်းလမ်းများဖြစ်ကြပါသည်။ တစ်ခါတစ်ရံ ၎င်းတို့ကို သမ္မာကျမ်းစာထဲတွင်လည်း တွေ့ရတတ်သည် (ဥပမာ။ ။ယောသံ၏ပုံဥပမာ)။ သို့သော် ဒဏ္ဍာရီထဲမှ အကြောင်း

အရာတို့သည် အပြင်၌တကယ်ဖြစ်ပျက်သောအရာများမဟုတ်ကြပေ– ကျေးငှက် တိရစ္ဆာန်တို့စကားပြောခြင်း၊ နေနှင့်လေတို့ စကားအချေအတင်ပြောဆိုခြင်း၊ စသည့် အဖြစ်မျိုးဖြစ်သည်။ ထို့ကြောင့် ဒဏ္ဍာရီထဲမှအခြေအနေများကို ငှက်များအကြောင်း လေ့လာသည့် သကုဏဗေဒ၊ သတ္တဗေဒနှင့် မိုးလေဝသပညာတို့အတွက် ယုံကြည် စိတ်ချရသည့်သက်သေများအဖြစ် ယူ၍မရနိုင်ပေ။

သို့သော် သခင်ဘုရားမိန့်တော်မူသောအဖြစ်အပျက်များသည် ပုံဥပမာ များဖြစ်ကြသော်လည်း ဒဏ္ဍာရီတစ်ခုမျှမပါပေ။ ထိုပုံဥပမာများတွင် အဖြစ်အပျက် အသေးစိတ်သည် တကယ့်ဘဝအတွက် မှန်ကန်သော ဝိညာဉ်ရေးသင်ခန်းစာများကို အသိပေးလေ့ရှိကြသည်။ ဥပမာအားဖြင့် ဂျုံပင်နှင့်ဂျုံရိုင်းပင်ပုံဥပမာတွင် ဂျုံပင် များသည် နိုင်ငံတော်သားများကို ကိုယ်စားပြုလျက် ဂျုံရိုင်းပင်များသည် မကောင်း ဆိုးဝါး၏သားများကို ကိုယ်စားပြုကြသည်။ ထို့အပြင် ဂျုံနှင့်ဂျုံရိုင်းပင်တို့၏ ဖြစ်ရပ် အသေးစိတ်သည် ဘဝမှန်တွင် အမှန်ဖြစ်ပျက်နေသည့်အရာများဖြစ်လျက် လယ် သမားများက အမှန်တကယ်ရှိသောလယ်များတွင် ဂျုံများစိုက်သည့်အခါ ထိုလယ် များတွင်ပင် အကြောင်းမလှစွာနှင့်ဂျုံရိုင်းမြက်ပင်များပေါက်လာတတ်သည်မှာလည်း အမှန်ပင်ဖြစ်သည်။

သူဌေးကြီးနှင့်လာဇရုတို့၏အဖြစ်အပျက်သည်လည်း လေးနက်သည့် ဝိညာဉ်ရေးအဓိပ္ပါယ်ကို အသိပေးသည့် ပုံဥပမာတစ်ခုဖြစ်သည်။ သို့သော် ထိုသို့ ပုံဥပမာတစ်ခုဖြစ်ခြင်းကြောင့် ၎င်း၏အသေးစိတ်အချက်အလက်တို့ကို တကယ့်ဘဝ အတွက် မမှန်နိုင်ဟု ဆို၍မရပေ။ ထို့အပြင် ထပ်စဉ်းစားရမည့်အရာမှာ ရှင်လုကာ သည် ဤအဖြစ်အပျက်ကို မှတ်တမ်းတင်ရာတွင် ၎င်းကို ပုံဥပမာတစ်ခုဟု ဆိုမထား ပေ။ ထိုသို့ပုံဥပမာဖြစ်ခဲ့လျှင်လည်း ခရစ်တော်မိန့်တော်မူသည့်ပုံဥပမာများထဲမှ ပါဝင်သူ၏နာမည်အတိအကျဖော်ပြသည့်တစ်ခုတည်းသောပုံဥပမာဖြစ်ပေလိမ့်မည်။

ဒုတိယကန့်ကွက်ချက်က အဖြစ်အပျက်အသေးစိတ်ကို စာသားအဓိပ္ပါယ် အတိုင်းယူ၍မရသောကြောင့် ဤအဖြစ်အပျက်တို့ကို အမှန်တကယ်ဖြစ်ပျက်ခဲ့သည် ဟု ယူဆ၍မရနိုင်ဟုဆိုသည်။ ထို့ကြောင့် သေဆုံးသူများနောင်တမရနိုင်တော့သည့် အခြေအနေကို ပြသရန်အတွက် ဤအဖြစ်အပျက်အသေးစိတ်ကို မယူသင့်ဟူသော ကန့်ကွက်ချက်ဖြစ်သည်။ သို့သော် ဤအကြောင်းပြချက်သည် ပေါ့တန်သော အကြောင်းပြချက်ဖြစ်သည်။ အချို့သောဖော်ပြချက်တို့သည် တင်စားဖော်ပြခြင်း

ဖြစ်ကြသည်မှန်သော်လည်း တင်စားဖော်ပြခြင်းသည် အဖြစ်မှန်မဟုတ်ဟု ဆို၍မရပါ။ သူတောင်းစားသည် အာဗရာဟမ်၏ရင်ခွင်သို့ပို့ဆောင်ခြင်းခံရသည်ဟု ဆိုခြင်းက အာဗရာဟမ်သည် သူ့ကိုကလေးငယ်ကဲ့သို့ ပွေ့ချီထားသည်ဟု မဆိုလိုကြောင်း ထင်ရှားပါသည်။ သို့သော် ၎င်းသည် တင်စားဖော်ပြချက်တစ်ခုမှန်သကဲ့သို့ အာဗရာဟမ်နှင့်သန့်ရှင်းသူတို့၏မိတ်သဟာရဖွဲ့မှုသည် အမှန်တကယ်ဖြစ်သည် ဆိုသည့် အချက်ကိုလည်း ထိုတင်စားဖော်ပြမှုက ဘာမျှမထိခိုက်ပါ။

အကယ်၍ ကျွန်ုပ်က ကျွန်ုပ်၏ကိုယ်ခန္ဓာအစိတ်အပိုင်းတစ်ခုခုတွင် ရောင်ရမ်းပူလောင်နေသည်ဟုဆိုပါလျှင် လူတစ်ဦးဦးက ကျွန်ုပ်ကိုယ်ခန္ဓာကို မီးနဲ့ရှို့နေသည်ဟု မည်သူမျှအဓိပ္ပါယ်ကောက်မည်မဟုတ်။ သို့သော် ကျွန်ုပ်သည် အသွေးအသားတွင် နာကျင်ပူလောင်မှုကို အမှန်ခံစားနေရသည်ကိုလည်း ငြင်း၍မရနိုင်ပေ။ ထိုနည်းတူပင် သူဌေးကြီးက သူသည် မီးလျှံထဲတွင် ဝေဒနာပြင်းစွာခံစားနေရသည်ဟုဆိုခြင်းသည် စာသားအတိုင်းကောက်ယူလျက် တကယ့်မီးလျှံထဲ သူရောက်နေသည်ဟု သတ်မှတ်ရန်မလိုပါ။ အမှန်မှာ သူ့အပြစ်တို့ကို ဝိညာဉ်ရေးနှင့်စိတ်ပိုင်းဆိုင်ရာအပြစ်ဟုမြင်လျှင် သူခံစားရသည့် ပြင်းထန်သောဝေဒနာသည်လည်း ဝိညာဉ်ရေးနှင့်စိတ်ပိုင်းဆိုင်ရာဝေဒနာဖြစ်သည်ဟုမြင်နိုင်သည်။

သို့သော်လည်း ထိုနေရာတွင် ရုပ်ခန္ဓာဆိုင်ရာဝေဒနာရှိလိမ့်မည်မဟုတ်ဟု ကျွန်ုပ်တို့မဆိုမီ ကျွန်ုပ်တို့အရင်ဆုံး သေချာဂရုစိုက်ရမည်ဖြစ်သည်။ ဤဘဝတွင်လည်း စိတ်ပိုင်းဆိုင်ရာနှင့်ဝိညာဉ်ပိုင်းဆိုင်ရာဝေဒနာများသည် ကျွန်ုပ်တို့၏ ရုပ်ခန္ဓာနှင့်စိတ်တို့အပေါ် အလွန်အကျိုးသက်ရောက်လေ့ရှိပြီး နာကျင်မှုကိုဖြစ်စေတတ်သည်။ ဤနေရာတွင် ဖြစ်ပျက်သောအရာတို့သည် ထိုနေရာတွင်ဖြစ်ပျက်ကြလိမ့်မည်မဟုတ်ဟု အဆောတလျင် မပြောသင့်ပေ။ ခရစ်တော်သည် အခြားကမ္ဘာအကြောင်းပြောပြရာ၌ ဥပစာဖြင့်တင်စားခြင်းကိုရွေးချယ်သည်ဆိုလျှင် ထိုကမ္ဘာ၌ဖြစ်ပျက်သည့်အရာတို့ကို ကျွန်ုပ်တို့အားအသိပေးရာတွင် အထိရောက်ဆုံးပုံစံဖြစ်သောကြောင့်သာ သူကအသုံးပြုခြင်းဖြစ်မည်ဟု ကျွန်ုပ်တို့စိတ်ချနိုင်ပါသည်။

## ပြင်ဆင်ရမည့်ပုံစံ

ကျွန်ုပ်တို့သည် လာမည့်ကမ္ဘာအကြောင်းကို သမ္မာကျမ်းစာက ပြောထားသကဲ့သို့ အလေးအနက်မထားဘဲ ပေါ့ပေါ့တန်တန်သဘောထားရန် သွေးဆောင်

ခြင်းထဲသို့ မကျရလေအောင်သတိပြုကြရမည်ဖြစ်သည်။ သူဌေးကြီး နောက်ဆုံး၌ ငရဲရောက်ကျရသည့်အကြောင်းတွင်လည်း အရေးကြီးသည့်အချက်ကို အလေးထားရန်လိုပါသည်။ သူငရဲကျရခြင်းမှာ သူ၏ချမ်းသာမှုကြောင့်မဟုတ်ဘဲ သူ၏မယုံကြည်မှုကြောင့်ဖြစ်ကြောင်း ထင်ရှားသည်။ ထိုမယုံကြည်မှုသည် သူ့ဝန်းကျင်၌ရှိသော ဆင်းရဲသားအပေါ် သူ၏ပြုမူဆက်ဆံမှုက ထင်ရှားစေသည်။ ကိုယ့်ဝန်းကျင်၌ ရှိသောသူကို ကိုယ်နှင့်အမျှချစ်ရန် သမ္မာကျမ်းစာက သူ့ကိုသွန်သင်ထားသည်။ သူသည် ထိုသို့ပြုရန် နည်းနည်းလေးမျှ မကြိုးစားခဲ့ချေ။

သို့သော် သူ့ဝန်းကျင်၌ရှိသောသူကို ချစ်ရန်ပျက်ကွက်ခြင်း၏နောက်ကွယ်၌ ပိုနက်ရှိုင်းသောမယုံကြည်မှုရှိနေသည်။ ကျမ်းစာသည် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သည်ဟု အပေါ်ယံအားဖြင့် သူဝန်ခံကောင်းဝန်ခံနိုင်ပါသည်။ သို့သော် ၎င်းက သွန်သင်သောအရာတို့ကို သူအလေးအနက်မထားခဲ့ပေ။ သမ္မာကျမ်းစာက ကိုယ်ကျင့်သီလနှင့်ပတ်သက်သည့်တောင်းဆိုမှုများကိုဖော်ပြပြီး ၎င်းတို့သည် ကေန်မုချဖြစ်ကြောင်းသတိပေးသော်လည်း ၎င်းတို့သည် သေပြီးသည့်နောက်ပိုင်း တစ်မျိုးတစ်ဖုံပြောင်းလဲ၍ အဆင်ပြေသွားနိုင်သည်ဟု သူထင်ခဲ့သောကြောင့် ၎င်းတို့ကို သူအလေးအနက်မထားခဲ့ကြောင်းထင်ရှားသည်။ အာဗြဟံမ်ထံ သူ၏ အသနားခံမှုကို နားထောင်ကြည့်ပါ။ လောက၌ရှိနေကြသော သူ၏ညီအစ်ကိုများ အလွန်အမင်းဝေဒနာခံစားရာနေရာသို့မရောက်လာကြစေရန်အတွက် လာဇရုကို သေသောသူတို့ထံမှ စေလွှတ်လျက် သူ့ညီအစ်ကိုများကို သတိပေးစေရန် သူတောင်းဆိုခဲ့သည်။

အာဗြဟံမ်က သူ့ညီအစ်ကိုများထံ မောရှေနှင့်အခြားပရောဖက်များရှိနေကြသည်ဖြစ်၍ လာဇရုကို သူတို့ထံစေလွှတ်ရန်မလိုကြောင်း သူ့ကိုပြန်ဖြေသည်။ သူတို့ရှိကြကြောင်းကို သူဌေးကြီးလည်း သိသည်။ သူတို့ကို ယုံကြည်ပါသည်ဟုလည်း သူ အပေါ်ယံဝန်ခံကောင်းဝန်ခံခဲ့ပေလိမ့်မည်။ သို့သော် သူသည် မောရှေနှင့်ပရောဖက်တို့ကို အမှန်တကယ်မယုံကြည်ခဲ့ပေ။ သူ့ညီအစ်ကိုတို့သည်လည်း သူတို့ကို မယုံကြည်ကြကြောင်းကိုလည်း သူသိသည်။ ထို့ကြောင့် *သေသောလူစုထဲက တစ်ယောက်သောသူသည် ထမြောက်၍ သူတို့ရှိရာသို့ သွားလျှင်၊ သူတို့သည် နောင်တရကြပါလိမ့်မည်* ဟု သူအကြံပြုသည်။ သို့သော် သူတို့သည် နောင်တမရဘဲ သေသောသူပေါ် လာသည်ကို အိပ်မက်ဆိုး သို့မဟုတ် စိတ်ကူးယဉ်တစ်ခု သို့မဟုတ် ထင်ယောင်ထင်မှားဖြစ်ခြင်း အဖြစ်သာ သတ်မှတ်လျက် ခေါင်းထဲမှ ဖယ်ထုတ်ပစ်ကြရန်သာ ပိုများသည်။

အာဗရာဟမ်က သူ့အကြံကိုလက်မခံပါ။ အဘယ်ကြောင့်ဆိုသော် သူတို့သည် သမ္မာကျမ်းစာကို မယုံလျှင် သေသောသူ ထမြောက်၍သူတို့ကို ပြောပြလျှင်လည်း ယုံကြမည်မဟုတ်။ လူတို့ကို ဘုရားပေးသည့်သတင်းစကားတွင် ဗန်းပြထားသည့် ထွင်လုံးမပါချေ။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ အမှားအမှန်ခွဲခြားစိတ်တွင် ထင်ရှားသည်။ ဖုတ်ကောင်ဆန်သောအရာများသိလိုသည့် ပြင်းပြသောစိတ်တွင် ထင်ရှားမည်မဟုတ်ပေ။ ကျွန်ုပ်တို့၏ အကောင်းအဆိုးပိုင်းခြားစိတ်သည် ပေကတ်ကတ်ဖြစ်လျက် ဘုရားနှုတ်ကပတ်တော်၏သတိပေးချက်များကို တန်ဖိုးမထား၊ မဆီမဆိုင်သောအရာများအဖြစ်သတ်မှတ်နေသည်ဆိုလျှင် ကျွန်ုပ်တို့၏အခြေအနေသည် တစ္ဆေများကိုပြလျက် ကုသပေးနိုင်သည့်အခြေအနေထက် ပိုဆိုးနေပြီဖြစ်သည်။

ရှင်လုကာခရစ်ဝင်ထဲတွင် ကျွန်ုပ်တို့ဆင်ခြင်ရမည့် ပုံဥပမာနှစ်ခုကျန်သေးသည်။ ထိုပုံဥပမာနှစ်ခုလုံးက နောင်လာမည့် ကမ္ဘာသည် အမှန်တကယ်ရှိကြောင်းနှင့် ဤလောက၌ မိမိ၏ရုပ်ဝတ္ထုပစ္စည်းများအသုံးပြုမှုသည် ထာဝရနှင့်ဆိုင်သောနောက်ဆက်တွဲအကျိုးသက်ရောက်မှုရှိကြောင်း ဖော်ပြတိုက်တွန်းကြသည်။ ပထမပုံဥပမာမှာ ၁၂း၁၃–၂၁ တွင်ရှိ၍ သူဌေးလူမိုက်ပုံဥပမာဟု လူတို့သိကြသည်။ ဤလူသည် လယ်ယာလုပ်ငန်းတွင် အလွန်အောင်မြင်ပြီး သုံး၍မကုန်နိုင်သော ဥစ္စာပစ္စည်းများမိမိ၌ရှိနေကြောင်းသိထားသူဖြစ်သည်။ ထို့ကြောင့် ၎င်းတို့ကို ဘာလုပ်ရမလဲ၊ ဘယ်မှာသိုလှောင်ရမလဲဟု သူဆုံးဖြတ်ရသည်။ သူသည် မိမိကိုယ်ကို မေးသည် – *ငါသည် အဘယ်သို့ပြုရမည်နည်း။ အသီးအနှံများကို သိုထားစရာအရပ်မရှိ* (လု ၁၂း၁၇)။

ဤသိုလှောင်ရေးပြဿနာအတွက် သူ့အဖြေမှာ ရေရှည်မကြည့်သည့်အမြင်ရှိသော အလွန်မိုက်မဲသောအဖြေဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသတိပြုရန် သခင်ဘုရားသတိပေးသည့်အချက်ကို (၁၂း၁၅) သူဦးစွာသတိပြုသင့်သည်။ ကျွန်ုပ်တို့အသက်သည် ကျွန်ုပ်တို့ပိုင်ဆိုင်သောဥစ္စာပစ္စည်းကြွယ်ဝမှု၌ မတည်ပေ။ လူတစ်ဦးသည် Rolls Royce ကားမျိုးမောင်းနှင်စီးနင်းရသည်ကို နှစ်သက်နိုင်ပါသည်။ သို့သော် သူသည် တစ်ပြိုင်တည်းနဲ့ ထိုကားမျိုးငါးစီးကို မမောင်းနှင်နိုင်ပါ။

ဒုတိယအနေဖြင့် သူ့ဘဝသက်တမ်း၏မသေချာမှုကို သူသတိပြုမိဖို့ကောင်းသည်။ *နှစ်ပေါင်းများစွာသုံးဆောင်ရန်ဥစ္စာများကိုသိုထားလျက်ရှိ* ခြင်းသည် (လု ၁၂း၁၉) ၎င်းတို့ကို အသုံးပြုရန် သင်ကြာရှည်စွာ အသက်ရှင်ရမည်ဆိုလျှင်တော့

သင့်အတွက် အဆင်ပြေပါသည်။ သို့သော် သင်သည် လောကတွင် ဥစ္စာပစ္စည်းများ အပိုအလျှံသိုလှောင်ထားပြီး သင့်ဘဝချက်ချင်းအဆုံးသတ်သွားမည်ဆိုလျှင် ထိုအရာတို့ကို ခံစားရန်အခွင့်အရေးမရှိတော့ဘဲ ၎င်းတို့ကို သင်ဆုံးရှုံးရမည်ဖြစ်သည်။

ဤသို့ပြုခြင်းသည် အလွန်ညံ့သောစီးပွားရေးဝါဒဖြစ်၍ သူဌေးလူမိုက်ထံရောက်လာသည့် ဤပြစ်တင်ရှုတ်ချမှုနှင့် ကောင်းစွာထိုက်တန်သည်– *ယနေ့ညဉ့်ပင် သင်၏ဝိညာဉ်ကို ရုပ်သိမ်းရာအချိန်ရောက်လိမ့်မည်။ သို့ဖြစ်၍သင်သည် ပြင်ဆင်သိုထားသော ဥစ္စာကို အဘယ်သူပိုင်မည်နည်း* (လု ၁၂း၂၀)။ သင့်အတွက်မလိုအပ်၊ သင့်အတွက် ပိုလျှံသောဥစ္စာပစ္စည်းများကို နောင်လာမည့်ကမ္ဘာအတွက် ရင်းနှီးမြှုပ်နှံထားလျှင် ပို၍အဓိပ္ပါယ်ရှိမည်ဖြစ်သည်။ ထိုအခါ သင်သည် ကယ်တင်ခြင်းခံရရုံမက ထာဝရဝမ်းမြောက်မှုဖြစ်စေသည့် ဝိညာဉ်ဘဏ္ဍာများဖြင့် ထာဝရထဲဝင်ရောက်နိုင်မည်ဖြစ်သည်။ သခင်ဘုရားက *ကောင်းကင်ဘုံ၌ ဘဏ္ဍာကိုဆည်းဖူးကြလော့* (မ ၆း၂၀)ဟု မိန့်တော်မူထားသည်။ မည်ကဲ့သို့ဆည်းဖူးရမည်နည်းဟု ကျွန်ုပ်တို့မေးလျှင် ၁တိ ၆း၁၇–၁၉ တွင် ရှင်ပေါလုဖြေပေးထားသည့် အဖြေတိုလေးတစ်ခုမှာ– *ဤဘဝ၌ ငွေရတတ်သောသူတို့သည် မာန်မာနစိတ်နှင့် ကင်းလွတ်၍ မမြဲသောစည်းစိမ်ကို မကိုးစားဘဲ၊ ငါတို့ခံစားဘို့ရာအလုံးစုံ တို့ကိုကြွယ်ဝစွာ ပေးသနားတော်မူသော၊ အသက်ရှင်တော်မူသော ဘုရားသခင်ကို ကိုးစားရမည်အကြောင်းနှင့်၊ သူတစ်ပါးအား ကျေးဇူးပြုခြင်း၊ ကောင်းသောအကျင့်၌ ကြွယ်ဝပြည့်စုံခြင်း၊ စွန့်ကြဲချင်သော စေတနာစိတ်ရှိခြင်း၊ အချင်းချင်းဆက်ဆံခြင်း၊ မှန်သောအသက်ကို ဝင်စားလိုသောငှာ၊ နောင်ဘဝ၌ ကောင်းသောဘဏ္ဍာကို မိမိတို့အဘို့ ဆည်းဖူးခြင်းတို့ကိုပြုရမည်အကြောင်း ပညတ်ထားလော့* (၁တိ ၆း၁၇–၁၉)။

## အနာဂါတ်ဘဏ္ဍာ

လု ၁၆း၁–၁၃ တွင် တွေ့ရသည့်အခြားသောပုံဥပမာကို မတရားသောဘဏ္ဍာထိန်းပုံဥပမာဟု လူတို့သိကြသည်။ မိမိရာထူးမှထုတ်ပယ်ခြင်းခံရသည့် ဘဏ္ဍာထိန်းတစ်ဦးအကြောင်းဖြစ်သည်။ သူ့ကိုသတိထားမိသည့်အချိန်နှင့် သူ့ကိုထုတ်ပယ်သည့်အချိန်ကြားကာလသည် တိုတောင်းသောကာလဖြစ်သည်။ ထို့ကြောင့် သူ့သခင်၏ဥစ္စာပစ္စည်းများ သူ့လက်ထဲရှိနေသေးသည့်အချိန်တွင် ၎င်းတို့ကို သူလက်လွတ်ရ၍ အပြင်ရောက်သည့်အခါ အကူအညီပေးမည့်မိတ်ဆွေများ၊ အိမ်၌လက်ခံမည့်မိတ်ဆွေများရအောင် ၎င်းတို့ကိုသူအသုံးပြုလျှင် သူသည် ပညာရှိဖြစ်လိမ့်မည်ဖြစ်သည်။

သူ၏လုပ်ဆောင်မှုသည် မသာမာသောနည်းလမ်းဆန်သည်။ သို့သော် ဤအချက်သည် အဓိကဆိုလိုရင်းမဟုတ်ပေ။ အဓိကဆိုလိုရင်းသဘောမှာ သူသည် အနာဂါတ်ကိုကြိုတင်ကြည့်လျက် မိမိလက်၌ရှိသောအရာများကို အနာဂါတ်တွင် သူ့ကိုကူညီ၍ မိမိတို့အိမ်၌လက်ခံကြမည့် မိတ်ဆွေများရအောင်အသုံးပြုခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏သခင်ဘုရားက သူသည် အချို့ခရစ်ယာန်များထက် ပို၍ပညာရှိသည်ဟု ဆိုထားသည်။ ကျွန်ုပ်တို့တစ်ဦးစီတွင် တန်ဖိုးရှိသောအရာ တစ်ခုမဟုတ် တစ်ခုရှိကြသည်။ သခင်ဘုရားက ၎င်းကို *မဖြောင့်မှန်သောလောကီစည်းစိမ်* (လု ၁၆း၁၁ မြန်မာ့စံမီသမ္မာကျမ်း) ဟုခေါ်သည်။ အဘယ်ကြောင့်ဆိုသော် လောကတွင် လူတို့သည် တန်ဖိုးရှိသောအရာများနှင့် ဝင်ငွေများကို မညီမမျှနှင့် မကြာခဏ မမျှမတရရှိကြသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ကိုယ်တော်က ထိုအရာတို့သည် ဖြစ်လိုက်ပျက်လိုက် ဖြစ်နေကြပြီး ကျွန်ုပ်တို့သည် ထာဝရဆီသို့သွားကြရမည် ဖြစ်၍ ထိုနေရာတွင် မိမိတို့၏ထာဝရနေထိုင်ရာသို့ ကျွန်ုပ်တို့ကို ကြိုဆိုလက်ခံကြမည့် မိတ်ဆွေများရှိစေရန်အတွက် ထိုအရာတို့ကိုအသုံးပြုရန် မိန့်တော်မူခဲ့ခြင်းဖြစ်သည်။

ကောင်းကင်နိုင်ငံတွင် အချို့တို့၌မိတ်ဆွေများရှိပြီး အချို့တို့၌မိတ်ဆွေရှိလိမ့်မည်မဟုတ်ဟုပြောသည့်အခါ လူအချို့အတွက် အံ့သြစရာဖြစ်ပြီး နားမလည်နိုင်ဖြစ်တတ်ပါသည်။ ထို့ကြောင့် လက်တွေ့ဆန်သောဥပမာတစ်ခုကို ကြည့်ကြပါစို့။ မိမိဝင်ငွေသည် မိမိလိုအပ်ချက်ကို ကာမိရုံသာရှိသော ခရစ်ယာန်မုဆိုးမတစ်ဦး သို့မဟုတ် အပျိုမကြီးတစ်ဦးကို မြင်ယောင်ကြည့်ပါ။ သူသည် မိမိစားသောက်ချင်သည်ကိုချုပ်တည်းလျက် တစ်ပတ်လျှင် ငွေတစ်ထောင်စီစုနိုင်ပြီး သခင်ဘုရားကို ချစ်သောမေတ္တာဖြင့် မယုံကြည်သူများထံ ဧဝံဂေလိဟောပြောနေသောသူအား ဝေစာများအတွက် ထိုငွေကိုလှူဒါန်းလိုက်သည်။ မယုံကြည်သူအချို့သည် ထိုဝေစာများဖတ်ခြင်းအားဖြင့် ခရစ်တော်ကိုလက်ခံလာကြသည်။ ထိုအခြင်းအရာသည် နောက်ဆုံးတရားစီရင်သည့်အခါ ပေါ်လာပြီး သူပေးလှူသည့်ဝေစာအားဖြင့်ပြောင်းလဲလာသောသူတို့သည် သူ့ကို ထာဝရအထူးကျေးဇူးတင်မဆုံးဖြစ်ကြရသည်။

ထိုသူနှင့်မတူသော အခြားခရစ်ယာန်တစ်ဦးကိုကြည့်ကြပါစို့။ ဤတစ်ကြိမ်တွင် အမျိုးသားတစ်ဦးဟုဆိုကြပါစို့။ သူ့တွင် အိမ်ကောင်းတစ်လုံးရှိသည်။ ခြံကြီးသုံးခြံရှိပြီး ကားကောင်းတစ်စီးလည်းရှိသည်။ တစ်နေ့တွင် သူ့ထံ ငွေတစ်ထောင်ပို

နေသည်ကို သူတွေ့သည့်အခါ ရေခဲမုန့်ဝယ်စားလိုက်သည်။ ရေခဲမုန့်ဝယ်စားခြင်းသည် အပြစ်မဟုတ်ကြောင်း လူတိုင်းသိသည်။ သို့သော် နောက်ဆုံးတရားစီရင်ခြင်းရောက်လာသည့်အခါ သူစားလိုက်သည့်ရေခဲမုန့်ကြောင့် ပြောင်းလဲလာပြီး သူ့ကိုကျေးဇူးတင်မည့်မိတ်ဆွေ လုံးဝမရှိနိုင်ပေ။

ဘုရားသခင်၏ကောင်းကင်ဘုံတွင် လူတိုင်းချစ်ခြင်းကိုခံရမည် သေချာသည်။ သို့သော် သင့်ကို အထူးကျေးဇူးတင်လျက် ချစ်ခင်မည့်မိတ်ဆွေမရှိလျှင် သင့်အတွက် ထာဝရဆုံးရှုံးမှုတစ်ခုဖြစ်ပေလိမ့်မည်။ ကျွန်ုပ်တို့ ပညာရှိကြသည်ဆိုလျှင် ထာဝရအတွက်မိတ်ဆွေများရရှိစေရန်အတွက် တစ်ပတ်တွင် ငွေတစ်ထောင်ထက်ပင်ပို၍မြှုပ်နှံနိုင်ရန် ကြံဖန်ကြိုးစားသင့်ပါသည်။ ထိုရည်ရွယ်ချက်အတွက်ဆိုလျှင် ကျွန်ုပ်တို့ထိန်းသိမ်းတိုးပွားစေရန် ဘုရားသခင်ယုံကြည်အပ်နှံထားသောအရာအားလုံးကို အသုံးပြုလျှင်ပင် လွန်ကဲသည်ဟု ဆို၍မရနိုင်ပေ။

## လေ့လာမှုနှင့်ဆွေးနွေးမှုဆိုင်ရာမေးခွန်းများ

၁။ သူဌေးကြီး အဘယ့်ကြောင့် ငရဲရောက်ရသနည်း။

၂။ ကျွန်ုပ်တို့သေဆုံးသည့်အခါ ခရစ်တော်နှင့်အတူနေရန် ချက်ချင်းသွားရမည်ဖြစ်ကြောင်း ကျွန်ုပ်တို့၌ မည်သည့်သက်သေအထောက်အထားရှိသနည်း။

၃။ မယုံကြည်သောသူ၊ နောင်တမရသောသူ၏ အနာဂါတ်နှင့်ပတ်သက်၍ ရှင်လုကာခရစ်ဝင်ကျမ်းက မည်သည့်သတင်းအချက်အလက်ပေးထားသနည်း။

၄။ ကျွန်ုပ်တို့ ထာဝရခံစားရန်အတွက် ကောင်းသောဘဏ္ဍာကိုသိုမှီးထားပြီဖြစ်ကြောင်း ကျွန်ုပ်တို့မည်ကဲ့သို့ သေချာသိရှိနိုင်မည်နည်း။

*စာစဉ် ၃*

# ဘုရင်မင်းမြတ်နှင့်သူ့နိုင်ငံတော်အကြောင်း သတင်းကောင်း

မိမိပဋိညာဉ်ကိုကြေငြာသည့်ရှင်ဘုရင်

သူ၏ အုပ်စိုးခြင်းနှင့်နိုင်ငံသားတို့အကြားဆက်နွယ်မှု

ဘုရင်မင်းမြတ်၏ အစေခံများအတွက် ရာထူးနှင့်ဆုလဒ်

တော်ဝင်ယဇ်ပုရောဟိတ်နှင့် တော်ဝင်ဝရမ်းပြေး

၉

# မိမိပဋိညာဉ်ကိုကြေငြာသည့်ရှင်ဘုရင်

ဖတ်ရန်အကြံပြုသည့်ကျမ်းပိုဒ်များ။ ။ လု ၂၂း၁–၂၀

ကျွန်ုပ်တို့၏သခင်ဘုရားအား နောက်ဆုံးညစာစားပွဲကျင်းပနိုင်ရန် အခန်း ငှားပေးသောသူသည် မည်သူဖြစ်ကြောင်းကို ယခုမည်သူကမျှမသိပါ။ သို့သော် သူမည်သူပင်ဖြစ်ခဲ့ပါစေ သူသည် အလွန်သတ္တိရှိသောအလုပ်ကိုလုပ်ခဲ့ခြင်းဖြစ်သည်။ ထိုအချိန်တွင် ဂျေရုဆလင်သည် ခရစ်တော်ကိုရန်ရှာနေသောအချိန်ဖြစ်သည်။ ဂျေရုဆလင်အုပ်ချုပ်သူတို့သည် ခရစ်တော်ကို လက်ဝါးကပ်တိုင်ပေါ် တင်ရန်ဆုံးဖြတ်ထားကြပြီဖြစ်သည်။ သူတို့၏ပြဿနာမှာ ခရစ်တော်အပေါ် စာနာစိတ်ရှိပြီး သူ့တရားစကားကို နားထောင်လိုသော ဘုရားဖူးများနှင့်ပြည့်နေသည့်မြို့ကြီးတွင် သူ့ကိုမည်ကဲ့သို့ ဖမ်းနိုင်မည်နည်းဆိုသည့်ပြဿနာဖြစ်သည်။ သူ့ကိုနေ့အချိန်ဖမ်းမည်ဆိုပါက သူ့ဘေး၌စုံပြုံနေကြသော ရာနှင့်ချီသည့်လူတို့ကို ဆူပူအောင်လုပ်ရာကြမည်။ ထို့ကြောင့် ပသခါပွဲတော်ပြီးသွား၍ ဘုရားဖူးများအိမ်ပြန်ကြသည့်အထိစောင့်ရန် သို့မဟုတ် ညအချိန် ဖမ်းရန်သာရှိတော့သည်။

သန့်ရှင်းသောသီတင်းပတ်အတွင်း ခရစ်တော်သည် နေ့ပိုင်းတွင် ဗိမာန်တော်သို့လာလျက် လူတို့ကိုဟောပြောသွန်သင်မည်ဖြစ်သည်။ သို့သော် ညရောက်သည်နှင့် မှောင်မဲနေသည့်အနီးဝန်းကျင်ရှိတောင်များသို့ သူရောက်သွားမည်ဖြစ်သည်။ မှောင်သည့်နောက်ပိုင်း မြို့ထဲတွင် သူဆက်နေလျှင် မနိုင်းချင့်မဆင်ခြင်ရာရောက်မည်ဖြစ်သည်။ သို့သော် နောက်ဆုံးညစာစားသည့်ညတွင် ရန်လိုသူများ မည်ကဲ့သို့ဝိုင်းရံနေသည်ဖြစ်စေ ညစာကိုမိမိတပည့်တော်များနှင့်အတူ မြို့လယ်တွင်စားရန် သူဆုံးဖြတ်ထားသည်။ ထို့ကြောင့် လူအများကိုမသိစေဘဲ အသေးစိတ်ကြိုတင်ကာကွယ်မှုများကိုလည်း စီစဉ်ထားသည်။

ညစာပြင်ဆင်ရန်အတွက် တပည့်တော်နှစ်ဦးအား ရေအိုးထမ်းသည့်လူတစ်ယောက်ကိုရှာရန်မှာကြားလျက် မြို့ထဲသို့စေလွှတ်ခဲ့သည်။ ဤအချက်က ကြိုတင်ပြင်ဆင်နှင့်ပြီးသားဖြစ်ကြောင်းဖော်ပြသည်။ သူတို့သည် ထိုသူနှင့်ဘာမျှမပြောဘဲ သူ့

နောက်လိုက်သွားကာ သူဝင်သည့်အိမ်သို့ဝင်လျက် အိမ်ရှင်ကိုမေး၍ အိမ်ရှင်ကိုတွေ့သည့်အခါ *ငါသည် ငါ့တပည့်တို့နှင့်တကွပသခါပွဲကိုစားရသော ဧည့်သည်အခန်းကား အဘယ်မှာရှိသနည်း။ ဆရာက မေးသည်* (လု ၂၂း၁၁) ဟုပြောရန်ဖြစ်သည်။ ထိုအခါ သူက အထက်ခန်းမကိုပြသဖြင့် သူတို့သည် အစားအစာများပြင်ဆင်ရမည်ဖြစ်သည်။

အားလုံးအဆင်သင့်ဖြစ်၍ ညရောက်လာသောအခါ ခရစ်တော်သည် မသိမသာမြို့ထဲသို့ဝင်တော်မူပြီး တပည့်တော်များကို သူ့ပတ်လည်၌စုဝေးစေတော်မူသည်။ နုယဉ်သော ဆီမီးတို့၏အလင်းဖြင့် နွေးနွေးထွေးထွေး သက်တောင့်သက်သာရှိသောအထက်ခန်းမသည် အပြင်အမှောင်ထုထဲရှိရန်လိုမှုများမှ သူတို့ကို နာရီအနည်းငယ်ကာကွယ်ပေးထားသည်။

သို့သော် ရန်လိုမှုရှိသမျှတို့မှ ကာကွယ်ပေးသည်တော့မဟုတ်။ အထူးသဖြင့် ကိုယ်တော်၏လောကသာသာနာလုပ်ငန်းတစ်လျှောက် တကောက်ကောက်လိုက်ကာ ယခုနောက်ဆုံး သဲကြီးမဲကြီးတိုက်ခိုက်တော့မည့်အဆိုးဆုံးရန်လိုသူ စာတန်မရောက်လာအောင် ထိုအထက်ခန်းမက မကာကွယ်ပေးခဲ့ပါ။ စာတန်သည် ခရစ်တော်၏တပည့်တော် ၁၂ ပါးအနက်တစ်ပါးဖြစ်သော ရှုဒဣရှကာရုတ်၏စိတ်နှလုံးကို ကျွန်ပြုနေသော ငွေတပ်မက်မှုထဲ၌ လွန်ခဲ့သည့်လများကတည်းက အလုပ်လုပ်ခဲ့ပြီးသားဖြစ်ကာ ယခု၌အခွင့်အရေးအတွက် သူ့ကိုအသုံးချရန် အစပြုနေပြီဖြစ်သည်။ စာတန်သည် ရှုဒဣရှကာရုတ်၏ စိတ်နှလုံးတွင် ကယ်တင်ရှင်ကို ရန်သူ လက်သို့အပ်လိုသည့်စိတ်ကို ဦးစွာသွင်းပေးခဲ့သည် (လု ၂၂း၃ နှင့် ယော၁၃း၂)။ ညစာစားပွဲမပြီးမီ စာတန်သည် ယုဒကိုချော့ဆွဲလျက် လုံးလုံးခိုင်းစေရန်အတွက် သူ့အထဲသို့ဝင်ခဲ့သည်။

အခြေအနေကို စဉ်းစားကြည့်ပါ။ ရက်အနည်းငယ်အကြာက ခရစ်တော်သည် မြို့တော်ထဲသို့ ဘုရင်တစ်ပါးကဲ့သို့ဝင်လာ၍ လူပရိသတ်များစွာက သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြသည်။ သို့သော် ယခုအခါ မြို့တော်သည် ထိုဘုရင်ကိုတော်လှန်သောသူတို့လက်သို့ ရောက်နေသည်။ သူ့တပည့်တော်များထဲမှ တစ်ဦးကပင် သူ့ကို ရန်သူအချုပ်အခြာထံရောင်းစားပြီးဖြစ်သည်။ သို့သော် ထိုညတွင်ပင် မကျေချမ်းနိုင်သောအမုန်းနှင့်ဆာတန်၏ဆန့်ကျင်မှုတို့ကို ရင်ဆိုင်ရင်း ထိုရှင်ဘုရင်သည် မိမိ၏နိုင်ငံတော်ကို တည်ထောင်လျက် စိုးစံအုပ်ချုပ်တော်မူသောမိမိနှင့် မိမိနိုင်ငံသားတို့အကြား ဆက်ဆံရေးကိုသတ်မှတ်ပေးသည့် ပဋိညာဉ်ကိုပြဋ္ဌာန်းခဲ့သည်။

## လူနှစ်မျိုးနှစ်စား

ဆန့်ကျင်ဘက်ဖြစ်သောလူနှစ်ဦး၊ မိမိအိမ်ကို ရာဇပလ္လင်အခန်းဖြစ်စေလျက် လောက၏ဆန့်ကျင်မှုများထဲတွင် မိမိနိုင်ငံတော်ကို တည်ထောင်ရန်အတွက် ကယ်တင်ရှင်အား မိမိအိမ်ကိုဖွင့်ပေးခဲ့သည့် အမည်မသိရသော လူတစ်ဦးနှင့် ခရစ်တော်ထံမှထွက်သွားကာ မိမိစိတ်နှလုံး၌ စာတန်ကိုနေရာပေးခဲ့သော ယုဒ ဣရှကာယုတ်။

သူတို့သည် လူအားလုံးတို့၌ရှိသည့် ရွေးချယ်စရာနှစ်ခုကို ကိုယ်စားပြုကြသည်။ ကျွန်ုပ်တို့သည် ဤအရာနှစ်ခုနှင့် လုံးလုံးမဆိုင်ပါဟုသောအတွေးမျိုးသည် စိတ်၏လှည့်စားမှုတစ်ခုဖြစ်သည်။ အပြစ်တရားသည် ကျွန်ုပ်တို့၏ကိုယ်ပိုင်ရဲတိုက်ထဲတွင် ကျွန်ုပ်တို့ကို ဘုရင်မဖြစ်စေပါ။ ကျွန်ုပ်တို့သည် စစ်မှန်သောလုံခြုံမှုနှင့် ထာဝရလွတ်လပ်မှုအတွက်ဆိုလျှင် အသက်တာ၏အတွင်းပိုင်းအကျဆုံးနေရာကို ခရစ်တော်အားအုပ်စိုးခွင့်ပေးသည့် နည်းလမ်းတစ်ခုတည်းရှိသည်။ သို့သော် ကျွန်ုပ်တို့သည် မိမိစိတ်ကူးယဉ်သည့်လွတ်လပ်မှုအတွက် မကြာခဏတိုက်ခိုက်မှုပြုတတ်ကြပြီး ဖန်ဆင်းရှင် တိုးဝင်လာသည်ကိုပင် တားဆီးရန် အကြံပြုချက်သည် မိမိစိတ်ရင်းထက် အန္တရာယ်ကိုကြောက်သောစိတ်ထံမှလာသည်ကို သတိမထားမိတတ်ကြပေ။ ခရစ်တော်ထံမှ ထွက်ခွာသွားမည့်ဆုံးဖြတ်ချက်သည် လူတစ်ဦး၏ကိုယ်ကျင့်တရားအကာအကွယ်ကို အားနည်းစေပြီး ဆာတန်၏ဝင်ရောက်စိုးမိုးမှုကို အတားအဆီးမရှိဖြစ်စေကြောင်းကို ယုဒထံမှ သင်ခန်းစာယူရမည်ဖြစ်သည်။

လူတစ်ဦးသည် မိမိစိတ်နှလုံးနှင့်အသက်တာကို ခရစ်တော်အား လုံးလုံးအုပ်စိုးခွင့်ပေးလျှင် ခရစ်တော်က မိမိ မည်ကဲ့သို့သောရှင်ဘုရင်ဖြစ်သည်ဟု သက်သေထူ၍ သူ၏အုပ်ချုပ်မှုသည်လည်း မည်ကဲ့သို့သောအုပ်ချုပ်မှုဖြစ်မည်နည်း။ ဤမေးခွန်းတို့ကိုဖြေရန်အတွက် နောက်ဆုံးညစာစားပွဲပြုလုပ်ရာ အထက်ခန်းမတွင် ထိုသမိုင်းဝင်ည၌ ဖြစ်ပျက်ခဲ့သည့်အရာကို ကျွန်ုပ်တို့ပြန်ကြည့်ရမည်ဖြစ်သည်။

ပထမအဓိကဖြစ်ပျက်ခဲ့သည့်အရာမှာ ခရစ်တော်သည် မုန့်ကိုယူ၍ ဤသို့ မိန့်တော်မူကာ တပည့်တော်တို့အားပေးခဲ့သည် – *ဤမုန့်ကား သင်တို့အဘို့ အလိုငှာ စွန့်သော ငါ၏ကိုယ်ဖြစ်၏။ ငါ့ကို အောက်မေ့ဘို့ရာဤသို့ပြုကြလော့ဟု မိန့်တော်မူ၏။*

*ထိုနည်းတူညစာစားပြီးမှခွက်ကိုလည်းယူ၍ ဤခွက်ကား သင်တို့အဘို့အလိုငှာ သွန်းသော ငါ၏ အသွေး၌တည်သော ပဋိညာဉ်တရားသစ်ဖြစ်၏* (လု ၂၂း၁၉–၂၀)။

ကိုယ်တော်က ဤခွက်ကား ပဋိညာဉ်တရားသစ်*တစ်ခု*ဖြစ်၏ဟု မဆိုဘဲ ပဋိညာဉ်တရားသစ်ဖြစ်၏ဟုဆိုခြင်းကို သတိပြုပါ။ ဆိုလိုသည်မှာ လူတို့သိပြီးသား တစ်နည်းအားဖြင့် ပရောဖက်ယေရမိကြိုဟောထားပြီးသားဖြစ်သည့် (၃၁း၃၁–၃၄) ပဋိညာဉ်သစ်ကို သူပြောနေခြင်းဖြစ်သည်။ ထပ်၍သတိပြုရမည့်အချက်မှာ ထိုပဋိညာဉ်သည် မောရှေ၏ပညတ်ချက်များပေါ် အခြေခံလျက် ဘုရားသခင်က အစ္စရေးလူမျိုးနှင့်ပြုခဲ့သော ပဋိညာဉ်ဟောင်းနှင့်မတူသော ပဋိညာဉ်*သစ်*ဖြစ်သည်။

## ပဋိညာဉ်ဟောင်း

ဝိညာဉ်ရေးရှုထောင့်မှကြည့်လျှင် ပဋိညာဉ်တစ်ခုသည် မည်သည့်အဓိပ္ပါယ်ကိုဆောင်ပါသနည်း။ ဤအကြောင်းအရာကို မောရှေ၏ခေတ်၌လူတို့ကျင့်သုံးခဲ့သောဓလေ့များဖြင့် သရုပ်ဖော်ရှင်းပြနိုင်ပါသည်။ ထိုခေတ်ကာလတွင် ဧကရာဇ်ဘုရင်များသည် မိမိလက်အောက်ခံဘုရင်များနှင့် သဘောတူစာချုပ်များချုပ်ဆိုလေ့ရှိကြသည်။ ထိုစာချုပ်သည် လက်အောက်ခံဘုရင်များအား ထိုဧကရာဇ်ဘုရင်သည် မည်သူဖြစ်ကြောင်း၊ သူတို့ကို မည်သည့်အခွင့်ထူးများပေးအပ်ထားကြောင်း၊ သူတို့ထံမှ မည်သို့သောပြုမူဆောင်ရွက်မှုများကို သူမျှော်လင့်ကြောင်း၊ သူတို့ထိုဧကရာဇ်ကိုနာခံလျှင် မည်သည့်ကောင်းချီးမင်္ဂလာများရရှိမည်ဖြစ်ကြောင်းနှင့် သူတို့ တော်လှန်ပုန်ကန်မည်ဆိုလျှင် မည်သည့်ပြစ်ဒဏ်များခံရမည်ဖြစ်ကြောင်းတို့ကို သတိရစေသည်။ တစ်နည်းအားဖြင့် ဤစာချုပ်များသည် အုပ်စိုးသောအရှင်နှင့် နာခံသောသူတို့၏ဆက်ဆံရေးကို ရှင်းလင်းစွာဖော်ပြပေးကြသည်။

ယခု ဤစာချုပ်များကို ပဋိညာဉ်များဟုခေါ်၍ ပဋိညာဉ်ဟောင်းကို ဘုရားသခင်နှင့်အစ္စရေးတို့၏စာချုပ်ဟုခေါ်ကြမည်။ ထိုပဋိညာဉ်က ဘုရားသခင်သည် သူတို့ကိုအုပ်စိုးတော်မူသောအရှင်ဖြစ်ပြီး သူတို့သည် သူ့ကိုနာခံသောသူများဖြစ်ကြောင်း သူတို့၏ဆက်နွယ်မှုကို သတ်မှတ်ပေးသည်။ ၎င်း၏နိဒါန်းက (ထွ ၂၀း၂) အစ္စရေးတို့အား ဘုရားဧကရာဇ်မင်းသည် မည်သို့သောအရှင်ဖြစ်ကြောင်းကို သတိပေး၍ သူတို့အတွက် သူလုပ်ဆောင်ပေးခဲ့သောအရာတို့ကို သူတို့အားသတိရစေ

သည်– *ငါသည် သင့်ကို ကျွန်ခံနေရာ အဲဂုတ္တုပြည်မှ ကယ်နုတ်ဆောင်ယူခဲ့ပြီးသော သင်၏ ဘုရားသခင်ထာဝရဘုရားဖြစ်၏။* (စကားမစပ်၊ ခရစ်ယာန်များအပါအဝင် လူမျိုးခြားတို့က မိမိတို့လည်း ဤပဋိညာဉ်နှင့်ဆိုင်သည်ဟုထင်ကြသော်လည်း တကယ်တမ်းတွင် မဆိုင်ကြပေ။ ဘုရားသခင်က ကျွန်ုပ်တို့လူမျိုးခြားများကို မည်သည့်အချိန်ကမျှ အီဂျစ်ပြည်မှ မဆောင်ယူခဲ့ဖူးပါ။)

ထိုပဋိညာဉ်သည် အဓိကပညတ်တော်ဆယ်ပါးတွင် အတိအကျဆက်လက်ဖော်ပြကာ အစ္စရေးလူမျိုးတို့အား ဘုရားသခင်ပြုစေလိုသောအပြုအမူများကို အစဉ်လိုက်ဖော်ပြ၍ ထိုပဋိညာဉ်ကို ပဋိညာဉ်သေတ္တာထဲတွင် သိမ်းထားရန်ဖြစ်သည် (ထွ ၂၅း၂၁)။ ထို့ပြင် ထိုပဋိညာဉ်ကို အမျိုးသား လူထုအစုအဝေးရှေ့တွင် ခုနစ်နှစ်တစ်ကြိမ် ဖတ်ပြရမည်ဖြစ်သည်။ ပြီးနောက် သူတို့နာခံမှုမရှိပါက သူတို့အပေါ်ကျရောက်လာမည့်ကျိန်ခြင်းနှင့် သူတို့၏မှန်ကန်သောအပြုအမူများကို လိုက်နာပါက သူတို့ထံရောက်ရှိလာမည့် ကောင်းချီးမင်္ဂလာများကို အသေးစိတ်ဖော်ပြထားသည် (တရား ၃၁း၁၀–၁၃၊ ၁၁း၂၆–၂၈၊ ၂၇း၁၁–၂၈း၆၈)။

ပဋိညာဉ်ဟောင်းသည် ဘုရားသခင်၏ကိုယ်ကျင့်တရားဆိုင်ရာပညတ်တော်တွင် အခြေခံထားသည်မှန်သော်လည်း ကိုယ်ကျင့်တရားဆိုင်ရာညွှန်ကြားချက်များနှင့်အကြံပြုချက်များသက်သက် တော့မဟုတ်ကြောင်းသေချာသည်။ ၎င်းက အစ္စရေးတို့နှင့်ဆက်ဆံရန်အတွက်နှင့် သူတို့၏ဘုရားသခင်ဖြစ်ရန်အတွက် ဘုရားသခင်ပြန်ဆင်ထားသော အခြေအနေကိုဖော်ပြပေးသည်။ သူတို့သည် သူ၏ကိုယ်ကျင့်တရားဆိုင်ရာပညတ်တော်ကို လိုက်နာနေသရွေ့ သူတို့ကိုလက်ခံရန်၊ သူတို့ကို ကောင်းချီးပေးရန်၊ သူတို့ကို မိမိ၏လူမျိုးတော်အဖြစ်အသိအမှတ်ပြုရန် ဘုရားသခင်ပြင်ဆင်ထားသည်။ သို့သော် သူတို့သည် ဤပညတ်တော်ကို ချိုးဖောက်လျှင် သို့မဟုတ် အကြောင်းတစ်စုံတစ်ခုကြောင့် စောင့်ထိန်းရန်ပျက်ကွက်လျှင် သူတို့သည် ဘုရားသခင်၏ဒဏ်ပေးခြင်းနှင့်ငြင်းပယ်ခြင်းကို ခံရမည်ဖြစ်သည်။

ကိုယ်ကျင့်တရားဆိုင်ရာညွှန်ကြားချက်ဖြစ်သော ပညတ်တော်နှင့် ပဋိညာဉ်တစ်ခု၏ အခြေခံဖြစ်သောပညတ်တော်တို့၏မတူညီမှုသည် အလွန်အရေးကြီးသည်။ ထိုအချက်ကိုနားလည်ရန် ရိုးစင်းသောသာဓကတစ်ခုကို အသုံးပြုကြပါစို့။ Mrs. Beaton ၏ Cookbook ဆိုသောစာအုပ်သည် ကမ္ဘာကျော် ချက်ပြုတ်နည်းများကိုစု

ဆောင်းတင်ပြထားသည့် စာအုပ်ဖြစ်သည်။ အိမ်ရှင်မတစ်ဦးသည် ထိုစာအုပ်ထဲမှ ညွှန်ကြားချက်များအတိုင်းလိုက်နာလုပ်ဆောင်လျှင် စားဖိုမှူးကောင်းတစ်ဦးဖြစ်မည်ဖြစ်သည်။ အိမ်ထောင်ပြုစ လူငယ်တစ်ဦးသည် အသစ်စက်စက်ဇနီးသည်အား Mrs. Beaton ၏စာအုပ်တစ်အုပ်ကို ချက်ပြုတ်ခြင်း၏စံနှုန်းများအတွက် အကြံကောင်းရစေလိုရုံသက်သက်မဟုတ်ဘဲ အခြားအကြောင်းအရာတစ်ခုဖြင့် လက်ဆောင်ပေးသည်ဆိုပါက လက်ခံနိုင်စရာရှိပါသည်။ ထိုဇနီးသည်သည် သဘောကောင်းသောသူဖြစ်လျှင် စိတ်ဝင်တစားမဟုတ်လျှင်ပင် ပြုံးရွှင်လျက် ထိုစာအုပ်ကို လက်ခံမည်ဖြစ်သည်။ သို့သော် ထိုလူငယ်က Mrs. Beaton ၏စာအုပ်သည် သူတို့နှစ်ဦး၏ ဆက်ဆံရေးအတွက် အခြေခံဖြစ်ကြောင်း၊ သူမသည် ထိုစာအုပ်ထဲမှ ညွှန်ကြားချက်များအတိုင်း သစ္စာရှိရှိလိုက်နာသရွေ့ မိမိဇနီးအဖြစ်လိုလိုလားလားလက်ခံလျက် သူမကိုချစ်ခင်မြတ်နိုးနေမည်ဖြစ်ကြောင်း၊ သို့သော် ထိုစာအုပ်မှ ညွှန်ကြားချက်များကိုပြည့်ပြည့်စုံစုံမလိုက်နာသည့်အခါ၊ အသားကိုကျက်အောင် မချက်သည့်အခါ၊ မုန့်ကိုတူးအောင်ဖုတ်သည့်အခါ သူသည် သူမကို ကွာရှင်းရန် တာဝန်ရှိမည်ဖြစ်ကြောင်း အခြေခံအချက်များချမှတ်လာသည်ဆိုကြပါစို့။ ကမ္ဘာပေါ်ရှိမည်သည့်မိန်းမမျှ ထိုအခြေအနေမျိုး၌ သူ့ဇနီးသည်ဖြစ်လိုစိတ်ရှိမည်မဟုတ်ဟု ကျွန်ုပ်ယူဆမိပါသည်။

အစ္စရေးလူမျိုးတို့ ဘုရားသခင်နှင့်ဆက်ဆံရသည့်ပဋိညာဉ်သည်လည်း ၎င်းနှင့်ခပ်ဆင်ဆင်ဖြစ်သည်။ ဘုရားသခင်၏ပညတ်တော်ကို အကျဉ်းချုပ်ရလျှင် သူတို့သည် သူတို့၏ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ အစွမ်းရှိသမျှ၊ ဉာဏ်ရှိသမျှနှင့်ချစ်ရမည်။ ကိုယ့်ဝန်းကျင်၌ရှိသောသူကို ကိုယ်နှင့်အမျှချစ်ရမည်။ သူတို့ ထိုအတိုင်းမပျက်မကွက်လိုက်နာနေသရွေ့ ဘုရားသခင်သည် သူတို့ကိုလက်ခံရန်နှင့်ကောင်းချီးပေးရန်အတွက် သူတို့၏ဘုရားသခင်ဖြစ်နေမည်။ သို့သော် သူတို့သည် အားနည်း၍ဖြစ်စေ၊ မလိမ္မာ၍ဖြစ်စေ ဘုရားသခင်၏ပညတ်တော်ကို တစ်စိတ်တစ်ပိုင်း သို့မဟုတ် အားလုံးကို စောင့်ထိန်းရန် ပျက်ကွက်ခဲ့လျှင် ဘုရားသခင်သည် သူတို့၏သဘောတူညီချက်ဖြင့် သူတို့ကို စွန့်ပယ်၍ ပြစ်ဒဏ်ပေးမည်ဖြစ်သည်။

အစ္စရေးတို့သည် ထိုကဲ့သို့သောပဋိညာဉ်ကို အမြဲသဘောတူခဲ့ကြသည်ဆိုသောအချက်သည်လည်း မှတ်သားစရာပင်။ ထိုအချက်က သူတို့သည် မည်မျှအထိဇွဲလုံ့လကောင်း၍ မည်မျှအထိဘာသာတရားဂိုဏ်းရှိုင်းကြကြောင်းကို ပြသည်။ ထို

နည်းတူ သူတို့သည် မိမိတို့စိတ်နှလုံး အားနည်း၍အပြစ်နှင့်ပြည့်နေသည်ဆိုသည်ကို အလွန်သတိမထားမိကြကြောင်းကိုလည်းပြသည်။ မောရှေသည် ပညတ်တော် ကျောက်ပြားတို့ကို တောင်အောက်သို့ယူလာရန်ပင်ရှိသေးသည် လူတို့သည် ထို ပညတ်တော်၏ အခြေခံအကျဆုံးအချက်ကို ချိုးဖောက်နေကြပြီဖြစ်သည်။

သို့သော် အစ္စရေးလူမျိုးသည် ထိုပဋိညာဉ်မှမိမိအပိုင်းကို စောင့်ထိန်းရန် ရာစုနှစ်များစွာ အကြိမ်ကြိမ်ပျက်ကွက်ခဲ့သော်လည်း၊ အစ္စရေးလူမျိုးသည် ဝမ်းနည်း ကြေကွဲမှုနှင့်ဘုရားသခင်၏ဆုံးမမှုတို့ကို မိမိအပေါ် ကျရောက်စေခဲ့သော်လည်း ခရစ် ယန်တို့အထဲတွင်ပင် ထိုပဋိညာဉ်ဟောင်းပုံစံဖြင့် ဘုရားသခင်နှင့်ဆက်ဆံမှုကို တည် ဆောက်နိုင်သည်ဟု စဉ်းစားနေသောသူများ ရှိနေသည်ကို တွေ့ရနိုင်ပါသည်။ သူတို့ သည် ကျွန်ုပ်တို့အသုံးပြုသည့် ဓမ္မအတွေးအခေါ် ဆိုင်ရာဝေါဟာရမျိုးဖြင့် သူတို့၏ တွေးခေါ်မှုကိုမဖော်ပြနိုင်ပါ။ သူတို့ ဤပုံစံဖြင့်သာ ပြောလိုကြသည်– 'ဟုတ်ပါတယ်။ ဘုရားသခင်ကိုအစေခံဖို့၊ ကိုယ့်ဝန်းကျင်မှာရှိတဲ့သူကို ချစ်ဖို့ စတဲ့ ပညတ်ချက်တွေကို စောင့်ထိန်းဖို့ ကျွန်တော်အကောင်းဆုံးကြိုးစားနေသရွေ့ ကျွန်တော်အဆင်ပြေပြီး နောက်ဆုံးမှာ အားလုံးအဆေပြေသွားမယ်လို့ ကျွန်တော်ယုံကြည်တယ်။' သို့သော် ထိုသို့ဖြစ်လိမ့်မဟုတ်ပါ။ ဖြစ်လည်းမဖြစ်နိုင်ပါ။ 'ပညတ်တော်တွေစောင့်ထိန်းဖို့ အ ကောင်းဆုံးကြိုးစားလုပ်ဆောင်သည်'ဟု သူတို့ဆိုခြင်းကို သေချာစစ်ဆေးကြည့်မည် ဆိုလျှင် ထိုပညတ်ချက်တို့ကို စောင့်ထိန်းခြင်းမဟုတ်ဘဲ ၎င်းတို့ကိုစောင့်ထိန်းရန်ပျက် ကွက်နေခြင်းသာဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်နှင့်သူတို့၏ဆက်ဆံရေးသည် ဘုရားသခင်၏ပညတ်တော်ကို သူတို့စောင့်ထိန်းသည့်အပေါ် မူတည်သည်ဟု သူတို့ ဆက်လက်ပြောဆိုနေသည်ဆိုလျှင် ဘုရားသခင်သည် အစ္စရေးတို့ကို ငြင်းပယ်သကဲ့ သို့ သူတို့ကိုလည်းငြင်းပယ်ရန်သာရှိတော့သည်။

## နှစ်ဦးနှစ်ဖက်ပဋိညာဉ်

ဤစိတ်သဘောထားသည် ရာစုနှစ်များစွာ ခေတ်နောက်ကျခဲ့ပြီဖြစ် သည်။ ဘီစီခြောက်ရာစုမှ ပရောဖက်ယေရမိက လူသည် ဘုရားသခင်နှင့် စိတ်ကျေ နပ်ဖွယ်ကောင်းသည့် ရင်းနှီးဆက်ဆံမှုကို ပဋိညာဉ်ဟောင်းအားဖြင့် မဖြစ်နိုင်ဟု တွေ့မြင်ပြီးသားဖြစ်သည်။ တစ်နေ့သောအခါ ဘုရားသခင်သည် အခြားသောနည်း

လမ်းဖြင့် ပဋိညာဉ်သစ်ကိုပြုတော်မူမည်ဖြစ်ကြောင်း ဘုရားသခင်သည် သူ့ကိုပရောဖက်ပြုစေခဲ့သည်။ ထို့ကြောင့် ဂျေရုဆလင်မြို့ထဲရှိ အထက်ခန်းမတစ်ခုတွင် သခင်ဘုရားသည် တပည့်တော်တို့အား ခွက်ကိုပေးလျက် *ဤခွက်ကား သင်တို့အဘို့အလို့ငှာ သွန်းသော ငါ၏အသွေး၌တည်သော ပဋိညာဉ်တရားသစ်ဖြစ်၏* ဟု မိန့်တော်မူခဲ့သည် (လု ၂၂း၂၀)။ သူသည် ယေရမိဖော်ပြသည့် ပဋိညာဉ်သစ်၏ သမိုင်းသစ်ကို အစပြုပြီဟု ကိုယ်တော်ကြေငြာနေကြောင်း တပည့်တော်များကသိကြသည်။ ဤသည်မှာ လူနှင့်ဘုရား၏ဆက်ဆံမှုကို လုံးလုံးလျားလျားပြောင်းလဲလိုက်ခြင်းဖြစ်သည်။

သို့သော် ပဋိညာဉ်သစ်သည် မည်သည့်အချက်အရ အဟောင်းနှင့်မတူဘဲ အသစ်ဖြစ်သနည်း။ ၎င်း၏အခြေခံသဘာဝနှင့် ၎င်း၏ရှုမြင်မှုပုံစံတို့၌ ကဏ္ဍသစ်နှစ်ရပ်ရှိပါသည်။ ၎င်း၏အခြေခံသဘာဝအားဖြင့် ပဋိညာဉ်ဟောင်းသည် နှစ်ဦးနှစ်ဖက်ပဋိညာဉ်ဖြစ်ပြီး ပဋိညာဉ်သစ်သည် တစ်ဖက်သတ်ပဋိညာဉ်ဖြစ်သည်။ တူညီမှုကိုနှိုင်းယှဉ်ဆင်ခြင်သည့် ရိုးရှင်းသောပုံစံဖြင့် ခြားနားမှုကို သရုပ်ဖော်ကြပါစို့။ သင်သည် အိမ်တစ်လုံးဆောက်လိုသောကြောင့် ဆောက်လုပ်ရေးသမား ဦးမြကို တာဝန်ပေးဆောက်လုပ်စေသည်ဆိုကြပါစို့။ သင်သည် သူနှင့်သဘောတူရုံသက်သက်မဟုတ်ပါ။ သူနှင့်စာချုပ်ရမည်ဖြစ်ပြီး ထိုစာချုပ်သည် နှစ်ဦးနှစ်ဖက်ချုပ်ဆိုသောစာချုပ်မျိုးဖြစ်၍ သင်လုပ်ရမည့်အပိုင်းနှင့် သူလုပ်ရမည့်အပိုင်းရှိမည်ဖြစ်သည်။ သဘောတူစာချုပ်ထဲတွင် ဦးမြသည် သင့်အတွက် အခန်းပေါင်း လေးဆယ်ပါသော အိမ်ကြီးဆောက်ပေးရမည်ဖြစ်ပြီး ခြံထဲတွင် တင်းနစ်ကွင်းတစ်ကွင်းနှင့် ရေကူးကန်တစ်ကန်လည်းပါရမည်။ ထို့ပြင် ပြီးစီးသည့်အချိန်တွင်ရှိနေရမည့် အိမ်၏အခြေအနေ အသေးစိတ်ကို ဖော်ပြထားသည်။ သင့်ဘက်ကလည်း ဦးမြကို ငွေ သိန်းငါးထောင်ပေးရမည်ဟု စာချုပ်၌ ရေးသားဖော်ပြထားသည်။ ထို့ပြင် အကယ်၍ တစ်ဖက်ဖက်မှ သဘောတူထားသည့်အတိုင်း မလုပ်ဆောင်ဘဲပျက်ကွက်ခဲ့လျှင် အခြေအနေကို သူတာဝန်ယူရမည်ဖြစ်ပြီး ထိုက်သင့်သောပြစ်ဒဏ်ကိုလည်းခံရမည်ဟုလည်း ရေးသားထားသည်။

ပဋိညာဉ်ဟောင်းသည် ထိုကဲ့သို့သော နှစ်ဦးနှစ်ဖက်ပဋိညာဉ်ဖြစ်သည်။ ဘုရားသခင်သည်လည်း သူ့အပိုင်းကို သူဖြည့်ဆည်းရမည်ဖြစ်သည်။ သူသည် အစ္စရေးလူမျိုးကို မိမိလူမျိုးတော်အဖြစ်လက်ခံပြီး ကြွယ်ဝစွာကောင်းချီးပေးရမည်။

သို့သော် ဤသို့ဖြစ်ရန် အစ္စရေးကလည်း ဘုရားသခင်၏ပညတ်တော်ကို အပြည့်အဝ စောင့်ထိန်းရမည်။ ထို့ကြောင့် ပဋိညာဉ်ထဲတွင် အစ္စရေးလူမျိုးဘက်မှ မိမိတို့တာဝန် ပျက်ကွက်ကြလျှင် ပြစ်ဒဏ်အနေဖြင့် ဘုရားသခင်၏ကျိန်ခြင်းကို ခံရမည်ဟု ရေးသားထားသည်။

အစ္စရေးလူမျိုး တာဝန်ပျက်ကွက်ခဲ့သည်။– *အရင် ငါပေးဘူးသော ပဋိညာဉ် တရား၌ သူတို့သည် မတည်ကြ၊ ငါသည်လည်း သူတို့ကို မကြည့်ရှုမပြုစုဘဲနေ၏* (ဟေဗြဲ ၈း၉)။ ထို့ကြောင့် ထိုကျမ်းပိုဒ်ထဲမှာပင် ဘုရားသခင်က ပဋိညာဉ်ဟောင်းကို ဖယ်ရှား လျက် ပဋိညာဉ်သစ်ကိုပေးတော်မူမည်ဟု မိန့်တော်မူသည်။ *ထာဝရဘုရား မိန့်တော်မူ သည်ကား၊ ငါသည် ဤလူမျိုး၏ ဘိုးဘေးတို့ကို လက်ဆွဲ၍ အဲဂုတ္တုပြည်မှ ဆောင်သွားသော အခါ၊ သူတို့၌ ငါပေးသော ပဋိညာဉ်တရားနှင့် ခြားနားသော ပဋိညာဉ်တရားသစ်ကို ဣသရေလအမျိုးသား၊ ယုဒအမျိုးသားတို့၌ ငါပေးသော အချိန်ကာလရောက်လိမ့်မည်။ အရင်ငါပေးဘူးသော ပဋိညာဉ်တရားကို သူတို့သည် ဖျက်၍၊ ငါသည်လည်း သူတို့ကို ရှုံရှာ၏။* (ယေရမိ ၃၁း၃၁–၃၂)။

ချွတ်ယွင်းချက်သည် ပဋိညာဉ်ကတောင်းဆိုသည့်စံနှုန်းကြောင့်လည်း မဟုတ် သကဲ့သို့ ဘုရားသခင်ကြောင့်လည်းမဟုတ်ပါ။ ချွတ်ယွင်းသည် ဘုရားသခင်၏ ပညတ်တော်ပေါ် အခြေခံလျက် လူနှင့်ဘုရားသခင် နှစ်ဦးနှစ်ဖက်ပြုသည့် ပဋိညာဉ် ကို စောင့်ထိန်းရန်အတွက် အပြစ်ရှိသောလူက မတတ်စွမ်းနိုင်ခြင်းသာ ဖြစ်သည်။

## တစ်ဖက်သတ်ပဋိညာဉ်သစ်

ထို့ကြောင့် ယခု တစ်ဖက်သတ်ပဋိညာဉ်ဟု ကျွန်ုပ်တို့ခေါ်သော အခြား ပဋိညာဉ်တစ်မျိုးကို ကြည့်ကြပါစို့။ တစ်နေ့တွင် သင်သည် လူကြီးများထံမှ စာတစ် စောင်ရသည်ဆိုကြပါစို့။ သင်နေထိုင်ရာနေရာမှ တရားရုံးရှေ့နေ ဦးဘနှင့်ဦးလှတို့က သင့်ဦးလေးဦးကြွယ်သည် မကြာသေးမီက အမေရိကန်နိုင်ငံ၌ သေဆုံးသွားကြောင်း သင့်ကိုသတင်းပို့ကြသည်။ သူသည် သင်မမွေးဖွားမီကတည်းက အမေရိကန်သို့ ပြောင်းရွှေ့သွားပြီး တစ်ခါမျှပြန်မလာဖူးသောကြောင့် သူ့ကိုသင်မသိဖူးချေ။ သင် သည် သင့်ဦးလေးသေဆုံးသည့်သတင်းအတွက် အလွန်စိတ်မကောင်းဖြစ်ရသည်။ သို့သော် တစ်ချိန်တည်းမှာပင် သင့်ဦးလေးသည် သူစုဆောင်းထားသည့် ဒေါ်လာ တစ်သန်းကို သင့်အတွက် အမွေအဖြစ်ထားခဲ့ကြောင်း သင်သိရသည့်အခါ မမျှော်

လင့်ဘဲ အလွန်ပျော်ရွှင်ရသည်။ သင်သည် ထိုတရားရုံးရှေ့နေများထံ အမြန်သွားလျက် ထိုငွေများကို သင်လက်ခံရရှိအောင် သင့်ဘက်မှဖြည့်ဆည်းရမည့် အခြေအနေကို သင်မေးမြန်းသည်။ ထိုရှေ့နေများသည် သေတမ်းစာကို သေချာဖတ်ပြီး သင့်ဘက်မှဖြည့်ဆည်းရမည့်အခြေအနေဘာမျှမရှိကြောင်း သင်သည်ငွေလက်ခံရန်သာ ပြင်ဆင်ထားရန်လိုကြောင်း ပြောပြကြသည်။ ထိုအခါ သင်က သင်သည် ဦးလေးဦးကြွယ်အသက်ရှင်စဉ်က ဘာမျှမလုပ်ပေးနိုင်ခဲ့သည့်အတွက် သူပေးသည့်အမွေနှင့်မထိုက်တန်ကြောင်းနှင့် ထိုမျှလောက်သောငွေပမာဏကို သင်လက်မခံမီ ချီးမြှင့်ထိုက်သူဖြစ်စေသည့် အရာတစ်ခုခုကို သင်လုပ်ရမည်ဟု သင်ပြန်ပြောသည်။

ရှေ့နေတို့သည် သေတမ်းစာကို ပြန်ဖတ်ပြီး သင်သည် သင်နှင့် မထိုက်တန်သောထိုလက်ဆောင်ကိုရရှိရန်အတွက် အခြားဘာမျှလုပ်စရာမလို၊ လက်ခံရန်ဆန္ဒသာရှိရန်လိုသည်ဟု အသေအချာပြန်ပြောပြကြသည်။ ထိုအခါ သင်က ထိုငွေတို့သည် သင့်ငွေဖြစ်ကြောင်းနှင့် သင့်ထံမရောက်လာအောင် မည်သူကမျှမတားဆီးနိုင်ကြောင်းကို မည်ကဲ့သို့သေချာစွာသိနိုင်မည်နည်းဟု သူတို့ကိုမေးသည်။ သင့် ဦးလေးဦးကြွယ်သည် သင့်ကိုငွေများသာပေးခဲ့သည်မဟုတ် ပဋိညာဉ်၊ တစ်နည်းအားဖြင့် သေတမ်းစာကိုလည်း ရေးထားခဲ့ကြောင်း၊ ထိုသေတမ်းစာအရ သင်က ဘာမျှလုပ်စရာမလိုဘဲ သေတမ်းစာအရဆောင်ရွက်ပိုင်သူက ထိုငွေများ အခြားသူထံမရောက်စေဘဲ သင့်ကိုပေးရန် တာဝန်ရှိကြောင်း သူတို့ရှင်းပြကြသည်။ မှန်ပါသည်– သင်လုပ်ချင်သည်ဆိုလျှင် ထိုငွေကိုငြင်းပြီး သေတမ်းစာကို ဆုတ်ဖြဲကာ တရားရုံးရှေ့နေတို့ကိုလည်း အလကားလျှောက်ယုံသည်ဟုဆိုကာ အိမ်မှထွက်ပြေး၍ ရပါသည်။ သို့သော် ဦးကြွယ်၏သေတမ်းစာအတိုင်း အကျိုးကျေးဇူးခံစားလိုသည်ဆိုလျှင် ၎င်းကိုယုံကြည်၍လက်ခံရန်သာဖြစ်သည်။ သေတမ်းစာသည် တစ်ဖက်သတ်ပဋိညာဉ်ဖြစ်သည်။

ပဋိညာဉ်သစ်သည် ထိုကဲ့သို့သော တစ်ဖက်သတ်ပဋိညာဉ်ဖြစ်သည် (ဂလာ ၃း၁၅–၂၂ ကိုကြည့်ပါ)။ ယခုခေတ်အသုံးပြုသည့်ဝေါဟာရဖြင့်ပြောရလျှင် သေတမ်းစာဟုခေါ်၍ နှစ်ဦးနှစ်ဖက်ပဋိညာဉ်နှင့်မတူပါ။ ကယ်တင်ရှင်ကိုယုံကြည်လက်ခံသောသူတို့အတွက် ပဋိညာဉ်သစ်ကချီးမြှင့်သောကောင်းချီးမင်္ဂလာနှင့်အကျိုးကျေးဇူးသည် အလွန်ကြီးမားလှသည်။ ထို့ပြင် ဟေဗြဲဩဝါဒစာ (၇း၂၂) ကပြောသည့်အတိုင်း ခရစ်တော်ကိုယ်တိုင်သည် ယုံကြည်သောသူတို့ အတွက် အာမခံဖြစ်တော်မူသည်။

ဟုတ်ပါသည်။ လူတိုင်း ထိုကောင်းချီးမင်္ဂလာကို ငြင်းလိုက ငြင်းနိုင်ပါသည်။ ထို့ပြင် ပဋိညာဉ်သစ်တည်းဟူသော ဓမ္မသစ်ကျမ်းကိုလည်း တန်ဖိုးမရှိဟု ငြင်းနိုင်ပါသည်။ မည်သူမျှ ပဋိညာဉ်သစ်နှင့်ဆိုင်သောကောင်းချီးမင်္ဂလာကို မိမိဆန္ဒမပါဘဲ လက်ခံရန် အတင်းတိုက်တွန်းခြင်းခံရမည်မဟုတ်။ ဘုရားသခင်၏ကျေးဇူးတော်သည် အနန္တ ဖြစ်သော်လည်း မယူမနေရမဟုတ်ပါ။ သို့သော် ကျွန်ုပ်တို့သည် ပဋိညာဉ်သစ်၏ အကျိုးကျေးဇူးတို့ကို ရရှိခံစားလိုသည်ဆိုလျှင် ၎င်းတို့နှင့် ထိုက်တန်အောင်လုပ်ရ မည်ဆိုသည့်အတွေးရှိသမျှကို ဖယ်ရှားပြီး မိမိအသွေးတော်ဖြင့် ပဋိညာဉ်၌ လက်မှတ် ထိုးလျက် ထိုပဋိညာဉ်နှင့်ဆိုင်သောခွက်ကို ကမ်းပေးနေသောအရှင်ထံမှ ယုံကြည် ခြင်းဖြင့် အခမဲ့လက်ခံကြရန်သာဖြစ်သည်။

## လေ့လာမှုနှင့်ဆွေးနွေးမှုဆိုင်ရာမေးခွန်းများ

၁။ ပဋိညာဉ်သစ်၏ အကျိုးကျေးဇူးကို ခံစားရရှိရန်အတွက် ဘာလုပ်ရမည်နည်း။

၂။ ပဋိညာဉ်ဟောင်းကို လူတို့စောင့်ထိန်းရန် အဘယ့်ကြောင့်မဖြစ်နိုင်ရသနည်း။ ၎င်း၏ရည်ရွယ်ချက်ကား အဘယ်နည်း။

၃။ ကျွန်ုပ်တို့ "ပညတ်ချက်တို့ကို ကျွန်ုပ်တို့တတ်နိုင်သမျှ အကောင်းဆုံး စောင့်ထိန်း ခြင်း"သည် ဘုရားသခင်အတွက် အဘယ့်ကြောင့် ကျေနပ်လက်ခံဖွယ် မဖြစ်ရ သနည်း။

၄။ ပဋိညာဉ်သစ်မရောက်လာမီ အဘယ့်ကြောင့် ခရစ်တော်၏အသေခံခြင်း လိုအပ် ရသနည်း။

၅။ အောက်ပါကျမ်းပိုဒ်များက ပဋိညာဉ်နှစ်ခု၏ခြားနားမှုများကို မည်ကဲ့သို့ရှင်းပြ ထားသနည်း။ ဟေဗြဲ ၈း၈–၁၂၊ ဂလာတိ ၃း၁၅–၂၂

## ၁၀

# သူ၏ အုပ်စိုးခြင်းနှင့်နိုင်ငံသားတို့အကြားဆက်နွယ်မှု

ဖတ်ရန်အကြံပြုသည့်ကျမ်းပိုဒ်များ။ ။ လု ၂၂း၁–၂၀

ပြီးခဲ့သည်လေ့လာမှုများတွင် ပဋိညာဉ်သစ်သည် တစ်ဖက်သတ်ပဋိညာဉ်ဖြစ်ပြီး ပဋိညာဉ်ဟောင်းသည် နှစ်ဦးနှစ်ဖက်ပဋိညာဉ်ဖွဲ့ခြင်းဖြစ်၍ ၎င်းတို့သည် အခြေခံသဘာဝအားဖြင့် ခြားနားမှုရှိကြသည်ဟု ကျွန်ုပ်တို့သိခဲ့ပြီဖြစ်သည်။ ယခု ပဋိညာဉ်သစ်သည် ၎င်း၏အသေးစိတ်အချက်အလက်အရ မည်ကဲ့သို့ခြားနားမှုရှိလျက် မည်ကဲ့သို့ပိုအဆင့်မြင့်ကြောင်း ကျွန်ုပ်တို့လေ့လာကြမည်ဖြစ်သည်။ ၎င်းက ဘုရင်ဖြစ်တော်မူသော ဘုရားသခင်နှင့် သူ့နိုင်ငံသားများ၏ ဆက်ဆံရေးအကြောင်း ရှင်းလင်းဖော်ပြသည်။ ထိုအကြောင်းကို ဟေဗြဲဩဝါဒစာ အခန်းကြီး ၈း၁၀–၁၂ တွင် တွေ့ရသည်။ ၎င်းတို့ကို အုပ်စုသုံးစုခွဲထားသည်။ ပထမအုပ်စုသည် အပိုဒ်ငယ် ၁၀ တွင်ပါ၍ ၎င်း၌ ဘုရားသခင်က *ငါ့ပညတ်တို့ကို သူတို့ စိတ်ဝိညာဉ်ထဲသို့သွင်းမည်။ သူတို့နှလုံး ပေါ်မှာရေးထားမည်* (ဟေဗြဲ ၈း၁၀) ဟုမိန့်တော်မူသည်။ ပဋိညာဉ်ဟောင်းနှင့်ဆိုင်သော ပညတ်တော်ဆယ်ပါးကို ကျောက်ပြားနှစ်ပြားပေါ်ရေးသားထားကြောင်း ကျွန်ုပ်တို့သတိရသည်ဆိုလျှင် ဤကတိတော်၏အဓိကအချက်ကို ကျွန်ုပ်တို့မြင်ရမည်ဖြစ်သည်။ လူတို့ကို ဘုရားအလိုတော်လိုက်လျှောက်စေရန် ၎င်းတို့၏ ထိရောက်မှုအားနည်းရခြင်းအကြောင်းရင်းသည် ထိုအချက်၌ ရှိသည်။ ၎င်းတို့သည် မာကျောအေးစက်နေသော ကျောက်ပြားပေါ် ရေးသားထားသည့် ပညတ်ချက်များဖြစ်ကြသည်။ ၎င်းတို့သည် လူတစ်ဦးအား ဘာလုပ်ရမည်ကိုပြောပြနိုင်သော်လည်း ထိုသို့လုပ်နိုင်ရန်အတွက် ခွန်အားကိုမပေးနိုင်ပေ။ မလုပ်ရမည့်အရာများကို ပြောပြသော်လည်း ထိုအတိုင်းမလုပ်ဘဲရှောင်နိုင်သည့်ခွန်အားကို ၎င်းတို့က မပေးနိုင်ပေ။ ၎င်းတို့သည် မိမိတို့နှင့်မိမိတို့ အပြည့်အဝကောင်းလျက် အကျိုးသင့်အကြောင်းသင့်သောပညတ်ချက်များဖြစ်ကြသည်။ လူတစ်ဦးသည် ၎င်းတို့ကိုလိုက်နာနိုင်သည်ဆိုလျှင် ထိုလူ၌ မြင့်မြတ်သောကိုယ်ကျင့်တရားဖြစ်လာမည်ဖြစ်သည်။ သို့သော် လူက

၎င်းတို့ကိုမလိုက်နာနိုင်ပေ။ ဓမ္မဟောင်း၌ဖော်ပြထားသည့်အတိုင်း လူ့စိတ်နှလုံးသည် အားနည်း၍အပြစ်စွန်းထင်းကာ လှည့်စားတတ်သောသဘောရှိပြီး အသည်းအသန် မကျန်းမမာဖြစ်နေသည်။

## အတွင်းထဲက ဘုရားသခင်၏ပညတ်တော်

လူသည် ဘုရားသခင်၏ပညတ်တော်ကို ဘုရားသခင်အားကျေနပ်စေသည့် အထိ လိုက်နာနိုင်ရန် မျှော်လင့်ချက်မထားမီ သူသည် စိတ်နှလုံးအသစ်၊ သဘော သဘာဝအသစ်နှင့် တန်ခိုးအသစ်တို့ကို ရရှိထားရန်လိုသည်။ ထို့ကြောင့်လည်း ပဋိညာဉ်သစ်၏ပထမဆုံးအပိုဒ်ငယ်က ဤအချက်ကို တိုတိုနှင့်လိုရင်း ဖော်ပြခြင်းဖြစ် သည်။ ဘုရားသခင်က မိမိ၏ပညတ်တော်ကို လူ၏စိတ်နှလုံး၌ရေးထားခြင်းမှာ လူက သတိရလျက် လိုအပ်ပါက အလွတ်ရနိုင်ဖို့သက်သက်မဟုတ်ပါ။ သူ့နှလုံးသားထဲ၌ ဘုရားသခင်၏သဘောသဘာဝမှန်ဖြစ်သည့် အသစ်သောသဘောသဘာဝကို ထည့် ပေးလိုက်ခြင်းလည်းဖြစ်သည် (၂ပေ ၁း–၄ ကိုကြည့်ပါ)။ အကြောင်းမှာ ရော ၈း၇ တွင် ၎င်း၏အကြောင်းရင်းကို ဤသို့ဖော်ပြထားသည်– *ဇာတိပကတိစိတ်သဘော သည် ဘုရားသခင်နှင့်ဆန့်ကျင်ဘက်ဖြစ်၏။ ဘုရားသခင်၏ တရားတော်အလို သို့မလိုက် တတ်။ ထိုမျှမကမလိုက်နိုင်။* (ရော ၈း၇)– ထို့ကြောင့် လူသည် ဘုရားသခင်၏ပညတ် တော်ကို ပြည့်စုံစေရမည်ဆိုလျှင် ဘုရားသခင်သည် မိမိ၏ပညတ်တော်အတိုင်း လုပ်ဆောင်တတ်သည့်သဘောသဘာဝမှန်ရှိသည့် အသက်တာသစ်ကို လူ့အထဲ၌ ဖန်ဆင်းပေးရမည်ဖြစ်သည်။ ဤသို့အသက်တာသစ်ဖန်ဆင်းသည့်ဖြစ်စဉ်ကို တမန် တော်ရှင်ယောဟန်က ‘ဒုတိယမွေးခြင်း’ဟုခေါ်၍ ပဋိညာဉ်သစ်က ‘ကျွန်ုပ်တို့၏ စိတ်နှလုံးပေါ်၌ ဘုရားသခင်၏ပညတ်တော်ကိုရေးသားခြင်း’ဟု ခေါ်သည်။

ပဋိညာဉ်ထဲမှ နောက်အပိုဒ်ငယ်က ယုံကြည်သူတိုင်းသည် ဘုရားသခင်နှင့် တစ်ဦးချင်း နက်နက်ရှိုင်းရှိုင်းသိကျွမ်းခြင်း ရှိသည်ဟုဆိုလျက် ဤသို့ဖော်ပြထား သည်– *ငါသည် သူတို့၏ ဘုရားဖြစ်မည်။ သူတို့သည်လည်းငါ၏လူဖြစ်ကြလိမ့်မည်။ ထိုသူ တို့က၊ ထာဝရဘုရားကို သိလော့ဟု၊ အမျိုးသားချင်း၊ ညီအစ်ကိုအချင်းချင်းတစ်ယောက်ကို တစ်ယောက် ဆုံးမသြဝါဒမပေးရကြ။ အကြောင်းမူကား၊ အငယ်ဆုံးသောသူမှစ၍အကြီးဆုံး သောသူတိုင်အောင် ထိုသူအပေါင်းတို့သည် ငါ့ကိုသိကြလိမ့်မည်* (ဟေဗြဲ ၈း၁၀–၁၁)။

## ဘုရားသခင်ကိုသိကျွမ်းခြင်း

ဘုရားသခင်ကိုသိကျွမ်းခြင်းသည် ဘုရားသခင်ရှိသည်ဟု သိရုံသက်သက်မဟုတ်ပါ။ သမ္မာကျမ်းစာတွင် 'သိသည်'ဆိုသည့် စကားလုံးကို လင်နှင့်မယားတို့ကြား အတွင်းကျကျဆက်ဆံမှုအတွက် အသုံးပြုထားသည်။ ဝိညာဉ်ရေးတွင် ဘုရားသခင်ကို သိကျွမ်းခြင်းသည် ဘုရားသခင်နှင့်တစ်ဦးချင်း ရင်းနှီးဆက်ဆံခြင်းကို ရည်ညွှန်းသည်။ စာအုပ်စာပေများ၊ တရားဟောဆရာများ သို့မဟုတ် ဆရာတော်ကြီးများထံမှတစ်ဆင့် ဘုရားသခင်အကြောင်းကို လက်ဆင့်ကမ်းသိရှိရခြင်းသည် တန်ဖိုးရှိပါသည်။ သို့သော် မလုံလောက်ပါ။

ဘုရားသခင်နှင့်ဆိုင်သောအရာများကို နားလည်ရန်၊ ကယ်တင်ခြင်းခံရရန်၊ ကျွန်ုပ်တို့စိတ်နှလုံးထဲ၌ ဘုရားသခင်၏ပညတ်တော်ကိုရေးသားရန်တို့အတွက် အခြားသူတို့က ကျွန်ုပ်တို့ကို များစွာအကူအညီပေးနိုင်ပါသည်။ သို့သော် ကျွန်ုပ်တို့ကိုယ်တိုင်သည် ဘုရားသခင်ကို တစ်ဦးချင်းနှင့်တိုက်ရိုက် သိရန်လိုသည်။ မိန်းခလေးတစ်ဦးသည် မိမိခင်ပွန်းဖြစ်လာမည့်သူကို သူငယ်ချင်းများ၏ရွှန်းရွှန်းဝေသောပြောပြချက်များအရသိရှိနိုင်ပါသည်။ သူငယ်ချင်းများက စီစဉ်မိတ်ဆက်ပေး၍လည်းဖြစ်နိုင်ပါသည်။ သို့သော် ထိုယောကျ်ားလေး၏ဇနီးဖြစ်လာဖို့ဆိုလျှင် မိတ်ဆွေများမပါတော့သည့်အခြေအနေတစ်ခုရောက်ရမည်ဖြစ်ပြီး ထိုမိန်းခလေးသည်လည်း ထိုယောကျ်ားလေးနှင့် တစ်ဦးချင်းနှင့်တိုက်ရိုက်ရင်းနှီးဆက်နွယ်မှုရှိရမည်ဖြစ်သည်။

ထို့အပြင် ထိုကဲ့သို့ ဘုရားသခင်နှင့်တစ်ဦးချင်းဆက်နွယ်မှုမရှိခြင်းသည် ဝိညာဉ်ရေးသေဆုံးခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏သခင်ဘုရားကိုယ်တိုင်က သူထ၍တံခါးကိုပိတ်ပြီးသည့်အခါ အပြင်၌ရှိသောသူတို့ကို သူ့ထံမှထွက်ခွာကြရန် မိန့်တော်မူမည်ဖြစ်ကြောင်း ကျွန်ုပ်တို့ကိုသတိပေးထားသည်။ သူတို့ထွက်ခွာရမည့် အကြောင်းရင်းကို ဤသို့မိန့်တော်မူမည်ဖြစ်သည်–*သင်တို့ကို ငါအလျှင်းမသိ* (မ ၇း ၂၃)။ ၎င်းက သူတို့ရှိခဲ့ကြသည်ကိုလည်းကောင်း၊ သူတို့မည်သူဖြစ်ကြောင်းကိုလည်းကောင်း ခရစ်တော်ကမသိခဲ့ဟုမဆိုလို။ သူတို့သည် မည်သည့်အခါကမျှ ခရစ်တော်နှင့် တစ်ဦးချင်းဆက်ဆံရင်းနှီးမှုမရှိခဲ့ကြဟုဆိုလိုသည်။ ထို့ပြင် ခရစ်တော်နောက်ထပ်သတိပေးသည့်အချက်မှာ ထိုသူတို့သည် ဘာသာရေးလိုက်စားခဲ့သည့်သက်သေအထောက်အထား

ရည်ညွှန်းပြောဆိုစရာရှိသူများဖြစ်လိမ့်မည်ဟူသောအချက်ဖြစ်သည်။ သို့သော် ကယ်တင်ရှင်နှင့်တစ်ဦးချင်းသိကျွမ်းမှုကို မည်သည့်အရာနှင့်မျှ အစားထိုး၍ရမည်မဟုတ်ပေ (မ ၇း၂၂၊ လု ၁၃း၂၆)။

သို့သော် စစ်မှန်သောယုံကြည်သူနှင့်ပတ်သက်၍မူ ခရစ်တော်က– *ငါသည်ကောင်းသောသိုးထိန်းဖြစ်၏။ ခမည်းတော်သည် ငါ့ကိုသိတော်မူ၍ ငါသည်လည်းခမည်းတော်ကို သိသကဲ့သို့ငါ၏သိုးကိုလည်း ငါသိ၏။ ငါ့သိုးတို့သည်လည်း ငါ့ကိုသိကြ၏* ဟုမိန့်တော်မူပြီးထပ်၍ *ငါ့သိုးတို့သည် ငါ့စကားသံကိုနားထောင်၍ ငါ့နောက်သို့လိုက်ကြ၏။ ထိုသိုးတို့ကို ငါသိ၏* ဟုမိန့်တော်မူခဲ့သည် (ယော ၁၀း၁၄–၁၅၊ ၂၇–၂၈)။

ဘုရားသခင်နှင့်တစ်ဦးချင်းသိကျွမ်းခြင်းနှင့်ရင်းနှီးဆက်ဆံမှုတို့သည် မိမိ၏ရှည်လျားပြီးတင်းကျပ်သော ကြိုတင်ပြင်ဆင်ထားသည့်စည်းကမ်းများလိုက်နာစောင့်ထိန်းအားဖြင့် ရရှိနိုင်သည့်အရာမျိုးမဟုတ်ပေ။ ထိုအခွင့်အရေးကို ပဋိညာဉ်သစ်က လက်ဆောင်အဖြစ် ပေးထားသည်။ သန့်ရှင်းသောဝိညာဉ်တော်က ခရစ်တော်ကိုယုံကြည်သောသူ၏စိတ်နှလုံးထဲတွင် ၎င်းကို အကျိုးသက်ရောက်စေသည်။ ရှင်ပေါလု၏စကားကို နားထောင်ကြည့်ပါ– *ထိုသို့သင်တို့သည်သားဖြစ်သောကြောင့် အဗ္ဗအဘဟုခေါ်တတ်သော သားတော်၏ဝိညာဉ်တော်ကိုသင်တို့စိတ်နှလုံးထဲသို့ဘုရားသခင်စေလွှတ်တော်မူ၏* (ဂလာ ၄း၆)။ ကျွန်ုပ်တို့သည် ခရစ်တော်ကိုယုံကြည်၍ ဘုရားသခင်၏သားသမီးဖြစ်လာစအချိန်တွင် ကျွန်ုပ်တို့သည် ဝိညာဉ်ရေး၌ ရင့်ကျက်မှုမရှိကြသေးပါ။ ကျွန်ုပ်တို့သည် ဝိညာဉ်ဖခင်များလည်းမဖြစ်နိုင်သေးသကဲ့သို့ ဝိညာဉ်ရေးရင့်ကျက်ကြီးထွားပြီးသူများလည်းမဟုတ်သေးပါ။ ထိုအခြေအနေမျိုးတွင် ရှင်ယောဟန်က *သူငယ်တို့၊ သင်တို့သည်ခမည်းတော်ကိုသိသောကြောင့်၊ သင်တို့အား ငါရေး၍ပေးလိုက်၏* ဟုပြောထားသည် (၁ယော ၂း၁၃)။

## ဘုရားသခင်ခွင့်လွှတ်တော်မူသည်

ပဋိညာဉ်သစ်၏တတိယနှင့်နောက်ဆုံးအပိုဒ်ငယ်က အောက်ပါအတိုင်းဖော်ပြထားသည် –*ထိုအခါ ငါသည် သူတို့အပြစ်များကို သည်းခံမည်။ သူတို့ပြစ်မှားခြင်း၊ လွန်ကျူးခြင်းများကို မအောက်မေ့ဘဲနေမည်* (ဟေဗြဲ ၈း၁၂)။ ဤအပိုဒ်ငယ်နှင့်

ပတ်သက်သည့် အံ့မခန်းဖွယ်ပထမအချက်မှာ ဤနေရာတွင် ကျွန်ုပ်တို့အပြစ်များအတွက် ခွင့်လွှတ်ခြင်းရှိ၍ ၎င်းကို ပဋိညာဉ်သုံးဝေါဟာရအားဖြင့် ရေးသားဖော်ပြထားခြင်းသည် ဆိုသည့်အချက်ဖြစ်သည်။

ဤအချက်၏အဓိပ္ပါယ်ကို နားလည်ရန်အတွက် မကြာမီက ကျွန်ုပ်တို့အသုံးပြုခဲ့သည့် သာဓကပုံဆောင်မှုတစ်ခုကို ပြန်ကြည့်ကြပါစို့။ သင်သည် အိမ်ဆောက်လုပ်သူတစ်ဦးက သင့်ကိုအိမ်ဆောက်ပေးရန် အလိုရှိသည်။ သူကလည်းသဘောတူသည်။ သို့သော် ဤအရာအားလုံးသည် သင်က အိမ်တန်ဖိုး သိန်းငါးထောင် ပေးသည့်အပေါ် မူတည်နေသည်။ ထို့ကြောင့် သူကအိမ်ကိုဆောက်ရန်နှင့် သင်က ငွေသိန်းငါးထောင်ပေးရန် ပဋိညာဉ်ပြုကြသည်။ သို့သော် အိမ်ဆောက်ပြီးသည့်အခါ သင့်စီးပွားရေးလုပ်ငန်းယိုယွင်းမှုဖြစ်လျက် အိမ်တန်ဖိုးအတွက် မပေးနိုင်ကြောင်းကို သင်တွေ့ရသည်။ ထိုအခြေအနေသည် တော်ရုံတန်ရုံကိစ္စမဟုတ်ပေ။ ထိုအခြေအနေတွင် အိမ်ဆောက်ပေးသူက ပဋိညာဉ်အရ သင်၌ရှိသည့်အကြွေးကိုလျှော်ပစ်လျက် အိမ်အတွက်တန်ဖိုးငွေမယူဘဲ သင့်ကိုအိမ်ပေးလိုက်သည်ဆိုလျှင် အလွန်အံ့မခမ်းဖွယ်ဖြစ်သွားပေလိမ့်မည်။ သို့သော် ဤအဖြစ်အပျက်သည် အံ့မခမ်းဖွယ်ဖြစ်သကဲ့သို့ အိမ်ဆောက်သူက အစကတည်းကပင် သင်သည်အိမ်ပိုင်ရန်အတွက် အိမ်တန်ဖိုးပေးရမည်။ သို့သော်မပေးနိုင်ပါက သူသည် အကြွေးကိုလျှော်ပစ်ကာ တန်ဖိုးမယူတော့ဘဲ သင့်ကိုအိမ်ပေးမည်ဟု ပဋိညာဉ်ထဲရေးသားချုပ်ဆိုခဲ့သည်ဆိုလျှင်လည်း ထုံးစံမဟုတ်ပေ။ ထိုဖေါ်ပြချက်မျိုးသည် အဓိပ္ပါယ်မဲ့သည့်ဖေါ်ပြမှုမျိုးဖြစ်ပေလိမ့်မည်။ ပဋိညာဉ်စာချုပ်က အိမ်ပိုင်ရန်အတွက် တန်ဖိုးငွေပေးဆောင်မှုအပေါ် မူတည်သကဲ့သို့ တန်ဖိုးငွေပေးဆောင်မှုအပေါ် လည်းမမူတည်ပါဟု နှစ်မျိုးလုံး ရေး၍မရနိုင်ပေ။

ထိုနည်းတူပင် ဘုရားသခင်၏ပဋိညာဉ်တွင်လည်း ကယ်တင်ခြင်းရရှိရန် ပညတ်တရားစောင့်ထိန်းရန်လိုသကဲ့သို့ မစောင့်ထိန်းလျှင်လည်းရသည်ဟု ပဋိညာဉ်ပြု၍မရပေ။ ပဋိညာဉ်ဟောင်းက ပညတ်တရားကိုစောင့်ထိန်းရန်တောင်းဆိုပြီး မစောင့်ထိန်းပါက ဘုရားသခင်၏ပြစ်ဒဏ်ပေးခြင်းကိုခံရမည်ဟုဆိုထားသည်။ ပဋိညာဉ်သစ်တွင် ကယ်တင်ခြင်းသည် ပညတ်တရားစောင့်ထိန်းမှုအပေါ် မူမတည်ဘဲ ထိုသို့မစောင့်ထိန်းနိုင်မှုအတွက် ခွင့်လွှတ်ခြင်းဖြင့် အာမခံပေးထားသည်။ ဘုရားသခင်

သည် ခွင့်လွှတ်ရန်ငြင်းပယ်လိုသည်ဆိုလျှင် ပဋိညာဉ်ကိုချိုးဖောက်ရန်သာရှိတော့သည်။ ထိုသို့ ငြင်းပယ်တော်မူရန်လည်း ဘုရားသခင်၌ အကြံအစည်မရှိပေ။ ထို့ကြောင့် ခရစ်တော်ကို ယုံကြည်သောသူအားလုံးတို့သည် ခွင့်လွှတ်ခြင်းကို ခံစားရမည် အသေအချာပင်ဖြစ်သည်။ ထိုအချက်သည် ဘုရားသခင်၏သစ္စာရှိမှုနှင့် မိမိပြုသောပဋိညာဉ်ကို စောင့်ထိန်းမှုတို့အပေါ် မူတည်သောကြောင့်ဖြစ်သည်။

သို့သော် ပဋိညာဉ်က အပြစ်ခွင့်လွှတ်ခြင်းအတွက် အာမခံထားပြီးဖြစ်၍ သင်သည် အပြစ်တစ်ခုခုကို မပြုရသေးလျှင်ပင် အပြစ်ပြုမည်ဟုအကြံအစည်ရှိပါက ဘုရားသခင်၏ခွင့်လွှတ်ခြင်းကို ကြိုတင်ဝယ်ယူနိုင်သည်ဆိုသော အလယ်ခေတ် (အေဒီ ၁၁၀၀– ၁၄၀၀ ခန့်)က မကောင်းသောခံယူချက်ဟောင်းတစ်ခုထက် ပိုကောင်းစရာအကြောင်းမရှိနိုင်သကဲ့သို့ ခွင့်လွှတ်ခံရမည်သေချာသည်ဟုဆိုပြီးအပြစ်ပြုမည့်သူတို့ကို အားပေးသလိုဖြစ်သွားနိုင်သည်ဟု ကန့်ကွက်သူရှိနိုင်ပါသည်။

ပဋိညာဉ်သစ်၏ ပထမအပိုဒ်ငယ်က ပြောထားသွားအချက်ကို မေ့နေသောကြောင့် ဤသို့ကန့်ကွက်ခြင်းဖြစ်ပေလိမ့်မည်။ ထိုအပိုဒ်ငယ်က ဘုရားသခင်သည် သူ၏ပညတ်တော်ကို ယုံကြည်သူ၏စိတ်နှလုံးထဲတွင် ရေးထားရန်ဆုံးဖြတ်ထားကြောင်း ဖော်ပြပေးသည်။ ထို့ကြောင့် ရှင်ပေါလုက ဤအကြောင်းကို *ဇာတိပကတိအတိုင်း မကျင့်၊ ဝိညာဉ်ပကတိအတိုင်းကျင့်သောငါတို့သည်၊ တရား၌ပါသောပညတ်တို့ကို စောင့်ရှောက်မည်အကြောင်းတည်း* (ရော ၈း၄) ဟုရေးသားဖော်ပြသည်။ ဆိုလိုသည်မှာ ပဋိညာဉ်သစ်သည် ခွင့်လွှတ်ခြင်းကိုသာပေးသည်မဟုတ်။ ပထမအပိုဒ်ငယ်က သန့်ရှင်းသောဝိညာဉ်တော်သည် ယုံကြည်သူ၏စိတ်နှလုံးထဲတွင် တစ်ဆင့်တစ်ဆင့်တိုးတက်စေသည့်လုပ်ဆောင်မှုအားဖြင့် လူကိုသန့်ရှင်းစေရန်ဆိုသည့် ၎င်း၏အဓိကရည်ရွယ်ချက်ကိုကြေငြာပြီး ဘုရားသခင်သည် ထိုသူကို ပြည့်စုံစေသည့်အထိ ဆက်လက်ပြုပြင်သွားမည်ဖြစ်ကြောင်းကိုလည်း အာမခံထားသည်။

ဤအခြေအနေပေါ် အခြေခံလျက် တတိယအပိုဒ်ငယ်က ဘုရားသခင်၏လက်ခံမှုသည် ထိုသူ၏ဝိညာဉ်ရေးတိုးတက်မှုအပေါ် မူမတည်ကြောင်း၊ အထူးသဖြင့် ပြည့်စုံရန်အတွက် ထိုသူ၏ကြိုးစားအောင်မြင်မှုအပေါ် မူမတည်ကြောင်း ထိုသူကို သေချာစိတ်ချစေသည်။ တစ်ဆင့်တစ်ဆင့်တိုးတက်မှုရှိသောသန့်ရှင်းခြင်းနှင့်ဆိုင်သည့်ကျောင်းတွင် ထိုသူသည် ခက်ခဲသည့်သင်ခန်းစာများနှင့် တွေ့ကြုံရမည်ဖြစ်ပြီး

များစွာသော မှားယွင်းမှုများနှင့်ဆုံးရှုံးမှုများကိုလည်း ပြုမိမည်ဖြစ်သည်။ သို့သော် သူသည် ဘုရားသခင်၏လက်ခံမှုကို မည်သည့်အခါမျှဆုံးရှုံးရမည်မဟုတ်ကြောင်းနှင့် နောက်ဆုံးတွင် ထိုပြည့်စုံခြင်းပန်းတိုင်သို့ ရောက်ရှိသွားမည်ဖြစ်ကြောင်းသိရှိလျက် ဘုရားသခင်က အပြည့်အဝခွင့်လွှတ်တော်မူမည်ဟူသောအာမခံချက်အားဖြင့် သတ္တိနှင့်နှစ်သိမ့်မှုတို့ကို ရရှိခံစားရမည်ဖြစ်သည်။

## ဘုရားသခင်သည် မအောက်မေ့ဘဲနေတော်မူ၏

ဤနေရာ၌ပြင်ဆင်ပေးသော ခွင့်လွှတ်ခြင်းကို မည်မျှအတိုင်းအတာအထိ ကျယ်ပြန့်ကြောင်း ယခုစဉ်းစားကြပါစို့။ “သူတို့ပြစ်မှားခြင်း၊ လွန်ကျူးခြင်းများကို မအောက်မေ့ဘဲနေမည်”ဆိုသောကတိတော်နှင့် အစပြုရလျှင် ဤကတိတော်က ဘုရားသခင်သည် သူတို့အပြစ်များကို မေ့ရန်ကြိုးစားမည်ဟု မဆိုလိုပါ။ ‘အောက်မေ့သည်၊ သတိရသည်’ ဆိုသောစကားလုံးက ဥပဒေဝေါဟာရအနေဖြင့် ‘သတိရလျက် ဥပဒေနှင့်အညီ ဆောင်ရွက်သည်’ဟု ဆိုလိုသည်။ ဗျာဒိတ်ကျမ်း ၁၈း၅ က ဗာဗုလုန်မြို့ကြီးနှင့်ပတ်သက်၍ *သူ၏အပြစ်တို့သည် ကောင်းကင်ဘုံတိုင်အောင် မှီကြသည်ဖြစ်၍ သူ၏မတရားသောအမှုတို့ကို ဘုရားသခင် သတိရတော်မူပြီ* ဟုဆိုပြီး ဘုရားသခင်သည် သူ၏ အပြစ်များကို ပြန်လည်ဆန်းစစ်လျက် ၎င်းတို့အတွက် အပြစ်စီရင်ခြင်းအားဖြင့် သူ့အပေါ် ကျရောက်လာသော တရားစီရင်ခြင်းအကြောင်းကို ဆက်လက်ဖော်ပြသွားသည်။ ထို့ကြောင့် ပဌမပဋိညာဉ်၏ တတိယအပိုဒ်ငယ်က ဘုရားသခင်သည် ယုံကြည်သူ၏ အပြစ်တို့ကို တရားရေးရာတဘောတရားဖြင့် ထည့်တွက်စဉ်းစားတော့မည်မဟုတ်ကြောင်းနှင့် ထိုအပြစ်တို့နှင့်ထိုက်တန်သောပြစ်ဒဏ်ကိုလည်း ယုံကြည်သူအပေါ် မည်သည့်အခါမျှ ကျရောက်စေမည်မဟုတ်ကြောင်း ပြောနေခြင်းဖြစ်သည်။

ဤသို့ပြုတော်မူခြင်းမှာ ဘုရားသခင်သည် ယုံကြည်သူတို့၏အပြစ်များအပေါ် သံယောဇဉ်ရှိသောကြောင့် သို့မဟုတ် ယုံကြည်သူများကို သူတို့အပြစ်များအလိုလိုက်ပေးရမည့် မိမိအနှစ်သက်ဆုံးလူများအဖြစ် သဘောထားသောကြောင့် မဟုတ်ပါ။ ခရစ်တော်က အပြစ်ဒဏ်အတွက် မိမိကိုယ်ကို ပေးတော်မူခဲ့သောကြောင့် ဖြစ်သည်။ ထို့ကြောင့် ကိုယ်တော်သည် ပဋိညာဉ်ပြုတော်မူသည့်အခါ တပည့်တော်တို့အား အသွေးတော်၏သင်္ကေတဖြစ်သောစပျစ်ဝိုင်ခွက်ကိုပေးလျက် *ဤခွက်ကား*

*ပဋိညာဉ်တရားသစ်နှင့်ဆိုင်၍ လူများတို့၏အပြစ်ကိုလွတ်စေခြင်းငှာသွန်းသော ငါ၏အသွေးဖြစ်၏*(မ ၂၆း၂၈)ဟု မိန့်တော်မူခဲ့သည်။

ဘုရားသခင်၏ခွင့်လွှတ်ခြင်းသည် မည်သည့်အခါမျှ မျှတမှုကင်းသော အရာမဟုတ်ပေ။ ပဋိညာဉ်ဟောင်းအောက်၌အသက်ရှင်ခဲ့ကြသော ဒါဝိဒ်မင်းကြီး၊ ဟေရှာယနှင့် ယေရမိ စသည့်ပုဂ္ဂိုလ်များကို နမူနာအဖြစ်ယူကြည့်ပါ။ သူတို့သည် ကျွန်ုပ်တို့နည်းတူ အပြစ်သားများဖြစ်ကြ၍ ပဋိညာဉ်ဟောင်းကပေးသော အပြစ်ဒဏ်ကိုခံသင့်သူများဖြစ်ခဲ့ကြသည်။ သူတို့သည် မည်ကဲ့သို့ ခွင့်လွှတ်ခြင်းနှင့်ကယ်တင်ခြင်းကို ခံခဲ့ကြရသနည်း။ "သူတို့ကို၊ ဆိုကြပါစို့ ၊ ပဋိညာဉ်ဟောင်းကနေကူးပြောင်းစေပြီး ပဋိညာဉ်သစ်ရဲ့အကျိုးရလဒ်ကို ဘာကြောင့် ခံစားခွင့်မပေးနိုင်ရမှာလဲ"ဟု အချို့က ပြောလိမ့်မည်။ အဖြေမှာ သူတို့ခံစားနိုင်ပါသည်။ ဟေဗြဲ ၉း၁၅ အရ ၎င်းသည် သူတို့အတွက် ဘုရားသခင်လုပ်ဆောင်ပေးသောအရာနှင့် ကွက်တိဖြစ်သည်။ သို့သော် ပဋိညာဉ်ဟောင်းကို ချိုးဖောက်ရန်ဆုံးဖြတ်လျက်၊ ၎င်း၏သဘောတရားကို မရိုမသေပြုလျက်၊ မိမိကိုယ်တော်တိုင်သတ်မှတ်ထားသောအရေးယူမှုကို မလေးမစား ပြုလျက် သူတို့အပေါ် ထိုသို့ပြုခဲ့သည်မဟုတ်။

ဘုရားသခင်သည် မိမိအတွက်အဆင်ပြေသင့်တော်သည့်အချိန်တွင် အခြားတိုင်းနိုင်ငံများနှင့် စာချုပ်များနှင့်ပဋိညာဉ်များကို အလေးအနက်ပြုချုပ်ဆိုပြီး မိမိနှင့်အဆင်မပြေ၊ မသင့်တော်တော့သည့်အခါ ၎င်းတို့ကို ဆုတ်ဖြဲပစ်လျက် အလွယ်တကူမေ့ပစ်တတ်သည့် အဒေါ့ဖ်ဟစ်တလာနှင့် မတူပါ။ ဘုရားသခင်သည် လူတို့ကို ပဋိညာဉ်ဟောင်းအရ သူတို့၌ရှိသည့်တာဝန်များအောက်မှ ပဋိညာဉ်သစ်၏အကျိုးကျေးဇူးကိုခံစားစေရန်အတွက် သူတို့ကိုမကူးပြောင်းစေမီ ပဋိညာဉ်ဟောင်းအရ သူတို့ပေးရမည့် အကြွေးအားလုံးကို ပေးဆောင်ပေးရမည်ဖြစ်သည်။ ထို့ကြောင့် ဟေဗြဲ ၉း၁၅ က ခရစ်တော်၏အသေခံတော်မူခြင်းကိုပြောလျက် ဤသို့ရှင်းပြသည်–
*ထိုကြောင့် ပဌမပဋိညာဉ်တရားလက်ထက်၌ ပြစ်မှားသောအပြစ်ကိုလည်း လွတ်စေခြင်းငှာ၊ ခရစ်တော်သည် အသေခံတော်မူသည်ဖြစ်၍၊ ခေါ်တော်မူသောသူတို့သည် ဂတိတော်နှင့်ယှဉ်သော ထာဝရအမွေကို ခံရမည်အကြောင်း၊ ထိုသခင်သည် ပဋိညာဉ်တရားသစ်၏ အာမခံဖြစ်တော်မူ၏။*

သနားကြင်နာ၍ ချစ်တော်မူတတ်သောဘုရားသခင်သည် ဤအကြောင်းအရာများကြောင့် ဥပဒေအတိုင်းလိုက်လွန်းသော စာအုပ်ကြီးသမားလိုဖြစ်နေပြီ

ဟု ကန့်ကွက်လိုသောသူလည်း ရှိနိုင်ပါသည်။ သို့သော် ဤကန့်ကွက်ချက်သည် စစ်မှန်သောချစ်ခြင်းမေတ္တာအပေါ် စိတ်ကူးယဉ်ဆန်ပြီး အားနည်းသည့်ရှုထောင့်မှ ရှုမြင်ခြင်းကြောင့် ဖြစ်လာသည့်ကန့်ကွက်ချက်ဖြစ်သည်။ အနန္တတန်ခိုးနှင့်ပြည့်စုံသောအရှင်သည် အမှုအရာအမျိုးမျိုးတို့ကိုပြုမည်ဟု ပဋိညာဉ်ပြုပြီး နောက်တစ်ဖန် ၎င်းတို့ကို မေ့သွားပြန်သည် သို့မဟုတ် ထိုအတိုင်းပြုဖို့ငြင်းဆိုပြန်သည်ဆိုလျှင် ထိုသို့ပြုခြင်းကို ချစ်ခြင်းမေတ္တာဟုဆိုနိုင်မည်လား။ မိမိကလေးငယ်အား ဤအရာလုပ်လျှင် ရိုက်မည်၊ ထိုအရာလုပ်လျှင် ရိုက်မည်ဟု ပြောပြီး ကလေးက ထိုအတိုင်း အကြိမ်ကြိမ်လုပ်၍ပင် ဘာမျှမဆုံးမ၊ ပြစ်ဒဏ်လည်းမပေးဘဲလွှတ်ထားခြင်းဖြင့် မိမိကလေးကိုဖျက်ဆီးသောမိခင်မျိုးကို ကျွန်ုပ်တို့မမျှော်လင့်ဘဲ တွေ့ရတတ်ပါသည်။ ထိုကလေးသည် အချစ်ခံရသောကြောင့် မိခင်အပေါ် လေးစားစိတ် တိုးပွားမလာဘဲ မိခင်၏စကားနှင့် မိခင်ကိုယ်တိုင်အပေါ် မထီလေးစားပြုခြင်းသာ ဖြစ်ပေါ်လာတတ်သည်။

ဘုရားသခင်သည် မိမိအကျသတ်မှတ်ထားသောပညတ်တရားအတိုင်း အရေးယူရန်ပျက်ကွက်ခဲ့သည်ဆိုလျှင် ယုံကြည်သူများကို ကောင်းချီးပေးမည်ဆိုသောသူ၏ကတိကိုပြည့်စုံစေရန်လည်း မပျက်ကွက်နိုင်ဟု အာမခံ၍ရမည်လား။ မရပါ။ ဘုရားသခင်သည် ပဋိညာဉ်ဟောင်း၏တောင်းဆိုမှုအတိုင်း အပြစ်များအတွက် အရေးမယူ၍မရသောကြောင့်ပင် ခရစ်တော်သည် ထိုအပြစ်များအတွက် မိမိကိုယ်ကိုယဇ်အဖြစ်ပူဇော်ပေးအပ်ခဲ့ခြင်းဖြစ်သည်။ ထိုနည်းတူပင် ပဋိညာဉ်သစ်တွင် ယုံကြည်သူတို့၏အပြစ်များကို မအောက်မေ့ဘဲနေမည်ဟု ပဋိညာဉ်ပြုထားသည်ဖြစ်၍ ယုံကြည်သူများသည် မိမိတို့အပြစ်များအတွက် တရားစီရင်ခြင်းခံရတော့မည် မဟုတ်ကြောင်း စိတ်ချမှုအပြည့်ရှိနိုင်ပါသည်။ *ယေရှုခရစ်၌တည်၍ ဇာတိပကာတိအတိုင်းမကျင့်၊ ဝိညာဉ်ပကာတိအတိုင်းကျင့်သောသူတို့သည် အပြစ်စီရင်ခြင်းနှင့်လွတ်ကြ၏*(ရော ၈း၁)။

## ပြီးပြည့်စုံသောယဇ်

ပဋိညာဉ်သစ်အားဖြင့်ပေးသော အပြစ်လွှတ်ခြင်း၏ပြည့်စုံမှုကို ထည့်တွက်စဉ်းစားရမည့် အခြားအချက်တစ်ချက်မှ ကြည့်လျှင်လည်း တွေ့မြင်နိုင်ပါသည်။ ထိုအချက်မှာ ခရစ်တော်၏ယဇ်သည် မည်သည့်အခါမျှ ထပ်မံပူဇော်စရာမလိုတော့သော တစ်ခါတည်းနှင့်အပြီးပူဇော်သည့်ယဇ်ဖြစ်သည်ဆိုသည့်အချက်ဖြစ်သည်။ မှန်ပါသည်။

ခရစ်တော်သည် လူတို့အပြစ်အတွက် လက်ဝါးကပ်တိုင်ပေါ်တွင် မိမိကိုယ်ကို ယဇ်အဖြစ်ပူဇော်တော်မူပြီး ယခု ကောင်းကင်ဘုံသို့တက်ကြွတော်မူကာ ဘုရားသခင်၏ လက်ယာတော်ဘက်၌ထိုင်နေတော်မူကြောင်းကို လူတို့သိထားပြီးဖြစ်သည်။

ယဇ်ပူဇော်နေစဉ် အမြဲထိုင်နေသောယဇ်ပရောဟိတ်မရှိပါ။ ယဇ်ပူဇော်နေစဉ်ရှိနေရမည့်အနေအထားမှာ မတ်တပ်ရပ်နေခြင်းဖြစ်သည်။ ဟေဗြဲ ၁၀း၁၁ က ရှေးဂျူးပရောဖက်များအကြောင်း ပြောထားသည့်အတိုင်းပင်ဖြစ်သည် – *ယဇ်ပုရောဟိတ်မည်သည်ကား၊ နေ့တိုင်းဝတ်ပြုလျက်၊ အပြစ်ကိုမဖြေနိုင်သောယဇ်ကို အထပ်ထပ်အဖန်ဖန်ပူဇော်လျက်ရပ်နေရ၏။* (ဟေဗြဲ ၁၀း၁၁)။ သို့သော် ယခု ခရစ်တော်သည် ရပ်နေသည်မဟုတ်၊ ထိုင်နေသည်။ အကြောင်းရင်းမှာ သူသည် အပြစ်အတွက် ယဇ်ပူဇော်ရန် မလိုအပ်တော့သောကြောင့်ဖြစ်သည်။ ယဇ်ပူဇော်ရသည့်အလုပ်ရှိသမျှသည် ပြီးဆုံးသွားပြီဖြစ်သောကြောင့် ခရစ်တော်သည် ထိုအလုပ်မှပင်စင်ယူပြီးပြီဖြစ်သည်။ ၎င်းသည် ဟေဗြဲ ၁၀း၁၂ က – *ထိုသခင်မူကား၊ အပြစ်ကိုဖြေခြင်းငှာ ယဇ်တစ်ခုတည်းကို ပူဇော်ပြီးမှစ၍၊ ဘုရားသခင်၏လက်ျာတော်ဘက်၌ အစဉ်အမြဲထိုင်*တော်မူသည်ဟု ပြောသည့်အတိုင်းပင်ဖြစ်သည်။

သို့သော် သဘာဝကျသည့်မေးခွန်းရှိပါသည်။ အဘယ်ကြောင့် ခရစ်တော်သည် မိမိကိုယ်ကိုယဇ်အဖြစ်ဆက်လက်ပူဇော်ရန် မလိုအပ်ရသနည်း။ ယုံကြည်သူတစ်ဦးကအပြစ်ပြုမိတိုင်း ကိုယ်တော်က အပြစ်ဒဏ်ကို ပြန်ခံပေးရန် အဘယ့်ကြောင့် မလိုအပ်တော့သနည်း။ ဤမေးခွန်းအတွက် သန့်ရှင်းသောဝိညာဉ်တော်ကိုယ်တိုင်က အဖြေပေးထားပါသည် (ဟေဗြဲ ၁၀း၁၇–၁၈)။ ဝိညာဉ်တော်က ပဋိညာဉ်သစ်၏ တတိယအပိုဒ်ငယ်ကို ညွှန်ပြသည်– *တဖန်တုံ၊ သူတို့ပြစ်မှားခြင်း၊ လွန်ကျူးခြင်းအမျိုးမျိုးကို ငါမအောက်မေ့ဘဲနေမည်*။ ထို့နောက် ကျွန်ုပ်တို့ အဖြေအဓိအကျရရှိရန် ရိုးရှင်းလျက်ထင်ရှားသည့် ကျိုးကြောင်းဆင်ခြင်မှုကိုပြုစေပါသည်– အပြစ်ရှိသမျှ ခွင့်လွှတ်ခြင်းခံရပြီဆိုလျှင် အပြစ်အတွက်ယဇ်ပူဇော်ခြင်း ဆက်၍မလိုတော့ပေ – *ထိုအပြစ်တို့ကိုလွှတ်ပြီးလျှင် နောက်တစ်ဖန် အပြစ်ဖြေသောပူဇော်သက္ကာကိုပြုစရာ အကြောင်းမရှိ*။

ပဋိညာဉ်သစ်၏တတိယအပိုဒ်ငယ်နှင့်ပတ်သက်သည့် နောက်ဆုံးတစ်ချက်။ ၎င်းသည် '*အဘယ်ကြောင့်ဆိုသော်*' ဆိုသည့်စကားလုံးနှင့်အစပြုသည်– *အဘယ်ကြောင့်ဆိုသော် ငါသည် သူတို့၏မသမာမှုများကို ခွင့်လွှတ်၍ သူတို့၏အပြစ်များကို*

*လုံးဝသတိရတော့မည်မဟုတ်* (ဟေဗြဲ ၈း၁၂ – မြန်မာ့စံမီသမ္မာကျမ်း)။ ရှေ့အပိုဒ်ငယ်မှကတိတော်များကို မည်ကဲ့သို့ လက်တွေ့အကျိုးသက် ရောက်စေနိုင်ကြောင်းကို တတိယအပိုဒ်ငယ်က ရှင်းပြနေကြောင်း ဤအချက်က ညွှန်ပြပေးသည်။ ထိုရှေ့အပိုဒ်ငယ်က ယုံကြည်သူသည် ဘုရားသခင်နှင့်တစ်ဦးချင်းတိုက်ရိုက် ဆက်ဆံမှုအပေါ် မူတည်၍ ဘုရားသခင်နှင့်ရင်းနှီးစွာသိကျွမ်းရသောအခွင့်ကိုရရှိမည်ဟု ကတိပေးထားသည်။ သို့သော် လူတစ်ဦးသည် ဘုရားသခင် သူ့ကိုလက်ခံမည်လားသို့မဟုတ် ငြင်းပယ်မည်လားဆိုသည်ကို အစဉ်မရေမရာဖြစ်နေပါက ဘုရားသခင်နှင့်တစ်ဦးချင်းတိုက်ရိုက်ဆက်ဆံမှုကို သူမည်ကဲ့သို့ဝမ်းမြောက်စွာခံစားရရှိနိုင်မည်နည်း။

ကလေးငယ်တစ်ဦးသည် ပုံသွင်းပေးသောအသက်အရွယ်တွင် မိဘတို့၏လက်ခံမှုကိုသေချာမခံစားရဘဲ ကြောက်ရွံ့မှုနဲ့အသက်ရှင်ရလျှင် တစ်နေ့နေ့ မိဘများသူ့ကိုစွန့်ပစ်သွားနိုင်သည်ဟု သိစိတ်ဖြင့်ဖြစ်စေ၊ မသိစိတ်ဖြင့်ဖြစ်စေ ခံစားရသည့်အမြဲစွဲနေသော စိတ်ပိုင်းဆိုင်ရာထိခိုက်မှုဖြစ်သွားနိုင်ကြောင်းကို ကျွန်ုပ်တို့အားလုံးသိကြသည်။ သို့သော် ဘာသာရေးသမားများပင်ပါသည့် လူများစွာတို့သည် ဘုရားသခင်နှင့်မိမိတို့၏ဆက်ဆံရေးတွင် ကြောက်ရွံ့မှုနှင့်မသေချာမှုတို့၏ခြိမ်းခြောက်ခြင်းကိုခံရသောကြောင့် ကယ်တင်ခြင်းအတွက် စိတ်ချသေချာမှုရှိသည်ဆိုခြင်းက စိုးရိမ်စရာကောင်းသော ယုံကြည်ယူဆချက်တစ်ခုကဲ့သို့ သူတို့ကိုထိုးနှက်လာသည်။ သို့သော်ထိုကြောက်ရွံ့မှုကိုဖယ်ရှားရန် ဘုရားသခင်အလိုတော်ရှိပါသည်။ ထို့ကြောင့် ရှင်ယောဟန်က ဤသို့ဆိုထားသည်– *ချစ်ခြင်းမေတ္တာသည် ကြောက်ခြင်းသံဝေဂနှင့် မပေါင်းနိုင်ရာ။ သံဝေဂသည် ပူပန်ခြင်းဝေဒနာကို ဖြစ်စေသောကြောင့်၊ စုံလင်သောမေတ္တာသည် သံဝေဂကိုပယ်ရှားတတ်၏။ သံဝေဂရှိသောသူသည် မေတ္တာနှင့် မပြည့်စုံသေး* (၁ယော ၄း၁၈)။ ထို့ကြောင့် ပဋိညာဉ်၏ အပိုဒ်ငယ် ၂ ကို နားလည်ရန်နှင့် ယုံကြည်သူသည် ဘုရားသခင်နှင့်ရင်းနှီးဆက်ဆံမှုအတွက် လုံခြုံစိတ်ချမှုရှိစေရန် အပိုဒ်ငယ် ၃ က ပြည့်စုံသောအကြွင်းမဲ့ခွင့်လွှတ်ခြင်းကို ပြင်ဆင်ပေးသည်။ ထို့ပြင် ဤသို့ပြင်ဆင်ပေးခြင်းမှာ ယုံကြည်သူသည် လုံခြုံမှုခံစားရပြီး ကြောက်ရွံ့မှုနှင့်ကင်းရန် သက်သက်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် အပိုဒ်ငယ် ၁ က အာမခံထားသည့် ယုံကြည်သူ၏အသက်တာ၌ဖြစ်ပေါ်လာမည့် သန့်ရှင်းသောစရိုက်လက္ခဏာ၏ တိုးတက်ကြီးထွားမှုသည်လည်း ဘုရားသခင်နှင့်ဆက်ဆံရေးအပေါ် အပြည့်အဝစိတ်ချမှု၌ လုံးဝမူတည်နေပါသည်။

## လေ့လာမှုနှင့်ဆွေးနွေးမှုဆိုင်ရာမေးခွန်းများ

၁။ အဘယ့်ကြောင့် စစ်မှန်သောခရစ်ယာန်တစ်ဦးသည် အပြည့်အဝလက်ခံခြင်းခံရကြောင်းစိတ်ချမှုရှိစေရန် ဘုရားသခင်က ဤမျှအထိလုပ်ဆောင်ပေးရသနည်း။

၂။ ဘုရားသခင်သည် မည်သည့်အရာကိုဆိုလိုလျက် ကျွန်ုပ်တို့အပြစ်များကို မအောက်တော့ဘဲနေမည်ဖြစ်ကြောင်း မိန့်တော်မူခဲ့သနည်း။

၃။ ဟေဗြဲ ၈း၆–၁၃ တွင်ဖော်ပြသည့် ပဋိညာဉ်သစ်မှ အပိုဒ်ငယ် သုံးခုသည် သင့်ကိုယ်ပိုင်စကားဖြင့် မည်သည့်အဓိပ္ပါယ်ရှိသနည်း။

၄။ အပိုဒ်ငယ် ၂ က ဘုရားသခင်နှင့်သိကျွမ်းခြင်းအကြောင်းပြောထားပါသည်။ ကျွန်ုပ်တို့ ဘုရားသခင်ကိုမည်ကဲ့သို့သိကျွမ်းနိုင်မည်နည်း။ (ယော ၁၇း၃ ကိုလည်း သင်ကြည့်နိုင်ပါသည်။)

၅။ ပဋိညာဉ်သစ်ဖြစ်ပေါ်လာမှုအတွက် ခရစ်တော်၏အသေခံတော်မူခြင်းသည် မည်မျှအထိထူးခြားအရေးပါသနည်း။

## ဘုရင်မင်းမြတ်၏ အစေခံများအတွက် ရာထူးဌာနန္တရနှင့်ဆုလာဘ်

ဖတ်ရန်အကြံပြုသည့်ကျမ်းပိုဒ်များ။ ။ လု ၂၂း၂၄–၃၀

ကျွန်ုပ်တို့သည် ပြီးခဲ့သည် လေ့လာမှုနှစ်ခုတွင် ဘုရင်နှင့်သူ၏တိုင်းသူပြည်သားတို့ကြားဆက်ဆံရေးကို ချမှတ်ပေးသော ပဋိညာဉ်သစ်အပေါ် အာရုံစိုက်ခဲ့ကြသည်။ ခရစ်တော်နှင့်သူ့လူတို့အကြားဆက်ဆံရေးကို ပဋိညာဉ်သဘောတရားဖြင့် ဖော်ပြခြင်းကို အချို့ကပြင်းပြင်းထန်ထန်ကန့်ကွက်လျက် မှန်ကန်သော လူပုဂ္ဂိုလ်ချင်းဆက်ဆံရေးတွင် ဥပဒေသည် နောက်ဆုံးအဆင့်၌သာ ပါလာသင့်သည်ဖြစ်၍ ဤသို့ ဖော်ပြခြင်းသည် ပြင်းထန်မှုရှိပြီး ဥပဒေဆန်သည်ဟုဆိုကြသည်။ ထို့အပြင် ခရစ်တော်ကို ရှင်ဘုရင်တစ်ပါးအဖြစ်ဖော်ပြ၍ သူ့လူတို့ကို တိုင်းသူပြည်သားများအဖြစ် ဖော်ပြသည်ဆိုလျှင် သူတို့၏မကျေမချမ်းမှုသည် ဆန့်ကျင်မှုဖြစ်လာမည်ဟုလည်း သူတို့ဆိုကြသည်။

ထိုသို့သော သူတို့၏တုန့်ပြန်မှုသည် အကြောင်းရင်းနှစ်ရပ်မှပေါ် ထွက်လာသည်။ ထိုအကြောင်းရင်းနှစ်ရပ်လုံး ရောထွေးသည့်အခါလည်း ရှိနိုင်သည်။ အကြောင်းရင်းတစ်ရပ်မှာ အခွင့်အာဏာ၏ပြင်းထန်မှုရှိသမျှသည် ဆိုးသောအရာဖြစ်ပြီး အခွင့်အာဏာအပေါ် နာခံခြင်းရှိသမျှသည် ဖော်လံဖားခြင်းဖြစ်သည်ဆိုသော ယခုခေတ်အတွေးအခေါ် ပုံစံတစ်ခုကြောင့်ဖြစ်သည်။ ဤကဲ့သို့တွေးခေါ်သောသူတို့အတွက် လူသားအားလုံး ညီတူညီမျှဖြစ်ကြ၍ အခြားသူတစ်ဦးအပေါ် အသုံးပြုနိုင်သည့် အခွင့်အာဏာဟူ၍ မည်သူ၌မျှမရှိဟုဆိုကြသည်။ သို့သော် ထိုသူတို့သည် ကမ္ဘာက နေကိုဆွဲငယ်သည့်ဆွဲငယ်အားထက် နေက ကမ္ဘာကိုဆွဲငယ်သည့်ဆွဲငင်အား ပို၍များပြားရသည်ကို ပယ်ဖျက်လျက် ညီတူညီမျှဖြစ်စေရန်ကြိုးစားသည့်လှုပ်ရှားမှုမျိုးမလုပ်ကြချေ။

သို့သော် သူတို့သည် ဆွဲငယ်အားတို့ကို ဖယ်ရှားနိုင်ခဲ့လျှင် ရုပ်ပိုင်းဆိုင်ရာ ပရမ်းပတာဖြစ်ခြင်းကို ဖြစ်ပေါ် စေမည်ဖြစ်သည်။ ထိုနည်းတူ လူနှင့်ဘုရားသခင်တို့၏ဆက်ဆံရေးတွင်လည်း အခွင့်အာဏာရှိသမျှကို သူတို့ဖယ်ရှားနိုင်ခဲ့လျှင် ကိုယ်ကျင့်

တရားပိုင်းဆိုင်ရာပရမ်းပတာဖြစ်မှုများ ဖြစ်ပေါ်လာမည်ဖြစ်သည်။ မိခင်တစ်ဦးသည် မိမိ၏နှစ်နှစ်သားအရွယ် ကလေးအပေါ် အခွင့်အာဏာအသုံးမပြုတော့ပါက မိခင်တစ်ဦးမဟုတ်တော့ဘဲ မိမိကလေးကို အလွန်ဥပေက္ခာပြုကြောင်း တွေ့မြင်သွားနိုင်ပါသည်။ သူ့ကလေးသည် စထရစ်ခနင်းအဆိပ်ပုလင်းကိုကိုင်ကာ ၎င်းကိုဖွင့်လျက်သောက်တော့မည်ဆိုပါက သူသည် မိမိအခွင့်အာဏာကို မြန်မြန်ဆန်ဆန်အပြည့်အဝအသုံးချရမည်ဖြစ်သည်။ ချစ်ခြင်းမေတ္တာနှင့် ပင်ကိုအသိစိတ်နှစ်ခုလုံးက ထိုအတိုင်းလုပ်ဆောင်စေသည်။

## လူတိုင်း တန်းတူဖြစ်ပါသလား

အချက်အလက်တို့ကိုအမှန်အတိုင်းရင်ဆိုင်ရန် ဆန္ဒရှိခြင်းနှင့် သတ္တိရှိခြင်းတို့သည် ရင့်ကျက်မှု၏လက္ခဏာတစ်ခုဖြစ်သည်။ ကျောင်းသားလေးတစ်ဦးက ဂဏန်းသင်္ချာတွက်ရင်း ၄၉ ၏ နှစ်ထပ်ကိန်းရင်းသည် ၂၄ ၁၁/၄၂ ဖြစ်သည်ဟုတွက်ချက်နေသည်ကို မြင်သောဆရာက သူမှားနေကြောင်းပြောပြလျှင် အခွင့်အာဏာအသုံးပြုမှုရှုထောင့်မှကြည့်ပါက ထိုကျောင်းသား၏ အတ္တမာနကို ထိခိုက်စေကာ သိမ်ငယ်စိတ်ဖြစ်စေခြင်းဖြစ်မည်ကို စိုးရိမ်လျက် အမှန်အတိုင်းမပြောပြဘဲနေမည်ဆိုပါက ထိုကျောင်းသားကို အစစ်အမှန်မဟုတ်သော ကလေးစိတ်ကူးထဲတွင် ဆက်၍နေစေပြီး သူ၏ကြီးထွားမှုဖြစ်စဉ်ကို ရပ်တန့်စေခြင်းသာဖြစ်ပေမည်။

မူးယစ်ဆေးဝါးကို တရားမဝင်ရောင်းဝယ်သူက အာရုံကြောဆရာဝန်များနှင့် စိတ်ကျန်းမာရေးဆေးရုံမှ သူနာပြုများသည် သူတို့လက်ဝယ်၌ မူးယစ်ဆေးဝါးများထားရှိခွင့်ရှိလျှင် သူ့မှာလည်း ဤအခွင့်အရေးရှိရမည်ဟု မူးယစ်ဆေးဝါးလက်ဝယ်ထားရှိခွင့်နှင့်ပတ်သက်၍ပြောလာသည်ဆိုပါက မှန်ပါသည်ဟု မည်သူကအလေးအနက်ထောက်ခံမည်နည်း။

ပင်လယ်ကူးသင်္ဘော၏ ရေယာဉ်မှူးကို အင်ဂျင်နီယာများနှင့် ကုန်းပတ်ပေါ် အလုပ်သည့်သင်္ဘောသားတို့အား ချက်ချင်းလိုက်နာရမည့်အမိန့်ပေးပိုင်ခွင့်ကိုမပေးဘဲ သင်္ဘောကိုမည်ကဲ့သို့မောင်းနှင်ရမည်ဆိုသည်ကို အားလုံးညီတူညီမျှ ပြောပိုင်ခွင့်ရှိရမည်ဆိုလျှင် မုန်တိုင်းတိုက်ချိန်၌ ထိုပင်လယ်ကူးသင်္ဘောနှင့် ခရီးမထွက်မိပါစေနဲ့ဟု ကျွန်ုပ်ဆုတောင်းမိမည် သေချာပါသည်။

စိတ်ကူးယဉ်ဆန်သော ခေတ်သစ် သာတူညီမျှဖြစ်ရေးဝါဒကို အလျှော့ပေး အလိုလိုက်ရန် မဖြစ်နိုင်ပါ။ အခွင့်အာဏာမပါသောဘဝသည် ရှင်သန်၍ရလျှင်လည်း ပရမ်းပတာဖြစ်နေမည်ဖြစ်သည်။ အခွင့်အာဏာကို ပိုင်ဆိုင်ခြင်းလည်းမရှိ၊ အသုံးပြုခြင်းလည်းမရှိသောခရစ်တော်သည် လောက၏ကယ်တင်ရှင်မဖြစ်နိုင်ဘဲ ကယ်တင်ရှင်အတုအယောင်သာဖြစ်လိမ့်မည်။ မိမိသည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်း ခရစ်တော်၏အခိုင်အမာပြောဆိုချက် မှန်ကန်ကြောင်းလက္ခဏာတစ်ခုမှာ သူသည် စိတ်နှလုံးနှိမ့်ချလျက် နူးညံ့သိမ်မွေ့ကာ သနားခြင်းကရုဏာနှင့်ပြည့်စုံသကဲ့သို့ အကြွင်းမဲ့အချုပ်အခြာအာဏာကိုလည်း အသုံးပြုသည်ဆိုသည့်အချက်ဖြစ်သည်။

## အခွင့်အာဏာကို အလွဲသုံးစားပြုခြင်း

သို့သော် အထက်တွင်ဖော်ပြသည့် အခွင့်အာဏာအပေါ် အပြင်းအထန်ဆန့်ကျင်သည့်တုန့်ပြန်မှုသည် အိမ်၌ဖြစ်စေ၊ တိုင်းပြည်အတွင်း၌ဖြစ်စေ၊ အသင်းတော်၌ဖြစ်စေ အခွင့်အာဏာကို အလွဲသုံးစားပြုသည့်နိုင်လိုမင်းထက်ပြုမှုများကြောင့် ကြုံတွေ့ရသည့် ခါးသီးသောအတွေ့အကြုံမှထွက်ပေါ်လာသည့် တုန့်ပြန်မှုဖြစ်နိုင်ပါသည်။ ထို့ပြင် နိုင်လိုမင်းထက်ပြုမှုအားလုံးအနက် ခရစ်တော်နှင့်အသင်းတော်၏ နာမည်ကိုသုံးလျက် နိုင်လိုမင်းထက်ပြုခြင်းသည် အဆိုးဆုံးဖြစ်သည်။ ထိုသို့သောနိုင်လိုမင်းထက်ပြုမှုရှိသည့်အခါ အထူးအံ့သြစရာတော့မရှိဟု ကျွန်ုပ်ယူဆပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏သခင်ဘုရားကိုယ်တိုင်က သူ၏နိုင်ငံတော်တွင် ထိုသို့ အခွင့်အာဏာအလွဲသုံးစားမှုဖြစ်ပေါ်လိမ့်ဟု သတိပေးခဲ့ပြီး ထိုသို့ပြုသောသူတို့အပေါ် သူမည်သို့ပြုမည်ကိုလည်း မိန့်တော်မူထားသည်။ ဤကျမ်းပိုဒ်ကို နားထောင်ကြည့်ပါ–
*အကြင်ကျွန်က၊ ငါ့အရှင်လာခဲလိမ့်မည်ဟု စိတ်ထဲ၌အောက်မေ့သည်နှင့် ကျွန်ချင်းယောက်ျားမိန်းမတို့ကို ရိုက်ပုတ်လျက်၊ စားသောက်ယစ်မူးလျက်နေ၏။ ထိုကျွန် မကြည့်မမျှော်သောနေ့ရက်၊ မကြားမသိသောအချိန်နာရီ၌ သခင်သည်ရောက်လာလျှင်၊ ထိုကျွန်ကို ပြင်းစွာဆုံးမကွပ်မျက်၍ သစ္စာမရှိသောသူတို့နှင့်တကွနေရာချလတ့်* (လု ၁၂း၄၅–၄၆)။

ဤစကားလုံးများသည် အလွန်ပြင်းထန်သည်မှန်သော်လည်း ထိုအတိုင်း ပြင်းပြင်းထန်ထန်ပြောခြင်းဖြစ်သည်။ ပထမခရစ်ဝင်ကျမ်းသုံးကျမ်းလုံးတွင် သခင်ဘုရားသည် ဘာသာရေးခေါင်းဆောင်များက မိမိတို့အခွင့်အာဏာကိုအလွဲသုံးစား

ပြုလျက် လူတို့ကိုဖိနှိပ်ကြောင်းမြင်တော်မူသည့်အခါ အမျက်ထွက်တော်မူသည်ထက် ပို၍အမျက်တော်ထွက်သည့်အချိန်အခါ မရှိခဲ့ကြောင်း ရှင်းရှင်းလင်းလင်းမှတ်တမ်းတင်ထားကြသည်။ ကိုယ်တော်သည် မိမိ၏အမျက်တော်ကို အနာခံလျက်ဖုံးကွယ်ခြင်းမပြုခဲ့။ ဂျေရုဆလင်မြို့၌ ဟောကြားတော်မူပုံကို နားထောင်ကြည့်ပါ– *ပရိသတ်များနားထောင်စဉ်တွင်တပည့်တော်တို့အား တဖန်မိန့်တော်မူသည်ကား၊ ကျမ်းပြုဆရာတို့ကို ရှောင်ကြလော့။ သူတို့သည်ရှည်သောအင်္ကျီကိုဝတ်လျက်လည်ခြင်းငှာအလိုရှိကြ၏။ ဈေး၌ရှိသေစွာနှုတ်ဆက်ခြင်းကိုင်၎်၊ ပွဲသဘင်၊ တရားစရပ်တို့၌ မြင့်မြတ်သောနေရာထိုင်ရာကိုင်၎်းနှစ်သက်ကြ၏။ သူတို့သည် မုတ်ဆိုးမအိမ်ကို လုယူသိမ်းစား၍ အပြစ်မပေါ်စေခြင်းငှာရှည်စွာသောပဌနာစကားကို ရွတ်တတ်ကြ၏။ ထိုသူတို့သည် သာ၍ကြီးစွာသောဒဏ်ကိုခံရကြလတ့်ဟု မိန့်တော်မူ၏*(လု ၂၀း၄၅–၄၇)။

နောက်ဆုံးညစာစားပွဲတွင် တမန်တော်တို့ကြား အငြင်းပွားမှုတစ်ခုဖြစ်ပေါ်သည့်အခါ သခင်ဘုရားသည် သူတို့အား သူ့နိုင်ငံတော်ရှိ အုပ်ချုပ်မှု၊ ရာထူးဌာနန္တရနှင့် အမှုထမ်းခြင်းတို့၏သဘောသဘာဝကို သွန်သင်ပေးရန်အတွက် အခြင်းအရာတစ်ခုကို အသုံးပြုခဲ့သည်။ ဆွေးနွေးငြင်းခုံမှုမှာ မည်သူသည် အကြီးမြတ်ဆုံးအဖြစ်သတ်မှတ်ခံရမည်နည်းဆိုသည့်အချက်ဖြစ်သည်။ တမန်တော်တစ်ဦးက အခြားတမန်တော်တစ်ဦးထက် ပိုမိုကြီးမြတ်သူအဖြစ်သတ်မှတ်ခြင်းခံလိုသည်ကို မယုံကြည်နိုင်စရာတစ်ခုအဖြစ် ကျွန်ုပ်တို့မြင်နိုင်ပါသည်။ သို့သော် ကျွန်ုပ်တို့သည် မိမိတို့ကိုယ်တိုင်၏စိတ်နှလုံးကိုလည်းသိလျက် တမန်တော်တို့သည်လည်း မိမိတို့ရာထူးဌာနန္တရကိုအရေးထားတတ်သည့် ကျွန်ုပ်တို့ကဲ့သို့သောလူသားများပင်ဖြစ်ကြောင်း သိရန်လိုပါသည်။ သို့သော် သခင်ဘုရားက သူတို့စဉ်းစားဆင်ခြင်မှုမရှိဘဲ ခံယူခဲ့သော တန်ခိုးအာဏာ၊ အုပ်ချုပ်မှုတို့နှင့်ဆိုင်သည့်အမြင်သည် မည်ကဲ့သို့ လွဲမှားနေကြောင်း ထောက်ပြတော်မူခဲ့သည်။ *ကိုယ်တော်က၊ လောကီမင်းတို့သည် အစိုးတရပြုတတ်ကြ၏။ အာဏာထားသောသူတို့ကိုလည်း ကျေးဇူးရှင်ဟူ၍ခေါ်ဝေါ်ကြ၏*(လု ၂၂း၂၅)။

ယနေ့ကာလတွင်လည်း ကြီးမြတ်ခြင်းသည် အခြားသူတို့ကို အစေခံခြင်းမဟုတ်ဘဲ အခြားသူတို့ကို ထိန်းချုပ်နိုင်သည့် အရည်အချင်းနှင့်အစွမ်းသတ္တိရှိပြီး ရာထူးဌာနန္တရမြင့်မားကာ ဩဇာအာဏာအရှိန်အဝါရှိခြင်းကိုဆိုလိုသည်ဟု ခံစားနေကြဆဲဖြစ်သည်။ အကျိုးတော်ဆောင်ဆိုသည့်ဂုဏ်ပုဒ်ကို အခြားသူတို့အား အစေခံသူ၊ အလုပ်လုပ်ပေးသူတို့ကိုမအပ်နှင်းဘဲ ထူးထူးခြားခြားပြောင်းပြန်လုပ်၍ ထိုင်နေလျက်

အခြားသူတို့၏ပြုစုခြင်းကိုခံနေသောသူတို့ကို ဤဂုဏ်ပုဒ်ပေးတတ်ကြသည်။ သခင်ဘုရားက *သင်တို့မူကား ထိုသို့မဟုတ်* ဟု မိမိတမန်တော်တို့အားမိန့်တော်မူခဲ့သည်။ သူတို့သည် အသင်းတော်တွင် လူကြီးလုပ်ရန်အတွက် ထူးခြားမှုရှိရမည်ဖြစ်သည်။ သို့သော် အသင်းတော်တွင် ရာထူးဌာနန္တရကြီးခြင်းသည် လောကီတိုင်းနိုင်ငံများ၌ ရာထူးဌာနန္တရကြီးခြင်းနှင့် မတူညီကြောင်း သူတို့ခေါင်းထဲထည့်ထားရမည်ဖြစ်၏။ *သင်တို့တွင် အကဲအမှူးပြုသောသူကို ငယ်သားကဲ့သို့ဖြစ်စေ၊ အုပ်စိုးသောသူကိုလည်း အစေခံကဲ့သို့ဖြစ်စေ* (လု ၂၂း ၂၆)။

## ပြည့်စုံသောစံနမူနာ

မိမိတို့၏ အုပ်ချုပ်မှုပုံစံကို ဤအတိုင်းပြုမူသောအစိုးရသည် မြေကြီးပေါ်ရှိ ကောင်းကင်နိုင်ငံ၏ အစဖြစ်ပေလိမ့်မည်။ သို့သော် ခရစ်တော်၏ သွန်သင်ချက်သည် အစစ်အမှန်မဟုတ်သော အချည်းနှီးစိတ်ကူးယဉ်သည့်စကားမဟုတ်ပါ။ သူ့တပည့်တော်များအား သူဟောသောတရားသည် သူကိုယ်တိုင်လုပ်ဆောင်ခဲ့ပြီးသားဖြစ်လျက် ယခုလည်းလုပ်ဆောင်နေဆဲအရာများဖြစ်သည်။ *အဘယ်သူသည် သာ၍ကြီးမြတ်သနည်း။ စားပွဲ၌ လျောင်းသောသူသည်ကြီးမြတ်သလော၊ လုပ်ကျွေးသောသူသည် ကြီးမြတ်သလော။ စားပွဲ၌ လျောင်းသောသူသည်ကြီးမြတ်သည်မဟုတ်လော။ သို့သော်လည်းငါသည် သင်တို့တွင် လုပ်ကျွေးသောသူကဲ့သို့ဖြစ်၏* (လု ၂၂း ၂၇)။

ထိုအတိုင်းမှန်လှပေသည်။ ရှင်လုကာက ကျွန်ုပ်တို့ကိုပြောပြထားသည် (၁၈း၃၅ –၄၃)။ တစ်ခါက ခရစ်တော်သည် ယေရိခေါမြို့နားသို့ရောက်လာစဉ် လမ်းဘေးတွင် ထိုင်လျက်တောင်းစားနေသောသူတစ်ယောက်သည် လူအုပ်ကြီးသွားလာနေသည်ကို ကြားလျက် ယေရှုသည် လူများစွာဝိုင်းရံလျက် ကြွလာတော်မူကြောင်းသိသည့်အခါ မိမိမျက်စိမမြင်သည့်အရာအတွက် တစ်ခုခုလုပ်ပေးရန် ခရစ်တော်ထံတောင်းဆိုမည်ဟု ဆုံးဖြတ်ချက်ချခဲ့သည်။ အလွန်လိမ္မာပါးနပ်၍လား သို့မဟုတ် သူသည် မျက်စိ မမြင်ရသောကြောင့် အများစုတို့ထက် ထိုးထွင်းအမြင်ပိုကောင်း၍လားမသိ၊ သူက ခရစ်တော်ကို အစ္စရေးတို့၏ ဘုန်းကြီးသောဘုရင်တစ်ပါးအနေဖြင့် ဒါဝိဒ်၏ သားတော်ဟု ခေါ် ကာ သူ့အပေါ် သနားတော်မူရန် တောင်းပန်ခဲ့သည်။

လူတို့က သူ့ကိုပါးစပ်ပိတ်ထားရန်ပြောကြသည်။ သူတို့က “ကြည့်၊ ခင်ဗျား ဒီလို အော်ဟစ်နေလို့ အကျိုးမရှိဘူး။ ယေရှုက အလွန်အရေးကြီးပုဂ္ဂိုလ်တစ်ဦးဖြစ်တယ်။

ခင်ဗျားပြောတဲ့အတိုင်း သူက ကြီးမြတ်တဲ့ဘုရင်တစ်ပါးဖြစ်နိုင်ပါတယ်။ မဟုတ်ရင်လည်း သူဟာ အာဂတရားဟောဆရာနှင့်ပရောဖက်ဖြစ်မှာသေချာတယ်။ ရှင်ဘုရင်တွေ၊ ပရောဖက်တွေဟာ ကြောင်ကြိုကြောင်ကြားမှာရှိတဲ့ သူတောင်းစားတွေရဲ့ လိုအပ်ချက်ကို ကြည့်ပေးဖို့ နေရာတိုင်း လျှောက်ရပ်လို့ရမလား။ ယေရှုမှာ ပိုအရေးကြီးတာတွေရှိတယ်”ဟု အပိုင်ပြောကြသည်။

သို့သော် ခရစ်တော်သည် ထိုမျက်မမြင်သူတောင်းစားအနားရောက်လာသည့်အခါ ရပ်လျက် “သူ့ကို ထူပေးပြီး ငါ့ဆီခေါ်လာခဲ့ပါ”ဟု ဘေးနားဥ္စရပ်နေသောသူကို မိန့်တော်မူခဲ့သည်။ ထိုသူ သူ့အနားရောက်လာသည့်အခါ ကိုယ်တော်က “ခင်ဗျား ငါ့ကိုခေါ်သလား။ တစ်ခုခု အလိုရှိလို့လား”ဟု မေးတော်မူသည့်အခါ ထိုသူက မဝံ့မရဲနှင့် “ဟုတ်ကဲ့၊ ကျွန်တော့်မျက်စိ–– ကိုယ်တော်သိတဲ့အတိုင်း ကျွန်တော်မျက်မမြင်ပါ။ ကျွန်တော့်ကို မျက်စိပြန်မြင်အောင်လုပ်ပေးလို့ရမလားဗျာ” ဟုပြန်လျှောက်ခဲ့သည်။ ထိုအခါ ခရစ်တော်က “ဘာလို့မဖြစ်နိုင်ရမှာလဲ။ ငါဟာ လူတွေကို အစေခံဖို့လာတယ်” ဟူ၍မိန့်တော်မူပြီး သူ့ကို မျက်စိပြန်မြင်စေခဲ့သည်။

ထူးခြားသောအဖြစ်ပျက်ဖြစ်သည်။ ကိုယ်တော်ဤသို့ပြုတော်မူခြင်းသည် လူမြင်ကောင်းအောင်နှင့် သတင်းများဥ္စ ရေးသားဖော်ပြခံရအောင်လုပ်ဆောင်ခြင်း မဟုတ်ကြောင်းသေချာသည်။ သို့သော် ကြီးမြတ်ခြင်း၊ ဘုရင်ဖြစ်ခြင်းသည် အနိမ့်ကျဆုံးသောသူတို့ကိုပင် အစေခံခြင်းဖြစ်သည်ဆိုသည့် ခရစ်တော်၏အမြင်ကို လူအားလုံးအား သိစေရန်ဖြစ်သည်။ ယခုအခါ ခရစ်တော်သည် ဤလောကမှထွက်ခွာလျက် ဘုန်းတော်အားဖြင့် ပလ္လင်တော်ပေါ် ထိုင်တော်မူသကဲ့သို့ ကြီးမြတ်ခြင်းနှင့်ဆိုင်သောသူ၏ရှုမြင်မှုသည်လည်း ထိုအချိန်ကအတိုင်းပင်ဖြစ်ကြောင်း ကျွန်ုပ်တို့သေချာသိနိုင်ပါသည်။ ကျွန်ုပ်တို့ထဲမှ မည်သူမဆို လိုအပ်ချက်ရှိသည့်အခါ ဒူးထောက်လျက် ဆုတောင်းနိုင်ပါသည်။ ထိုအခါ ခရစ်တော်သည် ကျွန်ုပ်တို့ထံရောက်လာပြီး “ခင်ဗျား ငါ့ကိုခေါ်သလား။ တစ်ခုခု အလိုရှိလို့လား”ဟု မေးတော်မူမည်ဖြစ်သည်။ ထိုကဲ့သို့သော ဘုရင်၏တိုင်းသူပြည်သားဖြစ်ရသူသည် မင်္ဂလာရှိလှသည်။

အထက်ခန်းမထဲမှ သင်ခန်းစာသည် ရှင်ပေတရုရင်ထဲဥ္စ စွဲမြဲနေခဲ့သည်။ နောက်ပိုင်းတွင် အချို့သောအသင်းတော်ခေါင်းဆောင်များအား သူအားပေးတိုက်တွန်းပုံကို နားထောင်ကြည့်ပါ– *သင်တို့တွင်ရှိသော သင်းအုပ်ချင်းတို့ကို တောင်းပန်ပါ၏။*

*သင်တို့နှင့်အတူရှိသောဘုရားသခင်၏ သိုးတော်စုကို ထိန်းခြင်းအမှုမှာ၊ အနိုင်ထိန်းရသော ကြောင့်မဟုတ်၊ မစင်ကြယ်သောစီးပွားကို တပ်မက်သောကြောင့်မဟုတ်ဘဲ၊ အလိုလိုစေတနာစိတ်ရှိ၍ ကြည့်ရှုအုပ်ထိန်းကြလော့။ အသီးအသီးအုပ်သော အသင်းတော်တို့ကို အာဏာထား၍ အစိုးတရပြုသည်မဟုတ်ဘဲ၊ သိုးတော်စု ရှေ့မှာပုံသက်သေကိုပြသော သူဖြစ်ကြလော့* (၁ပေ ၅း၁–၃)။

ဖေက်အသင်းတော်မှ အသင်းတော်ခေါင်းဆောင်များအား ရှင်ပေါလုက သူတို့ကို မည်ကဲ့သို့သောအမှုတော်မျိုးဆောင်ရွက်ကြမည်ဟု သူမျှော်လင့်ကြောင်း ပြောပြသည့်စကားကိုလည်း နားထောင်ကြည့်ပါ။ *သူ့ရွှေငွေ အဝတ်တန်ဆာတို့ကို ငါသည်တပ်မက်ခြင်းမရှိပြီ၊ ဤလက်တို့သည် ငါ့ကိုငှင်း၊ ငါ့အပေါင်းအဘော်တို့ကိုငှင်း၊ လုပ်ကျွေးပြီဟု သင်တို့သည် ကိုယ်တိုင်သိကြ၏။ ထိုသို့သင်တို့သည်လည်း အလုပ်လုပ်၍ အားနည်းသော သူတို့ကို မစရမည်ကိုငှင်း၊ အစွန့်အကြဲခံခြင်းအရာထက် စွန့်ကြဲခြင်းအရာသည် သာ၍မင်္ဂလာရှိသည်ဟု သခင်ယေရှုမိန့်တော်မူသောစကားတော်ကို အောက်မေ့ရမည်ကိုငှင်း၊ အရာရာ၌ သင်တို့အား ငါပြသပြီ* (တ ၂၀း၃၃–၃၅)။

တမန်တော်များနှင့်အသင်းတော်ခေါင်းဆောင်များ ထားရမည့်စိတ်သဘောထားနှင့်ပြုရမည့်အစေခံခြင်းသည် ဤသို့ဖြစ်သည်ဆိုလျှင် ကျန်သောကျွန်ုပ်တို့ အတွက်လည်း သင်ခန်းစာယူစရာ အလုံအလောက်ရှိကြောင်း ထင်ရှားပါသည်။

## ဆုလာဘ်များ

သို့သော် ထိုကဲ့သို့သော ရှင်ဘုရင်၏အောက်၌နေရသောဘဝသည် မင်္ဂလာရှိသည်မှန်သော်လည်း လက်ရှိလောကအခြေအနေအရ ခရစ်တော်၏နိုင်ငံတော်၌ စာရင်းဝင်သောသူတို့သည် တစ်ချိန်မဟုတ်တစ်ချိန် ဒုက္ခဝေဒနာများခံစားရသည်ဆိုသည့်အချက်ကိုလည်း ဖုံးကွယ်မထားပါ။ သို့သော် ကိုယ်တော်၏နာမကြောင့် ဒုက္ခဝေဒနာခံစားရသောသူတို့အတွက် ဆုလာဘ်များကို ကိုယ်တော်ပြင်ဆင်ထားသည်။ ထို့ကြောင့် အထက်ခန်းမတွင် တမန်တော်တို့အား ကိုယ်တော်က *ငါသည် စုံစမ်းနှောင့်ရှက်ခြင်းကို ခံစဉ်တွင်သင်တို့သည် ငါ၌မှီဝဲသောသူဖြစ်ရာ၏။ ငါ့ခမည်းတော်သည် ငါ့အားနိုင်ငံကို ပေးတော်မူသည်နှင့်အညီ၊ သင်တို့သည် ငါ၏နိုင်ငံတွင် ငါ့စားပွဲ၌ စားသောက်သောအခွင့်ကိုငှင်း၊ တရားပလ္လင်ပေါ်မှာထိုင်၍ ဣသရေလလူတစ်ဆယ်နှစ်မျိုးကို အုပ်စိုးရသောအခွင့်ကိုငှင်း၊ ငါသည် သင်တို့အား ပေးမည်* (လု ၂၂း၂၈–၃၀) ဟု မိန့်တော်မူခဲ့သည်။

ကတိထားတော်မူသောဆုလာဘ်တွင် ဆုလာဘ်နှစ်မျိုးပါသည်။ ပထမဆုလာဘ်မှာ ခရစ်တော်ကိုယ်တိုင်နှင့် ပြည့်ဝနက်ရှိုင်းစွာ မိတ်သဟာရဖွဲ့ခွင့်ရလျက် ကိုယ်တော်၏

စားပွဲ၌ အတူစားသောက်ရသောအခွင့်ဖြစ်သည်။ ဒုတိယဆုလဒ်မှာ ကိုယ်တော်၏ စိုးစံအုပ်ချုပ်ခြင်းကို မျှဝေခံယူခွင့်ရမည်ဖြစ်သည်။ မေးစရာပေါ်လာသည်မှာ– ဤဆုလဒ်တို့ကို မည်သည့်အခါရရှိနိုင်မည်နည်း။ ကိုယ်တော်၏စားပွဲ၌အတူစားသောက်ရသောအခွင့်သည် အသင်းတော်၌ ပွဲတော်စားရခြင်းကို ဆိုလိုခြင်းဖြစ်မည်လား။ ‘တရားပလ္လင်ပေါ်မှာထိုင်၍ ဣသရေလလူတစ်ဆယ်နှစ်မျိုးကို အုပ်စိုးရသောအခွင့်’ ဟူသောစကားစုသည် တမန်တော်များ အသင်းတော်ကိုအုပ်ချုပ်စီမံရမည့်အကြောင်း အမှန်းတင်၍ပြောဆိုခြင်း ဖြစ်နိုင်ပါသလား။ သို့မဟုတ် ကိုယ်တော်၏နိုင်ငံတော်တွင် ကိုယ်တော်၏စားပွဲ၌ အတူစားသောက်ခွင့်ရမည်ဆိုသည်မှာ ကိုယ်တော်ဒုတိယအကြိမ်ကြွလာတော်မူသောအခါ ဘုရင်ဖြစ်သောကိုယ်တော်နှင့် ပြည့်ဝသောမိတ်သဟာရဖွဲ့ခြင်းကို ရရှိမည်ဖြစ်ကြောင်းပြောခြင်းဖြစ်ပါသလား။ အစ္စရေးလူမျိုးဆယ့်နှစ်မျိုးအပေါ် တရားစီရင်ရမည်ဆိုသည့်ကတိနှင့်ပတ်သက်၍လည်း တိုက်ရိုက်အဓိပ္ပါယ်ယူကာ ခရစ်တော်၏လာမည့်နိုင်ငံတော်တွင် အသင်းတော်သည် ကိုယ်တော်နှင့်အတူစိုးစံသောအခါ တမန်တော်များသည် အစ္စရေးလူမျိုးတို့အား စီမံအုပ်ချုပ်ရသောတာဝန်ကို ထမ်းဆောင်ကြရမည်ဟု ဆိုလိုခြင်းဖြစ်ပါသလား။

မေးခွန်းသည် ပညာရှင်ဆန်သောမေးခွန်းတော့မဟုတ်ပေ။ ခရစ်ယာန်အသင်းတော်သမိုင်းအစပိုင်းတွင် အတိအကျဆိုရလျှင် ကွန်စတင်တိန်း၏ပြောင်းလဲခြင်းနောက်ပိုင်းတွင် အသင်းတော်သည် ခရစ်တော်အားဖြင့် ကမ္ဘာကိုအုပ်ချုပ်ရန်ဖြစ်သည်ဟုဆိုကြလျက် အသင်းတော်၏တာဝန်များချမှတ်ကာ ဘုရင်များကိုထိန်းချုပ်လာကြသည်။ ထို့အပြင် အသင်းတော်သည် အစ္စရေးအမျိုးကိုတိုးချဲ့ခြင်းနှင့် အစ္စရေးလူမျိုး၏အဆက်ဖြစ်၍ ၎င်း၏ပုံစံအတိုင်းပြုမူသင့်သည်ဟုဆိုသော အမြင်ရှိသူများလည်းရှိခဲ့ကြသည်။

ဤသို့ရှုမြင်လုပ်ဆောင်မှုကြောင့် အကြောင်းမလှသောနောက်ဆက်တွဲရလဒ်များရှိခဲ့သည်။ ဥပမာအားဖြင့် အစ္စရေးလူမျိုးသည် သူ၏စစ်ပွဲကာလအတွင်း ဘုရားအုပ်ချုပ်သောလူမျိုးဖြစ်ခဲ့ပြီး သူ၏ဘုရင်သည် ဘုရားသခင်က လောက၌ခန့်ထားသောဘုရင်ခံဖြစ်သည်။ ထို့ကြောင့် ဘာသာရေးနှင့်နိုင်ငံရေးတို့သည် တစ်ခုတည်းနီးပါးဖြစ်လာကာ ဘာသာရေးအာဏာသည် မြို့ပြအုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတွင် စွပ်ဖက်လာခဲ့သည်။ ဥပမာအားဖြင့် မြို့တစ်မြို့မှလူတို့သည် ရုပ်တုဆင်းတုကို

ကိုးကွယ်ကြလျှင် ထိုမြို့သူမြို့သားတို့သည် သတိပေးခံရမည်ဖြစ်သည်။ သို့သော် သူတို့နောင်တမရလျှင် ဘုရင်သည် စစ်တပ်ကိုစေလွှတ်၍ မြို့ကိုဖျက်ဆီးကာ မြို့သူမြို့သားတို့ကို အသတ်ခံရမည်ဖြစ်သည် ( တရား ၁၃း၁၂–၁၈ ကိုကြည့်ပါ)။

ထို့ကြောင့် အသင်းတော်နှင့်အစိုးရအုပ်ချုပ်ရေးသည် နယ်ချင်းစပ်သောအရာများဖြစ်ကြသော်လည်း အသင်းတော်သည် အစ္စရေးလူမျိုးတော်၏အဆက် ဖြစ်သည်ဟု အသင်းတော်က ခေါင်းထဲထည့်မိသည်နှင့် အရပ်အုပ်ချုပ်ရေးအာဏာသည် အသင်းတော်၏လွှမ်းမိုးမှုကိုခံလာရပြီး လမ်းကြောင်းလွဲသွားသူတိုင်းကို အပြစ်ပေးရန် လမ်းညွှန်ခြင်းခံလာရသည်။ မိစ္ဆာဒိဋ္ဌိနှင့်အယူမှားသူများအဖြစ် သတ်မှတ်ခံရသူများအပေါ် ပရိုတဲ့စတင်းနှင့်ကက်သလိပ်များ၏ ညှင်းပန်းနှိပ်စက်မှုများက အသင်းတော်သည် မျက်မှောက်အစ္စရေးဖြစ်ပြီး ကမ္ဘာကိုအုပ်စိုးရမည်ဆိုသည့် အတွေးအခေါ်မျိုးကို အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း စိတ်မကောင်းစရာ သက်သေပြလျက်ရှိသည်။

## အနာဂါတ်အုပ်စိုးခြင်း

သို့သော် အားလုံးသည် ဆိုးဝါးသောအမှားဖြစ်ခဲ့သည်။ ခရစ်တော်နှင့်အတူအုပ်စိုးရသောအခွင့်သည် ဤလောက၌ ခံစားရမည့်အခွင့်မဟုတ်ပေ။ ဤအခွင့်ကို ကိုယ်တော်ဒုတိယအကြိမ်ကြွလာတော်မူပြီးမှ ခံစားရမည်ဖြစ် အစကတည်းကပင် ခရစ်တော်က သေချာမိန့်တော်မူပြီးသားဖြစ်သည်။ ကျွန်ုပ်တို့သည် ရှင်လုကာခရစ်ဝင်ကျမ်းမှာ ကျမ်းပိုဒ်နှင့် ရှင်မဿဲခရစ်ဝင်ကျမ်းမှ ကျမ်းပိုဒ်နှစ်ပိုဒ်တို့ကို နှိုင်းယှဉ်ကြည့်ပါက ဤအချက်ကို ရှင်းလင်းစွာတွေ့မြင်ကြ မည်ဖြစ်သည်။

ဦးစွာ ဤအချက်ကို သတိထားကြည့်ပါ။ *ထိုင်၍ ဣသရေလလူတစ်ဆယ်နှစ်မျိုးကို အုပ်စိုးရသောအခွင့်* ဟူသောအပိုဒ်မှ စကားလုံး တစ်ခုစီတို့ကို (မ ၁၉း၂၈) တွင် တွေ့ရသည်– *ယေရှုက၊ ငါအမှန်ဆိုသည်ကား၊ အလုံးစုံသောအရာတို့ကို အသစ်ပြုပြင်သောကာလ၌ လူသားသည် ဘုန်းရှိသော ပလ္လင်တော်ပေါ်မှာထိုင်တော်မူသောအခါ၊ ငါ့နောက်သို့လိုက်ကြသောသင်တို့သည် တစ်ဆယ့်နှစ်ခုသော ပလ္လင်ပေါ်မှာထိုင်လျက်၊ ဣသရေလ လူတစ်ဆယ့်နှစ်မျိုးကို စစ်ကြောစီရင်ရကြလတံ့* (မ ၁၉း၂၈)။

ဤနေရာတွင်ဖော်ပြသည့် တရားစီရင်မည့်အချိန်သည် လူ့သားသည် *ဘုန်းရှိသော ပလ္လင်တော်ပေါ်မှာထိုင်တော်မူသောအခါ* ဖြစ်သည်။ မည်သည့်အခါ ထိုသို့

ဖြစ်မည်နည်း။ ကျွန်ုပ်တို့အားခန့်မှန်းခွင့်မပေးပါ။ (မ ၂၅း၃၁–၃၃) က ကျွန်ုပ်တို့ကို ပြည့်စုံရှင်းလင်းစွာ ပြောပြထားပါသည်– *လူသားသည် မိမိဘုန်းအာနုဘော်ကို ဆောင် လျက်၊ သန့်ရှင်းသော ကောင်းကင်တမန်များ အခြံအရံတို့နှင့်တကွကြွလာတော်မူသော အခါ ဘုန်းရှိသော ပလ္လင်တော်ပေါ်မှာထိုင်၍ ရှေ့တော်၌ လူမျိုးအပေါင်းတို့ကို စုဝေးစေ သဖြင့်၊ သိုးထိန်းသည် သိုးနှင့်ဆိတ်တို့ကို အသီးအခြားခွဲ၍၊ သိုးတို့ကို လက်ျာတော်ဘက်၊ ဆိတ်တို့ကို လက်ဝဲတော်ဘက်၌ ထားတော်မူလတ္တံ့* (မ ၂၅း၃၁–၃၃)။

သခင်ဘုရားသည် ဘုန်းတန်ခိုးအာနုဘော်ဖြင့် ဒုတိယအကြိမ်ကြွလာတော် မူသောအခါ ဤလောကအပေါ် အုပ်ချုပ်မှုကို ရယူတော်မူလျက် မိမိ၏နိုင်ငံတော်ကို တည်စေမည်ဖြစ်ကြောင်း သံသယရှိစရာမရှိပါ။ တမန်တော်များနှင့် ကနဦးအသင်း တော်ကလည်း ထိုအတိုင်း နားလည်ထားကြသည်။

ကောရိန္သုမြို့မှခရစ်ယာန်အချို့တို့သည် ဒုက္ခဝေဒနာခံစားရမည့်အချိန် ကုန်ဆုံးပြီး စိုးစံရမည့်အချိန်ရောက်လာပြီးသည့်ပုံစံမျိုး ပြုမူခဲ့ကြကြောင်း တွေ့ရ သည်။ သို့သော် ရှင်ပေါလုသည် သူတို့ကို ငေါ့တော့တော့အပြစ်တင်ဆုံးမခဲ့သည်။ – *ယခုတွင်သင်တို့သည် ကြွယ်ဝကြ၏။ ငွေရတတ်ကြ၏။ ငါတို့ မရှိစဉ်တွင်စိုးစံကြ၏။ ငါတို့ သည် သင်တို့နှင့်အတူစိုးစံရသော အခွင့်ရှိမည်အကြောင်း၊ သင်တို့ကို အမှန်စိုးစံစေခြင်းငှာ အလိုရှိ၏။ --- အကြောင်းမူကား၊ ---- ယခုတိုင်အောင်အစားအသောက်ငတ်မွတ်ခြင်း၊ အဝတ်နွမ်းပါးခြင်း၊ ရိုက်ပုတ်ညှဉ်းဆဲခြင်းကိုခံရကြ၏။ နေရာမကျသောသူ၊ ကိုယ်လက်နှင့် ပင်ပန်းစွာလုပ်ဆောင်ရသောသူ ဖြစ်ကြ၏။ ကဲ့ရဲ့ခြင်းကို ခံရသောအခါ မေတ္တာပို့ကြ၏။ ညှဉ်းဆဲနှိပ်စက်ခြင်းကို ခံရသောအခါ သည်းခံကြ၏။ အသရေရှုတ်ချခြင်းကို ခံရသောအခါ တောင်းပန်ကြ၏။ ဤလောက၏ အညစ်အကြေးကဲ့သို့၎င်း၊ အရပ်ရပ်ထဲက လှည်းပစ်သော တန်မြက်ချေး အမှိုက်ကဲ့သို့၎င်း၊ ယခုတိုင်အောင်ဖြစ်ကြ၏* (၁ကော ၄း၈–၁၃)။

သို့သော် ခရစ်တော်နှင့်အတူအုပ်စိုးရသောအခွင့်သည် ခရစ်ယာန်တို့အား ယခုပေးသောအခွင့်မဟုတ်ဘဲ အနာဂါတ်အတွက်ဖြစ်သော်လည်း ထိုအခွင့်သည် ယခုဘဝအတွက်လည်းအကျိုးပြုလျက် ခရစ်ယာန်တို့ကို သစ္စာရှိစေကာ ခရစ်တော် ၏နာမအတွက် ခံစားရသောဒုက္ခဝေဒနာများကို ခံနိုင်ရည်ရှိစေရန်အတွက်လည်း ကြံရွယ်ထားသည်။ ၎င်းသည် မာတုရများနှင့် သာသနာပြုများအပေါ် အကျိုးသက် ရောက်မှုရှိခဲ့ပြီး ခရစ်တော်၏နာမနှင့်သတင်းကောင်းအတွက် မိမိကိုယ်ကိုဆက်ကပ် သူများနှင့်ဝေဒနာခံစားသူများအပေါ်လည်း အကျိုးသက်ရောက်မှုရှိသည် ကတိ တော်ဖြစ်သည်။

ဤဆက်နွယ်မှုကို ရှင်ပေါလုအကြောင်းပြောသည့်စကားဖြင့် အဆုံးသတ်ကြပါစို့။ ရှင်ပေါလုက အကျဉ်းထောင်ထဲမှနေ၍ တိမောသေထံ စာရေးပေးပို့ရာတွင် ဤသို့ပြောထားသည်– *ဒါဝိဒ်အမျိုးဖြစ်သော ယေရှုခရစ်သည်၊ ငါဟောသောဧဝံဂေလိတရားအတိုင်း၊ သေခြင်းမှထမြောက်တော်မူသည်ဟု အောက်မေ့လော့။ ထိုတရားကြောင့် ငါသည် လူဆိုးကဲ့သို့ချည်နှောင်ခြင်းတိုင်အောင်ဆင်းရဲဒုက္ခကိုခံရ၏။ သို့သော်လည်း၊ ဘုရားသခင်၏နှုတ်ကပတ်တရားတော်သည်ချည်နှောင်ခြင်းနှင့် ကင်းလွတ်၏။ ထို့ကြောင့် ရွေးကောက်တော်မူသောသူတို့သည်၊ ထာဝရ ဘုန်းအသရေနှင့်တကွ ယေရှုခရစ်အားဖြင့် ကယ်တင်ခြင်းသို့ရောက်စိမ့်သောငှာ၊ သူတို့အဘို့ အရာရာကို ငါသည်းခံရ၏။ သစ္စာစကားဟူမူကား၊ ထိုသခင်နှင့်အတူသေလျှင်၊ အတူရှင်လိမ့်မည်။ သည်းခံလျှင်၊ ထိုသခင်နှင့်အတူစိုးစံလိမ့်မည်။ ထိုသခင်ကို ငါတို့သည် ငြင်းပယ်လျှင်၊ ငါတို့ကို ငြင်းပယ်တော်မူလိမ့်မည်။ ငါတို့သည်မယုံကြည်သော်လည်း၊ ထိုသခင်သည် သစ္စာတည်သဖြင့် ကိုယ်ကိုငြင်းပယ်တော်မမူနိုင်* (၂တိ ၂း၈–၁၃)။

## လေ့လာမှုနှင့်ဆွေးနွေးမှုဆိုင်ရာမေးခွန်းများ

၁။ သူ့နောက်တော်သို့လိုက်၍ သူနှင့်အတူ ဒုက္ခဝေဒနာခံစားရသောသူတို့အား မည်သည့်ဆုလာဘ်ပေးမည်ဟု ခရစ်တော် ကတိပြုထားသနည်း။

၂။ ထိုဆုလာဘ်တို့ကို မည်သည့်အခါ ခံစားရမည်နည်း။ ၎င်းသည် အဘယ့်ကြောင့် အရေးကြီးသနည်း။

၃။ ရှင်ပေတရုနှင့်ရှင်ပေါလုတို့ပေးသည့် နမူနာများက ခရစ်ယာန်အစေခံမှု၏ သဘောသဘာဝနှင့် ခရစ်ယာန်ဝတ္တရားရှိသူတို့၏ အသက်ရှင်မှုပုံစံအကြောင်းကို ကျွန်ုပ်တို့အား မည်ကဲ့သို့သင်ကြားပေးသနည်း။

၄။ လိုအပ်နေသောသူတို့အပေါ် ခရစ်တော်၏ ဂရုစိုက်မှုနှင့်ပတ်သက်၍ မျက်မမြင်အပေါ် ခရစ်တော်၏ စိတ်သဘောထားကိုကြည့်ခြင်းဖြင့် မည်သည့်သင်ခန်းစာကို ကျွန်ုပ်တို့ရရှိကြသနည်း။

၁၂

# တော်ဝင်ယဇ်ပုရောဟိတ်နှင့် တော်ဝင်ဝရမ်းပြေး

ဖတ်ရန်အကြံပြုသည့်ကျမ်းပိုဒ်များ။ ။ လု ၂၂း၃၁–၃၇

သခင်ဘုရားသည် ဆင်းရဲဒုက္ခနှင့်ဆုလာဘ်တို့အကြောင်းဖော်ပြတော်မူပြီးနောက် ပေတရုနှင့် တစ်ခါကအချိန်တစ်ခုအတွင်းတိုက်ခိုက်ခဲ့ပြီး ယခုပြန်တိုက်ခိုက်တော့မည့်မုန်တိုင်းတို့ထံသို့ ပြန်ရောက်သွားခဲ့သည်။ စာတန်သည် တမန်တော်အုပ်စုငယ်ကို မီးကုန်ယမ်းကုန်တိုက်ခိုက်တော့မည်ဖြစ်သည်။ သူ၏အထူးပစ်မှတ်မှာ ပေတရုဖြစ်သည်။ ၎င်းကို ခရစ်တော်က ကြိုမြင်ထားသည်။ အဘယ်ကြောင့်ဆိုသော် စာတန်သည် ယုံကြည်သူများကို မိမိစိတ်တိုင်းကျ တိုက်ခိုက်ခွင့်မရှိပေ။ ကျွန်ုပ်တို့၏ကန့်သတ်ချက်ရှိသောနားလည်မှုအရ ဘုရားသခင်၏ကွယ်ကာမစခြင်းသည် ပဟေဠိဆန်သောအရာကဲ့သို့ဖြစ်တတ်သည့်အတိုင်း နှုတ်ကပတ်တော်က စာတန်သည် ခွင့်ပြုချက်ရပြီးမှသာ ယုံကြည်သူ၏ယုံကြည်ခြင်းကိုတိုက်ခိုက်နိုင်သည်ဟု ဖော်ပြထားသည်။

ယောဘအတွက်လည်း ထိုနည်းတူဖြစ်ခဲ့သည်။ စာတန်သည် ဘုရားသခင်ရှေ့ရောက်လာလျက် ဘုရားသခင်သည် ယောဘကို ဒုက္ခဆင်းရဲခြင်းအပေါင်းမှ ကာကွယ်ထားသောကြောင့် ဘုရားသခင်အပေါ် ယောဘ၏ချစ်ခြင်းမေတ္တာသည် လိုချင်တာရအောင် ကပ်ချွဲသောချစ်ခြင်းမေတ္တာမျိုးသာဖြစ်သည်ဟု စောဒကတက်ခဲ့သည်။ ထို့ကြောင့် စာတန်သည် ယောဘ၏ဥစ္စာပစ္စည်း၊ မိသားစုနှင့်ကျန်းမာရေးကို ဖျက်ဆီးခွင့်ရလျှင် ယောဘသည် ဘုရားသခင်ကိုကျိန်ဆဲသဖြင့် သူ၏ယုံကြည်ခြင်းသည် အစစ်အမှန်မဟုတ်ကြောင်း သက်သေပြနိုင်မည် သူစိတ်ချထားသည်။ စာတန်သည် ခွင့်ပြုချက်ရရှိခဲ့သည်။ သို့သော် ကန့်သတ်ချက်တော့ရှိသည်။ ထိုအကြောင်းကို ရှင်ပေါလုက *ဘုရားသခင်သည် သစ္စာနှင့်ပြည့်စုံတော်မူသည်ဖြစ်၍ သင်တို့ မခံနိုင်သော စုံစမ်းနှောင့်ရှက်ခြင်းကို သင်တို့၌ ရောက်စိမ့်သောငှာအခွင့်ပေးတော်မမူ။ သင်တို့သည် ခံနိုင်မည်အကြောင်း စုံစမ်းနှောင့်ရှက်ခြင်းအရာနှင့်တကွ၊ ထွက်မြောက်သောလမ်းကိုလည်း စီရင်ပြုပြင်တော်မူလိမ့်မည်။* (၁ကော ၁၀း၁၃) ဟုဖော်ပြထားသည်။ ဘုရားသခင်သည် မိမိလူတို့၏ယုံကြည်ခြင်းကို စစ်ဆေးခွင့်ပြုရမည်ဖြစ်သည်။ သို့သော် သူတို့၏ယုံကြည်ခြင်းကို ပျက်စီးစေရန်ခွင့်ပြုတော်မူမည်မဟုတ်။

တမန်တော်တို့ကို တိုက်ခိုက်ရန်စာတန်၏ကြိုးစားမှုအကြောင်းဆက်ရမည်ဆိုလျှင် စာတန်သည် ဦးစွာခွင့်ပြုချက် တောင်းခံခဲ့ကြောင်းကို သခင်ဘုရား၏စကားထဲမှ ကျွန်ုပ်တို့သိရသည်– *ရှိမုန်၊ ရှိမုန်၊ ဂျုံဆန်ကို ဆန်ခါနှင့်ချသကဲ့သို့စာတန်သည် သင်တို့ကို ချရမည်အကြောင်း အခွင့်တောင်းသည်. . .*(လု ၂၂း၃၁)။

တင်စားမှုသည် ရှင်းလင်းသော အမြင်ဖွင့်ပေးသည့်တင်စားမှုဖြစ်သည်။ ဂျုံကိုဆန်ခါနှင့်ချခြင်းသည် ဂျုံအကောင်းကိုဖျက်ဆီးရန် သို့မဟုတ် လွှတ်ပစ်ရန် ရည်ရွယ်၍မဟုတ်ဘဲ အကောင်းနှင့်အဖျင်းကိုခွဲခြားရန်သာဖြစ်သည်။ စာတန်၏ရည်ရွယ်ချက်သည် မည်သို့ပင်ဖြစ်စေ သူပြုသည့် သွေးဆောင်နှောင့်ယှက်မှု၏ရလဒ်သည် ယုံကြည်သူတို့၏အသက်တာထဲမှ လေးနက်မှုမရှိ၊ အတုအယောင်ဖြစ်ကာ တန်ဖိုးမဲ့သောအရာတို့ကို ဖယ်ရှားပေးလျက် ထိုယုံကြည်သူကို မားမားမတ်မတ်ရပ်တည်နိုင်သူဖြစ်စေရန်ဆိုသည့် ဘုရားသခင်အလိုတော်ကို အကောင်အထည်ဖော်ပေးသည်။

## စာတန်၌ရှိသည့်ကန့်သတ်ချက်

စာတန်သည် တမန်တော်တစ်ဆယ့်နှစ်ပါးလုံးကို တိုက်ခိုက်လိုသော်လည်း တကယ်တမ်း သူ၏အဓိကရည်ရွယ်ချက်မှာ ပေတရု၏ယုံကြည်ခြင်းကို ဖြစ်နိုင်သမျှလုံးလုံးဖျက်ဆီးပစ်ရန်ဖြစ်သည်။ ခရစ်တော်က ပေတရုအား *သင်၏ယုံကြည်သောစိတ်မပျက်စေခြင်းငှါသည် သင့်အဘို့ဆုတောင်းလေပြီ* (လု ၂၂း၃၂) ဟုမိန့်တော်မူသည်။ အနည်းငယ်သော၌စကားလုံးများတွင် အံ့ဩစရာကောင်းသည့် လှပသောအချက်များစွာပါသည်။ ၎င်းတို့ပြောပြသော ပထမအချက်မှာ ယုံကြည်သူတစ်ဦး စာတန်၏တိုက်ခိုက်မှုခံရမည်ဆိုလျှင် ခရစ်တော်သည်ကြိုတင်သိထားသည်သာမက စာတန်၏မကောင်းသောအကြံအစည်ရှုံးနိမ့်ရန်လည်း ဆုတောင်းတော်မူသည်။ ထိုသို့အားဖြင့် ယခုလက်ရှိ ကိုယ်တော်၏ အမှုတော်မြတ်ကို ကျွန်ုပ်တို့သိကြရသည်။ *ကိုယ်တော်သည်သူတို့အတွက် အသနားခံပေးရန် အစဉ်အမြဲအသက်ရှင်လျက်ရှိတော်မူသောကြောင့်ဖြစ်၏*ဟု ( ဟေပြဲ ၇း ၂၅ မြန်မာ့စံမီသမ္မာကျမ်း) ကပြောထားသည်။

ထို့ပြင် ကိုယ်တော်သည် ကိုယ်စားအသနားခံပေးသည့်အခါ မရေမရာ ယေဘုယျဆန်ဆန် အသင်းတော်တစ်ခုလုံးအတွက်ချုံလျက် ဆုတောင်းပေးသည် မဟုတ်– *သင့်အဘို့* (နာမ်စားသည် ကေဝုစ်ကိန်းဖြစ်သည်)*ဆုတောင်းလေပြီ* ဟု

ပေတရုအား ကိုယ်တော်မိန့်တော်မူခဲ့သည်။ ထိုသို့ဆို၍ ကိုယ်တော်သည် အခြားသူတို့အတွက်ဆုမတောင်းပေးဟု မဆိုလိုပါ။ ကိုယ်တော်သည် တစ်ဦးတို့၏ အထူးလိုအပ်ချက်တစ်ခုစီကိုသိတော်မူ၍ တစ်ဦးစီအတွက် တိတိကျကျဆုတောင်းပေးတော်မူသည်။ ရှေးအစ္စရေးလူမျိုးတို့တွင် ယဇ်ပုရောဟိတ်မင်းသည် လူတို့အတွက် ဘုရားသခင်၏ရှေ့တော်သို့ဝင်သည့်အခါ အစ္စရေးလူမျိုးနွယ် ဆယ့်နှစ်မျိုးတို့၏ နာမည်များရေးထားသည့် ရင်ဖုံးကို ဝတ်ဆင်ရသည်။ သို့သော် ၎င်းသည် သင်္ကေတတစ်ခုသာဖြစ်သည်။ လက်ရှိအစစ်အမှန်သည် များစွာပို၍အသရေရှိပါသည်။ ခရစ်တော်သည် တစ်ဦးစီ၏ပင်ကိုယ်စရိုက်၊ အားနည်းချက်နှင့် ကြုံရသည့် အခက်အခဲတစ်ခုစီကိုလည်း သိတော်မူလျက် ဘုရားသခင်ရှေ့တော်၌ ကိုယ်စားအသနားခံဆုတောင်းခြင်းအမှုတော်ကို လုပ်ဆောင်လျက်နေကြောင်း ယုံကြည်သူတိုင်းသိနိုင်ပါသည်။

သို့သော် ပေတရုအတွက် ခရစ်တော်ဆုတောင်းပေးသောအချက်ကို တိတိကျကျပြန်၍သတိပြုကြည့်ပါ။ သူ၏ယုံကြည်ခြင်းမကျရှုံးရန် ကိုယ်တော်ဆုတောင်းပေးခဲ့သည်။ သူ၏သတ္တိ၊ သူ၏ဆက်ကပ်မှု၊ သူ၏ဘုရားတရားကြည်ညိုမှု၊ သူ၏ခရစ်ယာန်သက်သေခံမှုတို့ မကျရှုံးရန်မဟုတ်ဘဲ သူ၏ယုံကြည်ခြင်းမကျရှုံးရန် ဆုတောင်းပေးခဲ့သည်။ ပေတရု၏သတ္တိသည် ကျရှုံးသွားခဲ့သည်။ သူ၏ခရစ်ယာန်သက်သေခံချက်သည် ညက်ညက်ကြေအောင် ရိုက်ခွဲခံရ၍ ယဇ်ပရောဟိတ်၏ကျွန်မတို့ရှေ့မှာပင် သူသည်ခရစ်ယာန်တစ်ဦးမဟုတ်ကြောင်း ကျိန်ဆို၍ပင်ငြင်းဆိုခဲ့သည်။ သို့သော် အရာရာကိုဆုံးရှုံးရစဉ်မှာပင် သူ့ယုံကြည်ခြင်းကို သူခိုင်မြဲစေခဲ့သည်။ သူသည် အပေါ်ယံတွင် မည်သို့ပင်ဖြစ်နေပါစေ ယုံကြည်သူတစ်ဦးဖြစ်နေဆဲဖြစ်သည်။

## ယုံကြည်ခြင်းစစ်ပွဲ

ယုံကြည်ခြင်းစစ်ပွဲ၌ အောင်မြင်သောအောင်မြင်ခြင်းသည် ထပ်မံလျက်ချဲ့ကားပြောဆိုရန်မဖြစ်နိုင်သည့်အထိ အရေးကြီးသည်။ ယုံကြည်ခြင်းကိုဆုံးရှုံးလျှင် အရာရာကိုဆုံးရှုံးမည်ဖြစ်သည်။ အခမဲ့လက်ဆောင်သည်ဟု သမ္မာကျမ်းစာကဖော်ပြထားသောကယ်တင်ခြင်းသည်လည်း ယုံကြည်ခြင်းအားဖြင့် ရရှိခြင်းဖြစ်သည်။ သားတော်ကို ယုံကြည်သောသူသည် ထာဝရအသက်ကိုရ၏ (ယော ၃း၃၆)။ စာတန်သည် ယုံကြည်သူ၏ယုံကြည်ခြင်းကို ချိုးဖျက်နိုင်သည်ဆိုလျှင် ထိုသူယုံကြည်သူမ

ဟုတ်တော့ဘဲ ပျောက်ဆုံးသွားမည်ဖြစ်သည်။ ဘုရားသခင်နှင့် ကယ်တင်ခြင်းခံရသူတို့၏ဆက်ဆံမှုသည် ယုံကြည်ခြင်းနှင့်ဆိုင်သောဆက်ဆံရေးဖြစ်သည်။ တစ်ဦးနှင့်တစ်ဦးတို့၏ ဆက်ဆံမှုရှိသမျှသည် သက်ဆိုင်သူများအကြား ယုံကြည်ခြင်းပါဝင်သည်ဖြစ်၍ ဘုရားသခင်နှင့်လူတို့၏ဆက်ဆံရေးတွင် ပို၍ပင်လိုအပ်သည်။ *ယုံကြည်ခြင်းမရှိလျှင်၊ ဘုရားသခင်၏ စိတ်တော်နှင့်မတွေ့နိုင်* (ဟေဗြဲ ၁၁း၆)။

ထို့ကြောင့် စာတန်၏အဓိကရည်ရွယ်ချက်သည် ယုံကြည်သူ၏ယုံကြည်ခြင်းကို တိုက်ခိုက်ရန်နှင့် ဖျက်ဆီးရန်ဖြစ်သည်မှာ အံ့သြစရာမဟုတ်ပေ။ ယုံကြည်သူတစ်ဦးသည် မည်သို့ဖြစ်လာမည်ကို မသိရဘဲ စာတန်၏ဒေါသူပုန်ထခြင်းနှင့်ပရိယာယ်မာယာတို့ကို မိမိဘာသာမိမိရင်ဆိုင်နေရသည့်အခြေအနေသည် မျှော်လင့်ချက်မဲ့သည့်အခြေအနေဖြစ်နေပေလိမ့်မည်။ ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက်လိုအပ်သော အခြားအချက်အားလုံးကိုပြင်ဆင်ပေးတော်မူသောဘုရားသခင်သည် ဤအရေးကြီးသည့်လိုအပ်ချက်ကို လျစ်လျူရှုတော်မူမည်မဟုတ်ပေ။ *သူတို့အတွက်အသနားခံပေးရန် အစဉ်အမြဲအသက်ရှင်လျက်ရှိတော်မူသော* (ဟေဗြဲ ၇း၂၅ မြန်မာ့စံမီသမ္မာကျမ်း) ကျွန်ုပ်တို့၏ တော်ဝင်ယဇ်ပုရောဟိတ်အားဖြင့် ဖျက်ဆီးမရနိုင်သောအကာအကွယ်ကိုသာ ပြင်ဆင်ပေးတော်မူမည်ဖြစ်သည်။

ပေတရု၏ယုံကြည်ခြင်း ဆက်လက်ရှင်သန်ခြင်းသည် ခရစ်တော်နှင့်သူ၏ကြားခံဆုတောင်းပေးမှုအပေါ် မူတည်နေကြောင်း အထူးပြောစရာမလိုပေ။ ထို့ကြောင့် သင်သည် သတိမရတော့ပါကဟုမပြောဘဲ *သင်သည် သတိရပြန်သောအခါသင်၏ညီအစ်ကိုတို့ကို တည်ကြည်စေလော့* (လု ၂၂း၃၂) ဟုဆိုသော ခရစ်တော်၏မှတ်ချက်သည် အံ့သြစရာမဟုတ်ပေ။

အဘယ့်ကြောင့်ဆိုသော် ခရစ်တော်သည် သူ၏ယုံကြည်ခြင်းမဆုံးရှုံးရန်ဆုတောင်းပေးသည်ဖြစ်၍ ပေတရု၏ယုံကြည်ခြင်း သတိပြန်မလည်လာမည်ကို သံသယဖြစ်စရာမလိုပေ။ ခရစ်တော်ဆုတောင်းတော်မူသည့်အခါ ထိုဆုတောင်းချက်၏ရည်ရွယ်ချက်အတွက် အာမခံချက်မရှိသောဆုတောင်းချက်ကို တစ်ခါမျှ မတောင်းခဲ့ဖူးသကဲ့သို့ တောင်းလည်းတောင်းမည်မဟုတ်ချေ။ ပေတရုသည် ယဇ်ပုရောဟိတ်မင်း၏ခြံထဲတွင် နာရီပေါင်းများစွာဆက်နေနိုင်ခဲ့ပုံကိုထောက်၍ နောက်ပိုင်းတွင် သူ့ကိုယုံကြည်သူမဟုတ် သို့မဟုတ် မဟုတ်တော့ဟု သတ်မှတ်သွားကြပုံပေါ်သော်လည်း ပေတရု၏ယုံကြည်ခြင်းသည် မဆုံးရှုံးခဲ့ပါ။

ထို့ပြင် ခရစ်တော်အပေါ် မှန်ကန်စစ်မှန်သောယုံကြည်ခြင်းဖြင့် ယုံကြည်ပြီဆိုပါက ခရစ်တော်သည် ထိုယုံကြည်ခြင်းကို တည်မြဲစေမည်ဖြစ်သည်။ တစ်ခါတစ်ရံ ယုံကြည်ခြင်းတိုက်ပွဲများကြုံရ၍ ယုံကြည်သူ၏ အပြင်ပန်းအပြုအမူများ၌ အပေး အယူလုပ်သည့်ပုံစံပေါ်ခဲ့လျှင်ပင် ခရစ်တော်သည် သူတို့ယုံကြည်ခြင်းကို တည်မြဲစေလျက် အောင်မြင်မှုပြန်ပေးမည်ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်သည် ယုံကြည်သူတိုင်းကို ခရစ်တော်အထဲ၌ရှိစေလျက် *ကိုယ်တော်သည် မိမိအားဖြင့် ဘုရားသခင်ထံချဉ်းကပ်သောသူတို့ကို အပြည့်အဝကယ်တင်နိုင်တော်မူ၏။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်သည် သူတို့အတွက် အသနားခံပေးရန် အစဉ်အမြဲအသက်ရှင်လျက်ရှိတော်မူသောကြောင့်ဖြစ်* ကြောင်းဟုသိရှိစေလျက် ထိုအသိတရား၌ ကြီးထွားစေတော်မူသည်။

## ရှုံးလုလု

ခရစ်တော်က ပေတရုအား သူသည် စာတန်၏တိုက်ခိုက်မှုကိုခံရမည်ဖြစ်ကြောင်းနှင့် ထိုအခါ သူသည် ခရစ်တော်ကို သုံးကြိမ်တိုင်တိုင်ငြင်းပယ်မည်ဖြစ်ကြောင်း ပြောပြသောအခါ သူအလွန်စိတ်မကောင်းဖြစ်ခဲ့ရသည်။ သူမယုံကြည်နိုင်ဖြစ်ရလျက် ခရစ်တော်သည် သူ့အပေါ်မိမိ၏သစ္စာရှိမှုနှင့်ဆက်ကပ်မှုကို အထင်သေးလျက် မတရားစီရင်သုံးသပ်နေသည်ဟု ပေတရုခံစားရလျက် *သခင်၊ အကျွန်ုပ်သည် ကိုယ်တော်နှင့်အတူထောင်ထဲသို့၎င်း၊ အသေသတ်ခြင်းသို့၎င်း လိုက်ခြင်းငှာ အသင့်ရှိပါ၏*(လု ၂၂း၃၃) ဟု ငြင်းဆိုကန့်ကွက်ခဲ့သည်။

ပေတရုအလေးအနက်ပြောနေခြင်းကြောင်းသေချာသည်။ သူသည် သတ္တိမဲ့သူမဟုတ်။ ဂေသရေမန်ဥယျာဉ်တွင် စစ်သားများသည် လက်နက်ကိုင်ဆောင်လျက် ခရစ်တော်ကိုလာဖမ်းသည့်အခါ ပေတရုသည်ဓားကိုဆွဲထုတ်လျက် သူတို့ကို ရင်ဆိုင်ခဲ့သည်။ သို့သော် ပေတရုသတိမထားမိသည့် အားနည်းချက်တစ်ခု သူ၌ရှိနေသည်။ ၎င်းသည် ကြောင့်ကြစိတ်နှင့် ကိုယ်ကျင့်တရားသက်လုံမရှိခြင်းတို့ကြောင့်လည်းဖြစ်နိုင်သည်။ ပေတရု၏အခြေအနေရောက်နေသည့်အချိန်တွင် သူ့ကိုမည်ကဲ့သို့ကစားရမည်ကို စာတန်သိမည်ဖြစ်သည်။ ထိုအခါ သူသည် ခရစ်တော်မိန့်တော်မူသည့်စကားတို့၏တန်ဖိုးအမှန်ကိုနားလည်ရန်နှင့် မိမိသတ္တိအပေါ်စိတ်ချရန်ပင် မတတ်နိုင်တော့ဘဲ ယဇ်ပုရောဟိတ်သွား ခေါ်ဆောင်သွားခြင်းခံရသည့်ခရစ်တော်၏နောက်သို့ ခိုးကြောင်းခိုးဝှက် လိုက်သွားလျက် ရှင်မဿဲကဖော်ပြသည့်အတိုင်း – *ထိုအမှု၏*

*အဆုံးကိုသိမြင်ခြင်းဌာ မင်းလုလင်တို့နှင့်အတူထိုင်နေ၏* (မ ၂၆း၅၈)။ အမှု၏အဆုံးကို မည်သူသိမည်နည်း။ ခရစ်တော်၏ အဆုံး။

သူမြင်ရသည့်အရာသည် ခရစ်တော်၏အဆုံးမဟုတ်ဘဲ သူကိုယ်တိုင်၏ အဆုံးဖြစ်နေသည်။ လတ်တလောအခြေအနေတွင် အလွန်တိကျမှုရှိပြီး သေစေနိုင်သည့်လက်နက်ဖြင့် ချောင်းမြောင်းပစ်ခတ်ခြင်းကို စနေပြီဖြစ်သည်။ ပေတရုချက်ချင်းဒုက္ခရောက်သွားရသည်။ သူခုခံရန်ကြိုးစားသည်။ သို့သော် ရိုင်ဖယ်သေနတ်နှင့် အပစ်ခံရသည်ကို လက်ချည်းသက်သက်ဖြင့်ခုခံနေရသလိုဖြစ်နေသည်။ မေးခွန်းများက သူ့ကိုဒုက္ခရောက်စေပြီး ကြောက်ရွံ့ခြင်း၊ ချောက်ချားခြင်းနှင့် မဝံ့မရဲဖြစ်ခြင်းတို့ကို သူခံစားရသည်။ သူသည် ထိုအခြေအနေကို ဖုံးကွယ်ရန်ကြိုးစားလျက် သစ္စာပြုကျိန်ဆိုသော်လည်း မည်သူမျှသူ့ကိုမယုံ။ သူတို့အားလုံး သူ့ကိုခံစားမှုကို သိမြင်နေကြသည်။ သူသည် ရှင်ယောဟန်ကဲ့သို့ ဓမ္မအတွေးအခေါ်ပိုင်း၌ ပြောင်မြောက်သောသူတစ်ဦး ဖြစ်ဟန်ဆောင်ခြင်းမရှိခဲ့ဖူးပါ။ သို့သော် သူသည် ယောက်ျားပီသလျက် လက်တွေ့ကျကျလုပ်တတ်သောသူဖြစ်ကာ ခရစ်တော်ကို မည်သည့်အရာအတွက်မျှ ဒုတိယနေရာတွင်မထားနိုင်သူဟု မိမိကိုယ်ကိုထင်မြင်ခံယူထားသည်။

ယခုအခါ သူကိုယ်တိုင်ပုံဖော်ထားသော သူ၏စိတ်ပိုင်းဆိုင်ရာရုပ်ပုံလွှာသည် ဖျက်ဆီးခြင်းခံရ၍ သူသည် မိန်းကလေးတစ်ဦး၏စကားတစ်ခွန်း၊ စစ်သားတစ်စု၏လှောင်ပြောင်ခြိမ်းခြောက်မှုတို့ကို ကြောက်ရွံ့နေရသော သူရဲဘောကြောင်သူတစ်ဦးဖြစ်နေရသည်။ ဤသို့ဖြစ်ရသည်ကို သူနားမလည်နိုင်ပေ။ ချောက်နက်ကြီးတစ်ခုထဲ ကျသွားရသည့်ခံစားမှုမျိုးကို သူခံစားရလျက် ဆွဲမိဆွဲရာဆွဲလျက် လွတ်မြောက်အောင်ကြိုးစားသော်လည်း မည်သည့်အရာကိုမျှ မဖမ်းမိမကိုင်မိဖြစ်နေရသည်။ ထိတ်လန့်စရာအတွေ့အကြုံတစ်ခုပင်ဖြစ်သည်။

ဘာပါလိမ့်။ ဩော် ့ ကြက်သွန်သံပါလား။ သူချက်ချင်း သတိရသွားသည်။ သူမော့ကြည့်ရာ ခြံဝင်း၏အခြားအဆုံးဖက်မှ သူ့ကိုတည့်တည့်ကြည့်နေသော ခရစ်တော်ကို သူမြင်ရသည်။ ခရစ်တော်က သူ့ကိုဘာမျှမပြောချေ။ သို့သော် ပေတရုသည် အထက်ခန်းမထဲ၌ ခရစ်တော်မိန့်တော်မူခဲ့သောစကားကို ပြန်သတိရသည်။ သူသည် ကိုယ်တော်နှင့်ဆန့်ကျင်သည့်အတွေးမျိုးတွေးမိခဲ့သည်။ ယခု ခရစ်တော် သူ့ကို မည်သို့ထင်မြင်နေမည်နည်း။ လွန်ကဲလွန်း၏။ သူထပ်၍ မျက်နှာချင်းမဆိုင်နိုင်တော့ချေ။ သူထလျက် တံခါးပေါက်ဖက်သို့ထွက်သွားတော့သည်။

သူ၏ပထမဆုံးတုန့်ပြန်မှုမှာ ထွက်ပြေးခြင်းပင်ဖြစ်ရသည်။ သို့သော် ဤအချိန်တွင် သေခြင်းသည်ပင် သူ့အတွက် စိတ်ဝင်စားစရာကောင်းသလိုဖြစ်နေသောကြောင့် ယဇ်ပုရောဟိတ်၏စစ်သားများထံမှ ထွက်ပြေးခြင်းတော့မဟုတ်ပါ။ ဖြစ်နိုင်လျှင် ခရစ်တော်ထံမှ၊ ခရစ်ယာန်မိတ်ဆွေများထံမှ၊ မိမိ၏ဆုံးရှုံးမှုထံမှ၊ မိမိကိုယ်တိုင်ထံမှ ထွက်ပြေးရန်ဖြစ်သည်။ မူလအခြေအနေသို့ပြန်သွားခြင်းထက် ယုံကြည်ခြင်းနှင့်ဆိုင်သည့် ဝန်ခံချက်ရှိသမျှနှင့် သူတစ်ပါးအားနည်းချက်ကိုသာ မြင်နေတတ်သည့်စိတ်သဘောထား၏ အကျိုးတရားတို့ကို စွန့်ပစ်ထားခဲ့လျှင် ပိုလွယ်မည်ပုံပေါက်နေသည်။

သို့သော် ပေတရု၏စိတ်ထဲတွင် ထိုကြက်ဖသည် မသွန်ဘဲနေမည်မဟုတ်။ ခရစ်တော်ပြောထားသည့်အတိုင်း ထိုကြက်ဖသွန်သည်ကို သူတစ်ကြိမ်ကြားရသည်။ နောက် ထပ်၍ထပ်၍ သုံးကြိမ်တိုင်အောင် သူကြားရသည်။ ထိုကြက်သွန်တိုင်း ရှက်ဖွယ်ရာတစ်ခုလုံး ပြန်ပြန်ပြီး ပေါ်လာသည်။ ၎င်းက သူ့ကိုညှင်းဆဲနေခဲ့သည်။

ယခု နောက်တစ်ခေါက်ကြက်ပြန်သွန်သည့်ဟန်ရှိသည်။ သို့သော် ဤတစ်ကြိမ်တော့ ထူးခြားနေသည်။ မှောင်မဲနေသည့်တိမ်များလွင့်စင်သွားကာ အလင်းထွန်းလင်းလာသည်နှင့်တူနေသည်။ အခန်း၏အခြားအဆုံးဖက်မှ ခရစ်တော်လှမ်းကြည့်စဉ်က မိန့်တော်မူလိုသောအရာပင်ဖြစ်သည်။ သတိရပြီလား။ တတိယအကြိမ်ကြက်သွန်၍ ကျွန်ုပ် ကိုယ်တော်ကိုလှည့်ကြည့်စဉ် ကိုယ်တော်သည် ကျွန်ုပ်ကိုလှည့်ကြည့်နေကြောင်း ကျွန်ုပ်တွေ့ရသည်။ သူ ကျွန်ုပ်ကိုအပြစ်မတင်ပါ။ ကိုယ်တော်က ဤအရာများမဖြစ်ပျက်မီကတည်းက အားလုံးကို သူသိပြီးပြီဖြစ်ကြောင်း ကျွန်ုပ်ကို သိစေရန် အလိုရှိတော်မူသည်။ ထိုအခါ ကျွန်ုပ်သည် ရှုံးနိမ့်နေသူတစ်ဦးပါလားဟု သိမြင်လာခဲ့သည်။ သို့သော် ကိုယ်တော်ကမူ အမြဲသိခဲ့ပြီးသားဖြစ်သည်။ ကိုယ်တော်က *လောကီသားတို့အားအပြစ်စီရင်ခြင်းငှာ၊ ဘုရားသခင်သည် သားတော်ကို ဤလောကသို့ စေလွှတ်တော်မူသည်မဟုတ်။ လောကီသားတို့သည် ကိုယ်တော်အားဖြင့်ကယ်တင်ခြင်းသို့ ရောက်မည်အကြောင်း စေလွှတ်တော်မူ၏။* (ယော ၃း၁၇) ဟုမိန့်တော်မူစဉ်က ဤအချက်ကို သိပြီးဖြစ်ပေလိမ့်မည်။ ကျွန်ုပ် ကိုယ်တော့်ထံပထမဆုံးရောက်လာတဲ့ အချိန် ကိုယ်တော်က ရှိမုန်ဖြစ်သည့် ကျွန်ုပ်ကို အသက်ရှင်သောကျောက်ဖြစ်စေမည်ဟု မိန့်တော်မူခဲ့သည် (၁ပေ ၂း၅၊ ယော ၁း၄၂)။ ကျွန်ုပ်ဘာနှင့်တူခဲ့ကြောင်းကို

ကိုယ်တော်သိခဲ့၍သာဖြစ်မည်။ ထို့ပြင် ကတိတော်ကိုလည်း သူပေးခဲ့သည်။ သင်သည် သတိတရားပြန်ရသောအခါ သင်၏ညီအစ်ကိုများကို ခိုင်ခံ့မြဲမြံစေလော့ဟု ကျွန်ုပ်ကို မိန့်တော်မူခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်ကျရှုံးမှုကြုံရမည်ကို သိတော်မူရုံမက သတိတရားပြန်ရမည်ကိုလည်း သိတော်မူကြောင်း၊ ကျွန်ုပ်ကို အသုံးပြုဆဲဖြစ်ကြောင်းနှင့် ကိုယ်တော့်ထံ၌ ကျွန်ုပ်အတွက် အနာဂါတ်ရှိကြောင်းတို့ကို ကျွန်ုပ်အားသိစေရန် အလိုရှိတော်မူခဲ့သည်။

## နောက်ဆုံးအောင်ပွဲ

ပေတရုသည် သတိတရားပြန်ရခဲ့သည်။ ခရစ်တော်၏ဆုတောင်းချက်သည် အောင်နိုင်ပြီးပြီဖြစ်သည်။ ခရစ်တော်က မိမိ၏တရားကို ပေတရု၏စိတ်နှလုံးပေါ် ရေးထား၍ သူ့ကိုဘုရားသခင်နှင့်မှန်ကန်လျက် သစ္စာရှိသောသူဖြစ်စေရန် မိမိ အသွေးတော်အားဖြင့် ပဋိညာဉ်ပြုခဲ့ခြင်းသည် အချည်းနှီးမဟုတ်ပေ။ ထိုနည်းတူ သူ၏ကျရှုံးမှုကြားညပ်ဝင်လာခြင်းသည်လည်း အခြားသူတို့ကို သူ့အားဖြင့် သန့်ရှင်းစေသောသူအဖြစ် သူ့ကိုပြုပြင်တော်မူရာဖြစ်စဉ်အတွက် အချည်းနှီးမဖြစ်ခဲ့ပါ။ ခရစ်တော်က *သင်သည် သတိရပြန်သောအခါ သင်၏ညီအစ်ကိုတို့ကို တည်ကြည်စေလော့* (လု ၂၂း၃၂) ဟုမိန့်တော်မူခဲ့သည်။

ထိုတာဝန်ကို ပေတရုသတိရသည်။ သူသည် ထိုတာဝန်ကို ထမ်းဆောင်ခဲ့ကြောင်း သူ၏ပထမဩဝါဒစာတွင် ကျွန်ုပ်တို့တွေ့ရသည်။ သူ၏ခရစ်ယာန်မိတ်ဆွေများအား သင်တို့၏ယုံကြည်ခြင်းသည် ရွှေကဲ့သို့ အလွန်တန်ဖိုးရှိသည်ဟု သူထောက်ပြသည်။ သို့သော် ထိုရွှေနည်းတူပင် ယုံကြည်ခြင်းသည်လည်း မိမိကိုယ်ကို အထင်ကြီးမှု၊ မာန၊ အခြားသူထံမှလက်ဆင့်ကမ်းသည့်အတွေ့အကြုံ၊ ထုံးတမ်းစဉ်လာစွဲလမ်းမှု စသည့် အခြားအသုံးမဝင်သောအရာများနှင့်ရောနှောနေတတ်သည်။ ထို့ကြောင့် ရွှေပန်းထိမ်သည် ရွှေကိုမီးဖြင့် သန့်စင်စေသကဲ့သို့ ဘုရားသခင်သည် သင့်အား အမျိုးမျိုးသောဒုက္ခဆင်းရဲခြင်းထဲ ဖြတ်သန်းခွင့်ပေးရမည်ဖြစ်သည်။

သို့သော် ထိုအမှုမျိုးသင့်၌ဖြစ်ပျက်လာသည့်အခါ သင့်၌ထူးဆန်းသောအရာဖြစ်ပျက်လာသကဲ့သို့ မအံ့ဩပါနှင့်။ သင်၏ယုံကြည်ခြင်းသည် ယေရှုခရစ်တော်ပေါ်ထွန်းတော်မူသောအခါ ချီးမွမ်းခြင်း၊ ဘုန်းအသရေနှင့် ဂုဏ်အသရေတို့

အဖြစ် တွေ့မြင်ခြင်းခံရရန်အတွက်ဖြစ်သည် (၁ပေ ၁း၆–၉၊ ၄း၁၂)။ ပေတရု၏ စိတ်ချမှုသည် မည်သည့်နေရာမှလာသနည်း။ ပထမမှာ ခရစ်တော်၏စကားနှင့် ကြားခံဆုတောင်းပေးခြင်းတို့ဖြစ်၍ ဒုတိယမှာ သူကိုယ်တိုင်၏အတွေ့အကြုံဖြစ်သည်။ ရွှေပန်းထိမ်သမားသည် မိမိရွှေကို အရည်ပျော်သည့်အထိ အပူပေးတတ်သော်လည်း ပျက်စီးသွားအောင်တော့ မည်သည့်အခါမျှ မလုပ်ချေ။ ရောနှောနေသည့် အသုံးမဝင်သောအရာအားလုံးကို ဖယ်ရှားလိုက်ရန်အတွက်သာဖြစ်သည်။

## တော်ဝင်ဝရမ်းပြေး

ခရစ်တော်သည် မိမိတပည့်တော်များ အထက်ခန်းမမှထွက်ခွာလျက် ဂေသရှေမန်နှင့်လက်ဝါးကပ်တို့ဖြင့် မရင်ဆိုင်ရမီ သူတို့ကိုပြောစရာတစ်ခုရှိသေးသည်။ ဖြစ်ပျက်လာတော့မည် အမှုအရာနှင့်ပတ်သက်၍ ဖြစ်နိုင်သမျှ ရှင်းရှင်းလင်းလင်း သူတို့သိထားရန် ကိုယ်တော်အလိုရှိတော်မူသည်။ ဘုရင်ဖြစ်တော်မူသောကိုယ်တော်ကိုယ်တိုင်သည် ဝရမ်းပြေးတစ်ဦးအဖြစ်ကြေငြာခြင်းခံရတော့မည်ဖြစ်သည်။ ပရောဖက်များက ထိုအတိုင်းကြိုတင်ပြောထားကြပြီးဖြစ်၍ အံ့သြစရာတော့မဟုတ်ပေ။ သို့သော် တမန်တော်များအတွက်မူ လောကထဲသို့ သူတို့လုပ်ဆောင်ရမည့် သူတို့တာဝန်သည် လုံးဝပြောင်းလဲသွားတော့မည်ဖြစ်သည်။ ပြီးခဲ့သည့်ကာလတွင် ခရစ်တော်သည် သူတို့အား ဂျူးလူမျိုးတို့ကြားတွင် သူတို့မျှော်လင့်နေသည့် ဘုရင်၏ ကြွလာခြင်းနှင့်ဆိုင်သည့်သတင်းကောင်းကို လိုက်လံဟောပြောစေခဲ့သည်။ ဂျူးတို့သည် သူ့တပည့်တော်များ၏ နေ့စဉ်ကုန်ကျစရိတ်ကို ကျခံပေးကြရမည်ဟု ခရစ်တော်ခံယူမျှော်လင့်ထားသည်။ ကိုယ်တော်က ထိုသို့မျှော်လင့်ခြင်းသည် မမှားပါ။ သူတို့၏မေရှိယ အရှင်သခင်ဖြစ်သောကိုယ်တော်က မိမိအစေအပါးများလိုအပ်သမျှကို ထိုသူတို့ထံမှ သိမ်းယူပိုင်ခွင့်ရှိသည်။

သို့သော် ယခုအခါ သူသည် ဝရမ်းပြေးတစ်ဦးအဖြစ်ကြေငြာခံရပြီး ကွပ်မျက်ခံရမည်ဖြစ်သည်။ သူသည် ပြန်လည်တိုက်ခိုက်လျက် မိမိအခွင့်အရေးကို တောင်းဆိုလိမ့်မည်မဟုတ်ပေ။ ထို့ကြောင့် သူ၏တပည့်တော်များနှင့်တမန်တော်များအနေဖြင့် သူတို့၏လုပ်ငန်းတာဝန်များအတွက် လိုအပ်သောငွေများကို တိုင်းပြည်က ပေးဆောင်ရမည်ဟု ဆက်လက်မျှော်လင့်၍မရတော့ပေ။ လိုအပ်ချက်များကို မိမိ

နည်းမိမိဟန်နှင့်ပေးရတော့မည်ဖြစ်ပြီး မိမိတိုက်ပွဲကို မိမိတိုက်ရတော့မည်ဖြစ်သည်။ ခရစ်တော်က ဓားမရှိသောသူသည် မိမိအဝတ်ကိုရောင်း၍ ဓားကိုဝယ်ပါစေ ဟုမိန့်တော်မူသည်။ ထိုအခါတမန်တော်များက ကိုယ်တော်ပြောသောစကားကို တိုက်ရိုက်ယူလျက် သခင်၊ သည်မှာဓားနှစ်လက်ရှိပါ၏ ဟုပြန်ပြောကြသည်။ ကိုယ်တော်အတွက် ဆန့်ကျင်မှုများကို ထိုဓားနှစ်လက်နဲ့ ရင်ဆိုင်ရမည်ဆိုလျှင် မလုံလောက်သောပမာဏဖြစ်သည်။

ရှင်ပေါလုက *ငါတို့စစ်တိုက်၍သုံးစွဲသောလက်နက်သည် ဇာတိပကတိလက်နက်မဟုတ်* (၂ကော ၁၀း၄)ဟု ဖော်ပြခဲ့သည့်အတိုင်း နောက်ပိုင်းတွင် သူတို့ရှင်းလင်းစွာ သိမြင်သွားခဲ့ကြသည်။ သို့သော် ယခုအချိန်တွင် သူတို့စိတ်သည် အသစ်သောအံ့သြဖွယ်အရာများနှင့် ပြည့်နေသည်။ သူတို့စိတ်လှုပ်ရှားနေကြသည်။ စိုးရိမ်နေကြသည်လည်း ဖြစ်နိုင်သည်။ အချိန်လည်း နောက်ကျနေပြီ။ ရောက်လာမည့်အချိန်ကို ရင်ဆိုင်ရန် သူတို့အင်အားစုဆောင်းရန်လိုလိမ့်မည်။ သူတို့ရှေ့က စောင့်နေသည့် သူတို့ရင်ဆိုင်ရမည့်တိုက်ပွဲ၏သဘောသဘာဝမှန်ကို သူတို့နားမလည်ကြသကဲ့သို့ ဘုရင်က ယခုရင်ဆိုင်ရမည့်အရာသည် မည်သည့်အရာဖြစ်ကြောင်းကိုလည်း သူတို့နားမလည်ကြပေ။ တိုက်ပွဲတကယ်ရောက်လာသောအခါ သူတို့သည် အိပ်မောကျလျက် နောက်ဆုံးတွင် သူတို့သည် သူ့ကိုထားခဲ့လျက် ထွက်ပြေးကြသည်။ ကိုယ်တော်သည် မိမိတစ်ပါးတည်း ရင်ဆိုင်တိုက်ခိုက်ရသည်။ သူတို့သည် ဆုတောင်းခြင်းအားဖြင့်ပင် သူ့ကိုမကူညီခဲ့ကြပေ။

သို့သော် စစ်ပွဲတွင် အနိုင်ရတော်မူမည်ဖြစ် သည်။ ကိုယ်တော်ကြို သိမြင်ပြီးသားဖြစ်သည်။ ထိုအောင်ပွဲသည် ယခုသူတို့ဖြစ်နေသောအခြေအနေပေါ် မူမတည်၊ ပဋိညာဉ်၏ကတိတော်များအားလုံး ပြည့်စုံစေခြင်းကိုခံရသောအခါ သူတို့ဖြစ်လာမည့်အခြေအနေပေါ် တွင်မူတည်သည်။ ထိုအောင်ပွဲကပေးသောဝမ်းမြောက်ခြင်းသည် ကိုယ်တော်၏စိတ်နှလုံးကို လင်းလက်စေသည်။ သို့သော် ယခုအချိန်တွင် ပဋိညာဉ်ကို လက်မှတ်မထိုးရသေးချေ။ ဘုရင်သည် ထိုပဋိညာဉ်ကို မိမိအသွေးတော်ဖြင့် လက်မှတ်ထိုးရမည်ဖြစ်သည်။ သူအသေမခံလျှင် ပဋိညာဉ်သည် တရားဝင်ဖြစ်နိုင်မည်မဟုတ်။ သူတို့သည် သူမသေဆုံးရလေအောင် မည်သည့်အဖိုးအခပင်ပေးရပေးရ သူ့ကိုကာကွယ်မည့်အတွေးနှင့် သူ့ကို ဓားနှစ်လက်ကမ်းပေးကြစဉ် ကိုယ်တော်က ဤသို့မိန့်တော်မူခဲ့သည် – "ဟုတ်ပေ၏။ သင်တို့သည် အခုနားမလည်ကြသေး။ သို့သော် သင်တို့နားလည်လာကြလိမ့်မည်။ သွားကြစို့"။

## လေ့လာမှုနှင့်ဆွေးနွေးမှုဆိုင်ရာမေးခွန်းများ

၁။ ပေတရုသည် ခရစ်တော်ကိုငြင်းပယ်မိသည့်အတွေ့အကြုံနှင့် ခရစ်တော်၏ခွင့်လွှတ်ခြင်းကိုခံရသည့်အတွေ့အကြုံတို့မှ မည်သည့်သင်ခန်းစာ ရရှိခဲ့သနည်း။ (၁ပေ ၁း၆–၉၊ ၄း၁၂ တို့ကိုကြည့်ပါ။)

၂။ ပေတရုစမ်းသပ်ခြင်းခံရရန် ခရစ်တော်သည် အဘယ့်ကြောင့်အခွင့်ပေးခဲ့သနည်း။

၃။ ကျွန်ုပ်တို့၏ *ယုံကြည်ခြင်း*သည် အဘယ့်ကြောင့် အလွန်အရေးကြီးရသနည်း။

၄။ ခရစ်တော်သည် ကျွန်ုပ်တို့တစ်ဦးစီကို စိတ်ဝင်စားလျက် ကျွန်ုပ်တို့၏အထူးလိုအပ်ချက်တို့ကိုသိတော်မူကြောင်း မည်သည့်အထောက်အထားရှိပါသနည်း။

*စာစဉ် ၄*

# မွေးကင်းစကလေးငယ်ဇာတ်လမ်း

## ဇာခရိနှင့် မယုံကြည်မှု၏မချိတင်ကဲဝေဒနာ

## အပျိုစင်မှမွေးဖွားသန့်စင်ခြင်း

၁၃

# ဇာခရိနှင့် မယုံကြည်မှု၏ မချိတင်ကဲဝေဒနာ

ဖတ်ရန်အကြံပြုသည့်ကျမ်းပိုဒ်များ။ ။ လု ၁း၁–၂၃

လူများစွာတို့အတွက် သိုးထိန်းနှင့်သိုးစုအကြောင်းဆင်ခြင်စဉ်းစားမိသည့်အခါ ကြည်နူးမှုနှင့်စိတ်ခါတ်အင်အားတို့ ဖြစ်ပေါ် လာတတ်သည်။ အပြစ်ကင်းသော သိုးသငယ်၏ အော်ဟစ်သံနှင့် သိုးမ၏ အကာကွယ်မဲ့မှုတို့သည် သူတို့၏ ကာကွယ်ပေးတတ်သောပင်ကိုယ်စိတ်ကို လှုံ့ဆော်လာသည်။ ဤသို့ဖြင့် မိမိသိုးတို့အပေါ် ကြင်နာယုယစွာကာကွယ်စောင့်ရှောက်လျက် ၎င်းတို့အပေါ် အနစ်နာခံဆက်ကပ်သော သိုးထိန်း၏ အသွင်ထင်ရှားလာသည်။ ထို့ကြောင့် ရှင်လုကာဖော်ပြသည့် ဗက်လင်မြို့ပြင်မှ မြင်ကွင်းတစ်ခု– မဲနက်သောကတ္တီပါနှင့်တူသည့် ကောင်းကင်ပြင်ကြီးထဲမှ တိတ်ဆိတ်နေသောကြယ်များစွာတို့ကိုကြည့်ရင်း မိမိတို့သိုးစုများကိုစောင့်နေကြသည့် သိုးထိန်းများ၏ မြင်ကွင်းသည် စိတ်ဝင်စားစရာဖြစ်သည်။ ရံဖန်ရံခါသာပေါ် လာသည့် သိုးသငယ်လေးများ၏ အော်သံနှင့် သိုးမတို့၏ ကျေနပ်ငြိမ်သက်မှုတို့က သိုးထိန်းသည် သူတို့အနားဥရှိနေကြောင်းသိနေခြင်းက သူတို့ကို လုံခြုံမှုခံစားစေကြောင်းထင်ရှားလှသည်။ ထိုအချိန်တွင် ကောင်းကင်တမန်တစ်စုသည် ကောင်းကင်မှ ဘုန်းရောင်ခြည်ဖြင့် ရုတ်တရက်ပေါ် လာလျက် သူတို့သည် မိမိတို့သိုးများအတွက် သိုးထိန်းများဖြစ်ကြသကဲ့သို့ လူတို့၏ ကယ်တင်ရှင်နှင့်ကာကွယ်စောင့်ရှောင့်သော အရှင်သည် ကြွလာနေပြီဖြစ်ကြောင်း အလွန်ဝမ်းမြောက်ဝမ်းသာ ကြေငြာကြသည်။ အဖြစ်အပျက်သည် ဆိုစရာမရှိအောင် စိတ်ဝင်စားစရာကောင်းပါသည်။ သို့သော် အဖြစ်မှန်ဟုတ်ပါရဲ့လား။

မေးခွန်းကို သေချာလေ့လာနိုင်ရန်အတွက် သိုးထိန်းများနှင့် သူတို့၏ သိုးများကို အမှန်အတိုင်းဦးစွာကြည့်ဖို့လိုပါသည်။ သိုးမွေးမြူသည့်အလုပ်သည် ယခုအခါ အနံ့ဆိုးအလုပ်၊ သိုးထိန်းများ အလုပ်ချိန်ကြာရှည်စွာပါဝင်လုပ်ဆောင်ရသည့် လုပင်ပန်းသောအလုပ်ဖြစ်သည့်အပြင် တစ်ခါတစ်ရံ အန္တရာယ်လည်းရှိတတ်သည်။ ထိုနေ့ညတွင် သိုးထိန်းများသည် သိုးကျောင်းရာနေရာတွင် ရှိနေခဲ့ကြသည်။ သူတို့

သည် သိုးများစောင့်ကြည့်ရသည်ကိုနှစ်သက်ကြ၍မဟုတ်၊ သူတို့မစောင့်ကြည့်ပါက ထိုသိုးတို့ကို လူတို့ခိုးယူမည်ကို စိုးရိမ်ကြ၍ဖြစ်သကဲ့သို့ သိုးတို့ကို သားရဲ တိရစ္ဆာန်တို့ရန်မှ ကာကွယ်ရန်လည်းဖြစ်သည်။ မည်သို့ပင်ဖြစ်စေ သူတို့ကိုယ်တိုင်လည်း သိုးတို့ကို အသားအတွက် သတ်လေ့ရှိကြသကဲ့သို့ ထိုအတွက်ဝယ်ယူသူကိုလည်း သူတို့ရောင်းပေးလေ့ရှိကြသည်။ ထိုသိုးထိန်းတို့ ထိုသို့ လူတို့၏ရန်၊ သားရဲတိရစ္ဆာန်တို့၏ရန်၊ ရောဂါပိုးမွှားတို့၏ရန်နှင့် စားကျက်များအတွက် ရင်ဆိုင်ဖြေရှင်းနေကြရခြင်းကို သေချာစဉ်းစားကြည့်ပါက လူ့ဘဝကောင်းစားရေးအတွက်သာ ဖြစ်သည်။

ဤအချက်များက မေးခွန်းကို ပိုမိုတိကျစွာ ချိန်ထိုးနိုင်ရန် ကူညီပေးသည် – ရှင်လုကာဖော်ပြသည့် ကောင်းကင်တမန်များအကြောင်းအဖြစ်ပျက်သည် အဖြစ်မှန်ဟုတ်ပါသလား။ ကျွန်ုပ်တို့ကမ္ဘာကို စိတ်စားလျက် ကယ်တင်လိုသည့် သေခြင်းမဲ့ကာ ဘုန်းအသရေနှင့်ထွန်းတောက်သောကမ္ဘာ အမှန်ရှိပါသလား။ သို့မဟုတ် ရှင်လုကာဖော်ပြသောအဖြစ်အပျက်သည်လည်း ကျွန်ုပ်တို့ဘဝကို ဝိုင်းရံနေသည် ရက်စက်မှုနှင့် သေခြင်းတရားတို့၏စိတ်မကောင်းစရာအမှန်ရှိနေမှုကို ဖုံးကွယ်ရန်ကြိုးစားပြီး ဘဝအတွင် ကဗျာဆန်သည့် နှစ်လိုဖွယ်စိတ်ကူးယဉ်မှုတစ်ခုသာ ဖြစ်နေပါသလား။

## နှစ်လိုဖွယ်ရာစိတ်ကူးယဉ်မှုလား

သိုးထိန်းများနှင့် သူတို့၏သိုးများအပေါ် ကျွန်ုပ်တို့၏ခံစားမှုသည် ပြောထားသည့်အတိုင်းပင် မမှားပါ။ သိုးထိန်းသည် မိမိသိုးကို အသားပေါ်၍ရောင်းချသည့်အခါ ရှိကောင်းရှိနိုင်သော်လည်း သိုးတို့အပေါ် သူ၏ဂရုစိုက်စောင့်ရှောက်မှုသည် အမှန်ပင်လုံလောက်မှုရှိပါသည်။ သိုးထိန်းနှင့် သူ၏ဂရုစိုက်စောင့်ရှောင့်မှုသည် အမှန်မရှိသောအရာကို စိတ်ကူးယဉ်ခြင်းမဟုတ်ပါ။ သိုးထိန်းနှင့်သူ၏ဂရုစိုက်စောင့်ရှောင့်မှုတို့သည် သိုးတို့က တကယ့်ဝံပုလွေတို့ကို ကြောက်ကြောက်နှင့်ရင်ဆိုင်ရာတွင် အထောက်အကူဖြစ်ရန်အတွက် ကြံစည်စိတ်ကူးထားသောအရာများ မဟုတ်ပါ။ သို့သော် ကောင်းကင်တမန်များ၊ ကောင်းကင်၊ ကယ်တင်ရှင်ဘုရား စသည်ဖြင့် ရှင်လုကာဖော်ပြသောအရားများက အဘယ်အရာများနည်း။ ၎င်းတို့သည် သိုးထိန်းနှင့် သူ၏ဂရုစိုက်စောင့်ရှောက်မှုများကဲ့သို့အပင် အစစ်အမှန်ဖြစ်ပါသလား။ သို့မဟုတ် ကနဦးခရစ်ယာန်များက မိမိတို့၏ဆိုးဝါးလှသောဘဝမှန်ကို ရင်ဆိုင်ရာ၌ ခံနိုင်ရည်ရှိ

စေရန်ကြံစည်စိတ်ကူးယဉ်သည့်အရာများသာဖြစ်ကြပါသလား။ ထို့ပြင် ခရစ်တော်၏မွေးဖွားခြင်းနှင့်ဆိုင်သည့် အံ့သြဖွယ်အဖြစ်အပျက်များရော အမှန်များဖြစ်ပါသလား။ စာသားအတိုင်းတိုက်ရိုက်မှန်ကန်သည့် အဖြစ်မှန်များဖြစ်ကြပါရဲ့လား။

## သိပ္ပံနည်းပညာအကြို ဒဏ္ဍာရီများ

၎င်းတို့ကို ဘုရားမဲ့ဝါဒီတို့ ယုံကြည်ကြမည်မဟုတ်ကြောင်း သေချာသည်။ သို့သော် ဘုရားမဲ့ဝါဒီများသာမက ခရစ်တော်သည် ဘုရားသခင်ဖြစ်ကြောင်း လက်ခံသောသူအချို့တို့ပင် ဤအဖြစ်အပျက်များထဲမှ အံ့သြဖွယ်အချက်တို့ကို မယုံကြည်နိုင်ကြပေ။ သူတို့သည် တစ်ဖက်တွင် ခရစ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်သည်ဆိုသည့်ယုံကြည်ချက်ကို ထိန်းသိမ်းလိုကြသော်လည်း တစ်ဖက်တွင် ဖွားမြင်တော်မူခြင်းအကြောင်းကို ဖော်ပြထားသည့်အတိုင်းတိုက်ရိုက်အဓိပ္ပာယ်ယူရန်မဟုတ်ဟုဆိုကာ သူတို့အကျပ်ရိုက်သည့်အခြေအနေမှလွတ်မြောက်ရန် လွတ်မြောက်ရန် နည်းအမျိုးမျိုးဖြင့်ကြိုးစားကြသည်။ အချို့ကလည်း ဤအဖြစ်အပျက်တို့ကို တိုက်ရိုက်ယူ၍မရ၊ သမိုင်း၌အမှန်မဖြစ်ပျက်ခဲ့သည့် ဘာသာရေးဆန်ဆန် လှလှပပ စိတ်ကူးပုံဖော်ထားသည့်အရာများဖြစ်သည်ဟုဆိုကာ ခရစ်တော်၏ရှင်ပြန်ထမြောက်တော်မူခြင်းကြောင့် ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်သည်ဟု ယုံကြည်သွားကြသည့် ကနဦးခရစ်ယာန်အချို့သည် ခရစ်တော်၏ကြီးမြတ်မှုနှင့်ဘုန်းအသရေအပေါ် သူတို့၏ယုံကြည်ခြင်းကိုဖော်ပြရန် ဤစိတ်ကူးယဉ်အဖြစ်အပျက်များကို ဖန်တီးလျက် မွေးဖွားတော်မူခြင်းမှတ်တမ်းတွင် ဦးခေါင်းထက်မှရောင်လျှံစက်ဝန်းအဖြစ် တပ်ဆင်ပေးကြခြင်းဖြစ်သည်ဟု ဆိုကြသည်။

အချို့တို့ကလည်း ပို၍ခေတ်ဆန်ဆန်ရှင်းပြကြသည်။ သူတို့က ဤအဖြစ်အပျက်များတွင် အရေးကြီးသည့်သမ္မာတရား၏ အနှစ်ချုပ်ပါ၍ ကနဦးခရစ်ယာန်တို့သည် ထိုအနှစ်ချုပ်ကို ဒဏ္ဍာရီဝေါဟာရအားဖြင့် ထုပ်ပိုးခဲ့ကြသည်။ ထိုအနှစ်ချုပ်၏ အသေးစိတ်ဖွဲ့စည်းမှုမှာ စကြာဝဠာအပေါ် သူတို့၏သိပ္ပံအကြိုရှုထောင့်မှလာသည်ဟု ဆိုကြသည်။ ထိုသူတို့၏ထင်မြင်ချက်အရ ကနဦးခရစ်ယာန်တို့သည် အထက်တွင်ကောင်းကင်၊ အလယ်တွင်မြေကြီး၊ အောက်တွင်ငရဲဆိုသည့် အလွှာသုံးလွှာရှိ စကြာဝဠာရှိသည်ဟု ယုံကြည်ခဲ့ကြသည့်အတွက် ကောင်းကင်တမန်များ ကောင်းကင်

မှဆင်းလာကာ ကောင်းကင်သို့ပြန်တက်သွားသည့် ဒဏ္ဍာရီကို ပျော်ပျော်ရွှင်ရွှင်နှင့် ပြောဆိုခဲ့ကြခြင်းဖြစ်လိမ့်မည်ဟု သူတို့ဆိုကြသည်။ ထို့ကြောင့် ကမ္ဘာကြီးသည်လုံး၍ ၎င်းအောက်၌ ငရဲမရှိကြောင်းသိသည့် သိပ္ပံခေတ်မှကျွန်ုပ်တို့အတွက် ဤအဖြစ်အပျက်များကို တိုက်ရိုက်မှန်သည်ဟု လက်ခံရန်မဖြစ်နိုင်သောကြောင့် အတွင်းမှ သမ္မာတရား၏အနှစ်ချုပ်ကိုသာယူလျက် ၎င်းကိုထုတ်ပိုးထားသည့် အပြင်ပိုင်းဒဏ္ဍာရီကို စွန့်ပစ်ရမည်ဟု သူတို့ယူဆကြသည်။ ထိုသို့ဆိုလျှင် အပြင်အထုပ်အပိုးသည် မည်သည့်နေ၌ဆုံး၍ အတွင်းအနှစ်ချုပ် သည်မည်သည့်နေရာမှစသည် မည်သူကမျှ တိတိကျကျ မပြောနိုင်လျှင် ဤတာဝန်သည် အလွန်အနုစိတ်သောတာဝန်ဖြစ်ပေလိမ့်မည်။

သို့သော် ကနဦးခရစ်ယာန်များက ဒဏ္ဍာရီသည် မည်သည့်အရာဖြစ်သည်ကို သူတို့ခွဲခြားသိရှိကြောင်းနှင့် ဤအဖြစ်အပျက်များပြောပြခြင်းအားဖြင့် ကျွန်ုပ်တို့အား ဒဏ္ဍာရီများကို ပြောပြနေခြင်းမဟုတ်ကြောင်း ကျွန်ုပ်တို့အား သေချာစွာသိစေကြသည်။ ရှင်ပေတရုက *ငါတို့သည် ပရိယာယ်နှင့်ပြင်ဆင်သော ဒဏ္ဍာရီစကားကိုမလိုက်* (၂ပေ ၁း၁၆) ဟု အသေအချာပြောထားသည်။

ထို့ပြင် ဤအဖြစ်အပျက်များကို ရေးသားမှတ်တမ်းတင်သော ရှင်လုကာသည် ကျွန်ုပ်တို့ကဲ့သို့ပင် ကမ္ဘာကြီးလုံးသည်ဟု သိသည်။ ဂရိတို့က ဤအချက်ကို ယခင်ကတည်းက သရုပ်ပြခဲ့ပြီးဖြစ်သည်။ အီရာတောစတိန်းဆ် (Eratosthenes) (ဘီစီ ၂၇၅– ၁၉၄) သည် ကမ္ဘာကြီး၏လုံးဝိုင်းသောပုံစံကို မှန်ကန်စွာပုံဖော်နိုင်သည့် အဆင့်ကို ရောက်ခဲ့ပြီးဖြစ်သည်။ ဟိပ်ပါးခဆ် (Hipparchus) (ဘီစီ ၁၉၀–၁၂၆) သည် လအကွာအဝေးကို မှန်ကန်စွာတွက်ချက်နိုင်ခဲ့၍ ဂျူးလိယက်ဆီဇာသည် ဤအချက်များနှင့် ဂရိတို့၏နက္ခတ္တဗေဒဆိုင်ရာ တွေ့ရှိမှုများကို အသုံးပြုလျက် ရောမအင်ပါယာ၌တရားဝင်အသုံးပြုသည့် ပြက္ခဒိန်ကို ပြန်လည်ပြုပြင်မွမ်းမံခဲ့သည်။ ပညာတတ်တစ်ဦးဖြစ်လျက် ခရီးအလွန်သွားလာခဲ့သော ရှင်လုကာသည် အဆင့်သုံးဆင့်ရှိသည့် စကြဝဠာကို ယုံကြည်လက်ခံခဲ့သည်ဆိုသည့် အထောက်အထားမျိုးလည်း အနည်းငယ်မျှပင် မတွေ့ရပေ။

ထို့ပြင် ဤ'ဖြစ်လိမ့်မည်' ရှင်းပြချက်သည် ရှေ့တွင်ဖော်ပြပြီးဖြစ်သည့် ၎င်းကိုယ်တိုင်၏ မှားယွင်းသောလက်ခံယုံကြည်မှုအပေါ် အခြေခံနေသည်ကိုတွေ့ရသည်။ သို့သော် ဤရှင်းပြချက်သည် မိမိတို့၏စဉ်းစားချင့်ချိန်မှုသည် သိပ္ပံဆိုင်ရာ

စဉ်းစားချင့်ချိန်မှုအပေါ် အခြေခံသောကြောင့် ဖွားမြင်တော်မူခြင်းအဖြစ်အပျက်များကို ဖော်ပြထားသည့်အတိုင်း တိုက်ရိုက်ယုံကြည်နိုင်ရန် အခက်ကြုံနေသောသူတို့က ထိုမှားယွင်းသောခံယူယုံကြည်ချက်ကို ဆွဲကိုင်အသုံးပြုကြခြင်းဖြစ်သည်။ ဤရှုထောင့်မှကြည့်ပါက ရှင်လုကာဖော်ပြသည့်ပထမအဖြစ်အပျက်သည် စိတ်ဝင်စားစရာ မကောင်းပါ။ ဤအဖြစ်အပျက်က ဖော်ပြပေးသောအချက်မှာ ထိုသူတို့အား ဤအံ့ဖွယ်အဖြစ်အပျက်တို့ကို လက်မခံနိုင်ဖြစ်စေသည့် သံပွဲပညာလည်းမဟုတ်၊ ဆင်ခြင်တုံတရားလည်းမဟုတ်ပါ။ ၎င်းသည် ဆင်ခြင်တုံတရားအရဖြစ်နိုင်ချေမရှိသော ပင်ကိုယ်အလိုအလျောက်ဖြစ်ပျက်မှုနှင့်သာ ပိုတူပါသည်။

## မယုံကြည်နိုင်ဖြစ်နေသော ယဇ်ပုရောဟိတ်တစ်ပါး

ခရစ်တော်ကြွလာတော်မူခြင်းနှင့်ဆက်စပ်သည့် ပထမအံ့သြဖွယ်ဖြစ်ရပ်မှာ သက်ကြီးရွယ်အိုမိဘများမှ ဗတ္တိဇံဆရာယောဟန်၏မွေးဖွားလာခြင်းဖြစ်သည်။ ဤအကြောင်းအရာကို ပထမဆုံးမယုံကြည်နိုင်ဖြစ်ရသူမှာ ထိုသတင်းကိုပထမဆုံးကြားရသူဖြစ်လျက် မွေးဖွားလာမည့်ယောဟန်၏ဖခင် ဇာခရိပင်ဖြစ်သည်။ ထို့ပြင် သူသည် ဘုရားမဲ့ဝါဒီလည်းမဟုတ်၊ ဘုရားသခင်ရှိမရှိသံသယရှိသူလည်းမဟုတ်၊ ယဇ်ပုရောဟိတ်ဖြစ်သည့် ဂျူးဘုန်းတော်ကြီးတစ်ပါးဖြစ်သည်။ မယုံကြည်နိုင်ဖြစ်ရသည့် ဘုန်းတော်ကြီးများ ယခုခေတ်၌သာရှိသည်မဟုတ်။ သူ၏မယုံကြည်မှုကြောင့် သူသည် စကားမပြောနိုင်တော့ဘဲ ဆွံ့အသွားခဲ့ရကြောင်း ကျွန်ုပ်တို့သိရသည်။ သို့သော် သူသည် ယုံလွယ်လွန်းသော သိပ္ပံအကြို ငအတစ်ဦးတော့မဟုတ်။ ကတိတော်နှင့်ဆိုင်သည့် အံ့သြဖွယ်အမှုတို့သည် ရုပ်ပိုင်းဆိုင်ရာနိယာမတရားအရစဉ်းစားလျှင် မဖြစ်နိုင်ကြောင်း သူကောင်းစွာသိထားသည်။ ထို့ကြောင့် ဇာခရိကို စစ်ဆေးကြည့်လျက် သူသည် မည်သို့သောလူဖြစ်ကြောင်း၊ သူ၏ကြုံတင်ကောက်ချက်ချမှုများသည် မည်သည့်အရာများဖြစ်ကြောင်းနှင့် သူ့အားပြောပြသောအံ့ဖွယ်အမှုသည် သူ့အတွက် မဖြစ်နိုင်သလိုဖြစ်ရသည့်အကြောင်းရင်းတို့ကို ကြည့်ကြပါစို့။ ထိုအခါ သူ၏မယုံကြည်နိုင်မှုသည် မည်မျှအထိကျိုးကြောင်းဆက်စပ်မှုရှိသည်ကို ကျွန်ုပ်တို့ခန့်မှန်းနိုင်မည် ဖြစ်သည်။

ဇာခရိသည် ယဇ်ပုရောဟိတ်တစ်ပါးဖြစ်၍ ဘုရားသခင်ရှိတော်မူကြောင်း ယုံကြည်မည်ဟုကြို့ပြောနိုင်သည်။ ထိုသို့ဆိုရာတွင် ဘုရားမဲ့ဝါဒီ၏ဖြစ်နိုင်ချေကို ဇာခ

ရိတွေးကြည့်ဖူးလိမ့်မည်မဟုတ်ဟု မဆိုလိုပါ။ သို့သော် ဖန်ဆင်းရှင်နှင့် ဘုရားမဲ့ဝါဒတို့ ထဲမှတစ်ခုကိုရွေးချယ်ရမည့်အခြေအနေမျိုးသူကြုံခဲ့ရပါက ဖန်ဆင်းရှင်အပေါ်ယုံ ကြည်မှုသည် ပို၍ကျိုးကြောင်းဆီလျော်သောရွေးချယ်မှုဖြစ်ပေလိမ့်မည်။ အဘယ့် ကြောင့်ဆိုသော် ဆင်ခြင်တုံတရားကို အဖြစ်နိုင်ဆုံးကျိုးကြောင်းညီညွတ်မှုအဖြစ် လေ့လာလိုသောသူအတွက် ဖန်ဆင်းရှင်ရှိခြင်းသည် တစ်ခုတည်းသော အခြေခံအ ချက်ဖြစ်သည်။ ဘုရားမဲ့ဝါဒအရ ကျွန်ုပ်တို့သည် အကြောင်းမဲ့ကိစ္စကြောင့်ဖြစ်လာသည့် တိုက်ဆိုင်မှုက ဖြစ်ပေါ်စေသော စိတ်နှင့် ဆင်ခြင်တုံတရားတို့အပေါ် ယုံကြည်ရမည် ဖြစ်သကဲ့သို့ ယုတ္တိဗေဒသည် တိုက်ဆိုင်မှုနှင့်ဆိုင်ပြီး အကြောင်းမဲ့တိုက်ဆိုင်မှု ကွင်း ဆက်များ၏ အဓိပ္ပါယ်မဲ့သောရလဒ်ဖြစ်သည်ဟုလည်းယုံကြည်ရမည်ဖြစ်သည်။

ထို့ပြင် ဇာခရိသည် ကောင်းကင်တမန်များရှိကြောင်းကိုလည်း ယုံသည်။ ထို့ကြောင့် ကောင်းကင်တမန်တစ်ပါး သူ့ထံရောက်လာသောအခါ သူသည် ထိတ်လန့် ခဲ့ဟန်မရှိပေ။ သို့သော် လူသည် စကြဝဠာတစ်ခုလုံးတွင် ဉာဏ်ရည်ဉာဏ်စွမ်းအမြင့် မားဆုံးဖြစ်သည်ဟု သူယုံကြည်ခဲ့လျှင် သူသည် စိတ်ဓါတ်ရေးရာကျဉ်းမြောင်းပြီး မိမိ ကိုယ်ကိုအထင်ကြီးလွန်းသူဖြစ်ပေလိမ့်မည်။

ထို့ပြင် ဇာခရိသည် ဆုတောင်းခြင်းအပေါ်ယုံကြည်လျက် ဘုရားသခင်၏ ရှိခြင်းကိုသာ သူအလေးထားသည်။ ဤယုံကြည်ခြင်းသည်လည်း လက်တွေ့ကြပါ သည်။ အကယ်၍ ကျွန်ုပ်တို့တွင် ချစ်တတ်သည့်ခံစားမှုရှိလျက် ဖန်ဆင်းရှင်ဘုရားကို လိုအပ်နေသူများအား ကူညီနေရသည့်အနေအထား၌ရှိခဲ့လျှင် ဖန်ဆင်းရှင်ကိုယ်တိုင် သည် ချစ်ခြင်းမေတ္တာမဲ့လျက် ကျွန်ုပ်တို့၏လိုအပ်ချက်များကို စိတ်ဝင်စားမှုမရှိဟုယူ ဆပါက ကျိုးကြောင်းညီညွတ်သောရှုမြင်မှုဖြစ်ရန် ခက်ပေလိမ့်မည်။

ဇာခရိသည် ဆုတောင်းခြင်းကိုယုံကြည်သောကြောင့် မိမိနှင့်မိမိဇနီးသည် တို့အား သားတစ်ဦးပေးရန် ဘုရားသခင်ထံ နှစ်အတော်အတန်ဆုတောင်းခဲ့သည်။ သို့သော် မကြာမီနှစ်များက ထိုဆုတောင်းချက်ကို သူရပ်နားခဲ့သည်။ သူနှင့်သူ့ဇနီးတို့ ကလေးရနိုင်သည့်အသက်အရွယ်ရှိကြချိန်တွင် ထိုသို့ဆုတောင်းသည်မှာ အပ်စပ်မှုရှိ သည်ဟုထင်ရသည်။ ထိုအချိန်မျိုးတွင် ဇလိဇဘက်၏ကိုယ်ခန္ဓာအတွင်းအားပေးမှု တစ်ခုခုသက်ရောက်ပါက သူတို့ကလေးမရနိုင်သည့်အခြေအနေသည် သာဝကျကျ ပြောင်းလဲမှုရှိနိုင်သည်ဟု သူခံစားခဲ့သည်။ ယခုအခါ သူတို့နှစ်ဦးလုံးအိုမင်းနေပြီဖြစ်

သည်။ ဤအသက်အရွယ်မျိုး၌ ကလေးမွေးရန်ဆိုသည်မှာ အသက်အရွယ်ကြီးရင့်ခြင်းနှင့်ဆိုင်သည့် သဘာဝဖြစ်စဉ်အားလုံးကို ပြောင်းပြန်လှန်ပြီး ဘဝ၏လည်ပတ်ပုံယန္တရားကို အသစ်ပြန်ဖန်ဆင်းခြင်းသာဖြစ်လိမ့်မည်။ ဤအချိန်၌ကလေးမွေးရန်မျှော်လင့်ခြင်း သဘာဝမကျ၊ ဆင်ခြင်တုံတရားမဲ့ရကျပြီး ဖြစ်လည်းဖြစ်နိုင်မည်မဟုတ်ဟု သူခံယူသည်။

ထို့ကြောင့် လွန်ခဲ့သောနှစ်များက သူ့ဆုတောင်းချက်၏အဖြေကို ကောင်းကင်တမန်က သူအားလာပြောပြသည့်အခါ ယုံကြည်ရန် သူအဆင်သင့်ဖြစ်မနေခဲ့ပေ။ သူက ကောင်းကင်တမန်အား ထိုကဲ့သို့သော အံ့ဩဖွယ်အမှုကို မိမိအားယုံကြည်စေနိုင်ရန်အတွက် စကားသက်သက်နှင့်မလုံလောက်ကြောင်းသိစေလျက် ဤသို့ပြန်မေးခဲ့သည်– *ထိုသို့ဖြစ်လိမ့်မည်ကို အကျွန်ုပ်သည် အဘယ်သို့သိရပါမည်နည်း* (လု ၁း၁၈)။ ယဉ်ယဉ်ကျေးကျေးပြောခြင်းဖြစ်သော်လည်း သူ့စကားက သူသည် မရိုးမသားမပြောလိုကြောင်းနှင့် ကောင်းကင်တမန်ပြောသောအရာကို ကောင်းကင်တမန်ကပြောသည်ဆိုလျက် ယုံကြည်ဟန်မဆောင်လိုကြောင်း ဆိုလိုသည်။

ထိုအခါ ကောင်းကင်တမန်ဂါဗြေလက သူ့ကိုဆွံ့အသွားစေခဲ့သည်။ ဘုရားသခင်၏ချီးမြှောက်ခြင်းခံရသည့် စေတမန်တော်၏သတင်းစကားကို မေးခွန်းပြန်ထုတ်ခြင်းသည် ရိုင်းပျမှုတစ်ခုဖြစ်သည်။ ရိုင်းပျခြင်းသာဟုတ် စျေးဆစ်လိုက်သေးသည့် မိုက်မဲမှုလည်းဖြစ်သည်။ သူသည် တစ်ဖက်တွင် သဘာဝဖြစ်စဉ်အားလုံးကို စီမံဖန်ဆင်းသော ဖန်ဆင်းရှင်အဖြစ် ဘုရားသခင်ကိုယုံကြည်ပါသည်ဟု ဝန်ခံသည်။ သို့သော် အခြားတစ်ဖက်တွင် ဘုရားသခင်သည် ပြုတော်မူလိုသည်ဆိုလျှင် မိမိဖန်ဆင်းထားသော ယန္တရားပုံစံကို အသစ်ဖြစ်စေတော်မူနိုင်သည်ကို သူမယုံကြည်နိုင်ကြောင်း ဝန်ခံနေပြန်သည်။ ထို့သို့ဆိုပါက ဘုရားသခင်သည် မိမိဖန်တီးထားသည့် ယန္တရားပုံစံအတိုင်းသာ တိတိကျကျလုပ်ဆောင်ရမည်ဖြစ်ပြီး ထိုသို့မပြုမိပါက ဇာခရိ၏လေးစားယုံကြည်မှုကို လက်လွှတ်ရမည့်ပုံမျိုးဖြစ်နေသည်။ ဟုတ်ပါသည်– ဇာခရိသည် ဤအတိုင်းခံစားရသည်ဆိုလျှင် ဤအတိုင်းရိုးရိုးသားသားပြောဆိုရမည်မှန်သည်။ သို့သော် သူသည် ကြင်နာမှုကင်းမဲ့သောယုတ္တိဗေဒအချို့ကြောင့် ဤသို့မယုံကြည်သောအခြေအနေသို့ ရောက်သွားရသည်တော့မဟုတ်ပါ။ သူ၏မယုံကြည်မှုသည် အခြားမဟုတ်၊ ဆင်ခြင်တုံတရားပင်ဖြစ်သည်။ ကောင်းကင်တမန်၏ မျှော်လင့်မထားသောကြေငြာမှု

သည် သူ့ယုံကြည်ခြင်း၏ သတိလက်လွတ်ဖြစ်နေသောအားနည်းချက်နဲ့ သာကြုံရသည်မဟုတ်၊ သူ့ဆင်ခြင်တုံတရား၏ သတိလက်လွတ်ဖြစ်နေသည့်အားနည်းချက်နှင့်လည်း ကြုံရကာ ၎င်းသည် ကျရှုံးနေသောလူ၏ သဘာဝတွင် အလိုအလျောက်ရှိနေသောမယုံကြည်မှုအထိ ထိုးဖောက်ဝင်ရောက်သွားခဲ့သည်။

## မဖြစ်နိုင်သောအရာလား၊ မဖြစ်တန်သောအရာလား

ကျွန်ုပ်တို့သည် ဇာခရိအပေါ် အနည်းငယ်မမျှမတပြုမိကြပြီဆိုလျှင် မှန်ကောင်းမှန်နိုင်ပါသည်။ သူကြုံရသည့်အခက်အခဲမှာ ထိုအံ့သြဖွယ်အမှုသည် လုံးဝမဖြစ်နိုင်ဟု ယူဆနေခြင်းမဟုတ်ဘဲ ထိုကဲ့သို့သောအံ့သြဖွယ်အမှုသည် သူ၌ဖြစ်ဖွယ်မရှိဟု ယူဆနေခြင်းသာ မဖြစ်နိုင်ပါသလား။ တကယ်တမ်းဆိုရလျှင် အံ့သြဖွယ်အမှုတို့သည် အလွန်ဖြစ်ခဲသောအရာများဖြစ်လျက် တစ်စုံတစ်ယောက်သောသူအပေါ် အခိုက်အတန့်တစ်ခုအတွင်း မဖြစ်တန်သောအရာသာဖြစ်ပြီး လူအများခံယူထားသည့် မဖြစ်နိုင်သောအရာ မဟုတ်ပေ။

သို့သော် ကောင်းကင်တမန်သည် ဤအံ့သြဖွယ်အမှုအတွက် ဆင်ခြင်စဉ်းစားရမည့်အခြေအနေကို ရှင်းပြခြင်းအားဖြင့် ဇာခရိကို ဂရုတစိုက်ပြင်ဆင်ခဲ့သည်။ ဤအံ့သြဖွယ်အမှုသည် ဇာခရိ၏ရည်ရွယ်ချက်များကို ဖြည့်ဆည်းပေးရန်လည်းမဟုတ်သကဲ့သို့ သူ၏ဆက်ကပ်မှုကို အားပေးရန်အတွက်လည်း မဟုတ်ပေ။ ဖန်ဆင်းရှင်သည် မိမိဖန်ဆင်းသည့်လောကတွင် လူ့ဇာတိခံလျက် ဝင်ရောက်တော်မူခြင်းဖြစ်သည့် ဖန်ဆင်းခံလောကဓါတ်အတွက်ပင် ထူးခြားသောအမှုတစ်ခုကို ကြိုတင်ကြေငြာရန်ဖြစ်သည်။ ဘုရားသခင်၏နှုတ်ကပတ်တော်အဖြစ် ဇာခရိသိ၍ဝန်ခံသော ဓမ္မဟောင်းကျမ်းချက်များက ဤကြီးကျယ်ခမ်းနားသောအမှုအရာကို မှတ်သားဖွယ်ကောင်းလျက် ထူးခြားသော ပရောဖက်ဆိုင်ရာသက်သေများဖြင့် ကြိုတင်ပြင်ဆင်ရမည်ဟု အတိအလင်းဖော်ပြထားပြီးဖြစ်သည်။ ကောင်းကင်တမန်သည် ဇာခရိအားကြေငြာအသိပေးသည့်အခါ ဤပရောဖက်ပြုချက်များကိုလည်း တိတိကျကျပြန်လည်သတိရစေခဲ့သည်။

ကောင်းကင်တမန်၏စကားကို မယုံကြည်မှုခြင်းသည် ဘာသာတရားကိုင်းရှိုင်းမှုနှင့်အံကိုက်မဖြစ်သော်လည်း ဇာခရိက ကောင်းကင်တမန်၏စကားကိုငြင်းဆို

ရာတွင် ကြီးမြတ်သော၍အမှုအရာထဲတွင် သူနှင့်သူ့ဇနီးသည်တို့သည် သေးငယ်သော အပိုင်းကဏ္ဍလေးအတွက်ပင် ရွေးချယ်မခံထိုက်ပါဟူသော သူ၏ငြင်းဆိုမှုတွင် သူ၏ နှိမ့်ချမှုကို ချီးကျူးဩဘာပေးသင့်ပါသည်။ သို့သော် သူ၏ငြင်းဆိုခြင်းသည် ထိုသို့ ကြီးမြတ်သောလုပ်ငန်းတာဝန်အတွက် ရွေးချယ်မှုခံရသည့်ကိစ္စနှင့်မဆိုင်ဘဲ ရုပ်ခန္ဓာ ဆိုင်ရာမဖြစ်နိုင်မှုအပေါ် သာမူတည်ကြောင်းကို ကောင်းကင်တမန်အား သူပြန်ပြော သည့်စကားတွင် တွေ့ရသည် – *ထိုသို့ဖြစ်လိမ့်မည်ကို အကျွန်ုပ်သည် အဘယ်သို့သိရပါ မည်နည်း။ အကျွန်ုပ်သည် လူအိုဖြစ်ပါ၏။ အကျွန်ုပ်မယားသည်လည်း အသက်အရွယ်ကြီး ရင့်ပါပြီ* (လု ၁း၁၈)။ သူသည် ဤခိုင်မာသောအခြေခံအချက်များအပေါ် မယုံကြည်မှု ကိုပြသခဲ့သောကြောင့် ထိုက်သင့်သည့်အားလျော်စွာပင် ဆုံးအသွားခဲ့ရသည်။

ဗိမာန်တော်ထဲတွင် ဇာခရိထံကောင်းကင်တမန်ပေါ် လာသည့်နေ့တွင် ဇာခ ရိသည် မိမိ၏ကိုယ်ပိုင်လိုအပ်ချက်များအတွက်သာ ဆုတောင်းနေခဲ့သည်မဟုတ်။ ဇာ ခရိက  သူတို့ကိုယ်စား အတွင်းထဲတွင် ဆုတောင်းပေးနေရသော လူအုပ်ကြီးသည် လည်း အပြင်၌ဆုတောင်းနေကြသည်။ သူတို့၏ကျွမ်းကျင်ရင့်ကျက်သည့်ပရောဖက် တစ်ပါးဖြစ်သော ဇာခရိ၏စိတ်နှလုံးထဲတွင် ဆုတောင်းချက်ကို ရယ်သွမ်းသွေးတတ် သည့်မယုံကြည်မှုကိန်းအောင်းနေသည်ဟု ထိုလူအုပ် မည်သည့်အခါကမျှ စဉ်းစားမိ ခဲ့လိမ့်မည်မဟုတ်ပေ။ ဘုရားသခင်သည် သာမန်သဘာဝတရားအရဖြစ်နိုင်သောအ ရာများကိုသာ လုပ်ဆောင်နိုင်သည်ဆိုလျှင် အဘယ့်ကြောင့် ဘုရားသခင်ထံအထူးဆု တောင်းနေစရာ လိုမည်နည်း။ ဘုရားသခင်ထံ ချဉ်းကပ်ဆုတောင်းခြင်းမှာ သဘာဝ အရ သူ့အလိုလိုဖြစ်မလာမည့် သို့မဟုတ် ဖြစ်မလာနိုင်သည့် အံ့ဩဖွယ်အမှုများ အတွက် ဆုတောင်းခြင်းဖြစ်သည်။ သို့သော် ဘုရားသခင်သည် အံ့ဩဖွယ်အမှုများကို ပြု နိုင်သည်ဟု သင်မယုံကြည်လျှင် အဘယ့်ကြောင့် သူထံဆုတောင်းရသနည်း။

ကောင်းကင်တမန်သည် လျော်ကန်သည့်အတိုင်း ဇာခရိကို ဆုံ့အစေသည့် အခါ သူသည် အများအတွက်ဆုတောင်းပေးရသည့်သူ့အလုပ်လည်း ရပ်နားရသည်။ အပြင်၌ သူ့ကိုစောင့်နေသောသူတို့ကို ကောင်းချီးပေးရန် သူအပြင်ထွက်လာသော အခါ သူသည် သူတို့ကို စကားမပြောနိုင်တော့ချေ။ အံ့ဩဖွယ်အမှုကို မယုံကြည်နိုင် သောယဇ်ပုရောဟိတ်၌ လူတို့ကိုပြောပြစရာ သတင်းစကားမရှိပေ၊ သတင်းကောင်း လည်း ရှိမည်မဟုတ်ကြောင်းသေချာသည်။ အိုမင်းပြီဖြစ်သော အဖွားအို၏ကိုယ်ခန္ဓာ

ကို ပြန်လည်ပြုပြင်နိုင်သောဘုရားသခင်သည် စကြာဝဠာတစ်ခုလုံးကိုလည်း ပြန်လည်ပြုပြင်နိုင်သည်ဟု မျှော်လင့်ချက်ထားလျှင် မည်သို့နည်း။ အိုနာကျိုးကန်းဖြစ်သော်လည်း အသက်ရှင်သေးသည့်ကိုယ်ခန္ဓာကို ပြန်လည်သစ်လွင်လန်းဆန်းအောင် ဘုရားသခင်မပြုနိုင်ခဲ့လျှင် သင်္ချိုင်းဂူထဲ သုံးရက်ရှိနေပြီဖြစ်သော လူသေကို မည်ကဲ့သို့ ထမြောက်စေနိုင်မည်နည်း။ အကယ်၍ ခရစ်တော်သာ ထမြောက်စေခြင်းကို မခံခဲ့ရလျှင် ဟောပြောစရာသတင်းကောင်းလည်း ရှိမည်မဟုတ်။ အနာဂါတ်သည်လည်း မည်သည့်မျှော်လင့်ချက်မျှမရှိဘဲ လောကသင်္ချိုင်းပြင်သည် ဖြို့ခွင်းမရနိုင်သော ဆုံ့အတိတ်ဆိတ်မှုက လွှမ်းမိုးနေမည်ဖြစ်သည်။

## ၁၄

# အပျိုစင်မှမွေးဖွားတော်မူခြင်း

ဖတ်ရန်အကြံပြုသည့်ကျမ်းပိုဒ်များ။ ။ လု ၁း၂၄–၅၆

ဂါဗြေလက ဇာခရိအား သူနှင့်သူ့ဇနီးတို့ သားတစ်ဦးရရှိကြတော့မည်ဖြစ်ကြောင်းပြောဆို၍ ဇာခရိက *ထိုသို့ဖြစ်လိမ့်မည်ကို အကျွန်ုပ်သည် အဘယ်သို့သိရပါမည်နည်း* (လု ၁း၁၈) ဟုပြန်မေးသောအခါ သူဆွံ့အသွားခဲ့ရသည်။ ဂါဗြေလက မာရိအား သူကိုယ်ဝန်ဆောင်ရမည်ဖြစ်ကြောင်းပြောဆို၍ မာရိက *ဤအမှုအရာသည် အဘယ်သို့ဖြစ်လိမ့်မည်နည်း* ဟုပြန်သောအခါ ဆွံ့အသွားခြင်းမရှိခဲ့။ အကြောင်းရင်းကရှင်းပါသည်။ သူတို့၏မေးခွန်းသည် အပေါ်ယံအားဖြင့် တူနေသယောင်ထင်ရသော်လည်း သူတို့၏မေးရသည့်စိတ်ရင်းမတူကြပေ။ ဇာခရိသည် ကောင်းကင်တမန်စကားကို မယုံသောကြောင့် မှန်မမှန်မည်သို့သိနိုင်မည်နည်းဟု ပြန်မေးခဲ့သည်။ မာရိသည် ကောင်းကင်တမန်စကားကို ယုံကြည်သောကြောင့် မည်သည့်ပုံစံဖြင့်ပြည့်စုံမည်နည်းဟု ပြန်မေးခဲ့သည်။ ဇာခရိ၏အတွေးတွင် ရုပ်ပိုင်းဆိုင်ရာအခက်အခဲက နေရာယူထားသည်။ သူနှင့်သူမိန်းမတို့ အိုမင်းနေပြီဖြစ်၍ ကလေးမည်သို့ရနိုင်တော့မည်နည်း။ မာရိ၏အခက်အခဲသည်လည်း ရုပ်ပိုင်းဆိုင်ရာသဘောပါသည်။ သို့သော် အဓိအားဖြင့် ကိုယ်ကျင့်တရားနှင့်ပိုဆိုင်သည်။ သူက *ဤအမှုအရာသည် အဘယ်သို့ဖြစ်လိမ့်မည်နည်း။ အကျွန်ုပ်သည် ယောက်ျားနှင့်မဆက်ဆံပါ* ဟုဆိုသည်။ အိမ်ထောင်မရှိဘဲ ကလေးမွေးရမည့်အဖြစ်ကို သူစဉ်းစားမရဖြစ်နေခြင်းမှာ အံ့သြဖွယ်အမှုဖြစ်သောကြောင့်မဟုတ်ဘဲ သူ၌ထိုသို့ဖြစ်လာလျှင် သူသည် ကိုယ်ကျင့်တရားမကောင်းသောမိန်းမဖြစ်သွားမည်ဖြစ်သောကြောင့်ဖြစ်သည်။

ထိုသို့ဆိုလျှင် ကောင်းကင်တမန်၏ကြေငြာချက်သည် အိမ်ထောင်ပြုရမည်ဆိုသောအမိန့်တစ်ခုဖြစ်ပါသလား။ မာရိသည် ယောသပ်နှင့်စေ့စပ်ထားပြီးသားဖြစ်သည်။ ထို့ကြောင့် ပို၍သဘာဝကျကျဆိုရလျှင် သူ့ကို မြန်မြန်အိမ်ထောင်ပြုစေချင်တာလား။ ဂါဗြေလ၏အဖြေသည် သူ့ကို ကြောင်အမ်းအမ်းဖြစ်သွားစေခဲ့သည်။ ကောင်းကင်တမန်က သူ့ကိုပထမအကြိမ်နှုတ်ဆက်စဉ်က ကောင်းကင်တမန်၏နှုတ်

ဆက်စကားကြောင့် မာရိစိတ်ပူမိသော်လည်း ဖွားမြင်လာမည့်သူငယ်တော်၏ကြီးမြတ်မှုအကြောင်းပရောဖက်ပြုချက်ကြောင့် အံ့သြကျေနပ်ရပြန်သည်။ သို့သော် သူလက်မထပ်မီ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ပဋိသန္ဓေစွဲယူရမည်ဟု သိရပြန်သောအခါ စိတ်ဒုက္ခရောက်ရပြန်သည်။ တစ်ဖက်တွင် လူ့ဇာတိခံယူခြင်းအတွက် အသုံးခံရန်ရွေးချယ်ခံရသောကြောင့် အတိုင်းမသိချီးမြှောက်ခြင်းဖြစ်သကဲ့သို့ တစ်ဖက်တွင် လူတို့၏မယုံကြည်မှုခံစားရမည့်အခြေအနေဖြစ်နေသည်။ သူငယ်ချင်းများပင် သူ့အပေါ်သက်ာမကင်းဖြစ်ကြမည့်အခြေအနေမျိုးဖြစ်နေ၍ စိတ်သောကပွားရပြန်သည်။

*အကျွန်ုပ်သည် ထာဝရဘုရား၏ကျွန်မဖြစ်ပါ၏ ကိုယ်တော်၏စကားအတိုင်းအကျွန်ုပ်၌ဖြစ်ပါစေသော* (လု ၁း၃၈) ဟူသည့် သူ၏အောက်ကျို့သောရုတ်တရက်တုန့်ပြန်မှုက သူရရှိသည့် ဘုရားကျေးဇူးတော်၏ကြွယ်ဝမှုကို ပြသည်။ သို့သော်ကျွန်ုပ်တို့သည် ဤအချက်ကိုကြည့်ပြီး မာရိသည် အရှိအရှိတိုင်းလက်ခံတတ်သူတစ်ဦးထက်တော့မပိုပါဟု မစဉ်းစားမိဖို့လိုပါသည်။ သူ၏ဂျူးအသိုင်းအဝိုင်းတွင် စေ့စပ်ထားသောမိန်းခလေးတစ်ဦးသည် လက်မထပ်မီ ကိုယ်ဝန်ရသည်ဆိုပါက လူငယ်တို့၏အချိန်မစောင့်တတ်သောအကျင့်တစ်ခုအဖြစ် သတ်မှတ်မခံရဘဲ တစ်ကယ့်လိင်ဖောက်ပြန်မှုတစ်ခုအဖြစ် သတ်မှတ်ခံရမည်ဖြစ်သည်။ ထိုအခြေအနေမျိုးဖြစ်လာပြီး ကောင်းကင်တမန်သူ့ထံရောက်လာကြောင်းနှင့် ကောင်းကင်တမန်၏ကြားဝင်လုပ်ဆောင်မှုကြောင့် ထိုသို့ဖြစ်လာကြောင်းရှင်းပြသည့် မိန်းကလေးကို ကျွန်ုပ်တို့မည်ကဲ့သို့ တုန့်ပြန်မိကြမည်ကို ကျွန်ုပ်တို့သိပါသည်။ ရှင်မဿဲ၏မှတ်တမ်းတင်မှု ကျွန်ုပ်တို့သိရသည့်သူ့အဖြစ်အပျက်အပေါ် သူနှင့်စေ့စပ်ထားသောအမျိုးသား၏တုန့်ပြန်မှုသည် ဆီလျော်မှုရှိပါသည်– မာရိကို သူအလွန်ချစ်သလောက် သူ့အဖြစ်အပျက်သည် လက်ခံဖွယ် သိပ်မဟုတ်ဟု သူမြင်သည်။

အချို့သောသူတို့က ကနဦးခရစ်ယာန်များသည် ဘာသာတရားကိုင်းရှိုင်းမှုနှင့် အံ့သြဖွယ်အမှုတို့အကြောင်းကို စကားကြီးစကားကျယ်များဖြင့်ပြောဆိုရေးသားသူတို့ကို အလွယ်တကူယုံကြည်တတ်သည့် ဘာသာရေးစိတ်ထက်သန်မှုရှိခဲ့ကြသည့်ပုံမျိုး ပြောဆိုကြသည်။ ထိုသူတို့ ဤအချက်ကို သိခဲ့ဖူးသည်ဆိုလျှင် မေ့သွားကြ၍ဖြစ်မည်– ဘာသာရေးသမားများထဲတွင် မိမိတို့ဘာသာတရား၏ ကိုယ်ကျင့်တရားဆိုင်ရာအလေးအနက်တောင်းဆိုချက်များကို လိုက်နာနိုင်ရန် ကြိုးစားကြသောသူတို့

မှာ ပညာမတတ်သည့်ဆင်းရဲသားများဖြစ်ကြသည်။ သူတို့သည် ပညတ်တော်အခွင့်အာဏာကို ယုံမှားသံသယမရှိလက်ခံလေ့ရှိကြပြီး လူချမ်းသာများ၊ ပညာတတ်များက မိမိတို့ဖောက်ပြန်မှုများကို ဆင်ခြေဆင်လက်ပေးရန် သို့မဟုတ် မမှားကြောင်းပြသရန် အသုံးပြုလေ့ရှိသည့် ပါးနပ်မှုမျိုး သူတို့၌ မရှိခဲ့ပေ။

ယောသပ်သည် ရိုးသားဖြူစင်သော လက်သမားတစ်ဦးဖြစ်သည်။ သူသည် မာရိ၏ အဖြစ်အပျက်ကို လုံးဝမယုံကြည်ရုံမက မာရိကို *တိတ်ဆိတ်စွာစွန့်ပယ်မည်ဟု အကြံရှိ* (မ ၁း၁၉) ခဲ့သည်။ ဆိုလိုသည်မှာ စေ့စပ်ကြောင်းလမ်းခြင်းကို ဖျက်သိမ်းရန် ဖြစ်သည်။

မာရိသည် ၎င်းကိုကြိုသိခဲ့ပေလိမ့်မည်– ဂါဗြေလက သူ့ကိုအသိပေးသည့် အချိန်တွင် သူ၏ လက်ခံမှုသည် မလုပ်မဖြစ်၍လုပ်ရသည့် အခြေအနေမျိုး သူ့စိတ်ထဲတွင် အလိုအလျောက်ခံစားမိခဲ့ပေလိမ့်မည်။ ယောသပ်ကသာ ထိုသို့မြင်သည်မဟုတ်၊ လူများစွာတို့ကလည်း ထိုနည်းတူမြင်ကြမည်ဖြစ်သည်။ မာရိ၌သို့ အလိုအလျောက် ခံစားမိသည့်အတိုင်းပင် လူတို့မြင်ခဲ့ကြကြောင်း နောက်ပိုင်း ကျွန်ုပ်တို့သခင်ဘုရား၏ အမှုတော်လုပ်ငန်းအပေါ် ဆန့်ကျင်သူများ၏ ပြောဆိုမှုအရ သိနိုင်သည်။ သူတို့က *ငါတို့သည် မှောက်မထားသောအမျိုးမဟုတ်* (ယော ၈း၄၁) ဟုဆိုလျက် ကိုယ်တော်အား အိမ်ထောင်မရှိသည့်မိခင်ထံမှမွေးလာခဲ့သူအဖြစ် ထိကပါးရိကပါးပြောဆိုခဲ့ကြသည်။

## ရှင်ပြန်ထမြောက်ခြင်း

မာရိ၏ အဖြစ်အပျက်ကို ယောသပ်ကအစပြုလျက် လူတို့မယုံကြည်ခဲ့ကြသည်ဆိုလျှင် ၎င်းသည်အမှန်ဖြစ်ကြောင်း မည်သည့်အထောက်အထားရှိသနည်း။ အလွန်ထင်ရှားသောအထောက်အထားရှိပါသည်။ မာရိထံမှမွေးလာသောထိုသား၏ သေသောသူတို့ထဲမှရှင်ပြန်ထမြောက်ခြင်းက သူ၏ ပဋိသန္ဓေစွဲယူခြင်းမှသံသယအားလုံး ကိုဖယ်ရှားပေးပါသည်။ ခရစ်တော်၏ ဘုရားဖြစ်ခြင်းကိုလက်မခံဘဲ သူ၏ ရှင်ပြန် ထမြောက်ခြင်းကို ယုံကြည်ရန်မဖြစ်နိုင်ပါ။ ထိုနည်းတူ ကိုယ်တော်၏ ဘုရားဖြစ်ခြင်း ကိုလက်ခံပြီး ထိုဘုရားလူ့ဇာတိခံရန် ရွေးချယ်ခံရသည့် အမျိုးသမီး၌ဖြစ်ပျက်ခဲ့သည့် အရာတို့သည် အဟုတ်အမှန်မဟုတ်၊ သူကိုယ်တိုင် စိတ်ကူးပုံဖော်ထားသည့်အရာ များသာ ဖြစ်သည်ဟုဆိုလျှင် ကတ်သီးကတ်သတ်နိုင်သောအရာပင်ဖြစ်ပေလိမ့်မည်။

တမန်တော်များ လူတို့ရှေ့ဟောပြောသွန်သင်သည့်အချိန်တွင် ခရစ်တော်၏ဘုရားဖြစ်ခြင်းအတွက်အထောက်အထားနှင့်ဆိုင်သည့်မေးခွန်း မေးလာသည့်အခါ အခြားအချက်များထက် ရှင်ပြန်ထမြောက်ခြင်းကို အထောက်အထားအဖြစ်တင်ပြကာ မိမိတို့သည် ၎င်း၏သက်သေများဖြစ်ကြောင်းသွန်သင်လေ့ရှိကြသည်။ ထို့ကြောင့် သူတို့ပြောသည့် အထောက်အထားကို စေ့စေ့စပ်စပ် ပြန်လှန်စစ်ဆေးနိုင်ပါသည်။ အပျိုစင်မှမွေးဖွားတော်မူခြင်းကို အထောက်အထားအဖြစ် သူတို့ မတင်ပြပါ။ ၎င်းကို သူတို့မယုံကြည်၍မဟုတ်။ ၎င်းအတွက် သက်သေသည် မာရိသာဖြစ်၍ ထိုကဲ့သို့သော အတွင်းရေးကိစ္စနှင့်ဆိုင်သောအရာကို စေ့စေ့စပ်စပ် ပြန်လှန်စစ်ဆေး၍ မရပေ။ ထို့ပြင် တမန်တော်များ၏သက်သေခံခြင်းအားဖြင့် ယုံကြည်လာသော ကျွန်ုပ်တို့သည် ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းနှင့်ဘုရားဖြစ်ခြင်းတို့ကို ဦးစွာယုံကြည်ကြသောကြောင့် အပျိုစင်မှမွေးဖွားခြင်းကို ယုံကြည်ကြသည်။ အပျိုစင်မှမွေးဖွားတော်မူခြင်းကို အရင်ယုံပြီးမှ ခရစ်တော်၏ဘုရားဖြစ်ခြင်းကို ယုံကြည်ကြသည်မဟုတ်။

ကျွန်ုပ်တို့သည် တမန်တော်များ၏သက်သေအကြောင်းစဉ်းစားစဉ် အပျိုစင်မှမွေးဖွားခြင်း၏သမိုင်းတွင်မှုအပေါ် သက်ရောက်လာသည့် ဆန့်ကျင်မှုတစ်ခုအကြောင်းကို နောက်ခံအဖြစ် စဉ်းစားကြမည်။ ဂလာတိသြဝါဒစာ အခန်းကြီးလေးမှ ရှင်ပေါလု၏ရေးသားချက်တစ်ခုကို အခြေခံလျက် ထိုသို့ဆန့်ကျင်သူအချို့ရှိသည်။ ရှင်ပေါလုက ခရစ်တော်ကို *မိန်းမဝမ်း၌ ပဋိသန္ဓေယူ၍ ပညတ်တရားအောက်၌ဘွားမြင်ရ*သည်ဟု ပြောထားသည် (ဂလာ ၄း၄)။ ထို့ကြောင့် အချို့က ခရစ်တော်၏မွေးဖွားတော်မူခြင်းနှင့်ပတ်သက်၍ ရှင်ပေါလုက သာမန်မဟုတ်၊ ထူးခြားသည့်အကြောင်းဖော်ပြခြင်းမရှိဘဲ အခြားလူများနည်းတူ မိန်းမတစ်ဦးထံမှ မွေးဖွားလာသည်ဟုသာဖော်ပြသည်ဟုဆိုလျက် ရှင်ပေါလုသည် အပျိုစင်မှမွေးဖွားတော်မူခြင်းကို မယုံကြည်ခဲ့ဟု ဆိုကြသည်။

ကျွန်ုပ်တို့သည် သူတို့၏ကောက်ချက်ချပုံကို လက်မခံသော်လည်း သူတို့၏အကြောင်းပြချက်ကို အသိအမှတ်ပြုနိုင်သည်။ သခင်ဘုရား ကျွန်ုပ်တို့၏ကမ္ဘာလောကထဲဝင်ရောက်လာသည့်နည်းလမ်းတွင် အံ့သြဖွယ်အချက်ကို တိတိကျကျပြောရလျှင် မွေးဖွားခြင်းနှင့်မဆိုင်ဘဲ ပဋိသန္ဓေစွဲယူခြင်းနှင့်ဆိုင်သည်။ မွေးဖွားတော်မူခြင်းသည်

သာမန်သဘာဝအတိုင်းဖြစ်သည်။ ရှင်ပေါလုက ခရစ်တော်၏မွေးဖွားခြင်းသည် အခြားသူများနည်းတူ မိန်းမတစ်ဦးထံမှမွေးဖွားလာသည်ဟုဆိုခြင်းမှာလည်း ချစ်တီးခေါင်းသန်းရှာနေခြင်းမဟုတ်ပါ။ ရှင်ပေါလုက ကျွန်ုပ်တို့၏ကမ္ဘာလောကသို့ ခရစ်တော်ပေါ်ထွန်းတော်မူခြင်းသည် ဘုရားထင်ရှားပေါ်လာခြင်း (theophany) မဟုတ်သကဲ့သို့ စိတ်လှည့်စားမှုကြောင့်ထင်မြင်ရသောနိမိတ် (phantasm) လည်းမဟုတ်ဘဲ အမှန်တကယ်လူ့ဇာတိခံယူခြင်းဖြစ်ကြောင်း ဖော်ပြလိုခြင်းဖြစ်သည်။ သူက ပဋိသန္ဓေစွဲယူတော်မူရာတွင် အံ့သြဖွယ်မဟုတ်ဟု သွယ်ဝိုက်သောအားဖြင့်ပင် မဆိုခဲ့ပေ။ 'သာမန်ဖြစ်ရိုးဖြစ်စဉ်အတိုင်းမွေးဖွားခြင်း'ကို အကြောင်းပြလျက် 'သာမန်ဖြစ်ရိုးဖြစ်စဉ်အတိုင်းပဋိသန္ဓေစွဲယူခြင်း'ဟု ကောက်ချက်ချလျှင် မှားယွင်းသောဆင်ခြင်တွေးခေါ်မှုသာဖြစ်ပေမည်။

## လူစင်စစ်

သို့သော် ဤအချက်တွင် ပိုမိုပြင်းထန်သောကန့်ကွက်မှုနှင့် ကျွန်ုပ်တို့တွေ့ကြုံရသည်။ ကျန်သောဓမ္မသစ်ကျမ်း၏ဓမ္မအတွေးအခေါ်အရ အပျိုစင်မှမွေးဖွားတော်မူခြင်းသည် ကျွန်ုပ်တို့အတွက် မဖြစ်နိုင်ဟု အခိုင်အမာပြောဆိုသောသူများ ရှိကြသည်။ ဓမ္မသစ်ကျမ်းက အခြားနေရာများက ခရစ်တော်သည် လူစင်စစ်ဖြစ်သည် – *မိမိညီအစ်ကိုတို့နှင့် လုံးလုံးတူရသော အကြောင်းရှိ၏* (ဟေဗြဲ ၂း၁၇)– ဟု အလေးပေးဖော်ပြနေကြသည်ဟူ၍ သူတို့ထောက်ပြကြပြီး ခရစ်တော်သည် အထူးနည်းလမ်းဖြင့် သို့မဟုတ် အံ့သြဖွယ်ရာမွေးဖွားတော်မူသည်ဆိုလျှင် ခရစ်တော်သည် ကျွန်ုပ်တို့ကဲ့သို့သောလူဖြစ်တော့မည်မဟုတ်ဟု သူတို့စောဒကတက်ကြသည်။ ထို့ကြောင့် ဤသို့ဆိုခြင်းသည် ကိုယ်တော်၏လူစင်စစ်အမှန်ဖြစ်ခြင်းကို ငြင်းဆိုသောကြောင့် အလေးထားရမည့် မှားယွင်းသောသွန်သင်ချက်တစ်ခုဖြစ်သည်ဟု သူတို့ဆိုကြသည်။

ဤကန့်ကွက်ချက်အတွက် ပြည့်စုံသောအဖြေတစ်ခုမှာ ရှင်ပေါလုကိုယ်တိုင်၏ လူသိများသည့်ကျမ်းပိုဒ်တစ်ခုဖြစ်သည်။ ထိုကျမ်းပိုဒ်က ခရစ်တော်သည် လူစင်စစ်အမှန်ဖြစ်သော်လည်း ကျရှုံးသည့်အခြေအနေတွင်ရှိနေသောအာဒံနှင့်မတူသော လူအမျိုးအစားဖြစ်ကြောင်း *ရှေးဦးစွာသော လူအာဒံသည် အသက်ရှင်သောသတ္တဝါဖြစ်၏ ဟုလာသတည်း။ ယခုတွင်နောက်ဆုံးဖြစ်သော အာဒံမူကား၊ အသက်ရှင်စေတတ်သော*

*ဝိညာဉ်ဖြစ်၏* (၁ကော ၁၅း၄၅) ဟုဆိုထားသည်။ ခရစ်တော်သည် မည်သည့်နည်းဖြင့် ဘုရားရောလူရော နှစ်မျိုးလုံးဖြစ်နိုင်သနည်းဆိုသည့် ဓမ္မသစ်ကျမ်းကိုယ်တိုင်ကပင် ရှင်းပြရန်မကြိုးစားသောအရာကို ဤကျမ်းပိုဒ်က ကြိုးကြိုးစားစားရှင်းပြနေသည် မဟုတ်ပါ။ ဓမ္မသစ်ကျမ်းက ခရစ်တော်သည် လူအစစ်အမှန်ဖြစ်သည်ဟု အခိုင်အမာ ပြောဆိုထားသည်မှန်သည်။ သို့သော် ကိုယ်တော်သည် လူသာဖြစ်သည်ဟု ဓမ္မသစ် ကျမ်း၏မည်သည့် နေရာတွင်မှ ဖော်ပြမထားပါ။ ထို့ကြောင့် အံ့သြဖွယ်ရာပဋိသန္ဓေစွဲ ယူခြင်းသည် ဓမ္မသစ်ကျမ်းကဖော်ပြသည့် ခရစ်တော်၏လူသားစင်စစ်ဖြစ်ခြင်းနှင့် သဘောထားကွဲလွဲမှုမရှိပေ။

## ဖြစ်အင်အစုံအလင်

ယခု ရှင်လုကာဖော်ပြသည့် အပျိုစင်မှမွေးဖွားတော်မူခြင်းဖြစ်အင်ကို ပြန်သွားကြပါစို့။ ကျွန်ုပ်တို့သည် ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းနှင့်ဘုရားဖြစ် ခြင်းကို ဦးစွာယုံကြည်သောကြောင့် အပျိုစင်မှမွေးဖွားတော်မူခြင်းကို အဓိကအား ဖြင့်ယုံကြည်ကြသည်ဟုဆိုခြင်းက အပျိုစင်မှမွေးဖွားတော်မူခြင်းဖြစ်အင်သည် ခရစ် တော်၏ကြီးမြတ်မှုအပေါ် အသင်းတော်၏ယုံကြည်ခြင်းနှင့်ဆိုင်သော ကဗျာဆန်ဆန် ဖော်ပြမှုတစ်ခုဖြစ်သာဖြစ်ပြီး စာသားအဓိပ္ပာယ်အတိုင်း တိုက်ရိုက်ယူရမည့်ဖြစ်အင် မဟုတ်ဟု မဆိုလိုပါ။ အဖြစ်အပျက်ထဲတွင် ဖော်ပြထားသည့်အခြေအနေအရပ်ရပ် ကို သုံးသပ်ကြည့်ပါ။ –

*ထိုနောက်သူ၏ခင်ပွန်းဧလိရှဗက်သည် ပဋိသန္ဓေစွဲ၍....ငါးလပတ်လုံးအိမ်တွင်း၌ အောင်း၍နေလေ၏။ ငါးလလွန်သောအခါ ......သတို့သမီးကညာဆီသို့ဘုရားသခင်သည် ကောင်းကင်တမန်ဂါဗြေလကို စေလွှတ်တော်မူ၏။ သတို့သမီးကညာကား မာရိအမည်ရှိ၏။ ....ထိုမှတပါး အမြဲမပူ၍ခေါ်ဝေါ်သောသင်၏ အဆွေအမျိုးဧလိရှဗက်သည် ပဋိသန္ဓေစွဲယူ ၍ ယခု ခြောက်လအဝင်ရှိပြီ...... ထိုအခါမာရိသည်ထ၍ တောင်ကြားအရပ်၌ရှိသော ယုဒမြို့တစ်မြို့သို့ အလျင်အမြန်သွားပြီးလျှင်၊ ဇာခရိအိမ်သို့ဝင်၍ ဧလိရှဗက်ကို နှုတ်ဆက် လေ၏။ ------- မာရိသည်လည်း ဧလိရှဗက်ထံမှာသုံးလခန့်နေပြီးမှ မိမိအိမ်သို့ပြန်လေ၏။ ဧလိရှဗက်သည် ဘွားအံ့သော နေ့လစေ့သောအခါ သားယောကျ်ားကို ဘွားမြင်၏။*

အဖြစ်အပျက်ထဲမှအဆင့်တစ်ခုစီတို့၏ အချိန်ကိုက်ညီမှုကို အသေးစိတ် ဖော်ပြပုံမှာ အဖြစ်အပျက်တွင်အဓိကပါဝင်ရသူက ပြန်ပြောပြသည့်ဖြစ်အင်အတိုင်း အလွန်သဘာဝကျလှသည်။ အချိန်နှင့်အမျှ ခံစားမှုအရှိန်မြင့်လာသည့်အခိုက်အတန့်

များနှင့် လက်တွေ့ကြုံတွေ့နေရသူ၏စိတ်ထဲ၌ စွဲကျန်ရစ်သောနေရာဒေသတို့ကို သေချာဖော်ပြထားသည်။ အဖြစ်အပျက်ကိုကြားရသည့်အခါတိုင်း ၎င်းတို့ အဖန်ဖန် ထပ်၍ထင်ရှားစေရန်ဖြစ်သည်။ ထို့ထက်မကသေးပါ၊ ကလေးငယ်တို့၏ သန္ဓေတည်ခြင်း၊ မွေးဖွားခြင်းတို့နှင့်ပတ်သက်လာလျှင် အမျိုးသမီးတစ်ဦး အမှတ်မိဆုံးအရာမှာ အဖြစ်အပျက်တို့၏ အချိန်ကာလပင်ဖြစ်သည်။

ရှင်လုကာက သူ၏နိဒါန်း (၁း၁–၂) တွင် သူရေးသားသည့်အကြောင်းအရာသည် မျက်မြင်သက်သေတို့၏သက်သေခံချက်များကိုအခြေပြုထားသည်ဟု ဖော်ပြသည်။ ဆိုလိုသည်မှာ အပျိုစင်မှမွေးဖွားခြင်းသည် မာရိကိုယ်တိုင်ထံမှလာသော သက်သေခံချက်ဖြစ်သည်။ အချိန်ကိုက်ညီမှုကို ဤကဲ့သို့အသေးစိတ်ဖော်ပြနိုင်မှုသည် မာရိ၏သက်သေခံချက်ပေါ် အခြေပြု၍သာ ဖြစ်မည်ဟု ဆိုနိုင်သည်။ ခရစ်တော်၏ ပုဂ္ဂိုလ်ထူးဖြစ်ခြင်းကို ကဗျာဆန်ဆန်ဖော်ပြလိုခြင်းသက်သက်သာဆိုလျှင် ထိုကဲ့သို့ အခြေအနေအရပ်ရပ်ကို အသေးစိတ်ဖော်ပြပေးစရာမလိုပေ။

အခြားတစ်ဖက်တွင် အဖြစ်အပျက်သည် အချို့သောသူတို့ပြောသကဲ့သို့ သမိုင်းဝင်ဖြစ်ရပ်မှန်မဟုတ်ဘဲ ဒဏ္ဍာရီတစ်မျိုးသာဖြစ်သည်ဆိုလျှင် ၎င်း၏ဂယက်ရိုက်ခတ်မှုကို စဉ်းစားကြည့်ပါ။ ရှင်လုကာက သူဖော်ပြသည့်အဖြစ်အပျက်များသည် မျက်မြင်သက်သေများထံမှဖြစ်ကြောင်း အလေးအနက်ဖော်ပြထားသည်။ ထိုသို့ဆိုပြီး ပထမဆုံးဖော်ပြသည့်အဖြစ်အပျက်သည် ဒဏ္ဍာရီတစ်ခုဖြစ်နေလျှင် ရှင်လုကာသည် အလွန်သတိထားရမည့် မှားယွင်းစွာတင်ပြတတ်သူဟု မှတ်ချက်ချရမည်ဖြစ်သည်။ ထို့ပြင် ဒဏ္ဍာရီတစ်ခုကို သမိုင်းတွင်အမှန်ဖြစ်ခဲ့သည့်အရာတစ်ခုကဲ့သို့ဖြစ်အောင် အချိန်အခါကိုက်ညီမှုကိုလည်း အသေးစိတ်ဖော်ပြပေးသေးသည်ဆိုလျှင် ပြဿနာကို ပညာရှင်ဆန်ဆန် မမှန်မကန်ပါးနပ်စွာဖြေရှင်းခြင်းအမှုက သူသည် တမင်တကာလိမ်လည်ရန်ရည်ရွယ်ခဲ့သည်ဟု မစွပ်စွဲဘဲ နေမည်မဟုတ်ပေ။

## အခြားသောသက်သေအထောက်အထားများ

သို့သော် အချိန်အခါကိုက်ညီမှုအသေးစိတ်ဖော်ပြချက်များကသာ အဖြစ်အပျက်မှတ်တမ်းသည် မာရိထံမှလာသည်ဆိုသည့်အချက်ကို ထောက်ပြသည်မဟုတ်။ ၎င်းတို့သည် ထိုဖြစ်ရပ်၏မှန်ကန်မှုအတွက် သွယ်ဝိုက်သောအားဖြင့်သက်သေခံပေး

သည့်အထောက်အထားဖြစ်သည်။ မာရိသည် ဧလိရှာဘက်ကလေးမမွေးမီ ဧလိရှာဘက်နှင့်အတူ သုံးလနေခဲ့သည်ဟု ကျွန်ုပ်တို့သိရသည်။ ဤနေရာတွင် သုံးလသည် သုံးလတိတိမဟုတ်လျှင်ပင် သုံးလနီးပါးဖြစ်မည်။ ဂါဗြေလ မာရိထံပေါ်လာသည့်အချိန်တွင် ဧလိရှာဘက်သည် ကိုယ်ဝန်ခြောက်လရှိနေပြီဖြစ်သည်။ ထို့ကြောင့် ဤအချက်က မာရိသည် ကောင်းကင်တမန်၏ကြေညာချက်ကြားရသည်နှင့်ချက်ချင်း၊ သူ၌ကလေးရှိနေပြီဆိုသည့် ရုပ်ခန္ဓာပိုင်းဆိုင်ရာပြောင်းလဲမှုအထောက်အထား မပေါ်လာမီ ဧလိရှာဘက်နှင့်တွေ့ရန် သွားခဲ့ကြောင်း ဖော်ပြသည်။ သူသည် မိမိ၌ရုပ်ခန္ဓာပိုင်းဆိုင်ရာပြောင်းလဲမှုပေါ်လာ၍ မဖုံးနိုင်မဖိနိုင်ဖြစ်သည့်အခါမှ ရှင်းပြရန်ကြိုးစားခဲ့သည်ဆိုလျှင် သူပြောပြသည့်အဖြစ်အပျက်တွင် မသင်္ကာစရာရှိလာမည်ဖြစ်သည်။

ဂရိဒဏ္ဍာရီထဲတွင် ဆဲမ်းမိလီ (Semele) သည် လက်မထပ်မီကလေးမွေးသောအခါ သူမ၏မိဘများက နတ်ဘုရားတစ်ပါးသည် ဆဲမ်းမိလီထံလည်ပတ်ခဲ့သည်ဟု ဖန်တီးပြောဆိုခဲ့ကြသည်ဟူ၍ အေသင်မြို့မှ ပြဇာတ်ဆရာကြီး ယူရီးဖတီးဆ် (Euripides) က ကျွန်ုပ်တို့ကို ပြောပြထားသည် (Bacchae 26-42, 333-334) ။ မိဘများက ထိုသို့လုပ်ရခြင်းမှာ မိသားစု၏အမည်နာမအတွက်ဖြစ်သော်လည်း ဆဲမ်းမိလီ၏ညီအမများက ထိုဇာတ်လမ်းကို မည်သည့်အခါကမျှ မယုံကြည်ခဲ့ကြချေ။

သို့သော် မာရိ၏အဖြစ်အပျက်သည် ဤဇာတ်လမ်းနှင့်မတူပါ။ သူသည် မိမိ၌ကိုယ်ဝန်ရှိနေကြောင်း ရုပ်ခန္ဓာ၌ထင်ရှားလာသည့်အခါမှ ရှင်းပြရန်ကြိုးစားလျက် ဇာတ်လမ်းထွင်၍ ထိုသို့ပြောဆိုခဲ့သည်မဟုတ်ကြောင်း ကျွန်ုပ်တို့၌အထောက်အထားရှိသည်။ ထိုသို့ဇာတ်လမ်းထွင်ရအောင်လည်း သူ၌မည်သည့်အကြောင်းတရားမျှမရှိပေ။ သူပြောပြသည့်အဖြစ်အပျက်သည် အမှန်ဖြစ်ပျက်ခဲ့သောကြောင့် သူပြောပြခြင်းဖြစ်သည်။

ဆဲမ်းမိလီအကြောင်းနှင့်အခြားသောရှေးခေတ်ဒဏ္ဍာရီများအရ အပျိုစင်မှဖွားမြင်တော်မူခြင်းနှင့်ဆိုင်သည့်သမိုင်းဝင်မှုအပေါ် အခြားကိုင်တွယ်စရာကန့်ကွက်မှုတစ်ခုပေါ်လာပါသည်။ ဤကန့်ကွက်မှုသည် နတ်ဘုရားများနှင့်ဆိုင်သည့်ရှေးဒဏ္ဍာရီများတွင် နတ်ဘုရားများနှင့်ကလေးရသည့် အပျိုစင်များအကြောင်း အဖြစ်အပျက်များများစွာရှိကြောင်း လေ့လာတွေ့ရှိလာသောသူအချို့တို့က ကောင်းစွာမလေ့လာဘဲတင်ပြလာသည့်ကန့်ကွက်မှုဖြစ်သည်။ သူတို့သည် ထိုဒဏ္ဍာရီများပေါ်အခြေပြုလျက်

အပျိုစင်မှမွေးဖွားတော်မူခြင်းကိုလည်း ဒဏ္ဍာရီအမျိုးအစားသာဖြစ်သည်ဟု ကောက်ချက်ချကာ နတ်ဘုရားများနှင့် နတ်ဘုရားမများကို စိတ်ဝင်စားသောခေတ်တွင် အသက်ရှင်နေထိုင်ခဲ့ကြသည့် ကနဦးခရစ်ယာန်များက ယုံကြည်လက်ခံထားသည့် ဒဏ္ဍာရီသာဖြစ်မည်ဟု ယူဆလာကြသည်။

ကနဦးခရစ်ယာန်များသည် ဂျူးများဖြစ်ကြပြီး သူတို့သည် ထာဝရဘုရားကို မယုံကြည်သူများကြားတွင် အသက်ရှင်ခဲ့ကြသည်မှန်သော်လည်း မိမိတို့ကိုယ်ကို တစ်ဆူတည်းသောဘုရားကိုယုံကြည်သူများအဖြစ် ယတိပြတ်သတ်မှတ်သူများဖြစ်ပြီး လူသားမဟုတ်သူများထဲတွင် နတ်ဆိုးများသာလျှင် လူသားအမျိုးသမီးများနှင့် သံဝါသပြုနိုင်သူများဖြစ်ကြသည်ဟု ယုံကြည်လက်ခံထားသူများဖြစ်ကြကြောင်း ထိုသူတို့မေ့နေကြဟန်ရှိသည် (က ၆း၄၊ ယုဒ ၆–၇ ကိုကြည့်ပါ)။ ထို့ပြင် ရှင်လုကာသည် ဂျူးလူမျိုးမဟုတ်သော်လည်း သူ၏ရေးသားမှုများထဲတွင် နတ်ဘုရားအများကိုးကွယ်ခြင်းကို ဂျူးတို့နည်းတူ ပြင်းပြင်းထန်ထန်ပြစ်တင်ဝေဖန်ထားသည်ကိုတွေ့ရသည် (တ ၁၄း၁၁–၁၈ ကိုကြည့်ပါ)။ ထို့ကြောင့် အပျိုစင်မှမွေးဖွားတော်မူခြင်းသည် ကနဦးခရစ်ယာန်များနှင့်ဆက်စပ်သည်နှင့်အလျှောက် သူတို့ခေတ်ကာလက မယုံကြည်သူ လောကအပေါ်လွှမ်းမိုးသော နတ်ဘုရားများစွာကိုးကွယ်မှုဆိုင်ရာဒဏ္ဍာရီများနှင့် ဆက်နွယ်မှုရှိသည်ဟု ပြောဆိုခြင်းသည် အလွန်ရယ်စရာကောင်းပါသည်။

## ဓမ္မဟောင်းပရောဖက်ပြုချက်

အပျိုစင်မှမွေးဖွားတော်မူခြင်းသည် လူ့သမိုင်းတွင်အမှန်ဖြစ်ပျက်ခဲ့ခြင်းမရှိဟူသော ကန့်ကွက်ချက်များအနက် မျက်မှောက်ခေတ်ပညာတတ်အချို့၏ကန့်ကွက်မှုသည် များစွာပို၍ပြင်းထန်သည့်ကန့်ကွက်ချက်တစ်ခုဖြစ်သည်။ အပျိုစင်မှမွေးဖွားတော်မူခြင်းသည် အောက်ပါအတိုင်းအစပြုလာခဲ့သည်ဟု သူတို့ဆိုကြသည်။ ကနဦးခရစ်ယာန်တို့သည် ဂရိဘာသာစကားဖြင့်ဘာသာပြန်ထားသည့် ဆက်ပတူဂျင် ဓမ္မဟောင်းကျမ်းမှ ဟေရှာယပရောဖက်ကျမ်းတွင် အပျိုစင်သည် ပဋိသန္ဓေစွဲယူ၍သားယောကျ်ားကိုဖွားမြင်လိမ့်မည်ဟူသောပရောဖက်ပြုချက်ကို တွေ့ကြသည်။ ထိုအခါ မေရှိယနှင့်ဆိုင်သော ဓမ္မဟောင်းကျမ်းမှပရောဖက်ပြုချက်အားလုံးတို့သည် ခရစ်တော်၏သက်တော်စဉ်တွင် ပြည့်စုံရမည်ဟု ယုံကြည်ကြသောခရစ်ယာန်တို့သည်

ထိုပရောဖက်ပြုချက်ကိုလည်း ခရစ်တော်ကပြည့်စုံစေကြောင်း ပြသလိုသောကြောင့် အပျိုစင်မှမွေးဖွားတော်မူခြင်းဇာတ်လမ်းကို လုပ်ယူဖန်တီးခဲ့ကြသည်။ အပျိုစင်ဟု ဂရိစကားဖြင့်ဘာသာပြန်ဆိုသော ဟေဗြဲမူရင်းစကားလုံးသည် အပျိုစင်ကိုမရည်ညွှန်းဘဲ သာမန်မိန်းခလေးကိုသာရည်ညွှန်းသည်ဖြစ်၍ ဤသို့ဇာတ်လမ်းဖန်တီးသော ခရစ်ယာန်များသည် ဇာတ်လမ်းဖန်တီးနေကြစဉ်မှာပင် လက်ပူးလက်ကြပ်အမိခံရကြသည်ဟု ထိုကဲ့သို့သော ပညာတတ်များက အဆစ်ထည့်လိုက်ကြသေးသည်။

ဒုတိယအနေဖြင့် ဤပရောဖက်ပြုချက်ကို ဓမ္မသစ်တွင်တစ်ဦးတည်းဖော်ပြသူဖြစ်သည့် ရှင်မဿဲက အဖြစ်အပျက်များ၏ နောက်ဆက်တွဲရလဒ်ကို အောက်ပါအတိုင်းဖော်ပြသည်– ယောသပ်သည် အပျိုစင်မှမွေးဖွားတော်မူခြင်း အကြောင်းကို သူလက်ထပ်ရန်ရည်ရွယ်ထားသောမိန်းကလေးထံမှ ပထမဆုံးကြားရခြင်းဖြစ်ပြီး ထိုသို့ကြားရချိန်တွင် သူနှင့်စေ့စပ်ထားသောသူသည် သူနှင့်မဟုတ်ဘဲ ကိုယ်ဝန်ရနေပြီဖြစ်ကြောင်း သူသိရသည်။ ဤအဖြစ်အပျက်သည် သဘာဝလွန်ဖြစ်ရပ်တစ်ခုဖြစ်ကြောင်းနှင့် အပျိုစင်၌ပဋိသန္ဓေစွဲယူခြင်းဖြစ်ကြောင်း မိန်းခလေးကရှင်းပြရန်ကြိုးစားသော်လည်း သူသည်ငြင်းပယ်လျက် စေ့စပ်မှုကိုဖျက်သိမ်းလိုက်ရန်သာဆုံးဖြတ်ခဲ့သည်။ သို့သော် ကောင်းကင်တမန်သည် သူ့ထံပေါ်လာလျက် ဤအရာအားလုံးသည် ဘုရားသခင်ပြုတော်မူသောအံ့သြဖွယ်အမှုအရာဖြစ်ကြောင်း သေချာသိစေခဲ့သည်။ နောက်ပိုင်းတွင်သာ ယောသပ်အပါအဝင် ကနဦးခရစ်ယာန်များက ကောင်းကင်တမန်၏သတင်းစကားသည် အပျိုစင်မှမွေးဖွားတော်မူခြင်းနှင့်ဆိုင်သည့် ဓမ္မဟောင်းပရောဖက်ပြုချက်အတိုင်း မှန်နေကြောင်းအတည်ပြုခဲ့ကြခြင်းဖြစ်သည်။

အကယ်၍ ယောသပ်သည် ဤပရောဖက်ပြုချက်ကို အစကတည်းက သိထား၍ ၎င်း၏ပြည့်စုံလာခြင်းကိုစောင့်မျှော်နေသည်ဆိုလျှင် သူသည် မာရိပြောပြသည့်အဖြစ်အပျက်ကို လုံးလုံးငြင်းဆိုလျက် သူ့ကိုထားခဲ့ရန်ကြံစည်ခဲ့မိလိမ့်မည် မဟုတ်ပေ။ ရှင်မဿဲအပေါ် ဝေဖန်မှုသည် မှန်ခဲ့မည်ဆိုလျှင် သူသည် စိတ်ကူးယဉ်အဖြစ်အပျက်တစ်ခုကို လုပ်ဇာတ်ခင်းလျက် အပျိုစင်မှမွေးဖွားတော်မူခြင်းဆိုင်ရာ ပရောဖက်ပြုချက်ကို ခရစ်တော်က ပြည့်စုံစေသည့်ပုံမျိုးပေါ်အောင် အတုလုပ်သည် သာမက ယောသပ်နှင့်အခြားကနဦးခရစ်ယာန်များသည် အပျိုစင်မှမွေးဖွားတော်ခြင်းမဖြစ်ပျက်မီတွင် ထိုအကြောင်းပရောဖက်ပြုချက်ကို မသိကြသေးပါဟုဆိုလျက်

မိမိလှည့်ကွက်ကို စာဖတ်သူများမသိအောင် ဖုံးကွယ်တတ်သည် ကျွမ်းကျင်သူခိုးတစ်ဦးဖြစ်ပေလိမ့်မည်။ အပျိုစင်မှမွေးဖွားတော်မူခြင်းနှင့်ဆိုင်သည့် အံ့ဖွယ်အမှုကို လူတို့ယုံကြည်နိုင်ရန်အတွက် သန့်ရှင်းသောတမန်တော်တစ်ဦးအနေဖြင့် ထိုမျှလောက် လိမ်ညာသူဖြစ်ရသည်ဆိုလျှင် အဖိုးအခသည် အလွန်ကြီးမားသည့်အဖိုးအခဖြစ်ပေလိမ့် မည်။

ထို့ပြင် ကျွန်ုပ်တို့သည် ထူးခြားသည့်ရှုထောင့်မှမကြည့်ရသေးသည့်ပုံစံဖြင့် အပျိုစင်မှမွေးဖွားတော်မူခြင်းကို စာသားအတိုင်းတိုက်ရိုက်အဓိပ္ပာယ်ယူခြင်းကို လမ်းလွှဲရန်ကြိုးစားမှုတစ်ခုကို စဉ်းစားဆင်ခြင်ကြမည်။ အချို့တို့က ကျွန်ုပ်တို့ကို ဤသို့သတိပေးကြသည်– ရဗ္ဗိဆိုသည့်ဂျူးဆရာသမားများက "လူကိုဖြစ်စေရာတွင် သန့်ရှင်းသောအရှင်၊ ဖခင်နှင့် မိခင် ဟူ၍လုပ်ဖော်ကိုင်ဖက် သုံးဦးရှိသည်"ဟု ပြောလေ့ရှိကြသည် (Niddah 31 A ကိုကြည့်ပါ)။ ထို့နောက် ကနဦးခရစ်ယာန်များက ခရစ်တော်သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ပဋိသန္ဓေစွဲယူသည်ဟု ဆိုကြခြင်းမှာ ရဗ္ဗိများပြောလေ့ရှိသည့်အရာမှလွဲ၍ အခြားဘာကိုမျှပြောလိုခြင်း မဟုတ်သော်လည်း နောက်ပိုင်းခရစ်ယာန်များက မာရိမွေးဖွားသည့်သူငယ်သည် ဘုရားဖခင်သာရှိ၍ လူသားဖခင်မရှိဟု အကြောင်းမလှစွာဖြင့် နားလည်မှုမှားခဲ့ကြသည်ဟူ၍ ကျွန်ုပ်တို့ယုံကြည်ရန် သူတို့တောင်းဆိုကြသည်။

ထို့ကြောင့် ဤရှုထောင့်အရ ခရစ်တော်၏အံ့သြဖွယ်မွေးဖွားတော်မူခြင်းအဖြစ်အပျက်တစ်ခုလုံးကို နောက်ဆုံးသတ္တုချလိုက်လျှင် ခရစ်တော်၏မွေးဖွားတော်မူခြင်းသည် ဘာမျှအထူးမဟုတ်၊ အံ့သြစရာလည်းမရှိ၊ အခြားလူသားများမွေးဖွားလာသည့်အဖြစ်အပျက်ထက် ဘာမျှမထူးခြားဟုဆိုသော ကနဦးခရစ်ယာန်များအားမာန်အပြည့်နှင့်ပြောဆိုသည့်အခိုင်အမာပြောဆိုမှုတစ်ခုကို ရရှိနိုင်သည်ဟု ဆိုရမလိုဖြစ်နေသည်။ စဉ်းစားစရာတစ်ချက်မှာ ထိုသို့အခိုင်အမာပြောဆိုမှုပြုရန် သူတို့အဘယ့်ကြောင့် အမြဲတမ်းနှောင့်ယှက်နေခဲ့ကြသနည်း။ အံ့သြဖွယ်နိမိတ်လက္ခဏာများအပေါ် မယုံကြည်မှုက အပျိုစင်မှမွေးဖွားတော်မူခြင်းအဖြစ်အပျက်ကို ချေဖျက်ရန်အတွက် ထိုကဲ့သို့သောတွန့်လိမ်ကောက်ကွေးသည့် ရှင်းလင်းချက်များကို ဖြစ်ပေါ်စေသည်ဆိုလျှင် အားလုံးပြောနိုင်သောအချက်မှာ အသိတရားအားဖြင့်မယုံကြည်နိုင်ခြင်းသည် ယုံကြည်ခြင်းထက် ပိုမိုခက်ခဲလှပေ၏။